http://www.dhammadownload.com

၂၁၀၀

# သကျသီဟပုစ္ဆာပေါင်းချုပ်

[ပထမဆင့်]

သာမဏေကျော်

http://www.dhammadownload.com

၂၀၀

# သကျသီဟပုစ္ဆပေါင်းချုပ်

[ပထမဆင့်]

သာမဏေကျော်

http://www.dhammadownload.com

http://www.dhammadownload.com

180

# သကျသီဟပုစ္ဆာပေါင်းချုပ်

## [ပထမဆင့်]

## သာမဏေကျော်

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

တစ်နေ့ -

ထိုတစ်နေ့ ဟူသည် ၁၃၆၄-ခုနှစ်၊ တပို့တွဲလဆန်း (၈) ရက် (၉-၂-၂၀၀၃) တနင်္ဂနွေ နေ့တည်း၊ ထိုနေ့က ဘုန်းကြီးဦးဝိမလဗုဒ္ဓိ (အနုနာယကစာချ၊ သိရီပဝရဓမ္မာစရိယ၊ မဟာ ဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်) သည် ဖိုင်တွဲတစ်ခုကိုင်ပြီး မိမိကျောင်းသို့ ကြွရောက်လာ၏။

အကျိုးအကြောင်း မေးမြန်းလျှောက်ထားကြည့်သည့်အခါ စာမူတစ်ခု စိစစ်ပြင်ဆင် ပေးဖို့ ဖြစ်၏၊ ထိုစာမူကို ကြည့်လိုက်သောအခါ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သာသနာလင်္ကာရစာမေးပွဲ မေးခွန်းဟောင်းများ ဖြစ်နေပါ၏။

ထိုမေးခွန်းဟောင်းများကို ယခင်က ဘုန်းကြီးဦးဇနပတိ (အနုနာယကစာချ၊ သာသနဓဇဓမ္မာစရိယ၊ အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) က ဖယောင်း၌ ကိုယ်တိုင်ရေးသား၍ ရှေးဦးစွာ စုစည်းထုတ်ဝေခဲ့ပါသည်၊ ထို့နောက် စာချဘုန်းကြီး ဦးဓမ္မဓရာလင်္ကာရ (သာသနာလင်္ကာရ သာမဏေကျော်၊ သာသနဓဇ ဓမ္မာစရိယ) က ယခင်စာအုပ်၌ မပါသေးသော နောက်နောက်မေးခွန်းဟောင်းများကို စုစည်းကာ ကွန်ပျူတာစာစီ ရိုက်နှိပ်ထုတ်ဝေခဲ့ပါ၏။

ယခုအခါ ထိုမေးခွန်းဟောင်းများအပြင် နောက်နောက်နှစ် မေးခွန်းဟောင်းများ ကိုပါ ဖြည့်စွက်၍ ဦးဝိစိတ္တ (ထေရဝါဒဗုဒ္ဓတက္ကသိုလ် ကထိက) ၏ မေတ္တာရပ်ခံချက်အရ ဘုန်းကြီး ဦးဆေကိန္ဒ (ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပဋိပတ္တိမဟာဌာန ကထိက၊ ဓမ္မကထိက ဗဟုဇနဟိတရေ) ၏ တာဝန်ယူပြီး ကြိုးပမ်းမှုကြောင့် မေးခွန်းဟောင်းပေါင်းချုပ် စာအုပ်သည် စာသင်သားမျက်မှောက်သို့ ရောက်ရှိလာခဲ့ပေပြီ။

မေးခွန်းဟောင်းများကို လေ့လာခြင်းကြောင့် စာသင်သားများအနေဖြင့် အသိဉာဏ် ပွင့်လင်း၍ ဘာသာရပ်အလိုက် မိမိတို့လေ့လာထားသမျှ၏ အားနည်းချက်, အားသာချက်ကို

http://www.dhammadownload.com



# နိဒါန်း

သိနိုင်ပြီး စာချဘုန်းကြီးများအနေဖြင့်လည်း မိမိတပည့်များ၏ လိုအပ်သည့်အတိုင်း အတာကို သိရှိလျက် တပည့်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပို့ချ ပေးနိုင်ပါ၏။

ထို့ကြောင့် မေးခွန်းဟောင်းပေါင်းချုပ်စာအုပ်သည် ခေတ်အဆက်ဆက် စာသင်သား များအတွက် တန်ဖိုးမဖြတ်နိုင်သည့် မှတ်ကျောက်သဖွယ် တည်ရှိနေပြီး ကျေးဇူးပြုနေမည် ဖြစ်ရကား အမှန်တကယ် ရှိသင့်သော စာအုပ်ဟု ဆိုချင်ပါသည်။

အရှင်သုဇနာဘိဝံသ
မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊
၁၃၆၅-ခုနှစ်၊ နယုန်လဆန်း (၁) ရက်၊ စနေနေ့။

http://www.dhammadownload.com



## ကျေးဇူးတင်လွှာ

ဤ "သာမဏေကျော် သကျသီဟ ပုစ္ဆာပေါင်းချုပ်" သည် သာသနာတော်အတွက် အလွန်အကျိုးများသည်ဟု ယုံကြည်မိပါသည်။ သာသနာတော်၏ အညွန့် အဖူး မျိုးစေ့ သစ်များဖြစ်ကြသော ရှင်သာမဏေ ညီငယ်များအတွက် ကျေးဇူးအလွန်များပါသည်ဟု ဆိုပါက ဝမ်းမြောက်စရာပင် ဖြစ်ပါသည်။

ဤ "သာမဏေကျော် သကျသီဟ ပုစ္ဆာပေါင်းချုပ်" စာအုပ်နှင့်ပတ်သက်၍ ကျေးဇူးတင်ထိုက်သော ဆရာ သမားများအားလုံး၊ ညီတော်နောင်တော် သာသနာ့ ဝန်ထမ်းများနှင့် မိမိ၏ ဆောင်ရွက်နေသော သာသနာ ပြု လုပ်ငန်းများ၌ ပစ္စည်းလေးပါး မပင်ပန်းရအောင် ထောက်ပံ့နေသော ဒါယကာ၊ ဒါယိကာမအများတို့အား သာသနာတော်အတွက် ကျေးဇူးအထူးတင်ရှိပါသည်။

ဓမ္မဒူတ အရှင်ဆေကိန္ဒ<br>
ဓမ္မဒူတ ဇေတဝန်တောရ<br>
ဆေကိန္ဒာရာမကျောင်းတိုက်၊<br>
အောက်ဝါးနက်ချောင်းကျေးရွာ၊<br>
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။

http://www.dhammadownload.com



# နိဒါန်း

**အလှူရှင်**

ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်

နှင့်

ဖခင်ကြီး (ဦးတင်လှ)၊ မိခင်ကြီး ဒေါ်စန်းရီ

တို့အား

အမှူးထား၍

ဒေါက်တာ ဒေါ်ခင်ရီ

သားသမီးတစ်စု

ရှိုင်းဟုပ်ကုမ္ပဏီ မိသားစုတို့က

ဓမ္မဒါနအဖြစ်

မတည် လှူဒါန်းကြပါသည်။

http://www.dhammadownload.com



# ပေဟာဒီစာအုပ်

ဒီစာအုပ်ကို ကွန်ပျူတာစာလုံးတွေနဲ့ လှလှပပ သပ်သပ်ယပ်ယပ် ထုတ်ဝေပြီး စာပြန်ပွဲဝင် အရှင်များလက်ထဲအရောက် ပို့ချနေတာ အတော်ကြာပါပြီ။ ဒါပေမဲ့ ဘုန်းကံမကြီးကြတဲ့ မြိမိတို့အနေနဲ့ စိတ်ကူးသာရှိပေမဲ့ အကောင်အထည် မဖော်နိုင်ခဲ့ကြဘူး။ မတတ်နိုင်တဲ့အဆုံး လုပ်မယ်ဆိုတဲ့ ဆရာဘုန်းကြီးရဲ့ ဇွဲသတ္တိကိုတော့ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ရမှာပါ။ "အိပ်ရာခင်းမပါတဲ့ သုံးထပ်သားခင်း ကုဋင်အပေါ်မှာ အားလျားကြီးမှောက်ပြီး သေသေချာချာ လှလှပပ လက်ရေးစာလုံးတွေ တစ်လုံးချင်းတင်နေတဲ့ ဆရာဘုန်းကြီးကို ခုချိန်ထိ မျက်စိထဲက မထွက်ပါဘူး။ အဲသလို ဆရာဘုန်းကြီး ကြိုးစားခဲ့လို့ ဖရောင်းမှုနဲ့ အရှင်တို့ရဲ့ လက်ထဲကို ထည့်နိုင်ခဲ့ပါတယ်။ နောက်ထပ်တော့ မထုတ်ဝေနိုင်ဘူး။ သကျသီဟ သာမဏေကျော်စာမေးပွဲ နာမည်ကြီးလာလေ စာပြန်ပွဲဝင် သာမဏေတွေကလဲ တိုးလာလေပဲ၊ တိုးလာတဲ့ စာပြန်ပွဲဝင် အရှင်တွေနဲ့ ထုတ်ထားတဲ့ စာအုပ်ရေက လုံးဝလုံးဝကို မမျှလေတော့ ဒီစာအုပ်ဟာ ကြာလေ ရှားလေ ရှားနေတာ သေချာပါတယ်။ အရင်ထုတ်ထားတဲ့ စာအုပ်တိုက်က နှစ်စဉ်ကျင်းပနေတဲ့ မေးခွန်းတွေကလည်း ထပ်ထပ်ကြီးဖြစ်နေပြီ။ အဲဒီနောက်တိုးမေးခွန်းတွေနဲ့အတူ အရင်ထွက်ပြီးသား စာအုပ်ကြီးနဲ့ ပေါင်းပြီး ထုတ်ဝေချင်တဲ့ဆန္ဒက စိတ်ကူးယဉ်အိပ်မက်ထဲက ထွက်ကို မထွက်နိုင်သေးပါဘူး။

မိမိဟာ မမျှော်လင့်တဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှာ သင်ကြားရေးတာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ အဲ့ဒီမှာ ကထိက ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒနဲ့ တွေ့ဆုံကြတာပေါ့။ ဒီနေရာမှာ ညီမောင် သာမဏေကျော်လောင်းလျာ သာမဏေများ ကြည်ညိုရအောင် အတုယူလိုက ယူရအောင် ဓမ္မဒူတ အရှင်ဆေကိန္ဒရဲ့ အကြောင်း ပြောချင်ပါတယ်။

http://www.dhammadownload.com



# နိဒါန်း

ဆရာတော်က နာမည်ကျော် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်တစ်ပါးဖြစ်ကြောင်း အရှင်တို့ သိပြီးသား ဖြစ်မှာပါ။ အလွန်ပဲ ဘုန်းကံကြီးမားပါတယ်။ အရွယ်နဲ့မလိုက်အောင် သူ့ရဲ့အောင်မြင်မှုကလည်း ရင်သပ်ရှုမောဖွယ်ပါပဲ။ စေတနာလည်း အလွန်ကောင်းပြီး လှူဒါန်းရာမှာ အတော်ကြီးကို ရက်ရောပါတယ်။ စကားပြောဆို ဆက်ဆံရာမှာလည်း တစ်ဖက်သား စိတ်မချမ်းသာမယ့် စကားမျိုးကို ရှောင်ကွင်းတတ်ပြီး ချမ်းသာစေတတ် အေးမြမှုကို ပေးတတ်လို့ ဆရာတော်နဲ့တွေ့ရင် "အေးသွားတာပဲ"လို့ မိမိကို လာပြောသူတွေ အတော်တွေ့ရပါတယ်။ ဟုတ်ပါတယ်၊ လူဟာမရှိရင် လိုအပ်နေရင် စိတ်ဆင်းရဲတတ်တယ်။ အဲဒီလိုအပ်နေသူတွေကို လိုအပ်နေတဲ့ ပစ္စည်းဝတ္ထုတွေ လှူ စိတ်ချမ်းမြေ့ဖွယ် စကားတွေ ပြောပြ၊ တရားဓမ္မတွေ ဟောပြပြီး စာဖတ်သူတွေကို ချမ်းသာအောင် လုပ်ပေးနေတော့ ဆရာတော်နဲ့တွေ့ရင် "အေး"သွားတာ မဆန်းပါဘူး။ "အေး"သွားမှာပေါ့။

နယ်တရားဟောကြွရင် ရသမျှတွေကို စာသင်တိုက်တွေ ပြန်လှူခဲ့တာ၊ အတန်းကျောင်းတွေမှာ လိုအပ်နေတာတွေကို ပံ့ပိုးတာ၊ ကျောင်းတွေဖွင့်ချိန်မှာ ကျောင်းသူကျောင်းသား ရာပေါင်းများစွာကို ကျောင်းဝင်ကြေးတွေ ထောက်ပံ့တာ၊ ကလေးတရားစခန်းတွေ တစ်နှစ် သုံးကြိမ်ဖွင့်ပြီး ကုသိုလ်ပြုတာ စတဲ့ အဲ့သလို ကုသိုလ်ကောင်းမှုတွေကိုလည်း နှစ်စဉ်နှစ်တိုင်း လုပ်နေတော့ ဆရာတော်ရဲ့ အလှူဒါနတွေဟာ တစ်နှစ် တစ်နှစ်မှာ ငွေအချပ်သိန်း ရာပေါင်းများစွာ ရှိပါတယ်။

တစ်လောက ပညာရှင်ဆရာကြီးတစ်ဦး ဆရာတော်ဆီ ရောက်လာတယ်။ စာအုပ်နှစ်အုပ် ရိုက်ချင်တာ ငွေအင်အားနည်းနေလို့ ဆရာတော်အနေနဲ့ ပံ့ပိုးဖို့ လျှောက်ထားတယ်။ ဘယ်လောက်ကုန်မှာလဲ မေးတော့ ငါးသိန်းလောက်တော့ ကုန်မယ်ထင်တာပဲ ဘုရားလို့ လျှောက်တယ်ဆိုရင်ပဲ သိန်းထုပ်ငါးထုပ် ဆရာကြီးရှေ့ ချက်ချင်း ရောက်လာပါတယ်။ ဆရာကြီးလည်း ဝမ်းသာလွန်းလို့ ဘာမှတောင် မလျှောက်နိုင်ဖြစ်သွားတယ်။ ဆရာကြီးက ငါးသောင်းလောက် ရမယ်လို့ပဲ မျှော်လင့်ထားတာ။ ခုတော့ ကုန်ကျသလောက် ချက်ချင်း လှူလိုက်တော့ အတော်ကြီးကို အံ့သြ၊ ဝမ်းသာသွားတာပေါ့။ ဒီလို အလှူအတန်း ရက်ရောတာတွေ ကိုယ်တွေ့တွေ့နေရတော့ ဩော် . . . ဒါကြောင့် ဘုန်းကြီးတာကိုး၊ နောင်လည်း ကြီးနေအုံးမှာပဲလို့ -

http://www.dhammadownload.com



ဒီလို ဘုန်းကြီးပြီး ရက်ရောတဲ့ ဆရာတော်တစ်ပါးနဲ့ အတူနေခွင့်ရတာ မိမိတို့အတွက် အကွက်ပါပဲ။ လိုအပ်နေတဲ့ နေရာတွေ၊ လျှသင့်လှူထိုက်တဲ့ ပုဂ္ဂိုလ်တွေ တွေ့ပြီးဆိုရင် ဆရာတော်ကို သွားလျှောက်တယ်။ ဘယ်လောက်လိုလို့တုန်းလို့ မေးပြီး ဘယ်လောက်လို့ လျှောက်လိုက်ရင် ဒကာကြီး ဦးရွှေဆီက ထုတ်ယူသွားလို့ ပါးစပ်ဖျားက လျှံထွက်အန်ကျလာတဲ့ စကားကို ကြားလိုက်ရတာပါပဲ။

အဲ . . . ခုလည်း မိမိတို့အိပ်မက်မက်နေတာ ကြာပြီဖြစ်တဲ့ သာမဏေကျော် သကျသီဟ (ပ၊ ဒု၊ တ ဆင့်) ပုစ္ဆာပေါင်းချုပ်ကြီး ပုံနှိပ်ထုတ်ချင်ကြောင်း ဆရာတော့ကို အကျိုးအကြောင်း လျှောက်ထားလိုက်တယ်။ ဒီစာမေးပွဲကြီးရဲ့ အကျိုးကျေးဇူးကို သိပြီးဖြစ်တဲ့ ဆရာတော်က ဒီစာအုပ်ထုတ်ဝေရေးအတွက် ကုန်ကျစရိတ်အားလုံးကို ဆရာတော်နှင့် ဆရာတော်ရဲ့ ဒကာ, ဒကာမတွေက စုပေါင်းပြီး လှူပါမယ်၊ စာအုပ်ဖြစ်မြောက်အောင်လည်း ဆောင်ရွယ်ပေးပါမယ်။ မင်းက ဘုန်းကြီးကို လျှောက်ထားလိုက်ပါလို့ မိန့်တော်မူတယ်။ မိမိလည်း ဝမ်းသာအားရနဲ့ ဆရာဘုန်းကြီးဆီကို ဖုံးဆက်လျှောက်ထားတော့ ဆရာဘုန်းကြီးလည်း အတော်ကိုဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူသွားတာ။ ဖရောင်းနဲ့ ရေးပြီး ထုတ်ဝေထားတဲ့ ပေါင်းချုပ်စာအုပ်ကြီးနဲ့အတူ နောက်တိုးပုစ္ဆာတွေ မှတ်တမ်းဓာတ်ပုံတွေကို သာမဏေကျော်ဘွဲ့ရ ကိုနိုင်လင်းကို ပို့ခိုင်းလိုက်ပါတယ်။

ဒီစာအုပ်မှာ ပြီးခဲ့တဲ့နှစ် (၁၃၅၄) ခုနှစ်က ကျင်းပခဲ့တဲ့ စာမေးပွဲမေးခွန်းတွေအထိ ပါဝင်လေတော့ အစအဆုံး မေးခွန်းတွေ အားလုံးကို သာမဏေကျော်လောင်းလျာများ လေ့လာနိုင်မှာ ဖြစ်ပါတယ်။ ခုနှစ်မှ ခုနှစ်အထိ ပုစ္ဆာဟောင်းတွေကို အရှင်ဓမ္မရာလင်္ကာရက ထုတ်ဝေထားလေတော့ အဲ့ဒီပုစ္ဆာတွေကိုတော့ အဲ့ဒီအရှင်ရဲ့စာအုပ်ကနေ ယခုပုစ္ဆာပေါင်းချုပ်စာအုပ်ကြီးမှာ ထည့်သွင်းရိုက်နှိပ်ထားပါတယ်။ ဒါကြောင့် အရှင်ဓမ္မရာလင်္ကာရကို အထူးကျေးဇူးတင်ပါတယ်။ ဒီစာအုပ်မူကြမ်းကို ကွန်ပျူတာစာစီရန် ရန်ကုန်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၀) ရပ်ကွက်၊ စစ်တောင်းလမ်းနေ ဦးချမ်းသာ၊ (သီရိပဝရ၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) အပ်နှံပြီးတော့ စာမူကြမ်းကို မိမိနဲ့ အရှင်ခေမာသိရီ (သာသနာ့တက္ကသိုလ်၊ ရန်ကုန်) တို့က ပရုဖတ်တဲ့အပြင် ဦးချမ်းသာကလည်း အမှားအယွင်းမရှိလေအောင် ပြန်ပြီးတော့ ပရုဖတ်ခဲ့တယ်။

http://www.dhammadownload.com



# နိဒါန်း

ဒီစာအုပ်ဖြစ်မြောက်ရေးမှာ ကျေးဇူးများကြတဲ့ ဆရာဘုန်းကြီး၊ ဓမ္မဒါနအလှူရှင် ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒ၊ ကျမ်းညွှန်းရေးတဲ့ အရှင်များ အရှင်ဓမ္မဓရာလင်္ကာရ၊ အရှင်ခေမာသိရိ (သာသနာတက္ကသိုလ်)၊ ကိုရှိန်းလင်း၊ ဦးချမ်းသာ+ဒေါ်ခိုင်ခိုင်ထွန်း မိသားစုကွန်ပျူတာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ စစ်တောင်းလမ်း၊ ကပ္ပိယ ဦးရွှေ၊ လိုအပ်တာတွေ ဆောင်ရွက်ပေးကြတဲ့ မဆွေဆွေဝင်း (စာကြည့်တိုက်၊ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်)၊ မနှင်းနှင်းဝင်း (ကျုံပျော်) တို့ကို အထူးကျေးဇူးတင်ကြောင်း ဒီစာအုပ်ဖြစ်မြောက်ရေး ကျေးဇူးရှင်များအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ပါတယ်။

သာမဏေကျော်လောင်းလျာ အရှင်များအတွက် ကျေးဇူးများပြီး အရှင်များမျှော်လင့်နေတဲ့ ဒုတိယဆင့် သဒ္ဒါအဖြေ စာအုပ်လည်း ဆရာတော် ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒက ကုန်ကျသမျှ လှူဒါန်းထားပြီး ကွန်ပျူတာစာစီနေပြီဖြစ်လို့ မကြာမီ အရှင်တို့လက်ထဲ ဆိုက်ရောက်လာတော့မယ်အကြောင်း ထပ်လောင်းလို့ သတင်းစကားပါးလိုက်ပါရစေ။

အရှင်ဝိစိတ္တသာရ
၁၃၅၅-ခုနှစ်၊ မြန်မာနှစ်ဆန်း (၁) ရက်၊
ကြာသပတေးနေ့
ရန်ကုန်မြို့။

http://www.dhammadownload.com



# မန္တလေးမြို့၊ သကျသီဟာအသင်းကြီး

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးဟာ ခေါက်ရှာငှက်ပျံသလိုပါပဲ။ ချီးမြှောက်အားပေးသူတွေရှိတဲ့အခါ မြင့်တက်ပြီး ဖိနှိပ်ချုပ်ချယ်မှုတွေနဲ့ တွေ့တဲ့အခါ နိမ့်ရပြန်တယ်။ ဒီနေရာမှာ အုပ်ချုပ်သူဘုရင်ဟာ အဓိကပါပဲ။ တိုင်းပြည်ရဲ့အခြေအနေဟာ သူ့လက်ထဲမှာရှိသလို သာသနာတော်ဟာလည်း သူ့အပေါ်မှာ မှီတင်းနေတယ်လို့ ပြောရလောက်အောင် အဓိကကျနေပါတယ်။ ဗုဒ္ဓဘာသာကို အားပေးတဲ့ ဗုဒ္ဓဘာသာဝင်ဘုရင်တွေ လက်ထက်မှာ သာသနာတော်ဟာ အထက်တန်းကျပြီး အညွန့်တလူလူ ဖြစ်ရတယ်။ ဗုဒ္ဓဘာသာကို မကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိဘုရင်တွေ လက်ထက်မှာ သာသနာတော်ဟာ ကွေးနေအောင် ဖိနှိပ်ခံရပါတယ်။ သာသနာ့ဝန်ထမ်းတွေနဲ့ ဒကာ၊ ဒကာမတွေသာ တောင့်မထားရင် ပျက်လောက်တဲ့ အနေအထားထိ ရှိသွားနိုင်တယ်။ ဒါကြောင့် အုပ်ချုပ်သူတွေဟာ သာသနာတော်အတွက် အတော်ကို အရေးကြီးပါတယ်။

ကောဇာသက္ကရာဇ် ၁၂၄၂-ခုနှစ်မှာ မြန်မာတို့ရဲ့ ပြည့်ရှင်ဘုရင်သီပေါကို အင်္ဂလိပ်တွေက ဖမ်းယူသွားကြတယ်။ မြန်မာတွေဟာ ထီးကျိုးစည်ပေါက် နန်းစဉ်ပျောက်တဲ့ဘဝကို ရောက်ခဲ့ကြရတယ်။ မြန်မာလူမျိုးတွေရဲ့ ကံဇာတာ ညှိုးမှိန်နေတဲ့အချိန်ပေါ့။ ကိုးကွယ်တဲ့ဘာသာဟာလည်း လူမျိုးညှိုးမှိန်တော့ မှိန်ဖျော့ဖျော့ ဖြစ်သွားတော့တာပဲ။ ဒီမှာတင် သာသနာတော်ရဲ့ တန်ဖိုးကို သိကြတဲ့ သာသနာတော်ကို လေးစားကြည်ညိုကြတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ နှလုံးသားကို ရိုက်ခတ်တော့တာပဲ။ ဒီလိုနေရင်ဖြင့် မဖြစ်ချေဘူး။ သာသနာတော်ကို မျိုးရိုးစဉ်ဆက် အားပေးချီးမြှောက်ခဲ့တဲ့ ရှင်ဘုရင်လည်း မရှိတော့ဘူး။ တစ်ခုခုတော့ လုပ်ကြမှ ဖြစ်မယ်ဆိုပြီး သီပေါမင်းပါတော်မူပြီး (၁၃) နှစ်မြောက်လောက်

http://www.dhammadownload.com



အရောက် ကောဇာသက္ကရာဇ် ၁၂၆၀-ပြည့်နှစ်မှာ ဘုရင်ကိုယ်စား သာသနာတော်ကို အားပေးချီးမြှောက်ဖို့ "ပရိယတ္တိသာသနဟိတအသင်းကြီး" ကို တည်ထောင်လိုက်ကြတယ်။ "ပရိယတ္တိ သာသနဟိတအသင်းကြီး ဆိုတာ ပရိယတ္တိသာသနာတော်ကြီးရဲ့ အကျိုးစီးပွားကို ဆောင်ရွက်မယ့်အသင်း" လို့ အဓိပ္ပါယ်ရတယ်။

အသင်းကြီးတည်ထောင်ပြီးတော့ သာသနာတော်မှာ ထက်မြက်တဲ့ သာသနာ့အာဇာနည်တွေ ရွေးထုတ်မယ်ဆိုပြီး ရဟန်းတော်တွေအတွက် "ပရိယတ္တိသာသနဟိတ စာတော်ပြန်ပွဲကြီး" ကျင်းပကြတယ်။ စာမေးပွဲကို သကျသီဟဘုရားကြီးရဲ့ အာရုံခံတန်ဆောင်းထဲမှာ ကျင်းပတာဖြစ်လို့ ပရိယတ္တိသာသနဟိတစာမေးပွဲထက် သကျသီဟ စာမေးပွဲလို့ အများက ပိုသိကြတယ်။ ဒီစာမေးပွဲအောင်တဲ့ ရဟန်းတွေကို "ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (အဘိဝံသ)" ဘွဲ့တံဆိပ် ဆက်ကပ်တယ်။ (ဒီဘွဲ့ရတဲ့ရဟန်းတွေရဲ့ ဘွဲ့နာမည်နောက်မှာ အဘိဝံသဆိုတဲ့ ဂုဏ်ပုဒ်ပါ တွဲပါလေ့ရှိတယ်။ ဥပမာ-အရှင် ကုဏ္ဍလဆိုရင် အရှင်ကုဏ္ဍလာဘိဝံသ ဖြစ်သွားတယ်။) အောင်ပွဲသဘင်ကိုလည်း စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပပေးပြီး သီးခြားပဒေသာပင်တွေပါ ထိုက်ထိုက်တန်တန် လှူဒါန်းတယ်။ အဲဒီ ဘွဲ့တံဆိပ်တော်ကိုလည်း "သကျသီဟဓမ္မာစရိယ" လို့ လူသိများတယ်။ အသင်းကိုလည်း အမည်ရင်း ပရိယတ္တိသာသနဟိတအသင်း ဆိုတာထက် သကျသီဟအသင်းလို့ပဲ ပိုသိကြတယ်။ အသင်းကြီးရဲ့ ဗိမာန်တော်ကိုတော့ ဓမ္မကထိက ဆရာကြီး ဦးလှသိန်းက ဦးဆောင်အလှူခံပြီး ဗိသုက ဆရာဆိုင် (ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အမေရိကန်သာသနာပြုဆရာတော် အရှင်သီလာနန္ဒာဘိဝံသရဲ့ ခမည်းတော်ကြီး) ရဲ့လက်ရာနဲ့ တည်ဆောက်ထားတယ်။ အတော်ကြီးတဲ့ သုံးထပ် အဆောက်အအုံကြီး။ အဲဒီခေတ်အခါက ဒီလောက်ကြီးမားတဲ့ အဆောက်အအုံကြီး ဆောက်ဖို့ဆိုတာ လွယ်မယ်မထင်။ ဒီဗိမာန်ကြီးပြီးတော့ စာမေးပွဲကို ဗိမာန်တော်အတွင်းမှာပဲ ကျင်းပကြတယ်။ ဦးလှသိန်းဗိမာန်လို့ ခေါ်ကြတယ်။

ဒီအသင်းကြီးက ကျင်းပတဲ့ သကျသီဟ ဓမ္မာစရိယ စာမေးပွဲ မြန်မာနိုင်ငံမှာ အဆက်ဆုံးလို့ နာမည်ကြီးတယ်။ တော်ရုံတန်ရုံ ကြိုးစားရုံနဲ့ အောင်ဖို့ မလွယ်ဘူး။

http://www.dhammadownload.com



ဝီရိယရှိ၊ ဉာဏ်ရှိပြီး စာမေးပွဲက်ကလည်း လိုက်အုံးမှ အောင်နိုင်တာ။ စာမေးပွဲဖြေမယ့် ရဟန်းတွေက ပဋ္ဌာနာထုတ်တဲ့ ပုစ္ဆကဘုန်းကြီးတွေဆီမှာ စာလိုက်ဖြစ်အောင် လိုက်ကြရတယ်။ ဒါမှ သူတို့အာဘော်နဲ့ တူမှာကိုး။ ကိုယ့်အဖြေက ပုစ္ဆကအာဘော်နဲ့ မတူရင်လည်း မအောင်နိုင်ပြန်ဘူး။ စာကြိုးစားရလွန်းလို့ တစ်ချို့ကို ကျန်းမာရေးတောင် ပျက်တယ်။ အဲအများစုကတော့ ပိန်ခြုံးပြီး မျက်စိတွေ အားနည်းသွားလို့ ပါဝါတွေ ပိန်းပိန်းထူနေတဲ့ မျက်မှန်ကြီးတွေ တပ်ရတော့တယ်။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဒီစာမေးပွဲကို "လူသတ်စာမေးပွဲကြီး"လို့ ခေါ်တော်မူသတဲ့။ အချို့ဆရာတော်ကြီးတွေက ဒီစာမေးပွဲ ဖြေခွင့်မပေးဘူး။ ပင်ပန်းလွန်းလို့ နေမှာပေါ့။

အောင်သွန်းပြန်ရင်လည်း မြန်မာပြည် တစ်သာသနာလုံးက စာနဲ့ပတ်သက်ရင် အလေးပေးတယ်။ အထင်ကြီးတယ်။ စာတတ်တဲ့သူရယ်လို့ တစ်ခါတည်း အသိအမှတ်အပြုခံရတယ်။ အောင်ချက်ကလည်း အနည်းသား။ တစ်ခါတစ်လေ တစ်ပါးပဲအောင်တယ်။ တစ်ခါတစ်လေ တစ်ပါးမှ အောင်မြင်သူမရှိလို့ မအောင်မရှိရဆိုတဲ့ အသင်းရဲ့စည်းကမ်းချက်အရ ဖြေဆိုသူအားလုံးထဲက အမှတ်များဆုံး တစ်ပါးကို တင်ပေးရတယ်။ ဒီလိုဖြစ်အောင်လည်း အသင်းလူကြီးတွေက အထူးကြိုးစားကြတယ်။ ပဋ္ဌာနခက် ခက်မေးတတ်တဲ့ဆရာတော်ကို အထူးတေးမှတ်ထားကြတယ်။ လက်ရွေးစင်အဖြစ် တော်ကောက်ထားတယ်။ သိပ်ခက်စေချင်တဲ့ ဘာသာရပ်ကို အဲဒီဆရာတော်ကို သွားပင့်တော့တာပဲ။ ဘာသာတိုင်းလည်း  သိပ်ခက်အောင် မမေးဘူး။ တစ်နှစ်တစ်ဘာသာပဲ၊ တစ်ဘာသာကျရင် ကျတော့တာကိုး။ အဲပဋ္ဌာနခက်၊ ခက်ထုတ်ရတာ ဝါသနာထုံတဲ့ ဆရာတော်တွေကလည်းချောင်ကြိုချောင်ကြားမှာရှိတဲ့ မရမက ကျားကုတ်ကျားခဲ ကြံစည်ပြီး တစ်ခါတည်းသွေးလေတွေ ချောက်ချားသွားလောက်အောင် မိနစ်စက္ကန့်အတွင်းမှာပဲ ခေါင်းဖြူသွားလောက်အောင် ခက်ခဲတဲ့ ပုဒ်ပါဠိတွေ၊ ဝါကျတွေကို စာချင်ရှင်းရှာကြံပြီး သုတေသနပြုရွေးချယ်ထားကြတယ်။

အချို့ဆရာတော်တွေကြတော့ စာချရင်း အဲဒီလို နေရာမျိုးတွေ့ရင် နောင်ပဋ္ဌာထုတ်တဲ့အခါ မေ့သွားပြီး ရှာမတွေ့မှာစိုးလို့ စာရွက်ပိုင်းလေးတွေနဲ့ ရေးမှတ်ပြီး မျက်မှန်

http://www.dhammadownload.com



အိတ်ထဲ ထည့်ထားတယ် ဆိုပဲ။ ပုစ္ဆာထုတ်လာပင့်တော့မှ အဲဒီ မျက်မှန်အိတ်ယူသွား။ မျက်မှန်အိတ်ထဲက ရေးမှတ်ထားတဲ့ စာရွက်ပိုင်းလေးထုတ်ပြီး ပုစ္ဆာဆင်လိုက်တယ်ဆိုပဲ။ ဒါကြောင့် ဖြေဆိုတဲ့ ရဟန်းတွေက ဘယ်နေပါင်းစုံက လာနိုင်တဲ့ မေးခွန်းတွေအတွက် ဒေါင့်စုံပြင်ဆင်ထားရပါတယ်။ မူရင်းကျမ်းတွေသာမကပဲ အခြံအရံကျမ်းတွေပါ ကျေညက်နေအောင် လေ့လာထားရတယ်။ ဒါကြောင့် အောင်ဖို့ဆိုတာ အတော်မသေချာတာပဲ။ ဒီလိုစာစုံအောင်ကြည့်၊ အစွမ်းကုန် ကြိုးစားပြီးမှ အောင်မြင်လာရတော့ ဒီစာမေးပွဲအောင် ပုဂ္ဂိုလ်တွေဟာ တော်တယ်၊ တတ်တယ်ဆိုတာ ဘယ်သံသယရှိမှာလဲ။ ဒါကြောင့် ဒီစာမေးကြီးဟာ ခက်ပြီး အအောင်နည်းပေမယ့် ဖြေဆိုသူဦးရေ လျော့မသွားဘူး။ တစ်နှစ်ထက်တစ်နှစ် တိုးတိုးသာလာတယ်။ ဒီအသင်းကြီးက မွေးလုတ်လိုက်တဲ့ သကျသီဟဓမ္မာစရိယဘွဲ့ရ ဆရာတော်တွေကိုလည်း ကြည့်ဦးလေ။

၁။ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် အရှင်သူရိယာဘိဝံသ၊

၂။ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် အရှင်ဉာဏာဘိဝံသ၊

၃။ ဒုတိယ ရွှေကျင်သာသနာပိုင် သက္ကတပါရဂူ အဘယာရာမ ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ၊

၄။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၊

၅။ တိပိဋက မင်းကွန်း ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၊

၆။ လက်ရှိ ရွှေကျင်သာသနာပိုင် ညောင်ရွှေ ဆရာတော် အရှင်ဝိမလာဘိဝံသ၊

၇။ အမေရိကန် သာသနာပြု အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ၊

စတဲ့ သာသနာ့ဦးခေါင်း အာဇာနည် ဆရာတော်တွေ ဖြစ်သွားလေတော့ နောက်နောက်ရဟန်းတော်တွေရဲ့ အထင်ကြီးအားကျမှုတွေဟာ တိုးလို့တိုးလို့ပဲ နေတယ်လေ။ မြန်မာပြည်မှာ အလွန်နာမည်ကြီးတဲ့ မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး (တိုက်ဟောင်းတိုက်သစ်) ကဆိုရင် ဒီအသင်းကြီးရဲ့ သကျသီဟဓမ္မာစရိယဘွဲ့ရ ပုဂ္ဂိုလ်တွေကိုသာ အုပ်ချုပ်ရေး

http://www.dhammadownload.com



နာယကအဖွဲ့ဝင် စာချဘုန်းကြီး ခန့်အပ်တယ်။ ကျောင်းတစ်ဆောင်လည်း ပေးတယ်။ ဒီဘွဲ့မရလို့ကတော့ အခြားဘယ်ဘွဲ့တွေပဲရရ စာချဘုန်းကြီး မခန့်ဘူး။ ဒီလောက်အထိ ဒီဘွဲ့ကို အသိအမှတ်ပြုထားတယ်။ ဒီဆရာတော်တွေကို ကြည့်ရင် အသင်းရဲ့ရည်ရွယ်ချက်ဟာ ပြည့်မြောက်ရုံတင်မကဘူး အထက်မှာ ဖော်ပြထားတဲ့ ဆရာတော်တွေလို သကျသီဟမွှာစရိယဘွဲ့ရ သာသနာ့ဦးသျှောင် အာဇာနည် ဆရာတော်ကြီးတွေ အများကြီးပါ။ ဒါသဘောလောက် ဖော်ပြလိုက်တာပါ။

ဒီအသင်းကြီးက ရဟန်းအာဇာနည်တွေကိုသာ မဟုတ်ဘူး။ သာမဏေတွေထဲက အာဇာနည်တွေ ရွေးထုတ်မယ်ဆိုပြီး အသင်းကြီးရဲ့ ရည်ရွယ်ချက် အပိုဒ် (ဂ)အရ သကျသီဟသာမဏေကျော်စာမေးပွဲ ကျင်းပခဲ့ကြတယ်။ ရဟန်းသကျသီဟစာမေးပွဲ ကျင်းပပြီး နှစ်ပေါင်း (၅၀) ကျော်အကြာ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်မှာ ကျင်းပဖြစ်တယ်။ ဒီစာမေးပွဲအတွက် သင်ရိုးညွှန်တမ်းနဲ့ ပုစ္ဆာထုတ်စည်းမျဉ်းရေး ဆွဲပေးဖို့ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသကို လျှောက်ထားကြတယ်။ ဆရာတော်ကလည်း နှစ်တိုတိုနဲ့ ပိဋကတ်ပင်လယ်ကို ဖြတ်ကူးနိုင်တဲ့ နည်းစနစ်သစ်ကို ဖော်ထုတ်ဖို့ စိတ်ကူးယဉ်နေတာအတော်ကြာပြီ။ ခုတော့ အချိန်ရောက်ပြီဆိုပြီး နှစ်တိုတိုနှင့် ပိဋကတ်ပင်လယ်ကို ဖြတ်ကူးနိုင်တဲ့ အကောင်းဆုံး သင်ရိုးညွှန်းတမ်းနဲ့ ပုစ္ဆာထုတ်စည်းမျဉ်းကို ရေးဆွဲပေးတော်မူလိုက်တယ်။ ဒီစာမေးကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ရယ်လို့ အဆင့်သုံးဆင့် သတ်မှတ်ပေးပြီး ပြဋ္ဌာန်းကျမ်းစာအနေနဲ မ္မပဒအဋ္ဌကထာ (ပ၊ ဒု)၊ အင်္ဂုတ္တရနိကာယ ပါဠိ (ပ၊ ဒု၊ တ)နဲ့ ယင်းအဋ္ဌကထာ၊ ဋီကာ၊ သဒ္ဒါကြီးကိုးဆောင်၊ သင်္ဂြိုဟ်ကိုးပိုင်းလုံး ပြဋ္ဌာန်းထားတယ်။ ပါဠိတော်တွေထဲမှာပါတဲ့ ပုဒ်ပါဒ်တွေ၊ ဝါကျတွေကို သဒ္ဒါအမြင် အဘိဓမ္မာအမြင်တွေနဲ့ ရှင်းလင်းဖြေဆိုရတာဖြစ်လို့ သဒ္ဒါဉာဏ်၊ အဘိဓမ္မာဉာဏ်တွေကလည်း သာမဏေတွေနဲ့ မလိုက်အောင် ရင့်သန်လှပါတယ်။

ဒီစာမေးပွဲဟာ နှစ်တိုတိုအတွင်းမှာ အတော်တတ်၊ စာအတော်နှံ့တာဖြစ်လို့ ဒီစာမေးပွဲအောင်မြင်ပြီးတဲ့ သာမဏေကျော်တွေဟာ အခြားစာမေးပွဲတွေမှာ ထိပ်တန်းက

http://www.dhammadownload.com



နေရာယူအောင်မြင်တာကိုလည်း တွေ့ရပါတယ်။ သုံးနှစ်အတွင်း ပိဋကတ်ပင်လယ်ကို ဖြတ်ကူးနိုင်တာဖြစ်လို့ သာမဏေကျော်စာမေးပွဲ အောင်မြင်သူများဟာ သာမဏေပင် ဖြစ်ပေမယ့် ပညာရှင်များရဲ့ အသိအမှတ်ပြုခြင်း ခံရပါတယ်။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီးဟာ သာမဏေကျော်ဘွဲ့ရ သာမဏေကို အခြားစာချဘုန်းကြီးတွေနဲ့အတူ မိမိရဲ့ကျမ်းစာရေးသားရာမှာ ပါဝင်ကူညီစေပြီး အသိအမှတ်ပြုတော်မူပါတယ်။ သက္ကျသီဟ အသင်းကြီးက ကျင်းပတာဖြစ်လို့ သာမဏေဘွဲ့ရဖို့ ဆိုတာလည်း တော်တော်ခက်တဲ့ ဒုလ္လဘ တစ်ခုပါပဲ။ သုံးဆင့်လုံးအောင်မြင်တဲ့ သာမဏေတွေကို "ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော် (အလင်္ကာရ) " ဘွဲ့ဆက်ကပ်ပါတယ်။ (ဒီဘွဲ့ရတဲ့ သာမဏေတွေရဲ့ ဘွဲ့အမည်နောက်မှာ အလင်္ကာရဆိုတဲ့ ဂုဏ်ပုဒ်တွဲပါ ရှိလေ့ရှိတယ်။ ဥပမာ - ရှင်ပဏ္ဍိတ ဆိုရင် ရှင်ပဏ္ဍိတာလင်္ကာရ ဖြစ်သွားတယ်။ အဲ အဘိဝံသရော၊ အလင်္ကာရရော နှစ်မျိုး လုံးရသူဆိုရင်တော့ နှစ်မျိုးလုံးဘွဲ့နောက်က ထည့်နိုင်တာပေါ့။ ဥပမာ - အရှင်ပဏ္ဍိတာ- လင်္ကာရာဘိဝံသ) သာမဏေကျော်ဘွဲ့ ရရှိခဲ့တဲ့ အာဇာနည်တွေဟာ သာသနာတော်မှာ ဘယ်လောက်အထိ အောင်မြင်နေတယ်ဆိုတာ သက်သေပြရဦးမယ်။

၁။ အမရပူရ မဟာဂန္ဓာရုံ နာယကချုပ် ဆရာတော် အရှင်ကုဏ္ဍာလင်္ကာရာဘိဝံသ၊

၂။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အရှင်ပဏ္ဍိတာလင်္ကာရာဘိဝံသ၊

၃။ ရန်ကုန် မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် တိပိဋကရေ အရှင်သုမင်္ဂလာလင်္ကာရ၊

၄။ မန္တလေးမြို့ အောင်ချမ်းသာစာသင်တိုက် ဆရာတော် အရှင်ကေသရာလင်္ကာရာ- ဘိဝံသ (သ-စ-အ ဓမ္မာစရိယ၊ အဂ္ဂမဟာကျော်၊ သက္ကျသီဟဝင်္ခသကာ)

၅။ ကျောက်ဆည်မြို့ ဓမ္မရတနာစာသင်တိုက် ဆရာတော် အရှင်ပညာဝံသာလင်္ကာရာ ဘိဝံသ (သ-စ-အ ဓမ္မာစရိယ)

၆။ ပဲခူးမြို့ သာမဏေကျော်စာသင်တိုက် ဆရာတော် အရှင်ဝိစက္ခဏာလင်္ကာရာဘိဝံသ (သ-စ-အ ဓမ္မာစရိယ၊ ဘီအေ)

၇။ စစ်ကိုင်းမြို့ မြစကြာစာသင်တိုက် ဆရာတော် အရှင်ဣန္ဒကာလင်္ကာရာဘိဝံသ (သ-စ-အ ဓမ္မာစရိယ)

http://www.dhammadownload.com



ဒီဆရာတော်တွေဟာ သာမဏေကျော်ဘွဲ့ရတွေပါ။ သာမဏေကျော်ဘွဲ့ရပြီး သာသနာတော်မှာ အောင်မြင်ကျော်ကြားနေတဲ့ အခြားဆရာတော်တွေလည်း အများကြီး ရှိပါသေးတယ်။ ဒါသဘောလောက် သက်သေပြလိုက်ရတာ။ အမှတ် ၄၊ ၅၊ ၆၊ ၇ ဆရာတော်လေးပါးဟာ ခုအချိန်မှာ သက်တော်သုံးဆယ်ကျော် လေးဆယ်ဝန်းကျင်ပဲ ရှိကြသေးတယ်။ သက်တော်သုံးဆယ်ကျော်လောက်ကတည်းက ကိုယ်ပိုင်စာသင်တိုက်တွေ တည်ထောင်ပြီး သံဃာတော်တစ်ရာကျော်ကို အုပ်ချုပ်စာချပေးနေကြတာ။ သူတို့ကျောင်းတိုက်တွေက နှစ်စဉ် သာမဏေကျော်တွေကို မွေးထုတ်ပေးနေတယ်လေ။

အဲ ပြောဖို့ကျန်နေတာ ရှိသေးတယ်။ သက္ကျသီဟ ဓမ္မာစရိယ အောင်မြင်တဲ့ ရဟန်းတော်ထဲမှာ ထူးချွန်သူကို တပ်ဆင့်ရွေးချယ်ပါသေးတယ်။ ဒီစာမေးပွဲမှာ စာသင်တန်း၊ စာချတန်းရယ်လို့ အဆင့်နှစ်ဆင့် ခွဲခြားထားသေးတယ်။ စာသင်တန်းအောင်မှ စာချတန်းကို ဖြေရတယ်။ စာသင်တန်း စာချတန်း နှစ်တန်းလုံးအောင်မြင်ပြီးမှ သက္ကျသီဟဓမ္မာစရိယဘွဲ့ ကပ်တယ်။ စာချတန်းမှာ ကျမ်းရင်းသုံးကျမ်း (ပါရာဇိကဏ္ဍ၊ သီလက္ခန္ဓဝဂ္ဂ၊ ဓမ္မသင်္ဂဏီပါဠိ၊ အဋ္ဌကထာ၊ ဋီကာ) ပြဋ္ဌာန်းထားတယ်။ အဲဒီသုံးကျမ်းလုံး တစ်နှစ်တည်း တစ်ပြိုင်နက် အောင်ရင်လည်း ရတယ်။ တစ်ကျမ်းစီခွဲ အောင်ရင်လည်း ရတယ်။ သုံးကျမ်းလုံး တစ်နှစ်တည်း အကျမရှိ အောင်မြင်တဲ့ ရဟန်းတော်တွေကို "ဝင္ကသကာ"ဘွဲ့သီးသန့်ပေးတယ်။ မြန်မာလို "ဦးဆောက်ပန်း"လို့ အမိပ္ပါယ်ရတယ်။ အဲဒီလို သုံးကျမ်းလုံးတစ်ခါတည်း အောင်မြင်လို့ "ဝင္ကသကာ" ရသူကတော့ အတော်နည်းပါတယ်။ စာမေးပွဲကျင်းပတာ နှစ်တစ်ရာကျော်မှ ကိုးပါးပဲ ထွက်ပေါ်သေးတာပါ။ ဒီကိုးပါးထဲမှာ ရှစ်ပါးမြောက် အရှင်ကစ္စာယနာလင်္ကာရာဘိဝံသ (မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့တပည့်) နဲ့ ကိုးပါးမြောက် အရှင်ကေသရာလင်္ကာရာဘိဝံသ (မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးရဲ့ တပည့်) တို့ဟာ သာမဏေကျော်ဘွဲ့ရ ဆရာတော်တွေပါပဲ။ သူတို့နှစ်ပါးကြားထဲမှာ နှစ်ပေါင်း (၃၂)နှစ် ကြာပါတယ်။ ကိုးပါးမြောက်ထွက်ပေါ်ပြီး ယနေ့ ဆယ်နှစ်ကျော်ပြီ ဖြစ်ပေမယ့် နောက်ထပ် ဝင္ကသကာဘွဲ့ရ မထွက်ပေါ်သေးပါဘူး။

http://www.dhammadownload.com



ဒီလို ဖော်ပြနေတာက အသင်းတစ်သင်းဟာ သာသနာတော်အတွက် ဘယ်လောက်အထိ တန်ဖိုးရှိတယ်။ အကျိုးရှိတယ်ဆိုတာ သိစေချင်လို့ပါပဲ။ သကျသီဟအသင်းကြီးရဲ့ နှစ်တစ်ရာအတွင်း အောင်မြင်မှုဟာ ရင်သပ်ရှုမောဖွယ်ပါပဲ။ မြန်မာပြည်အသင်းတွေထဲမှာ အအောင်မြင်ဆုံးအသင်းလို့ ပြောနိုင်ပါတယ်။ ဒါကြောင့်လည်း အသင်းကြီး ကြာရှည်တည်တံ့ရေးအတွက် ဒကာ၊ ဒကာမတွေက ထောက်ပံ့လှူဒါန်းကြတာဟာလည်း တစ်ချို့ဆို တိုက်တွေ၊ ခြံဝင်းတွေကိုပါ အသင်းပိုင်အဖြစ် လှူဒါန်းလိုက်ကြတယ်။ ဒီလို အားပေးကြလို့လည်း အသင်းကြီးရဲ့ သာသနာပြုလုပ်ငန်းမှာ ဘဏ္ဍာငွေနဲ့ ပတ်သက်လို့ ပင်ပန်းပုံမရှိပါဘူး။

ခုတော့ ဒီအသင်းရဲ့သာမဏေကျော် စာမေးပွဲကို စာသင်တိုက်ကြီးတွေရဲ့ နာယကဆရာတော်တွေက သဘောကျလို့ တစ်တပ်တစ်အား အားပေးလာကြပြီး တပည့်တွေဝင်ရောက်ဖြေဆိုနိုင်အောင် အဘက်ဘက်က ပံ့ပိုးနေကြလို့ ဖြေဆိုကြတာ ခုဆို တစ်နှစ်တစ်နှစ်မှာ သာမဏေပေါင်း တစ်ထောင်ကျော်တယ်လို့ သိရတယ်။ ပြီးတော့ ဒီအသင်းရဲ့ သာမဏေကျော် သင်ရိုးညွှန်တမ်းနဲ့ ပုစ္ဆာထုတ်စည်းမျဉ်းအတိုင်း သာမဏေကျော် စာမေးပွဲတွေကို ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်ကျွန်း၊ တောင်ကြီး၊ ပခုက္ကူမြို့တွေမှာ အသီးသီး ကျင်းပပြီး သာမဏေကျော်တွေကို မွေးထုတ်နေကြပြီ။ အစိုးရက ကျင်းပပေးရင်တော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပိုပြီးကျယ်ပြန့်သွားမှာ သေချာတယ်။

သကျသီဟအသင်းကြီးရဲ့အကြောင်းကို တစ်ထိုင်တည်း ပြောနိုင်၊ တစ်ပုဒ်တည်းနဲ့ ရေးနိုင်တယ်လို့ ပြောရင်တော့ ငြင်းမိမှာပဲ။

ကျန်နေတာလေးတစ်ခု ပြောရဦးမယ်။ သကျသီဟအသင်းကြီးရဲ့ အောင်မြင်တာတွေကို မြင်တွေ့ကြားသိရလို့ အသင်းကြီးတည်တံ့ရေးအတွက် ထောက်ပံ့ကြတာဟာ တစ်ချို့ဆို ခြံတွေ တိုက်တွေတောင် လှူဒါန်းကြတယ်လို့ ရေးခဲ့တယ်။ မန္တလေး သူလေးတစ်ယောက်က သူပိုင်တဲ့ (၃၅)လမ်းနဲ့ (၈၁)ထောင်မှာရှိတဲ့ တိုက်သုံးလုံးနဲ့ မြေကွက်ကို အသင်းပိုင်အဖြစ် လှူဒါန်းလိုက်တယ်။ သူလှူတဲ့အချိန်က ပေါက်ဈေးနဲ့ဆိုရင် သိန်းတစ်ထောင်ကျော် တန်တယ်လို့ သိရတယ်။ (၁၀-၂-၉၆)နေ့က အသင်းကြီးက သူ့ကို ဂုဏ်ပြုပွဲလုပ်ပြီး "ပရိယတ္တိသာသနဂုဏဒါယီ"ဘွဲ့နဲ့အတူ ရွှေတံဆိပ်ကြီးတစ်ခု ချီးမြှင့်အပ်နှင်း

http://www.dhammadownload.com

http://www.dhammadownload.com



လိုက်တယ်။ သူက ဘီအက်စ်စီ (ဓာတုဗေဒ) ဘွဲ့ရ ခေတ်ပညာတတ်တစ်ယောက်ပေါ့။ သူ့အကြောင်းကို ဆရာမကြီး လူထု ဒေါ်အမာနဲ့ ဆရာမကြီး ရွှေဘိုမိမိကြီးတို့က မဂ္ဂဇင်းတွေမှာ ဂုဏ်ပြုရေးသားကြတယ်။ နာမည်က မဝင်းဝင်းအေးတဲ့။

အရှင်ဝိစိတ္တသာရ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊
ရန်ကုန်။

http://www.dhammadownload.com

# ပဌမဆင့်



ဆရာဘုန်းကြီးရဲ့ ညွှန်ကြားချက်နဲ့အညီ (၁၃၃၆) ခုနှစ်မှ (၁၃၄၇) ခုနှစ်အထိ (၁၂) နှစ်တာ
ပဌမဆင့် ပုစ္ဆာတွေရဲ့ ကျမ်းညွှန်ကို ရှင်စန္ဒာဝရ ရှာဖွေပြုစုခဲ့ပါတယ်။



ဆရာဘုန်းကြီးရဲ့ ညွှန်ကြားချက်နဲ့အညီ (၁၃၄၈) ခုနှစ် နောက်ပိုင်း ပုစ္ဆာတွေရဲ့ ကျမ်းညွှန်ကို
ရှင်ဉာဏိက၊ ရှင်ပညာသိရီ၊ အရှင်ခေမာသိရီ တို့က ရှာဖွေပြုစုခဲ့ပါတယ်။

http://www.dhammadownload.com

http://www.dhammadownload.com

# ပဌမဆင့် ပုစ္ဆာဟောင်းများ

## ၁၃၁၆–ခုနှစ်မှ ၁၃၆၃–ခုနှစ်အထိ

## ၁၃၁၆–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "နဇ္ဇာ နေရဉ္ဇရာယ တီရေ"[၁] ပါဌ်၌ 'နေရဉ္ဇရာယ'ပုဒ်ကို ပဒစ္ဆေဒ (၂)မျိုး ရအောင်ပြု၍ "နဇ္ဇာ"ပုဒ်ကို နာမပဒမာလာ ပြုပါ။

၂။ "မနသာကာသိ"[၂] ၌ အကာသိ-မှ ဓာတ်ကို ယူ၍ ဝတ္တမာန် အတ္တနောပုဒ် ပဌမပုရိသ်ဖြင့် ဂုဏ်းစဉ်ပြီးလျှင် "နေရဉ္ဇရာ"၌ ဇရ-ပုဒ်ကိုသာ လိင်၊ ဂိုဏ်း၊ ကာရန်တို့ဖြင့်ခွဲပြပါ။

၃။ "ပဌမာဘိသမ္ဗုဒ္ဓေါ"[၃] ၌ ရသင့်သော စိတ်, စေတသိက်တို့ကို ဖေါ်ပြ၍၊ ၎င်းတို့၏ အာရုံတို့ကို ဖေါ်ပြပါ။

၄။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"[၄] ၌ အဝိဇ္ဇာနှင့်သင်္ခါရတို့၏ တရားကိုယ်ကို ကောက်ပြ၍ အဝိဇ္ဇာ-၌ ဝိဇ္ဇာပုဒ်၏အရကိုသာ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ ဝတ္ထုတို့ဖြင့် ဝေဖန်ပါ။

၅။ "ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဇ္ဈာသိ"[၅] ဝယ် ဘဂ-အရ ဘုန်းတော်များကို ရေတွက်ပြ၍ ဧကမန္တံ-အရကိုလည်း ဗျတိရေက+အန္ဝယအားဖြင့် မှန်ကန်စွာ ကောက်ပြခဲ့ပါ။

၆။ ဆရာ (ဥပဇ္ဈာယ်)နှင့်တပည့်တို့သည် ဘယ်လိုစိတ်ထားကြပြီး ဘယ်လိုနေကြမှသာလျှင် သာသနာတော်ကြီးပွားနိုင်မည်နည်း၊ ဘုရားရှင်၏ အလိုတော်ကျနှင့်တကွ သင်၏ ထင်မြင်ချက်ပါ ရေးခဲ့ပါ။[၆]

၇။ ပါရိသုဒ္ဓိဆောင်ရာတွင် မေ့လျော့သဖြင့် မကြားမိသော ရဟန်း၏လည်းကောင်း၊ စေတနာနှင့် တကွ မကြားမိသော ရဟန်း၏လည်းကောင်း အာပတ်များကို ဆုံးဖြတ်၍ ပေးအပ်သော ပါရိသုဒ္ဓိ ရောက်/မရောက်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။[၇]

---

၁၊ ဝိ၊ ၃၊ ၁။ ၂၊ ဝိ၊ ၃၊ ၁၊ ၂။ ၃-၄၊ ဝိ၊ ၃၊ ၁။ ၅၊ ဝိ၊ ၃၊ ၃၅။ ၆၊ ဝိ၊ ၃၊ ၅၇။ ၇၊ ဝိ၊ ၃၊ ၁၆၂။

http://www.dhammadownload.com



၈။ "ဥစ္စာသယနမဟာသယနာနိ ဓာရေန္တိ၊ သေယျထိဒံ? အာသန္ဒိံ ပလ္လင်္ကံ ဂေါနကံ စိတ္တကံ ပဋိကံ" [၁] ၌ ဥစ္စာသယနနှင့်မဟာသယနတို့ကို ခွဲပြ၍ အာသန္ဒိ-စသည်တို့၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

၉။ အောက်ပါ မြန်မာစကားကို ပါဠိဘာသာဖြင့် စီကုံးခဲ့ပါ -

"ထိုအခါ ရဟန်းတို့သည် ဥပဇ္ဈာယ်မရှိ၊ ဆရာမထား၊ အဆုံးအမကို မယူ၊ ကန့်မြစ်ခြင်းကိုလည်း မခံ၊ အဝတ်မရုံကြဘဲ အသွင်အပြင်နှင့်မပြည့်စုံမူ၍ ဆွမ်းခံကြကုန်၏။"[၂]

၁၀။ အောက်ပါ ဂါထာကို မြန်မာဘာသာ ပြန်ဆိုခဲ့ပါ -

ယော ဂဝံ န ဝိဇာနာတိ၊ န သော ရက္ခတိ ဂေါဂဏံ။
ဧဝံ သီလံ အဇာနန္တော၊ ကိံ သော ရက္ခေယျ သံဝရံ။ [၃]

* * * * *

## ၁၃၁၆-ခုနှစ်၊ အငိုတ္တိုရ်ပါဠိတော်

၁။ " 'သုဘာန္တေ' ဝ အဓိမုတ္တော ဟောတိ" [၄] ၌ 'သုဘန္တေဝ'ဝယ် တ-ကို စ မပြုနိုင်ခြင်း၏ အကြောင်း၊ အဓိမုတ္တော-ဝယ် အဓိ-သည် ဓာတွတ္ထဗာဓကစသည်၌ အဘယ်အနက်ရှိသည်ကိုလည်း ဖော်ပြခဲ့ပါ။

၂။ "အမတံ တေသံ အပရိဘုတ္တံ" [၅] ၌ တေသံ-ဝယ် အဘယ်သုတ်ဖြင့်၊ အဘယ်အယှဉ်မှာ အဘယ်အနက်၌ အဘယ်ဝိဘတ်သက်ထားသည်ကိုလည်းကောင်း၊ "ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ"၌ ကြိယာပုဒ်၏ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်ကိုလည်းကောင်း ရေးခဲ့ပါ။

၃။ "အာသဝါနံ ခယညာဏာယ စိတ္တံ အဘိနိန္နာမေတိ" [၆] ၌ စိတ္တံ-သည် အဘယ်မျှသော စေတသိက်နှင့် ယှဉ်နိုင်ပါသနည်း။

၄။ "ကာဠု ဝိယ ကတော ဘိက္ခု အာမဂန္ဓေ အဝသုတော" [၇] တို့၌ ကာဠု ဝိယနှင့်အာမဂန္ဓေတို့ကို အရကောက်ပြခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၂၈၀။ ၂၊ ဝိ၊ ၃၊ ၅၆။ ၃၊ ဝိ၊ ၃၊ ၁၃၇။ ၄၊ အံ၊ ၁၊ ၄၂။
၅၊ အံ၊ ၁၊ ၄၇၊ ၁၁၂။ ၆၊ အံ၊ ၁၊ ၁၆၅။ ၇၊ အံ၊ ၁၊ ၂၈၄။

http://www.dhammadownload.com



၅။ ရဟန်းတို့၏ အကြင်ကုက္ကုစ္စာစနသည် ရှိ၏။ ထိုကုက္ကုစ္စာစနသည် လက်ဦးစွာ စာရေးတံ ယူကုန်သော ရဟန်းတို့တွင် အမြတ်ဆုံးပေတည်း။ - ၎င်းစကားပြေကို ပါဠိဘာသာ စီကုံးပါ။ [၁]

၆။ မိဘကျေးဇူး ကြီးလှသော်လည်း ပြေလည်အောင် ဆပ်နိုင်သော နည်းလမ်းကို ဘုရားဟောအတိုင်း ရေးသားခဲ့ပါ။ [၂]

၇။ "သီတာ ဘန္တေ ဟေမန္တိကာ ရတ္တိ အန္တရဋ္ဌကော ဟိမပါတသမယော" [၃]ကို စကားပြေ ရေး၍ "အန္တရဋ္ဌကော"ကို လ၊ ရက်တို့ဖြင့် ပိုင်းဖြတ်ခဲ့ပါ။

၈။ "ကထာသမ္ပယောဂေန ဘိက္ခဝေ ပုဂ္ဂလော ဝေဒိတဗ္ဗော ယဒိ ဝါ ကဿော ယဒိ ဝါ အကဿောဝါ" [၄] ကို အနက်ပေး၍ ကဿာ အကဿပုဂ္ဂိုလ်တို့ကို ဥဒါဟရုဏ်ဖြင့် ရှင်းခဲ့ပါ။

၉။ ဖုံးထားမှ တင့်တယ်သော အရာဝတ္ထု (၃)မျိုးနှင့် ဖွင့်ထားမှ တင့်တယ်သော အရာ ဝတ္ထု (၃)မျိုးကို အသီးအသီး ဖော်ပြပါ။ [၅]

၁၀။ အောက်ပါ ပါဠိကို စကားပြေ ရေခဲ့ပါ -

အစိသီလံ သိက္ခမာနော၊ သဒ္ဓမ္မဿဝနေ ရတော။
တိဏ္ဏံ ဓမ္မာနံ အတိတ္တော၊ ဟတ္ထကော အဝိဟံ ဂတော။ [၆]

* * * * *

## ၁၃၁၆–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "သတ္ထာ ဇေတဝနေ ဝိဟရန္တော ကောသမ္ဗကေ ဘိက္ခူ အာရဗ္ဘ ကထေသိ" [၇]၌ သတ္ထာ-ကို နာမ်ရုပ်အကျဉ်းတွက်ပြီးလျှင် ရာသိ, မဟေသိ-ပုဒ်တို့၏ လိင်၊ ဂိုဏ်း၊ ကာရန်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

၂။ "ရာဇဂဟေ အနုသံဝစ္ဆရံ ဂိရဂ္ဂသမဇ္ဇံ နာမ အဟောသိတိ" [၈]၌ အနုသံဝစ္ဆရံ-ဝယ် မည်သည့်အနက်၌ သက်ထားသည်ကို ဖော်ပြပြီးလျှင် အဟောသိ-၌ ဓာတ်ကို ယူ၍ ဘဝိဿန္တိဝိဘတ်ဖြင့် ပဒမာလာစဉ်ခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၂၅။ ၂၊ အံ၊ ၁၊ ၆၃။ ၃၊ အံ၊ ၁၊ ၁၃၆။ ၄၊ အံ၊ ၁၊ ၁၉၇။ ၅၊ အံ၊ ၁၊ ၂၈၆။
၆၊ အံ၊ ၁၊ ၂၈၃။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၄၊ ၄၀၊ ၁၀၅။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၆။

http://www.dhammadownload.com



၃။ “အသုဘာနုပဿိံ ဝိဟရန္တံ ဣန္ဒြိယေသု သုသံဝုတံ” [၁] ၌ ဣန္ဒြိယေသု သုသံဝုတံ-၏ အရ တရားကိုယ်ကောက်ပြခဲ့ပါ။

၄။ “အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ” [၂] ၌ ကံတရားကို ထုတ်ပြ၍ ယင်းတရားနှင့်ယှဉ်သော စိတ်၊ စေတသိက်ကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ ပတောဒံ တေ ကရိဿာမိ၊ သောဥသင်္ကုလိကဏ္ဍကံ။
သဉ္ဆိန္ဒိဿာမိ တေ ကာယံ၊ ဇဝံ ဇာနာဟိ ဂဒြဘ” [၃] ဟူသော ဝါကျကို မြန်မာဘာသာပြန်ဆိုခဲ့ပါ။

၆။ စက္ခုပါလ ဆေးဆရာအား မျက်စိကန်းသော မိန်းမက ဆေးကုသခပေးမည်ဟူသော စကားနှင့် မျက်စိမြင်ပြီးသော မိန်းမကို တစ်ဖန်ကန်းအောင် ပြုခြင်း၏အကြောင်းကို ထင်ရှားစွာ ရေးခဲ့ပါ။ [၄]

၇။ “တေသံ ကုမိနာ စ နိယာမေန ကေဒိဝသံ သမဋ္ဌံ ပဿန္တာနံ ပရိပါကဂတတ္တာ ဉာဏဿ ပုရိမဒိဝသေသု ဝိယ ဟသိသဗ္ဗဋ္ဌာနေ ဟာသော ဝါ ံဝေဂဋ္ဌာနေ သံဝေဂေါ ဝါ ဒါတုံ ယုတ္တဋ္ဌာနေ ဒါနံ ဝါ နာဟောသိ” [၅] ဟူသောပါဠိကို အနက်ယောဇနာ၍ သံဝေဂအရကိုလည်း ထုတ်ပြခဲ့ပါ။

၈။ “သူဌေးသမီးအား (ယောသကသူဌေးသား) ဟူသော စကားသံကို ကြားရလျှင် ကြားရချင်း ချစ်နှစ်သက်ခြင်းသည် အံ့ရေစသည်ကို ဖြတ်ပြီး ရိုးတွင်းခြင်ဆီကို ထိ၍ တည်၏”ဟု ဆိုရာဝယ် ချစ်လွယ်ခြင်း၏အကြောင်းကို ဖော်ပြပါ။ [၆]

၉။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့၏ ဖွားရာဇာတိနှင့်မယ်တော်များကို ဖော်ပြ၍ ၎င်းနှစ်ဦးတို့၏ ကတိကဝတ်ထားသော နည်းလမ်းကိုလည်း ထင်ရှားအောင် ရေးခဲ့ပါ။ [၇]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၉။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၉။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၃။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၆။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၆။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၆-၇။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ပါ -

ထကြွလုံ့လ ဝီရိယရှိထသော၊ သတိရှိထသော၊ စင်ကြယ်သော အမှုရှိထသော၊ စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိထသော၊ စောင့်စည်းအပ်သော ကာယကံရှိထသော၊ တရားသဖြင့် အသက်မွေးထသော မမေ့လျော့သောသူအား စည်းစိမ်ဥစ္စာ ရာထူး ကျေးဇူးသတင်း ကျော်ဇောခြင်းသည် တစ်နေ့တခြား တိုးပွားလေ၏။ [၁]

• • • • •

## ၁၃၁၇–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အာဟာရဋ္ဌိတိက ဖရေယျ" [၂] ၌ အနက်နှစ်နည်းပေး၍ နာမ်ရုပ် နှစ်နည်းတွက်ပြီးလျှင် ရှင်းသုတ်သဒ္ဒါပိုဖြင့် ပြနိုင်သမျှကိုလည်း ရှင်းခဲ့ပါ။

၂။ "တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော" [၃] ၌ ပါရှိသော အဘယ်ပါဌ်တို့သည် ကတ္တ, ကတ္တမျှတ, ကတ္တမျှတာချာန, ကတ္တမျှတာချာန ဇောတကတို့ ဖြစ်ပါသနည်း။

၃။ "ရာဂဒေါသပရေတေဟိ" [၄] ၌ ရာဂသဟဂုတ်စိတ်ဝယ် ယှဉ်နိုင်သော စေတသိက်တို့ ကိုရင်း၊ သဗ္ဗရာသိယောဂီ, အသဗ္ဗရာသိယောဂီစေတသိက်အားဖြင့်ရင်း ခွဲဝေပြခဲ့ပါ။

၄။ "အမတမဓိဂတံ" [၅] ၌ အမတ-ကို အာရုံပြုနိုင်သောစိတ်၊ အလေးအမြတ် အာရုံ ပြုနိုင်သော စိတ်များကို ဘုရားဖြစ်ပြီးသော ဗုဒ္ဓအားဖြင့် ဖြေဆိုခဲ့ပါ။

၅။ မောင်ရှင်သာမဏေတို့ သိသင့်တဲ့ "ဝါပန် တုံသုံးချက်"ကို ရေတွက်၍ အဘယ် ပုဂ္ဂိုလ်များထံသို့ တုံသုံးချက်နှင့်မညီသော်လည်း သွားကောင်းပါသနည်း။ [၆]

၆။ မဟာဝိကဋ ဆေးတော်ကြီး ဖော်နည်းနှင့် အဘယ်အနာမှာ ကောင်းသည်ကိုရင်း၊ လေနာကောင်းသော ဆေးအမည်ကိုရင်း ဖော်ပြပါ။ [၇]

၇။ လူ-လူချင်း တူကြပါလျက် သီလမရှိသောသူမှာ အပြစ်ငါးပါး ဆိုက်ရောက်နေပုံနှင့် သီလရှိတဲ့သူမှာ အကျိုးငါးပါး ရရှိနေပုံများကို ရေတွက်ပြခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၅၂။ ၂၊ ဝိ၊ ၃၊ ၂၂၀။ [illegible] ဝိ၊ ၃၊ ၄ [illegible] ၄၊ ဝိ၊ ၃၊ ၅။
၅၊ ဝိ၊ ၃၊ ၁၃။ ၆၊ ဝိ၊ ၃၊ ၁၉၄၊ ၂၀၅။ ၇၊ [illegible] ၈၊ ဝိ၊ ၃၊ ၃၂၂။

http://www.dhammadownload.com



၈။ မေဏ္ဍကသူဌေး၊ သူဌေးကတော်၊ သား၊ ချွေးမ၊ ကျွန်တို့မှာ ဘယ်အံ့ဩဖွယ် တန်ခိုးများကို ဘယ်ပုံအသီးသီး ရရှိကြပါသနည်း။ [၁]

၉။ အောက်ပါ ပါဠိကို မြန်မာစကားပြေ ရေးခဲ့ပါ -

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
သံသိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတိသု။ [၂]

၁၀။ အောက်ပါ မြန်မာစကားပြေကို ပါဠိစီကုံးခဲ့ပါ -

"ဒို့မြတ်စွာဘုရားက ဒို့အနားမှာပဲ နေလျက်ရှိတယ်။ ဒို့ ယခုနေတဲ့ သာကေတမှ (၆)ယူဇနာအရပ်မှာပဲ နေလျက် ရှိတယ်။ သို့နီးပါလျက် မြတ်စွာရှင်ပင်ကို ဒို့တစ်တွေ ဖူးမြင်ခွင့် မရကြ၊ ဒုက္ခ - ဒုက္ခပါပဲ ငါ့ရှင်တို့" [၃]

* * * * * *

## ၁၃၁၇-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ဧဝံ မေ သုတံ" [၄] ၌ မေ-သဒ္ဒါသည် အဘယ်မျှသော ဝိဘတ်တို့ဖြင့် ရုပ်ပြီးနိုင်သည်ကို သုတ်ထောက်ဖြင့် ကုန်စင်အောင် ညွှန်ကြားပြီးလျှင် ဤပါဌ်၌မူကား အဘယ်ဝိဘတ်ဖြင့်ပြီးသော မေ-ကိုသာ ယူရသည်၊ အဘယ့်ကြောင့် ယူရသည်တို့ကို ဖော်ပြပါ။

၂။ "ဘဒ္ဒန္တေ'တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ" [၅] ၌ ဘဂဝတော-ပုဒ်ကို တစ်ချို့က စတုတ္ထီ၊ တစ်ချို့က ဆဋ္ဌီ - ဆိုကြရာ မည်သည့်ဝါဒကို ကစ္စည်းကျမ်းက လက်ခံမည်ဟု ထင်ပါသနည်း။ သာဓကနှင့်ယှဉ်ပြီး ပစ္စဿောသုံ-ကို ဓာတ်၊ ဝိဘတ် ခွဲခြားပြပါ။

၃။ "စတုတ္ထဇ္ဈာနသဟဂတံ မေတ္တာသဟဂတံ" [၆] ၌ စတုတ္ထဈာန-အရ အတိအကျ တရားကိုယ် ညွှန်ပြပြီးလျှင် ၎င်းနှင့်ယှဉ်နိုင်သမျှသော စိတ်ကိုလည်း ကုန်စင်အောင် ဖော်ပြပါ။

---

၁။ ဝိ၊ ၃၊ ၃၃၇။ ၂။ ဝိ၊ ၃၊ ၃၂၆။ ၃။ ဝိ၊ ၃၊ ၃၅၁။ ၄-၅။ အံ၊ ၁၊ ၁။
၆။ အံ၊ ၁၊ ၄၄။

http://www.dhammadownload.com



၄။ "ယေန အနုပ္ပန္နော ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ" [၁] ၌ ကာမစ္ဆန္ဒနှင့်ယှဉ်သောစိတ်ကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ ယောက်ျားတို့၏စိတ်ကို သိမ်းကျုံးဆွဲငင်နိုင်သောအရာနှင့် မိန်းမတို့၏စိတ်ကို သိမ်းကျုံးဆွဲငင်နိုင်သောအရာတို့ကို သရုပ်မျှ ကုန်စင်အောင် ရေတွက်ပြပါ။ [၂]

၆။ "ဒွေမေ ဘိက္ခဝေ ဓမ္မာ သုက္ကာ လောကံ ပါလေန္တိ" [၃] ၌ ဓမ္မသရုပ်ကို ထုတ်ပြီးလျှင် ထိုတရားတို့က လောကကို စောင့်ရှောက်ကြသဖြင့် မည်သည့်အကျိုးများ ထင်ရှားပေါ် လာပါသနည်း။

၇။ "အရှင်ဂေါတမသည် များစွာသော ပရိယာယ်ဖြင့် တရားကို ဟောတော်မူအပ်၏၊ ထိုအကျွန်ုပ်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏" - ဤင်းကို ပါဠိဝါကျ စီကုံးခဲ့ပါ။ [၄]

၈။ "ဒွေမေ ဘိက္ခဝေ ဗာလာ" [၅] ၌ ဗာလာပုဂ္ဂိုလ်နှစ်ယောက်တို့ကို ဖော်ပြပြီးလျှင် ထိုပုဂ္ဂိုလ်တို့သည် ပဏ္ဍိတအဖြစ်သို့ ရောက်အောင် မည်ကဲ့သို့ ကျင့်ဆောင်ရပါမည်နည်း။

၉။ "ဒွေမေ ဘိက္ခဝေ အာတိထေယျာနိ၊ ကတမာနိ ဒွေ? အာမိသာတိထေယျဉ္စ ဓမ္မာတိထေယျဉ္စ" [၆] ဟူသောပါဌ်ကို စကားပြေရေးပြီးလျှင် ထိုနှစ်ပါးတွင် အဘယ်သူသည် အမြတ်ဆုံးဖြစ်သည်ကိုလည်း ဖော်ပြပါ။

၁၀။ "ဝေမေဝံ ခေါ ဘိက္ခဝေ တယော ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ ဘိက္ခူသု၊ ကတမေ တယော? နိရာသော အာသံသော ဝိဂတာသော" [၇] ဟူသောပါဌ်၌ မည်သည့်ပုဂ္ဂိုလ်မျိုးကို နိရာသစသည် ခေါ်ကြောင်း အကျဉ်းမျှ ဖော်ပြပါ။

* * * * *

## ၁၃၁၇-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ ဖော်ပြပါ ပုံစံပါဌ်၌ ပါရှိသော ကံနှစ်ပါးပုဒ်တို့၏ အထူးကို ဖော်ပြ၍ ထိုကံနှစ်ခု ထည့်ရခြင်း၏အကြောင်းကို ဖြေဆိုခဲ့ပါ။

"စက္ခုပဋ္ဌောတောပိ ဥတေန္နံ ဇိဝှဂ္ဂါဟမေဝ ဂါဟာပေတွာ" [၈]

၂။ "မိဂရာဇ နမော တျတ္ထု" [၉] ၌ မိဂရာဇ-ကို နာမပဒမာလာစဉ်ခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၂။ ၂၊ အံ၊ ၁၊ ၁၊ ၂။ ၃၊ အံ၊ ၁၊ ၅၃။ ၄၊ အံ၊ ၁၊ ၅၇။ ၅၊ အံ၊ ၁၊ ၆၀-၁။
၆၊ အံ၊ ၁၊ ၉၂။ ၇၊ အံ၊ ၁၊ ၁၀၇။ ၈၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၂၄။ ၉၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၉၃။

http://www.dhammadownload.com



၃။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ" ၁ ၌ မနော-အရ တရားကို အတိကျ ကောက်ပြ၍ ၎င်းကို မှီခိုကပ်ရပ်နေသော ပရမတ္ထတရားတို့ကိုလည်း ရေတွက်ပြပါ။

၄။ အထက်ပါ ဓမ္မ-အရ ပြုနိုင်သမျှ အာရုံစုံကို သင်္ဂဟနှင့်အညီ ညွှန်ပြခဲ့ပါ။ ၂

၅။ မိမိထင်မြင်ချက် သက်သက်ဖြင့် ကိုယ့်အောက်ငယ်သားအား ခွင့်မပန်ကြားဘဲ "ငါလူကြီး၊ ငါ့သဘော"ဟု ငါတကောကောသင့်၊ မကောသင့် စကျွပါလဝတ္ထုမှ သက်ဆိုင်ရာ အထောက်ဖြင့် ဆုံးဖြတ်ပါ။ ၃

၆။ "ဘောဇနမှိ စာမတ္တညုံ" ၄ ၌ မတ္တသရုပ်ထုတ်၍ တစ်စလယ်ချက် တစ်ခွက်ချက် စသည်ဖြင့် မမှန်းဆတတ်သူကို "ဘောဇနမှိ စ+ အမတ္တညု"ဟု ဆိုလိုပါသလော၊ မည်သည့် ပုဂ္ဂိုလ်မျိုးကို ဆိုလိုပါသနည်း။

၇။ ညီတော်မင်းနန်သည် သာသနာတော်ထမ်း ရဟန်းတစ်ပါး ဖြစ်ပါလျက်နှင့် ကြင်ဖော် သက်ထား ချစ်သူက မှာကြားလိုက်သောစကားကို ရေးသားခဲ့ပါ။ ၅

၈။ "ဘုရား ဘုရား ဘုရား . . . လောကကြီးမှာ ဘုရားဆိုတဲ့အသံကို ကြားရဖို့ အလွန်ခဲယဉ်းလှပါတကား"ဟု အဘယ်ပုဂ္ဂိုလ်တို့သည် ကျူးရင့် မြွက်ဆိုကုန်သနည်း။ ၆

၉။ ပရိယတ္တိဉာဏ် အလွန်ညံ့ဖျင်းသော ယောဂီတစ်ယောက်သည် အထက်တန်းကျ သည့် ပဋိဝေဓဉာဏ်ကို ရနိုင် မရနိုင် ဝတ္ထုသက်သေပြ၍ ဆုံးဖြတ်ခဲ့ပါ။ ၇

၁၀။ "ဟတ္ထိ ပန ရောဝဏော နာမ ဒေဝပုတ္တော ဟုတွာ နိဗ္ဗတ္တိ" ၈ ၌ "ဟတ္ထိ"ဟူသော စကားနှင့် "ဒေဝပုတ္တော"ဟူသော စကားတို့ အချင်းချင်း မဆန့်ကျင်ဟန်ကို ဖော်ပြပါ။

* * * * *

---

၁-၂ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂ ၁၄။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၆။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၂။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၇။ ၈။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၇။

http://www.dhammadownload.com



## ၁၃၁၈–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အနဘာဝံ ကတာ" [၁] ကို ပဒစ္ဆေဒပြု၍ သန္ဓိရုပ်ကျဉ်းတွက်ပြီးလျှင် နာမပဒမာလာလည်း စဉ်ခဲ့ပါ။

၂။ "ဝဿံ ဥပဂစ္ဆိသု" [၂] ဝယ် ဝဿံ-ကို လိင်၊ ဂိုဏ်း၊ ကာရန်ခွဲပြ၍ ဥပဂစ္ဆိသု-ကို ပရဿပဒ အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "အပ္ပမတ္တာ၊ အာတာပီ" [၃] တို့၌ တရားကိုယ်ကို ကောက်ပြ၍ ၎င်းတို့နှင့် ယှဉ်သင့်သော စိတ်၊ စေတသိက်တို့ကိုလည်း ဖော်ပြပါ။

၄။ "မေဟုမွံ" [၄] ၌ တရားကိုယ်ကို ကောက်ပြ၍ ၎င်း၏ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ကိုလည်း ဝေဖန်ခဲ့ပါ။

၅။ "စတ္တာရိမာနိ ဘိက္ခဝေ ပဝါရဏာကမ္မာနိ" [၅] ပါဠိတော်၌ စတ္တာရိ အရကောက် ပြီးလျှင် ခွင့်ပြုအပ်သော ပဝါရဏာကံ, ခွင့်မပြုအပ်သော ပဝါရဏာကံတို့ကိုလည်း ခွဲပြခဲ့ပါ။

၆။ ဤဘုရားသာသနာတော်မှာ ဥတ္တိစတုတ္ထကံဖြင့် ပထမဆုံး ပဥ္စင်းခံပေးသော ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်းတို့ကို ဖော်ပြ၍ ထိုရဟန်းလောင်း၏ ဥပဇ္ဈာယ် ဖြစ်ရခြင်း၏အကြောင်းကိုလည်း ပြဆိုခဲ့ပါ။ [၆]

၇။ ရဟန်းသံဃာများ မိုးလအခါ၌ ဝါကပ်၍နေရန် ပညတ်တော်မူခြင်း၏ အကြောင်းကို ပြ၍ ဝါကပ်ဆိုရခြင်းအပြားကိုလည်း ဖော်ပြခဲ့ပါ။ [၇]

၈။ ကထိန်ခင်းခြင်းကို အဘယ်ပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူကြောင်းကို ပြ၍ ကထိန်အာနိသင် အကျိုး (၅)ပါးကိုလည်း ထုတ်ပြခဲ့ပါ။ [၈]

၉။ အောက်ပါ စကားပြေကို ပါဠိ စီကုံးခဲ့ပါ -

"ထိုအခါ တန်ဆောင်မုန်းလအခါဖြစ်သော သည်းခြေနာဖြင့် တွေ့အပ်ကုန်သော ရဟန်းတို့အား ယာဂုကိုလည်း သောက်အပ်သည်ရှိသော် အန်၏" [၉]

---

၁။ ဝိ၊ ၃၊ ၃၃၂။ ၂။ ဝိ၊ ၃၊ ၃၅၁။ ၃။ ဝိ၊ ၃၊ ၂၆၉၊ ၄၉၉။ ၄။ ဝိ၊ ၃၊ ၂၇၁။ ၅။ ဝိ၊ ၃၊ ၂၂၄။
၆။ ဝိ၊ ၃၊ ၇၀။ ၇။ ဝိ၊ ၃၊ ၁၉၂။ ၈။ ဝိ၊ ၃၊ ၃၅၁-၂။ ၉။ ဝိ၊ ၃၊ ၂၉၀။

http://www.dhammadownload.com



၁၀။ အောက်ပါ ဂါထာကို မြန်မာပြန်ဆိုပါ -

ဥပသမ္ပဒံ ပဋ္ဌဟိ၊ ဂုဏင်္ဂုဏာ ဓုဝသိနာ။
စမ္ပတ္တရဏာနုညာသိ၊ န တာဝ ဂဏနူပဂံ။
အဒါသိ မေ ဝရေ ပဥ္စ၊ သောဏာတ္ထေရဿ နာယကော။ [၁]

* * * * *

## ၁၃၁၈–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "မဟတော အတ္ထာယ သံဝတ္တတိ" [၂] ဝယ် မဟတော-၌ လိင်၊ ဂိုဏ်း၊ ကာရန် ညွှန်ပြ၍ ကာရကသညာသုတ်ကိုလည်း ရေးခဲ့ပါ။

၂။ "စေတော ပရိစ္စ" [၃] ဝယ် စေတော-ကို နာမ်ရုပ်ကျဉ်း တွက်၍ "အန္တရဓာပေန္တိ, ပဒဟာတိ"တို့၌လည်း ဓာတ်, ဝိဘတ် ဝေဖန်ခဲ့ပါ။

၃။ မဟိစ္ဆတာ- [၄] အရ တရားကို ပြ၍ ယင်းတရားကို ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထု အားဖြင့် ဝေဖန်ပါ။

၄။ ဒိဋ္ဌိသမ္ပန္နော- [၅] ၌ ဒိဋ္ဌိအရ တရားကို ပြ၍ ယင်းတရားကို သမ္ပယုတ်၊ ဇာတ်၊ ဘုံ၊ အာရုံအားဖြင့် ဝေဖန်ခဲ့ပါ။

၅။ သာသနာကွယ်ပကြောင်းတရားနှင့် သာသနာတည်တံ့ကြောင်းတရားများကို သရုပ်မှန် ရေးခဲ့ပါ။ [၆]

၆။ "ယံ ဧဝံ မဟာသာဝဇ္ဇံ" [၇] အရ တရားကို ပြ၍ ယင်းတရား၏ အပြစ်များကိုလည်း ရေးခဲ့ပါ။

၇။ "ရဟန်းတို့၊ တစ်ပါးသော တရားကို ပွားစေအပ်သည်ရှိသော် အကြိမ်များစွာ ပြု လုပ်အပ်သည်ရှိသော် ကြီးစွာထိတ်လန့်ခြင်းငှာ ဖြစ်၏" ၎င်းစကားပြေကို ပါဠိစီကုံးပါ။ [၈]

၈။ "ဒွိန္နံ ဘိက္ခဝေ အာသဝါ ဝဍ္ဍန္တိ" [၉] ၌ ဒွိသင်္ချာ၏ သင်္ချေယျကို ပြ၍ အာသဝေါတရား ဆုတ်ယုတ်အောင် ကျင့်ရမည့်အစီအစဉ်ကိုလည်း အကျဉ်းမျှ ရေးခဲ့ပါ။

---

၁။ ဝိ၊ ၃၊ ၂၈၉။ ၂။ အံ၊ ၁၊ ၅။ ၃၊ အံ၊ ၁၊ ၈၊ ၁၁၊ ၄၁။ ၄၊ အံ၊ ၁၊ ၁၁။ ၅၊ အံ၊ ၁၊ ၂၈။
၆၊ အံ၊ ၁၊ ၁၇၊ ၁၈၊ ၇၊ အံ၊ ၁၊ ၃၅။ ၈၊ အံ၊ ၁၊ ၄၄။ ၉၊ အံ၊ ၁၊ ၈၄။

http://www.dhammadownload.com



၉။ "ယာ စ သံယောဇနိယေသု ဓမ္မေသု အဿာဒါနုပဿိတာ၊ ယာ စ သံယော-ဇနိယေသု ဓမ္မေသု နိဗ္ဗိဒါနုပဿိတာ" [၁] ကို မြန်မာပြန်၍ ပဌမပဒဖြင့် ပြအပ်သောအပြစ်၊ ဒုတိယပဒဖြင့် ပြအပ်သောအကျိုးကို ညွှန်ပြပါ။

၁၀။ "ကတတ္တာ စ ဗြာဟ္မဏာ အကတတ္တာ စ ဝေမိကေစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ" [၂] ကို အနက်ယောဇနာခဲ့ပါ။

* * * * *

## ၁၃၁၈-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ကုလဝံသာဂတံ သေဋ္ဌ"၌ သေဋ္ဌ၊ "တတော နံ ဒုက္ခမန္ဝေတိ"၌ ဒုက္ခမန္ဝေတိ၊ "ဇာတဝေဒေါ ဝူပသမ္မတိ" [၃] ၌ ဝူပသမ္မတိ-တို့ကို ပဒစ္ဆေဒပြု၍ "အသာရေ သာရမတိနော" ပုဒ်၌ သာရမတိနော-ကို နာမ်ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

၂။ "မမ ဓီတာယေဝ နာမာ' တိ ဝတွာ သီသေ စုမ္ဗိတွာ ယရံ နေတွာ" [၄] ၌ ကံတစ်ခု ဖြည့်စွက်၍ ပဓာနာပဓာန ခွဲဝေပြပြီးလျှင်၊ (၅)နံပါတ်ပါ အာဟ-၏ ဓာတ်၊ ဝိဘတ်တို့ကို စုံလင်တိကျစွာ ယုတ္တိပြ၍ ဖော်ထုတ်ခဲ့ပါ။

၃။ "တွေကေ မဟာထေရေ ဒိသွာ သာမိစိကမ္မံ" [၅] ၌ သာမိစိ-ဝယ် အန္တတ်အရ ဖြစ်သင့်သောတရားကို အဘိဓမ္မာသဘာဝ ကျနထင်ရှားအောင် ဖေါ်ပြ၍ "ကုက္ကုစ္စမတ္တမ္ပိ နတ္ထိ"၌ ကုက္ကုစ္စသရုပ်ကို ဖော်ထုတ်ခဲ့ပါ။

၄။ "အနိက္ကသာဝေါ ကာသာဝံ" [၆] ၌ အနိက္ကသာဝေါ-ဝယ် ကာသာဝအရ ပဓာနတရားနှင့် သမ္ပယုတ္တဓမ္မ၊ "နိသမ္မကာရိနော" ၌ နိသမ္မ-အရတို့ကို ဖေါ်ပြပါ။

၅။ (က) တံခဏညေဝ ရာဇာ ဥက္ကာဟိ ဓာရိယမာနာဟိ တတ္ထ ဂန္တွာ နာရဒံ ဝန္ဒိတွာ ကေမန္တံ နိသိန္နော အာဟ။

(ခ) သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ- [၇] တို့ကို ကေမန္တံ အဘိညာ-ပုဒ်တို့၌ ဆရာနည်းကျစေလျက် အနက်သမ္ဗန်ခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၅၂။ ၂၊ အံ၊ ၁၊ ၅၈။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၄၊ ၂၊ ၁၄၊ ၂၉၊ ၇၃။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၂။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၂၊ ၁၅၂။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၈၊ ၇၇။

http://www.dhammadownload.com



၆။ "ကောင်းစွာမိုးအပ်သော အိမ်တွင်းသို့ မိုးရေမိုးပေါက် မဖောက်မဝင်နိုင်သကဲ့သို့ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသူ၏စိတ်ထဲသို့ ကိလေသာရာဂ မဖောက်မဝင်နိုင်" [၁] ဟူသော မြန်မာကို ပါဠိစီခဲ့ပါ။

၇။ "ဣတရာ မိဂီ ဟုတွာ နိပ္ပတ္တိ" [၂] ၌ မိဂီ ဟုတွာ နိပ္ပတ္တိ-တို့ဖြင့် သိစေအပ်သော အနက်အဓိပ္ပါယ်ကို ဖော်ပြပါ။

၈။ သိကြားမယား လေးယောက်တို့၏ အမည်တို့ကို ဖော်ပြ၍ အငယ်ဆုံးမယား၏ ဘဝ အတန်တန် ကူးရဟန်ကို အကျဉ်းမျှပြကာ ထိုဇနီးအား တစ်ခုသောဘဝဝယ် သိကြားမင်းသည် မည်သည့်အသွင်ဖြင့် မည်သည့်စကားပြော၍ မည်သည့်ဥစ္စာကို ထောက်ပံ့ခဲ့၏ ပါသနည်း။ [၃]

၉။ လောက၌ "နတ်စောင့်တယ်၊ နတ်ကိုင်တယ်"ဟု လူရောရှင်ပါ နေရာအနှံ့အပြား သုံးနှုန်းနေသောစကားသည် ဓမ္မပဒကျမ်းဂန်အရ လမ်းမှန်ကျ မကျ တိကျမှန်ကန်စွာ ဖော်ပြပါ။ [၄]

၁၀။ အပ္ပမာဒတရား လက်ကိုင်ထားက ရနိုင်သောအကျိုးနှင့် မေ့လျော့ခြင်းကို ကဲ့ရဲ့ခြင်း အကြောင်းကို ဓမ္မပဒလာတိုင်းတို့ကို ကျဉ်းကျဉ်းလိုရင်းမျှ ဖော်ပြပါ။ [၅]

* * * * *

## ၁၃၁၉–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ပုဗ္ဗဏှသမယံ" [၆] ၌ ပုဗ္ဗဏှ-ကို ပဒစ္ဆေဒပြု၍ သန္ဓိရုပ်ကျဉ်းတွက်ပြီးလျှင် ပုဗ္ဗဏှ-ပုဒ်၌ လိင်, ဂိုဏ်း, ကာရန်၊ သမယ-၌ ဝိဘတ်ကို ညွှန်ပြခဲ့ပါ။

၂။ "ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ" [၇] ၌ ပညတ္တေ-ကို နာမ်ရုပ်ကျဉ်းတွက်၍ ၎င်း၌ ဓာတ်ကိုယူလျက် ဝတ္တမာန် ကမ္မရုပ် အာချာတပဒမာလာ ပြခဲ့ပါ။

၃။ "အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ" [၈] ၌ သရဏဂမနေဟိ-ဝယ် ဖြစ်သင့်သော စိတ် စေတသိက်တို့ကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

---

၁။ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၈။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၁။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၇၁-၄-၆။
၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၂-၄။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၇-၈။ ၆-၇၊ ဝိ၊ ၃၊ ၂၄၊ ၈၊ ဝိ၊ ၃၊ ၂၉။

http://www.dhammadownload.com



၄။ "အနုတ္တသံဟိတော သေတုယာတော တထာဂတာန်" [၁] ၌ သေတု-ပုဒ်အရ တရားကိုယ်ကို ဖော်ပြ၍ ၎င်းကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။
၅။ ဤဘုရားသာသနာတော်ဝယ် သရဏဂုံဖြင့် ရှေးဦးစွာ ရှင်သာမဏေပြုရသော ပုဂ္ဂိုလ်၊ ၎င်း၏ဥပဇ္ဈာယ်၊ တိုင်းပြည်၊ ကျောင်းတို့ကို ဖော်ပြပါ။[၂]
၆။ "အနုဇာနာမိ ဘိက္ခဝေ မူလာနိ ဘေသဇ္ဇာနိ" [၃] ၌ ဘေသဇ္ဇသရုပ်ကို ထုတ်ခဲ့ပါ။
၇။ ကျဉ်းမြောင်းရာအရပ်၌ ခွဲစိတ်ကုသမှုကို ပြုသော ရဟန်း၊ နွားမကို စီးသောရဟန်း၊ နွားမ၏ အင်္ဂါဇာတ်ကို ရာဂစိတ်ဖြင့် တို့သောရဟန်းတို့အား သင့်သောအာပတ်များကို ဆုံးဖြတ်ခဲ့ပါ။ [၄]
၈။ သီလဝိပတ္တိ အာစာရဝိပတ္တိ ဒိဋ္ဌိဝိပတ္တိဖြစ်ထိုက်သော တရားများကို အသီးသီး ရေတွက်၍ ပြပြီးလျှင် ဒွေဝါစိကသရဏဂုံကိုသာ ဆောက်တည်ရသော ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြခဲ့ပါ။ [၅]
၉။ မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာ'ဟံ'မုပက ဇိနော- [၆] ဟူသော ဂါထာကို အနက်ယောဇနာခဲ့ပါ။
၁၀။ "ဓမ္မစကြာတရားဟောခြင်းငှာ ကာသိတိုင်းသို့ ငါသွားအံ့၊ အမိုက်အတိဖြစ်သော လောက၌ တရားတည်းဟူသော နိဗ္ဗာန်စည်တော်ကို တီးခတ်အံ့" ဟူသော မြန်မာ ဘာသာကို ပါဠိဘာသာစီကုံးပါ။ [၇]

* * * * *

## ၁၃၁၉--ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "အညတရော ဗြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ" [၈] ၌ ယေန-ရှိ တတိယာဝိဘတ်၏ သက်သင့်သော အနက်တို့ကို ဖော်ပြ၍ အောက်ပါပုဒ်တို့ကို ဖြတ်သင့်သလို ဖြတ်ခဲ့ပါ။ (က) သဘဂ္ဂတော [၉]၊ (ခ) အနဝယော [၁၀]၊ (ဂ) တသ္မေတံ [၁၁]၊ (ဃ) နိရာသော [၁၂]။

---

၁၊ ဝိ၊ ၃၊ ၇၄။ ၂၊ ဝိ၊ ၃၊ ၁၁၅။ ၃၊ ဝိ၊ ၃၊ ၂၉၂။ ၄၊ ဝိ၊ ၃၊ ၃၁၀၊ ၂၈၀။ ၅၊ ဝိ၊ ၃၊ ၂၅၅၊ ၅။ ၆၊ ဝိ၊ ၃၊ ၁၂။ ၇၊ ဝိ၊ ၃၊ ၁၂။ ၈၊ အံ၊ ၁၊ ၅၇၊ ၁၂၅၊ ၁၆၃၊ ၅၅၊ ၇၈၊ ၁၀၆။ ၉၊ အံ၊ ၁၊ ၁၂၅။ ၁၀၊ အံ၊ ၁၊ ၁၆၃။ ၁၁၊ အံ၊ ၁၊ ၅၆။ ၁၂၊ အံ၊ ၁၊ ၁၀၆။

http://www.dhammadownload.com



၂။ "စိတ္တေ ရက္ခိတေ ကာယကမ္မမ္ပိ ရက္ခိတံ ဟောတိ" [၁] ၌ လက္ခဏ, လက္ခဏဝန္တ, လက္ခ, လက္ခဝန္တတို့ကို ခွဲဝေပြီးလျှင် ကာယကမ္မမ္ပိ-ကို နှစ်မျိုးယောဇနာကြရာ နှလုံးသွင်းမည်သို့ ခြားနားပါသနည်း။

၃။ "နတ္ထိ လောကေ ရဟော နာမ၊ ပါပကမ္မံ ပကုဗ္ဗတော" [၂] ၌ ပါပကမ္မံ-အရ တိကျစွာ ကောက်ပြပြီးလျှင် ထိုပါပကမ္မ၏အကျိုးဝိပါက်တို့ကိုလည်း ဘုံအားဖြင့် ဝေဖန်ဖြေဆိုခဲ့ပါ။

၄။ "ဝိဝိစ္စေဝ ကာမေဟိ" [၃] ၌ ပါဝင်သော ကာမ, ကာမနှင့်သမ္ပယုတ်ဖြစ်သော တရားစုကို ဖော်ပြ၍ ဝတ္ထုကာမကို အာရုံပြုနိုင်သောစိတ်တို့ကိုလည်း ကိစ္စသင်္ဂဟအားဖြင့် ခွဲဝေ ပြဆိုခဲ့ပါ။

၅။ ကေကလာ သူတော်ကောင်းတရား ကွယ်ပကြောင်းတို့ကို (၅)ပါးထက်မနည်း ရေး၍ နတ်ပြည်မှ စုတေသော သူတို့သည် လူဘုံ နတ်ဘုံ ငရဲဘုံတို့တွင် အဘယ်ဘုံ၌ အဖြစ်များကြပါသနည်း။ [၄]

၆။ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သိက္ခာကာမာနံ၊ ယဒိဒံ ရာဟုလော" [၅] ဟူသော ပါဠိဝါကျကို အနက်မှန်မှန် သမ္ဗန်၍ ဓမ္မကထိက ဧတဒဂ်ရသော ဘိက္ခု ဘိက္ခုနီ ဥပါသကာတို့ကို ထုတ်ပြခဲ့ပါ။

၇။ ဘိက္ခူ ဘဏ္ဍနဇာတာ ကလဟဇာတာ ဝိဝါဒါပန္နာ အညမညံ မုခသတ္တီဟိ ဝိတုဒန္တာ ဝိဟရန္တိ" [၆] ၌ ဘဏ္ဍနနှင့်ကလဟတို့၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ဖော်ပြပြီး အဘယ်သို့သောစကားကို အဘယ့်ကြောင့် "မုခသတ္တိ"ဟု ခေါ်ဆိုရပါသနည်း။

၈။ သန္နိစယတရား (၂)ပါးနှင့် အသပ္ပုရိသဘူမိမည်သော တရား (၂)ပါးတို့ကို ရေးခဲ့ပါ [၇]

၉။ ဒဿနကာမော သီလဝတံ၊ သဒ္ဓမ္မံ သောတုမိစ္ဆတိ။
ဝိနယေ မစ္ဆေရမလံ၊ သ ဝေ သဒ္ဓေါတိ ဝုစ္စတိ။ [၈]
အထက်ပါဂါထာကို အနက်ပေး၍ ပဏ္ဍိတပညတ္တမည်သော တရားသုံးပါးကိုလည်း ရေးပြခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၂၆၅၊ ၂။ အံ၊ ၁၊ ၁၄၇။ ၃၊ အံ၊ ၁၊ ၅၅။ ၄၊ အံ၊ ၁၊ ၁၇၊ ၃၉။
၅၊ အံ၊ ၁၊ ၂၄၊ ၆-၇။ ၆၊ အံ၊ ၁၊ ၇၁။ ၇၊ အံ၊ ၁၊ ၉၃၊ ၆၃။ ၈၊ အံ၊ ၁၊ ၁၄၉။

http://www.dhammadownload.com



၁၀။ အဘယ်သို့ ပြောဆိုလေ့ရှိသူကို "ပုပ္ဖဘာဏီ မဇုဘာဏီပုဂ္ဂိုလ်"ဟု ခေါ်ဆိုရပါမည်နည်း? ထင်ရှားအောင်ပြဆို၍ ထိုနှစ်ယောက်တို့အနက် အဘယ်ပုဂ္ဂိုလ်ကို အဘယ့်ကြောင့် ပိုမိုနှစ်သက်သင့်ပါသနည်း။ [၀]

* * * * *

## ၁၃၁၉–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ကုသီတံ ဟီနဝီရိယံ" [၂] ၌ ကုသီတံ-ကို သဒ္ဒါရုပ်တွက်ပြီးလျှင် "သေဋ္ဌိဓီတာယ"၌ သေဋ္ဌိ-ပုဒ်၏ လိင်, ဂိုဏ်း, ပကတိကာရန်တို့ကို ညွှန်ပြခဲ့ပါ။

၂။ "သော ကိရ သတ္ထု သန္တိကေ ယာဝ အရဟတ္တာ (တ္တံ) ကမ္မဋ္ဌာနံ ကထာပေတွာ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၇၈)" [၃] ၌ အရဟတ္တာ (တ္တံ)-ဝယ် မည်သည့်သုတ်ဖြင့် မည်သည့်ဝိဘတ် သက်ထားကြောင်းကို ဖေါ်ပြ၍ ဏာပေပစ္စည်း၏ကံကို ဖော်ထုတ်ပြီးလျှင် သတ္ထု-ကို ဓာတ်၊ ပစ္စည်း ဝေဖန်ခဲ့ပါ။

၃။ "ဓမ္မဿ ဟောတိ အနုဓမ္မစာရီ" [၄] ၌ ဓမ္မဿ-ကို တရားကိုယ်အရ ကောက်၍ ယင်းနှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော တရားများကို ရေတွက်ပြခဲ့ပါ။

၄။ "မာ ကာမရတိသန္ထဝံ" [၅] ၌ သန္ထဝံ-ကို တရားကိုယ် အရကောက်၍ ယင်းတရားကို ဝေဒနာ၊ ဟေတု၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ အောက်ပါ ဂါထာကို ကျနစွာ အနက်သမ္ဗန်ခဲ့ပါ-

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတာ နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။ [၆]

၆။ "ဣမေ ဆ သဂ္ဂေ အပဗ္ဗဇန္တေ" [၇] ၌ ဆသရုပ်ကို စုံလင်အောင် ဖော်ထုတ်၍ ဒေဝဒတ်သည် မည်သည့်ကာလအပိုင်းအခြားကြာမှ အဝီစိက လွတ်ပြီးလျှင် မည်သည့်ဗောဓိဆုကို ရ၍ မည်သို့သော နာမည်ရကာ ပရိနိဗ္ဗာန်စံဝင်မည်နည်း။

---

၁၊ အံ၊ ၁၊ ၁၂၆။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇၊ ၁၁၆။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၃၊ ၁၇၈။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၀၁။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၄။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၄။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၆၊ ၉၅။

http://www.dhammadownload.com



၇။ အောက်ပါ ပါဠိကို မြန်မာစကာပြေရေး၍ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်နှင့် သေသောပုဂ္ဂိုလ်တို့၏ သဘာဝထူးခြားပုံကို ပြခဲ့ပါ။

"ပစ္စေကဗုဒ္ဓံ ပန အဉ္ဇောသမာပတ္တိယံ သကင္ခသဟသေဟိ ဒါရုနိ အာဟရိတွာ အာလိမ္ပေန္တာပိ ဥသ္မာကာရမတ္တမ္ပိ ဂဟေတုံ န သက္ကောန္တိ" ၁

၈။ မြတ်စွာဘုရားသည် (၄၅)ဝါအတွင်း သာဝတ္ထိမြို့၌ အဘယ်မျှ ဝါဆိုကြောင်းကို ဖော်ပြ၍ မာယာ သာဋ္ဌေယျများသူအား ဘုရားမနှစ်သက်သည်ကို ဓမ္မပဒကျမ်းလာ မည်သည့်ဝတ္ထုကို ထောက်၍ သိရမည်နည်း။ ၂

၉။ ဗာလနက္ခတ္တသဘင် ဆင်ယင်ကျင်းပသောအခါ လူမိုက်တို့သည် မည်သည့်ဝတ္ထု များဖြင့် ကိုယ်ကို လိမ်းကျံကြောင်းကို ဖော်ပြ၍ ထိုဝတ္ထုကို ဟောချိန်ဝယ် သာဝတ္ထိမြို့၌ အရိယာပုဂ္ဂိုလ်ပေါင်း မည်မျှရှိပါသနည်း။ ၃

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ ၄

(က) ငါသည် ခေါင်းရင်း၌သာ နေအံ့။

(ခ) ထိုအခါ သူဌေးကြီးသည် ပက်လက်အိပ်၏။

(ဂ) စာရေးစာချီသည်ကား ထိုသူဌေး၏ခြေတို့ကို ဆုပ်နယ်၏။

(ဃ) သိကြားမင်းသည် သမုဒ္ဒရာ၏အောက်၌ နဂါးတို့အား အစောင့်အရှောက် ခန့်ထား၏။

* * * * *

## ၁၃၂၀-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အပိဿု မံ ဖြပ္ပေဝ ကလ္လာမာ အနစ္ဆရိယာ ဂါထာယော" ၁ ၌ အနစ္ဆရိယာ-ကို သန္ဓိ ပဒစ္ဆေဒ ပြု၍ ဖြပ္ပ-သဒ္ဒါကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "အန္တရာ စ ဂယံ အန္တရာ စ ဗောဓိ အဒ္ဓါနမဂ္ဂပဋိပန္နံ" ၆ ၌ ဂယံ, ဗောဓိ-တို့ဝယ် မည်သည့်အတွက်ကြောင့် မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့် မည်သည့်ဝိဘတ်သက် ထားကြောင်း ညွှန်ပြ၍ "နေဝဏ္ဏဂါ ဥတ္တရိ မနုဿဓမ္မာ-"၌ အဏ္ဏဂါ-ကို အာချာတ်ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၃။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၂။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၃။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၈၊ ၁၇၇။ ၅၊ ဝိ၊ ၃၊ ၇။ ၆၊ ဝိ၊ ၃၊ ၁၁-၃။

http://www.dhammadownload.com



၃။ "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ" [၁] ဟူသော ပဌမ, ဒုတိယဂါထာတို့၌ ဓမ္မအရ ထူးခြားပုံကို သိသာရုံ ဖော်ပြ၍ "ဣမံ ဥဒါနံ ဥဒါနေသိ"၌ ဖြစ်သင့်သော စိတ် စေတသိက်များကို ကောက်ပြခဲ့ပါ။

၄။ "ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေသိ"[၂]၌ ဗုဒ္ဓစက္ခု-အရ ကောက်ပြ၍ "အနတ္ထ-သံဟိတေ သေတုယာတော တဿာဂတာနံ" ၌ သေတု-အရ ကောက်ပြလျက် ဝေဒနာဒိ ဆက္က သွင်းပြခဲ့ပါ။

၅။ ရှင်သာမဏေများအား လိင် (၁၀)ပါး ပညတ်တော်မူရခြင်း၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြ၍ ထိုလိင် (၁၀)ပါးတို့တွင် အဖြဟွစရိယဟု ပါပြီးဖြစ်ပါလျက် ဘိက္ခုနီဒူသကကို ထပ်၍ ပညတ်တော်မူရခြင်းအကြောင်းကို ရှင်းလင်းခဲ့ပါ။ [၃]

၆။ ယာဂုအကျိုး (၁၀)ပါးကို ရေး၍ မဆင်မခြင် မေ့မေ့လျော့လျော့ အိပ်သူ၏ အပြစ် (၅)ပါးကို ရေးခဲ့ပါ။[၄]

၇။ ဖျော်ရည် (၈)မျိုးသရုပ်ကို ထုတ်၍ ဆား ဆီ ချင်း ကြက်သွန် ရောစပ်ထားသော ညဥ့်ချင်းသုပ်ကို ဝိကာလအခါ ဘုဉ်းပေးသော ရဟန်းသာမဏေအား အပြစ်ရှိ/မရှိ ဝေဖန်ခဲ့ပါ။ [၅]

၈။ "စတုတ္ထာဟံ စီဝရံ ပါရုပိ" [၆] အရ ဘုရားရှင်၏ ဥတုအခါကာလအားလျော်စွာ အသုံးပြုသော သင်္ကန်းလေးထည်ကို ဖော်ပြ၍ "အဂ္ဂဠံ၊ တုန္နံ၊ ဩဝဋိကံ၊ ကုဏ္ဍုသကံ၊ ဒဠှီကမ္မံ" ၌ အဂ္ဂဠနှင့်ဒဠှီကမ္မ အထူးကို ရေးခဲ့ပါ။

၉။ တိံသ ပါဝေယျကာ ဘိက္ခူ။ သာကေတုက္ကဏ္ဌိတာ ဝသံ။

ဝဿံဝုဋ္ဌောကပုဏ္ဏောဟိ၊ အဂမုံ ဇိနဒဿနံ- [၇] ဟူသော ဂါထာကို ယောဇနာခဲ့ပါ။

၁၀။ "ချစ်သားဒီယာဝု၊ ရန်ကို မရှုပါနှင့်၊ တိုသောမိတ်ကို မရှုပါနှင့်၊ ရန်တုံ့မူသဖြင့် ရန်များ မငြိမ်းချမ်းနိုင်ကုန်၊ ရန်တုံ့မမူမှသာ ရန်များငြိမ်းချမ်းနိုင်ကြပါသည်" ဟူသော မြန်မာစကားပြေကို စုဏ္ဏိယပါဠိဝါကျ စီကုံးခဲ့ပါ။ [၈]

* * * * *

---

၁၊ ဝိ၊ ၃၊ ၂။ ၂ ဝိ၊ ၃၊ ၉၊ ၇၄။ ၃၊ ဝိ၊ ၃၊ ၁၁၉။ [ဝိ၊ ဋ္ဌ၊ ၃၊ ၂၉၇] ၄၊ ဝိ၊ ၃၊ ၃၁၅၊ ၄၀၉။
၅၊ ဝိ၊ ၃၊ ၃၄၄-၉။ ၆၊ ဝိ၊ ၃၊ ၄၀၃-၄။ ၇၊ ဝိ၊ ၃၊ ၃၇၄။ ၈၊ ဝိ၊ ၃၊ ၄၉၀။

http://www.dhammadownload.com



## ၁၃၂၀–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ယံ ဣတ္ထိ အရဟံ အဿ သမ္မာသမ္ဗုဒ္ဓေါ" [၁] ၌ ဣတ္ထိ-ကို သန္ဓိရုပ်ကျဉ်း တွက်ပြီး၊ အရဟံ-ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ" [၂] ၌ အည၏ အပါဒါန်ကို ဖေါ်ပြ၍ သမနုပဿာမိ-ဝယ် ဓာတ်သက်သက်ကို (တိ+အန္တ) နှစ်လုံးဖြင့်သာ ကတ္တုရုပ် အာချာတ ပဒမာလာ စဉ်ခဲ့ပါ။

၃။ "ယံ ပုထုဇ္ဇနော ပိတရံ ဇီဝိတာ ဝေါရောပေယျ" [၃] ၌ ဝေါရောပေယျ-အရ တရား ကိုယ်ကောက်ပြ၍ ၎င်းတရားနှင့်သမ္ပယုတ်ဖြစ်သော တရားများကိုလည်း ဖော်ပြခဲ့ပါ။

၄။ "အာယသ္မာ သာရိပုတ္တော (လ) ဒေသေတိ ဗဟိဒ္ဓါသံယောဇနဥ္စ၊ ဟဉ္စာ ဘန္တေ ပရိသာ" [၄] ၌ ဟဉ္စာ-အရ တရားကိုယ်ကောက်ပြ၍ ယင်းတရားကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ ဗုဒ္ဓုပဋ္ဌာက၊ သံဃုပဋ္ဌာက၊ ဂိလာနုပဋ္ဌာက ဧတဒဂ်ရပုဂ္ဂိုလ်တို့၏ အမည်များကို စုံလင်အောင် ရေးခဲ့ပါ။ [၅]

၆။ ဤမြတ်စွာဘုရားသာသနာတော်၌ လှူဖွယ်ဝတ္ထုကို ပေးလှူသောပုဂ္ဂိုလ်နှင့် ခံယူသော ပုဂ္ဂိုလ်တို့တွင် မည်သည့်ပုဂ္ဂိုလ်က အတိုင်းအရှည်ကို သိရမည်ဟု နိပါတ်ဝင် အထောက်အထားတို့ဖြင့် ပြခဲ့ပါ။ [၆]

၇။ "မြင်းမိုရ်တောင်ဦး၊ မကကြူး၊ ကျေးဇူးကြီးလှ မိနှင့်ဖ" [၇] ဟု ဆိုရာ၌ သားသမီး တို့က မိဘတို့အား ကျေးဇူးဆပ်၍ ကျေနိုင်ပုံကို ပါဠိတော်လာအတိုင်း ရေးခဲ့ပါ။

၈။ စေတီထိုက်သောသောပုဂ္ဂိုလ် (၂)ဦးကို ရေတွက်၍ ကိန္နရာတို့သည် အဘယ်အကျိုး များကိုမြင်၍ လူတို့၏ဘာသာစကားကို မပြောဆိုကြပါသနည်း။ [၈]

၉။ အောက်ပါ ဂါထာကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ-

ဝိညာဏဿ နိရောဓေန၊ တဏှက္ခယဝိမုတ္တိနော။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော ဟောတိ စေတသော။ [၉]

---

၁၊ အံ၊ ၁၊ ၃၀။ ၂၊ အံ၊ ၁၊ ၁-၂။ ၃၊ အံ၊ ၁၊ ၂၉။ ၄၊ အံ၊ ၁၊ ၆၅။ ၅၊ အံ၊ ၁၊ ၂၅-၇-၈။
၆၊ အံ၊ ၁၊ ၃၆။ ၇၊ အံ၊ ၁၊ ၆၇။ ၈၊ အံ၊ ၁၊ ၇၆-၇။ ၉၊ အံ၊ ၁၊၂၃၈။

http://www.dhammadownload.com



၁၀။ "ရဟန်းတို့ များသော နှစ်သက်ဖွယ်ရာ ရတနာရှိသော ဤမြေကြီး၌ မိဘတို့ကို အစိုးရသူ၏အဖြစ်တည်းဟူသော မင်းအဖြစ်၌ တည်စေငြားအံ့။ ရဟန်းတို့ ထိုသားသမီးတို့သည် မိဘတို့အား ကျေးဇူးတုံ့ပြန်သည်မမည်"- [၁] ၎င်းစကားရပ်ကို ပါဠိ စီကုံးခဲ့ပါ။

* * * * *

## ၁၃၂၀-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ကနိဋ္ဌဘာတာ မေ အတ္ထိ ဘန္တေ" [၂] ၌ ကနိဋ္ဌ-ပုဒ်ကို ကာရိနှစ်မျိုးထား၍ ရုပ်ကျဉ်းတွက်ပြီးလျှင် ဘာတာ-ပုဒ်ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "ကနိဋ္ဌဘာတာ မေ အတ္ထိ ဘန္တေ" [၃] ၌ အတ္ထိ-ပုဒ်သည် ပုဒ်ကြီး(၄)ပုဒ်တွင် မည်သည့်ပုဒ်များဖြစ်နိုင်၍ အာချာတ်ပုဒ်ဖြစ်ခဲ့သော် ဓာတု, ပစ္စယ, ဝိဘတ္တိတို့ကို ဝေဖန်ခဲ့ပါ။

၃။ "မနသာ စေ ပဒုဋ္ဌေန" [၄] ၌ မနသာ-အရ ပရမတ္ထ ပဓာနဓမ္မနှင့် ထို၏ သမ္ပယုတ္တဓမ္မ၊ ဝိပ္ပယုတ္တဓမ္မတို့ကို ကောက်ပြခဲ့ပါ။

၄။ "ပါပကာရီ ဥဘယတ္ထ သောစတိ" [၅] ၌ ပါပအရ ဖြစ်သင့်သော နိဿယဓမ္မကိုသာ ကောက်၍ ၎င်းကို ဇာတိဘေဒ၊ ဘူမိဘေဒအားဖြင့် ဝေဖန်ပိုင်းခြားပြပါ။

၅။ အောက်ပါ မြန်မာဘာသာကို ပါဠိစီကုံးခဲ့ပါ -

"သိကြားမင်းသည် မမေ့လျော့ခြင်းကြောင့် နတ်တကာတို့ထက် မြတ်သည်၏အဖြစ်သို့ ရောက်၏။ ဘုရားစသော ပညာရှိတို့သည် မမေ့မလျော့ခြင်းကို ချီးမွမ်းကြ၏၊ မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်၏" [၆]

၆။ "ယဋ္ဌေသိ ယဋ္ဌေသိ၊ ကိံ ကာရဏာ ယဋ္ဌေသိ၊ အဟမ္ပိ တံ ဇာနာမိ" [၇] ဟူသော မန္တန်ကို အနက်မှန်မှန် ပြန်ဆိုပြီးလျှင်၊ (က) မည်သူက (ခ) မည်သူ့အား၊ (ဂ) မည်သည့်အတွက် (ဃ) မည်သည့်အကျိုးကို မျှော်ကိုးပြီး သင်ပြပေးပါသနည်း။

၇။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ အဓိကလုပ်ငန်းကြီးနှစ်ရပ်ကို ရေး၍ ထိုလုပ်ငန်းကို မလုပ်သောရှင်ရဟန်းများကို သာသနာ့အရေးခြုံ ခေါ်နိုင်/မခေါ်နိုင် ဆုံးဖြတ်ပြီးလျှင် ရှင်ဒေဝဒတ်၏ အတိတ်ဘဝက သာသနာ့အရေးခြုံလုပ်ငန်းတစ်ရပ်ကို ဖော်ပြပါ။ [၈]

---

၁၊ အံ၊ ၁၊ ၆၃၊ ၂-၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၊ ၁၄။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၂။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၈။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၀၊ ၁၅၉။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၊ ၅၁

http://www.dhammadownload.com



၈။ ရှင်မဟာမောဂ္ဂလ္လာန် ရဟန်းကိစ္စပြီးဆုံးသော ကမ္မဋ္ဌာန်းကို ဖော်ပြ၍ ရှင်သာရိပုတ္တရာသည် ပညာအရာ၌ ပြိုင်ဘက်ကင်းသူ ဖြစ်ပါလျက် အဘယ့်ကြောင့် ရှင်မောဂ္ဂလ္လာန်နောက်မှ တရားထူးရပါသနည်း? ဥပမာသွင်၍ ရှင်းပြခဲ့ပါ။ [၁]

၉။ ရှင်ပစ္စေကဗုဒ္ဓါတို့၏ လက်သုံးဆုပေး (၂)ပုဒ်ကိုရေး၍၊ "ဥဋ္ဌာနဝတော သတီမတော" စသော ဒေသနာဂါထာကို အဘယ်အရပ်၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူခဲ့ပါသနည်း။ [၂]

၁၀။ ဤကျမ်းကို ဓမ္မပဒ ခေါ်ဆိုရခြင်းအကြောင်းနှင့် ကျမ်း၏အစ ပဌမဝဂ်ကို ယမကဝဂ် ခေါ်ဆိုရခြင်းအကြောင်းများကို ရေးပြီးလျှင် သိကြားဟောင်း မဃ၏ အကျင့်တရား (၇)ပါးသရုပ်ကို ထုတ်ပြခဲ့ပါ။ [၃]

* * * * *

## ၁၃၂၁–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အာဂတော ခေါ မဟာသမဏော၊ မာဂဓာနံ ဂိရိဗ္ဗဇံ"၊ "ဓမ္မေ နယမာနာနံ၊ ကာ ဥသုယာ ဝိဇာနတံ" [၄] တို့၌ ဂိရိဗ္ဗဇံ-ကို သန္ဓိရုပ်ကျဉ်း တွက်ပြီးလျှင်၊ နယမာနာနံ-၌ အဘယ်သုတ်ဖြင့် အဘယ်အနက်၌ အဘယ်ဝိဘတ်သက်ထားသည်ကိုလည်း (၂)နည်းမျှ ဖြေဆိုပါ။

၂။ "ဇာနာတိ မံ သုဂတော'တိ ဒုက္ခိ ဒုမ္မနော တတ္ထေဝန္တရဓာယိ" [၅] ၌ ဒုက္ခိ-ကိုနာမပဒမာလာ၊ အန္တရဓာယိ-၌ ဓာတ်မျှကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "အန္တလိက္ခစရော ပါသော၊ ယွာယံ စရတိ မာနသော"[၆] ၌ အန္တလိက္ခစရ-အရ ပရမတ္ထဓမ္မ တိကျစွာ ကောက်ယူ၍ ၎င်းနှင့်ယှဉ်သော စိတ် စေတသိက်များကိုလည်း ရေးခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၁။ ၂ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၇၊ ၁၄၇။

၃၊ [အလုံးစုံသော ကုသိုလ်ဓမ္မတို့၏ မဂ်လာဖြစ်၍ လောကီလောကုတ္တရာအကျိုးထူးကို ဆောင်ပေးတတ်သော ပရမဂမ္ဘီရတ္ထရှိသော (ဓမ္မပဒ၊ သျှ၊ ၁,၅)၊ ယံ ဓမ္မပဒံ။ အကြင်သဘာဝတ္ထအဖို့ရှိသော ဒေသနာတော်ကို (သျှ၊ ၁၊ ၆)၊ ပဌမသံဂါယနာခန်းအဖွင့်တို့၌ကား ဇာတကခေါ် ဆိုရခြင်းအစိပ္ပါယ်စသည်ကို ဖွင့်ပါလျက် ဤကျမ်းကို ဓမ္မပဒခေါ်ဆိုရခြင်း အစိပ္ပါယ်ကို မဖွင့်ကြ၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၁၂၊ ၄၁၇၊ ဒီ၊ ဋီ၊ ၂ ၁၁၅၊ အံ၊ ဋ္ဌ၊ ၂ ၂၈၈ စသည်ကာ ဤကျမ်း၏ အမည်ကို ဖွင့်ကြသည်မဟုတ်၊ ယမကဝဂ်ခေါ်ရပုံကို ဋ္ဌ၊ ခြေ၊ ၆၄ ရှု။] ၁၆၉။ ၄၊ ဝိ၊ ၃၊ ၅၅။ ၅-၆၊ ဝိ၊ ၃၊ ၂၈။

http://www.dhammadownload.com



၄။ "မယှံ့ ခေါ ဘိက္ခဝေ ယောနိသော မနသိကာရော - - - - အနုတ္တရာ ဝိမုတ္တိ အနုပ္ပတ္တာ" [၁] ၌ အဘယ်တရားသည် ဝိမုတ္တိမည်သည်၊ ၎င်းဝိမုတ္တိ၏ အာရမ္မဏိက ဖြစ်သည်ကို ညွှန်ပြပါ။

၅။ "ဥပဇ္ဈာယော အာပတ္တိသာမန္တာ ဘဏာမာနေော နိဝါရေတဗ္ဗော" [၂] ၌ အပ်သော တား မြစ်ပုံ၊ မအပ်သော တားမြစ်ပုံကို ရေးပြီးလျှင်၊ ပရိဝါသ်မဆောက်တည်ဘဲ ရဟန်းပြုခွင့် ရသော အညတိတ္ထိယပုဂ္ဂိုလ်တို့ကို အကြောင်းသွင်း၍ ရေးပြခဲ့ပါ။

၆။ ဝါဆိုဝါကပ်ရခြင်းအကြောင်းကို အကျဉ်းချုပ် ထုတ်ပြပြီးလျှင် ဝါကပ်ရန် မသင့် သောနေရာများကိုလည်း ဒေသနာအလိုကျ ဖော်ပြပါ။[၃]

၇။ ရဟန်းတော်တို့အား ခွင့်ပြုတော်မူအပ်သော ဆီကြည်သရုပ်ကို ထုတ်ပြပြီးလျှင် ယင်းဆီကြည်ကို သုံးဆောင်ရာ၌ သင့်ရောက်နိုင်သော အာပတ်တို့ကိုလည်း အချိန်အလိုက် အသီးသီး ဖော်ပြခဲ့ပါ။ [၄]

၈။ အို. . . ငါ့ရှင်သာမဏေတို့၊ ယခု သင်တို့ဝတ်ရုံထားသော သင်္ကန်းများကို ဓားခွဲ ဓားပြတ် ပြုလုပ် ချုပ်စပ်ရခြင်း၏အကြောင်းနှင့် စတင်ချုပ်သောပုဂ္ဂိုလ်ကို ရေးပြီးလျှင် ဝိသ်ာသဂ္ဂါဟ အင်္ဂါစုကိုလည်း စုံအောင် ပြခဲ့ပါ။ [၅]

၉။ အောက်ပါ ဂါထာကို အနက်ပေးပါ -

မဟာရဂ်မဟာနာမာ၊ ဝဒ္ဓိကာ စ ပဋ္ဋိက္ခိပိ။
ခလ္လကာ ပုဋပါလိ စ၊ တူလတိတ္ထိရမေဏ္ဍာဇာ။ [၆]

၁၀။ "အချင်းတို့၊ ဤသူကား ဒီဃီတိကောသလမင်း၏သား ဒီဃာဝုမင်းသားပင်တည်း။ ဤဒီဃာဝုမင်းသားကိုလည်း ပြုလုပ်ခွင့် မရ။ ဤဒီဃာဝုမင်းသားသည်လည်း ငါ့အား အသက်ကို ပေးအပ်ပြီ။ ငါသည်လည်း ဤဒီဃာဝုမင်းသားအား အသက်ကို ပေးအပ်ပြီ" ဟူသော မြန်မာဝါကျကို ပါဠိပြန်ဆိုပါ။ [၇]

* * * * *

---

၁၊ ဝိ၊ ၃၊ ၂၉။ ၂၊ ဝိ၊ ၃၊ ၅၈၊ ၁၀၁။ ၃၊ ဝိ၊ ၃၊ ၁၉၂ ၂၁၂။ ၄၊ ဝိ၊ ၃၊ ၂၉၁-၂။
၅၊ ဝိ၊ ၃၊ ၄၀၀၊ ၄၁၀။ ၆၊ ဝိ၊ ၃၊ ၂၈၈။ ၇၊ ဝိ၊ ၃၊ ၄၉၄။

http://www.dhammadownload.com



## ၁၃၂၁-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "မာ အာကာရပရိဝိတက္ကေန၊ မာ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ" [၁] ၌ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ-ကို ဖြစ်သင့်သမျှ သန္ဓိရုပ်တွက်ခဲ့ပါ။

၂။ "နာဟံ ကွစနိ ကဿစိ ကိဉ္စနတသ္မိံ၊ န စ မမ ကွစနိ ကတ္ထစိ ကိဉ္စနတတ္ထိ" [၂]၌ ကတ္ထစိ-၏ဝိဘတ်နက်ကို ဖေါ်ထုတ်၍ ကဿစိ-ကို ကေဝုစ်ဝိဘတ်များဖြင့် နာမပဒမာလာ စဉ်ခဲ့ပါ။

၃။ "စိတ္တံ ဘိက္ခဝေ ဘာဝိတံ ဗဟုလီကတံ မုဒု စ ဟောတိ ကမ္မညဉ္စ ဟောတိ" [၃] ၌ တကယ်နည်း၍ လိုသလို ပြုလွယ်သော စိတ်ကို ယှဉ်ရာစေတသိက်နှင့်တကွ ဖော်ပြပါ။

၄။ အပါယ်တစ်လမ်းသွား မိန်းမများ၌ ဖြစ်လေ့ရှိသော တရားသုံးပါးကို ဖေါ်ပြ၍ နံနက် အခါဖြစ်သော တရားနှင့် ယှဉ်သော စိတ်ကို ပကိဏ်း (၆)ပိုင်းတွင်း သွင်းပြပါ။ [၄]

၅။ "ဟန္ဒ ကုတော နု တွံ ဝိသာခေ အာဂစ္ဆသိ ဒိဝါ ဒိဝဿ" [၅] ၌ ဒိဝါ ဒိဝဿ-အရ ဖြစ်သောအချိန်ကို ဖေါ်ပြ၍ "ကောင်းသောနံနက်ခင်းပါ ခင်ဗျား. . "ဟု ဆိုရာ၌ တကယ် ကောင်းသော နံနက်ခင်းဖြစ်အောင် လုပ်နည်းကို ပါဠိတော်လာတိုင်း ရေးခဲ့ပါ။

၆။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့တွင် ဥပေါသထသီလဖြစ်နိုင်သော သီလစုကို ညွှန်ပြ၍ ဂေါပါလကုပေါသထ မဖြစ်ရုံမျှ နည်းပေးလမ်းပြ ပြုလုပ်ပြပါ။ [၆]

၇။ အုပ်ချုပ်သူအား ဆန့်ကျင်ရုံမျှဖြင့် "သူပုန်"ဟု ဆိုနိုင်ပါမည်လော၊ "သူပုန်"ဟု ခေါ်ဆို နိုင်လောက်အောင် ပြည့်စုံရမည့်အင်္ဂါများနှင့်သူပုန်တို့၏ အဖျက်လမ်းစဉ်ကို ဖော်ပြပါ။ [၇]

၈။ သဒ္ဓါတရားနှင့်ပြည့်စုံသူကို "သဒ္ဓေါ"ဟု ဆိုရာတွင် သဒ္ဓါတရား၏ ကြည်လင်ပုံ လက္ခဏာများကို ထုတ်ပြခဲ့ပါ။ [၈]

၉။ အောက်ပါ ဂါထာကို အနက်မှန်မှန် ထုတ်ပြခဲ့ပါ-

"စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ၊
ယော ဝိတက္ကံ ဝိတက္ကေတိ၊ ပါပကံ ဂေဟနိဿိတံ။ [၉]

---

၁၊ အံ၊ ၁၊ ၁၉၀။ ၂၊ အံ၊ ၁၊ ၂၀၇။ ၃၊ အံ၊ ၁၊ ၉။ ၄၊ အံ၊ ၁၊ ၂၈၉။ ၅၊ အံ၊ ၁၊ ၂၀၆၊ ၂၉၈။
၆၊ အံ၊ ၁၊ ၂၁၁၊ ၂၀၆။ ၇၊ အံ၊ ၁၊ ၁၅၂။ ၈၊ အံ၊ ၁၊ ၁၄၉။ ၉၊ အံ၊ ၁၊ ၃၂၁။

http://www.dhammadownload.com



၁၀။ "မြတ်စွာဘုရားသည် ဖျားနာရာမှ ထကာစ ရှိသေးသည်၊ ဖျားနာရာမှ ထသည်မှာ မကြာမြင့်သေး။ ဤမဟာနာမ်ဆိုသူလည်း အလွန်နက်နဲသော ပုစ္ဆာကို မြတ်စွာဘုရားကို မေးလျှောက်ဘိ၏။ မဟာနာမ်ကို တော်ရာခေါ်၍ တရားဟောရမူကား ကောင်းလေစွ" ဤမြန်မာစကားပြေကို ပါဠိစီကုံးပါ။ [၈]

* * * * *

## ၁၃၂၁–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "သာ တုဏှီ အဟောသိ" [၁] ၌ တုဏှီ-ပုဒ်သည် ပုဒ်ကြီးလေးပုဒ်တွင် မည်သည့်ပုဒ် ဖြစ်နိုင်သည်ကို ဖော်ပြ၍ စတုတ္ထီဝိဘတ်တိုင်ရုံ နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "ဥပ္ပဋ္ဋိတ္ဝာ နိရုဇ္ဈန္တိ" [၂] ၌ နိရုဇ္ဈန္တိ-ကို အာချာတ်ရုပ်ကျဉ်းတွက်ပြီးလျှင် "ဝဏ္ဏေတွာ"၌ ဓာတ်ကို ယူ၍ ကတ္တုရုပ် ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "အနိက္ကသာဝေါ ကာသာဝံ" [၃] စသော ဂါထာဝယ် အနိက္ကသာဝေါ-၌ ကသာဝ-အရ တရားများကို ထုတ်ပြ၍ ၎င်းတရားတို့၏အာရုံကိုလည်း သင်္ဂဟလာတိုင်း စုံလင်အောင် ဖော်ပြခဲ့ပါ။

၄။ "အစမ္မော နိရယံ နေတိ" [၄] ၌ အဓမ္မ-အရ စိတ် စေတသိက်တို့ကို ဖော်ပြ၍ စိတ် အရကို ဝေဒနာဒိဆက္က သွင်းပြခဲ့ပါ။

၅။ အောက်ပါ မြန်မာဘာသာကို ပါဠိစီကုံးပါ။

"ပုဏ္ဏားသည်လည်း ထိုမဋ္ဌကုဏ္ဍလီ သတို့သားအား ဖုတ်ကြည်းသင်္ဂြိုဟ်၍ သင်္ချိုင်း၌ ငိုခြင်းသာ လဲလျောင်းရာရှိသည်ဖြစ်လေပြီ၊ နေ့တိုင်း သင်္ချိုင်းသို့ ငိုကြွေး၏" [၆]

၆။ အောက်ပါ ဂါထာကို အနက်ပေးခဲ့ပါ။

"အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။" [၇]

---

၁၊ အံ၊ ၁၊ ၂၂၀။ ၂ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၄။ ၃၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၄၅၊ ၇၃။ ၄၊ ဓမ္မပဒ၊ ဠ၊ ၁။ ၅၂။
၅၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၄။ ၆၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၈။ ၇၊ ဓမ္မပဒ၊ ဠ၊ ၁၆၂။

http://www.dhammadownload.com



၇။ မဋ္ဌကုဏ္ဍလီသတို့သားသည် အဘယ်ကောင်းမှုကံကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရသည်ကို ဖော်ပြ၍ ၎င်းသတို့သား၏အဖနာမည်ကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။ [1]

၈။ ရန်ငြိမ်းအေးကြောင်း တရားများကို ဖော်ပြ၍ "န ဟိ ဝေရေန ဝေရာနိ" [2] စသော ဂါထာ၏အဆုံး၌ ဘီလူးမသည် မည်သည့်တရားထူး၌ တည်ပါသနည်း။

၉။ ဥတေနမင်း၏ မိဖုရားသုံးယောက် အမည်များကို ဖော်ပြ၍ အကြီးဆုံး မိဖုရားသည် အဘယ်မကောင်းမှုကံကြောင့် မီးလောင်တိုက် အသွင်းခံရပါသနည်း။ [3]

၁၀။ အရှင်စူဠပန်ရသော တရားထူးကို ဖော်ပြ၍၊ တရားထူးရပုံကိုလည်း ဓမ္မပဒလာတိုင်း အကျဉ်းချုပ် ရေးခဲ့ပါ။ [4]

* * * * *

## ၁၃၂၂-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အဋ္ဌတင်္ဂေ ပါဏုပေတံ သရဏံ ဂတံ" [5] ၌ အဋ္ဌတင်္ဂေ-ကို စွမ်းနိုင်သမျှ ပဒစ္ဆေဒပြု၍ ၎င်းပုဒ်ကို အဘယ်သုတ်ဖြင့် အဘယ်အနက်၌ အဘယ်ဝိဘတ် သက်ထားသည်ကိုလည်း ဖော်ပြခဲ့ပါ။

၂။ "မုတ္တာဟံ သဗ္ဗပါသေဟိ" [6] ၌ မုတ္တာသဒ္ဒါ-ကို နာမပဒမာလာ, ၎င်း၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ် အတ္တနောပုဒ် ပဌမပုရိသ်ဖြင့် စုံလင်စွာ အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "ဓမ္မစက္ကုံ ဥဒပါဒိ" [7] ၌ ဓမ္မစက္ခုံ-အရကို တိကျစွာကောက်ပြီးလျှင် ၎င်းအရကို ဝေဒနာဒိဆက္က-၌ အသီးသီး သွင်းပြပါ။

၄။ "တေသံ ဟေတုံ တထာဂတော အာဟ" [8] ၌ ဟေတုံ-အရ ပရမတ္ထဓမ္မ-ကို မှန်ကန်စွာ ကောက်ပြီးလျှင် ၎င်းနှင့်ယှဉ်သော စိတ် စေတသိက်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ "ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ" [9] ၌ ပဉ္စဝဂ္ဂီငါးဦးတို့၏ တရားထူးရပုံကို ရက် အားဖြင့် အသီးသီး ပိုင်းခြားပြပြီး "တေန ခေါ ပန သမယေန သတ္တ လောကေ အရဟန္တော ဟောန္တိ"၌ သတ္တအရနှင့် "တယော ဇဋိလာ ပဋိဝသန္တိ"၌ တယောအရကိုလည်း ရေတွက်ပြခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၃၊ ၁၆၊ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၃။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၃၇၊ ၁၄၃။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၇။
၅၊ ဝိ၊ ၃၊ ၂၃။ ၆၊ ဝိ၊ ၃၊ ၂၈။ ၇၊ ဝိ၊ ၃၊ ၃၁၊ ၄၇။ ၈၊ ဝိ၊ ၃၊ ၅၁။ ၉၊ ဝိ၊ ၃၊ ၁၈၊ ၂၄၊ ၃၁။

http://www.dhammadownload.com



၆။ "အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ"[1] ၌ ပဉ္စဟင်္ဂေဟိ-သရုပ်ကို ထုတ်ပြပြီး ဒဏ္ဍကမ္မ-၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

၇။ "အနုဇာနာမိ ဘိက္ခဝေ သတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုံ"[၂] ၌ အန္တရာယသရုပ်ကို ထုတ်ပြပြီး ဘယ်ပုံဘယ်နည်း အန္တရာယ်ဖြစ်သည်ကိုလည်း ဖော်ပြခဲ့ပါ။

၈။ "အနုဇာနာမိ ဘိက္ခဝေ အာစရိယံ (ဂဟေတုံ)"[၃] ၌ အာစရိယဂဟဏ-ကို စုံလင်အောင် ဖော်ပြပြီး "ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော သဒ္ဓိဝိဟာရိကော ပဏာမေတဗ္ဗော" ၌ ပဉ္စဟိ-အရကိုလည်း စုံလင်အောင် ရေးခဲ့ပါ။

၉။ ယော သညတာနံ ပရဒတ္တဘောဇိနံ၊
ကာလေန သက္ကစ္စ ဒဒါတိ ယာဂုံ။
ဒသဿ ဌာနာနိ အနုပ္ပဝေစ္ဆတိ၊
အာယုဉ္စ ဝဏ္ဏဉ္စ သုခံ ဗလဉ္စ -[၄] ဟူသော ဂါထာကို အနက်ပေးခဲ့ပါ။

၁၀။ "ထိုအခါ တန်ဆောင်မုန်းလအခါ၌ ဖြစ်သော သည်းခြေနာသည် တွေ့ထိအပ်ကုန်သော ရဟန်းတို့အား သောက်အပ်သော ယာဂုသည်လည်း အန်ထွက်၏။ စားအပ်သော ဆွမ်းသည်လည်း အန်ထွက်၏။ ထိုသို့ အန်ထွက်သဖြင့် ထိုရဟန်းတို့သည် ကြုံလှီကုန်သည်။ ခေါင်းပါးကုန်သည်။ အဆင်းမလှကုန်သည်။ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်း ရှိကုန် အကြောပြိုင်းပြိုင်းထသောကိုယ် ရှိကုန်သည် ဖြစ်ကုန်၏"[၅] ၎င်းကို ပါဠိစီကုံးခဲ့ပါ။

* * * * *

## ၁၃၂၂-ခုနှစ်၊ အဂ္ဂိုတ္တိုရ်ပါဠိတော်

၁။ "တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ တံ အဿုတဝါ ပုထုဇ္ဇနော ယထာဘူတံ နပ္ပဇာနာတိ"[၆] ဝယ် ဥပက္ကိလိဋ္ဌ-ပုဒ်၌ ဝိဘတ်အနက်သက်သုတ်ကို ညွှန်ပြ၍ ပုထုဇ္ဇနော-ကို သန္ဓိရှပ်တွက်ခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၁၁၇။ ၂၊ ဝိ၊ ၃၊ ၁၅၂။ ၃၊ ဝိ၊ ၃၊ ၇၆၊ ၆၉။ ၄၊ ဝိ၊ ၃၊ ၃၁၅။
၅၊ ဝိ၊ ၃၊ ၂၉၀။ ၆၊ အံ၊ ၁၊ ၉။

http://www.dhammadownload.com



၂။ (၁)နံပါတ်ပုစ္ဆာဝယ် "တံ အသုတဝါ" [၁] ၌ တံ-ဟူသောပုဒ်ကို ပုဒ်တွင်ထင်သော လိင်အတိုင်း ပ-ဒု ဝိဘတ်နှစ်မျိုးဖြင့် ကာရိယစုံလင်စွာ နာမပဒမာလာ စဉ်ပြီးလျှင်၊ "အသုတဝါ" ဟူသောပုဒ်ကိုလည်း အထောက်ပြ၍ လိင်၊ ဂိုဏ်း ဆုံးဖြတ်ခဲ့ပါ။

၃။ "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ" [၂] ၌ စိတ္တံ-အရ တိကျစွာ ကောက်ပြပြီးလျှင်၊ ၎င်းတွင် စေတသိက်အများဆုံး ယှဉ်နိုင်သောစိတ်ကိုလည်း ယှဉ်ဘက်စေတသိက်များနှင့်တကွ ဖော်ပြခဲ့ပါ။

၄။ (၃)နံပါတ်လာ "စိတ္တံ"ဟူသော ပုဒ်အရ စိတ်ကို ကိစ္စသင်္ဂဟ၊ ဒွါရသင်္ဂဟ နှစ်ပါးဖြင့် ကျနစွာ ဝေဖန်ခဲ့ပါ။ [၄]

၅။ မဟာပညာအရာ၊ ဣဒ္ဓိအရာ၊ ဝိနယအရာ၊ ဓမ္မကထိကအရာ၊ ဈာနအရာတို့၌ ဧတဒဂ်ရသော သာဝိကာများကို အသီးသီး ဖော်ပြခဲ့ပါ။ [၅]

၆။ အဘယ်ပုဂ္ဂိုလ်ကို "ထေရ"ဟု ခေါ်ပါသနည်း၊ အသက်ကြီးကာမျှဖြင့် "ထေရ"ဟု ခေါ်ဆိုနိုင်ပါသလော? ရှင်မဟာကစ္စည်းထေရ်က ကန္ဒရာယနပုဏ္ဏားအား မိန့်ကြားသော စကားဖြင့် ဖြေရှင်းခဲ့ပါ။ [၆]

၇။ ဘောဇနေ မတ္တညူဖြစ်အောင် မည်ကဲ့သို့ ကျင့်ရပါမည်နည်း? ဒေသနာလာ အတိုင်းသာ အပြည့်အစုံ ဖော်ပြဖြေဆိုပါ။ [၆]

၈။ ရှင်အနုရုဒ္ဓါအား မြတ်စွာဘုရား ဟောကြားတော်မူသော မာတုဂါမများ အပါယ်သို့ လားကြောင်းတရားသုံးပါးကို ဖော်ပြခဲ့ပါ။ [၇]

၉။ အောက်ပါ ဂါထာကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ-

အဂုတ္တံ စက္ခုသောတသ္မိံ၊ ဣန္ဒြိယေသု အသံဝုတံ။
မက္ခိကာနုပတိဿန္တိ၊ သင်္ကပ္ပါ ရာဂနိဿိတာ။ [၈]

၁၀။ အောက်ပါ မြန်မာဝါကျကို ပါဠိပြန်ပါ-

"ရဟန်းတို့၊ ဆံပင်ဖြင့် ပြုအပ်သော ကမ္ဗလာသည် အေးသောအခါ၌ အေး၏၊ ပူသောအခါ၌ ပူ၏၊ မကောင်းအဆင်းရှိ၏၊ မကောင်းသော အနံ့ရှိ၏၊ ဆင်းရဲသော အတွေ့ရှိ၏" [၉]

---

၁-၂-၃၊ အံ၊ ၁၊ ၉။ ၄၊ အံ၊ ၁၊ ၂၆။ ၅၊ အံ၊ ၁၊ ၆၈။ ၆၊ အံ၊ ၁၊ ၁၁၂။ ၇၊ အံ၊ ၁၊ ၂၈၅။ ၈၊ အံ၊ ၁၊ ၂၈၄။ ၉၊ အံ၊ ၁၊ ၂၉၀။

http://www.dhammadownload.com



## ၁၃၂၂-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ဝါတော ရုက္ခံဝ ဒုဗ္ဗလံ" [၁] ၌ ရုက္ခံဝ-ကို ပုဒ်ဖြတ်လျက် ရုပ်ကျဉ်းစီရင်၍ ရုက္ခသဒ္ဒါကို နာမ်ဝိဘတ်စုံ သွယ်ပြပါ။

၂။ "ဒီပံ ကယိရာထ မေဓာဝီ"[၂] ၌ (အဟံ)ဟု ကတ္တာစား သွင်းလျှင် ကြိယာတွင် ဖြစ်သင့်သောဝိဘတ်ကို ဖော်ပြ၍ ဓာတ်ကို ဝတ္တမာန် ပရဿပုဒ် ဧကဝုစ်ဝိဘတ်ဖြင့် ရုပ်စဉ်ခဲ့ပါ။

၃။ (၂) နံပါတ်ပါ ဒီပံ- [၃] အရ တရားကို ကောက်ပြ၍ ယင်းတရားတွင် ယှဉ်နိုင်သော စေတသိက်စုကို တစ်ခုမကျန် ဖော်ပြပါ။

၄။ "အဘူတံ အာယသ္မာ နန္ဒော ကထေတိ၊ အညံ ဗျာကရောတိ"[၄] ၌ အညံ-အရတရားကိုယ်ကို ထုတ်ပြ၍ "ရာဂေါ သမတိ ဝိဇ္ဇတိ"၌ ရာဂစိတ်ကို ပကိဏ်း (၆)ပိုင်းဖြင့် ဝေဖန်ပြပါ။

၅။ သူစိမ်းတစ်ဦးကို မိတ်ဆွေအဖြစ် ခင်မင်လှပါသည်ဟု ဆိုရာ၌ ယင်းသို့ ခင်မင်နိုင်ခြင်း အကြောင်းရင်းတို့ကို ဖော်ပြပါ။ [၅]

၆။ "သတိ မမေ့သူများသည် မသေကြ"ဟု ဆိုသော် ဘုရားရှင်များသော်မှ မလွန်ဆန်နိုင်သော သေခြင်းတရားကို လွန်ဆန်နိုင်သည်ဟု ဆိုရမည်လော?[၆] မသေပုံကို ရှင်းပြပါ။

၇။ "အသာရေ သာရမတိနော" [၇] ၌ သာရ၊ အသာရ တရားစုကို ဖော်ပြ၍၊ "တေ သာရံ နာဓိဂစ္ဆန္တိ"၌ သာသနာတော်တွင် ရရှိခံစားထိုက်သော သာရတရားစုကို တစ်ခုမကျန် ဖော်ပြပါ။

၈။ "သိကြားမင်းကို အရှင်ဘုရား မြင်ပါသလား?၊ သိကြားတုများ ဖြစ်နေရော့မလား"ဟု မဟာလိက လျှောက်ရာတွင် ဘုရားရှင်က မည်ကဲ့သို့ ဖြေဆိုသည်ကို ဖော်ပြ၍ သင်္ဂဟကရဏတရားများတွင် တံမျက်လှည်းခြင်း ပါ/မပါ ဆုံးဖြတ်ခဲ့ပါ။ [၈]

၉။ အောက်ပါ ဂါထာကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ -

အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃဿော၊ ဟိတွာ ယာတိ သုမေဓသော။ [၉]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇။ ၂-၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၂။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၈။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၆။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၆။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၃။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၈။ ၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၇။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာစကားကို ပါဠိပြန်ပါ -
"လုလင်သည် ဘုရားရှင်ကို မြင်၍ အဖမိုက်ကို မှီ၍ ဤကဲ့သို့သော သဘောရှိသော ဘုရားရှင်သို့ ကပ်၍ ကိုယ်ဖြင့် ပြုသင့်သော အမှုကြီးငယ်ကို ပြုခြင်းငှာရင်း၊ အလှူပေးခြင်းငှာရင်း၊ တရားနာခြင်းငှာရင်း မရခဲ့" [၁]

* * * * *

## ၁၃၂၃-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ယဒိဒံ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပါဒေါ" [၂] ကို ပဒစ္ဆေဒပြုပြီးလျှင် သမုပ္ပါဒေါ-၌ ဓာတ်ကိုအဇ္ဇတနီဝိဘတ်ဖြင့် ကတ္တုရုပ် ပဒမာလာ စဉ်ခဲ့ပါ။

၂။ "ကိစ္ဆေန မေ အဓိဂတံ" [၃] ၌ မေ-ကို နာမပဒမာလာ စဉ်ပြလျက် ၎င်း မေ-ကို တတိယာဝိဘတ်ဖြင့် ရုပ်စီရင်ခြင်းအကြောင်းကို ရေးခဲ့ပါ။

၃။ "ဓမ္မစက္ခုံ ဥဒပါဒိ" [၄] ၌ ဓမ္မစက္ခု အမည်ရသော ပရမတ္ထတရားများကို ဖော်ပြလျက် ၎င်းနှင့်ယှဉ်သော စေတသိက်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

၄။ "မဟိဒ္ဓိကော ခေါ မဟာသမဏော မဟာနုဘာဝေါ၊ ယတြ ဟိ နာမ စေတသာပိ စိတ္တံ ပဇာနိဿတိ" [၅] ၌ စေတသာ-အရ ဖြစ်သင့်သောစိတ်ကို ဖော်ပြ၍ ၎င်းစိတ်ကို အာရုံပြုနိုင်သော တရားကိုလည်း ရေးခဲ့ပါ။

၅။ သိမ်နိမိတ်ဖြစ်ကောင်းသော အရာတို့ကို ဖော်ပြလျက် ပါရိသုဒ္ဓိနှင့်ဆန္ဒပေးရန် ခွင့်ပြုသော ပုဂ္ဂိုလ်များကို ဖော်ပြပါ။ [၆]

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၈။ ၂၊ ဝိ၊ ၃၊ ၅။ ၃၊ ဝိ၊ ၃၊ ၅၊ ၇။ ၄၊ ဝိ၊ ၃၊ ၃၁၊ ၄၇။
၅၊ ဝိ၊ ၃၊ ၃၇။ ၆၊ ဝိ၊ ၃၊ ၁၄၄၊ ၁၆၁-၃။

http://www.dhammadownload.com



၆။ ဝါမကပ်သင့်သော အရပ်တို့ကို ဖော်ပြ၍ ဝါဆိုသောနေ့၌ ဝါပန်၍ သွားသင့်/မသွားသင့် ဆုံးဖြတ်ခဲ့ပါ။ [၁]

၇။ ပဝါရဏာကမ္မသရုပ်ကို ထုတ်ပြပြီးလျှင်၊ ၎င်းပဝါရဏာကမ္မတို့ကို အနုညာတ၊ အနနုညာတ ပိုင်းခြား၍ ပြခဲ့ပါ။ [၂]

၈။ ရဟန်းသာမဏေများအား အပ်/မအပ်သော ဘိနပ်၏ အရောင်အဆင်းတို့ကို ခွဲခြားပြ၍ ကတ္တိပါဖိနပ်၊ ဂျပန်ရာဘာဖိနပ်များကို စီးအပ်/မစီးအပ် ဆုံးဖြတ်ခဲ့ပါ။ [၃]

---

၁၊ ဝိ၊ ၃၊ ၂၁၂-၄ (စသည်)။ [ ဝိ၊ ၌၊ ၃၊ ၃၅၅။] ၂၊ ဝိ၊ ၃၊ ၂၂၄။

၃၊ ဝိ၊ ၃၊ ၂၇၂။ [ မြန်၊ ဓာန်၌ သားမွေးထည်ကို ကမ္ဗလာဟု ဆို၍ တစ်ဖက်တွင် အမွေးနုဖြင့်နည့်သော ပိုးစသည် အထည်ကို ကတ္တီပါဟု ဆိုထားရာ "ပိုးစသည်" ဟူရာ၌ (သားမွေး)လည်း ပါသင့်သည်ဟု တွေးထင်၍ ကတ္တီပါဖိနပ်ကို "ကမ္ဗလာပါဒုကာမျိုး၌ ပါဝင်၍ မအပ်"ဟု မယူမိစေနှင့်။ ရှင်းဦးအံ့- ကတ္တီပါသည် ကမ္ဗလာမျိုး၌ ပါသည်ဟု ကေန်မဆိုသာ။ ဆိုသာစေဦးတော့ ကမ္ဗလာကို တားလိုရင်း မဟုတ်. ပါဒုကာကို တားလိုရင်းသာ။ မှန်၏၊ ပါဒုကာဆိုလျှင် စီးသွားလို့ ရသမျှ မအပ် (၂၇၉)။ ထိုသို့ဖြစ်လျှင် ဖိနပ်ကို မေးသောပုစ္ဆာနှင့် ကမ္ဗလပါဒုကာမှာ ဘာမျှမဆိုင်သောကြောင့် ဤ၌ ကမ္ဗလပါဒုကာကို လုံး၀ စဉ်းစားဖို့ မလို။ မှန်၏၊ "ပါဒုကာ" ဟူသည် အဖျား၌ ကြေးထု တပ်၍ ထိုးကြေးထုကို ခြေမ ခြေညှိုးဖြင့် ညှပ်လျက် စီးရသော ဖိနပ် (ခြေနင်း)၊ "ဖိနပ်"ဟူသည် သဲကြိုးတပ် အမျိုးမျိုးနှင့် ယခုခေတ် ရှူးဖိနပ် (ဥပါဟန) များဟု (ပါတိမောက်၊ ဘာ၊ ၃၆၇) ၌ ဆို၏၊ စင်စစ် ကတ္တီပါဖိနပ်ကို ခွင့်ပြုချက် တားမြစ်ချက် မရှိ။ အနို၊ အပ်ရော့လား? မအပ်၊ ဘာကြောင့်? "စမ္မက္ခန္ဓက" ဟူသော အမည်အရရင်း၊ ဖိနပ် (ဥပါဟန) ဆိုင်ရာ ဝတ္ထုများအရရင်း၊ သားရေဖိနပ်ကို ခွင့်ပြုရိပ်ရှိသကဲ့သို့ ကတ္တီပါဖိနပ်ကို ခွင့်ပြုရိပ် မရှိရုံမက "တာရာ၊ ရာဘာ" တို့ကဲ့သို့ သားရေ၏ အနုလောမလည်း ဖြစ်ဖွယ်မရှိသည့်အပြင် "တူလပုဏ္ဏိကောပါဟန (လဲသွတ်ဖိနပ်)"ကဲ့သို့ အတွေ့နူးညံ့သောကြောင့် "ပရော တဿ အကပ္ပိယဘာဝသာဓကေ . . . . ဒဿေတိ၊ . . . . အကပ္ပိယေဝ ဌာတဗ္ဗံ၊ (ဝိ၊ ၌၊ ၁၊ ၁၉၈)"အရ မအပ်၊ သားရေခုံနှင့် သံကြိုးကို ကတ္တီပါဖုံးအပ်သော ကတ္တီပါဖိနပ်လည်း နည်းတူ။ သဲကြိုးဝယ် အပြင်ဘက်၌သာ ကတ္တီပါ အုပ်ထားသော ကတ္တီပါဖိနပ်လည်း စိတြဉပါဟန (ချုပ်ပုံဆန်းဖိနပ်)မို့ မအပ်။ (ဝိမတိ၊ ၂၊ ၁၈၃၊ ဝိ၊ လံ၊ ၁၊ ၃၇၄-လည်း ရှု)၊ ကတ္တီပါကို ဖျက်၍ခွာ၍ စီးမှအပ်၏။ (ခု၊ ဘာ၊ ၂၅၀)။ ပုဆ္ဆကရည်ညွှန်းအပ်သော ဂျပန်ရာဘာဖိနပ်သည် မိမိတို့မြင်ဖူးသော ဖိနပ်မျိုးဖြစ်မူ အဆင်းကို စွမ်းနိုင်သမျှ ဖျက်၍စီးက အပ်၏၊ (ခု၊ ဘာ၊ ၂၄၉-လည်း ရှု)။ အဆင်းနှင့်ပုံစံတို့ကို (၂၇၂-၃)တို့အရ အပ်အောင် ဆောင်ရွက်သင့်ပါသည်။

http://www.dhammadownload.com



၉။ ကပ္ပိယကုဋိ (၄)မျိုးကို ရေတွက်ပြ၍ ၎င်း၏အဓိပ္ပါယ်ကိုလည်း သိသာထင်ရှား အောင် ဖော်ပြခဲ့ပါ။ [၁]

၁၀။ "ဒဠှာယ ရက္ခယာ ပဉ္စာဗာဟံ ဂါဠ္ဟဗန္ဓနံ ဗန္ဓိတွာ ခုရမုဏ္ဍံ ကရိတွာ ခုရသရေန ပဏဝေန ရထိကာ ရထိကံ သိင်္ဃာဋကေန သိင်္ဃာဋကံ ပရိနေတွာ" [၂] ကို အနက်ပေး၍ ဒီဃီတိကောသလမင်းပြောသော "* ဒီဃံ ပဿ၊ မာ ရဿံ"၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

* * * * *

## ၁၃၂၃–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ဘဝိဿန္တိ ဓမ္မဿ အညာတာရော" [၃] ၌ ဓမ္မ-နောင် သက်သောသုတ်ကို ညွှန်ပြ၍ အညာတာရော-ပုဒ်ကို လိင်၊ ဂိုဏ်း၊ ကာရန်တို့ဖြင့် ဝေဖန်ခဲ့ပါ။

၂။ "အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ" [၄] ဝယ် အဝိဇ္ဇာယ-၌ ဓာတ်ကိုယူ၍ (တိ၊ အန္တိ) ဝိဘတ်ဖြင့် ကတ္တုရုပ်ဂိုဏ်းစုံ အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ နံပါတ် (၂)ပုစ္ဆာ၌ အညာဝိမောက္ခ-အရ ပရမတ္ထသဘာဝကောက်ပြ၍ ၎င်းတရား၏ အာရမ္မဏိကကိုလည်း ညွှန်ပြခဲ့ပါ။ [၅]

၄။ "ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ" [၆] ၌ ကုသလာ ဓမ္မာ-ပုဒ်အရကို တိကျစွာ ကောက်ပြ၍ ဟေတု၊ ကိစ္စ၊ ဒွါရတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ အောက်ပါ တေဒဂ်ရပုဂ္ဂိုလ်တို့ကို ညွှန်ပြပါ - [၇]

(က) တေဒဂ်ငါးတန်ရပုဂ္ဂိုလ်၊ (ခ) တေဒဂ်နှစ်တန်ရပုဂ္ဂိုလ်၊
(ဂ) သူနာပြုပါရဂူအမျိုးသမီး၊ (ဃ) ဝိနယပါရဂူရဟန်းမ။

၆။ လောက၌ ကြွယ်ဝချမ်းသာ၍ နှစ်ထပ် သုံးထပ်ရှိတိုက်ပေါ်၌ နေနိုင်သောပုဂ္ဂိုလ်ကို "ချမ်းသာစွာ အိပ်ရသောပုဂ္ဂိုလ်"ဟု ခေါ်သင့်/မခေါ်သင့် ဟတ္ထကအာဠဝကသုတ်အရ ဆုံးဖြတ်ပါ။ [၈]

---

၁။ ဝိ၊ ၃၊ ၃၃၇၊ ၂ ဝိ၊ ၃၊ ၄၈၉။ ၄၉၀။ ၃၊ အံ၊ ၁၊ ၁၃၂။ ၄-၅၊ အံ၊ ၁၊ ၁၃၃။
၆၊ အံ၊ ၁၊ ၁၀။ ၇၊ အံ၊ ၁၊ ၂၅-၄-၈-၆။ ၇၊ အံ၊ ၁၊ ၁၃၆။

* မာ ခေါ တွံ တာတ ဒီဃာဝု ဒီဃံ ပဿ၊ (ဝိ၊ ၁၊ ၄၉၀)။

http://www.dhammadownload.com



၇။ "တမလွန်ဘဝ မရှိ" [၁]ဟု ယူဆသော အနုပဋိလောမ ရုပ်ဝါဒသမားများကို တမလွန်ဘဝရှိကြောင်း ဥပမာဆောင်၍ ရှင်းပြပါ။

၈။ ဆွေမျိုးမိတ်သင်္ဂဟတို့အား သနားသမှု အကြောင်းပြု၍ ဆောက်တည်စေအပ်သော တရားသုံးပါးနှင့်လယ်သမားများ ရှေးဦးစွာ ပြုလုပ်ရမည့် လုပ်ငန်းသုံးပါးကိုလည်း ဖော်ပြပါ။[၂]

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ဆိုပါ -

နာ'ဟံ ဘဂဝတော ဒဿနဿ၊ တိတ္တိံမဇ္ဈဂါ ကုဒါစနံ။

သံဃဿ ဥပဋ္ဌာနဿ၊ သဒ္ဓမ္မဿဝနဿ စ။ [၃]

၁၀။ အောက်ပါ မြန်မာစကားပြေကို ပါဠိစီကုံးပါ -

"ဆယ်ပါးသီလကို ဆောက်တည်လျက် တရားနာခြင်း၌ မွေ့လျော်သော တရားသုံးပါးတို့ကို မရောင့်ရဲသည့် ဟတ္ထကသည် အဝိဟာဘုံသို့ ရောက်၏" [၄]

* * * * *

## ၁၃၂၃-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ကိံ နုခေါ တေန္တိ ပုစ္ဆိံသု" [၅] ၌ ကိံ-ကို (ပ၊ ဒု၊ တ)တို့ဖြင့် နာမပဒမာလာ စဉ်၍ ပုစ္ဆိံသု-၌ ကတ္တားထည့်၍ ဝိဘတ်ကိုလည်း ညွှန်ပြခဲ့ပါ။

၂။ "ဝိပဿိ နာမ ဘဂဝါ လောကေ ဥဒပါဒိ" [၆] ၌ ဘဂဝါ-ကို လိင်၊ ဂိုဏ်း၊ ကာရန်၊ ဝိဘတ်ျတ္တကို ညွှန်ပြ၍ ဥဒပါဒိ-ကို အာချာတ်ရုပ်ကျဉ်း စီရင်ခဲ့ပါ။

၃။ "ဝတ္တသမ္ပန္နေ ဘိက္ခူ ဒိသွာဝ ပသန္နစိတ္တာ" [၇] ၌ ပသန္နစိတ္တ-အရ ကောက်ပြ၍ ၎င်း၏သမ္ဗန္ဓယုတ္တဓမ္မများကိုလည်း အနည်းအများ အမြဲအားဖြင့် ခွဲခြားဖော်ပြပါ။

၄။ "ဖုသန္တိ ဓီရာ နိဗ္ဗာနံ" [၈] ၌ ဖုသန္တိ-အရ ဖြစ်သင့်သော ပရမတ္ထဓမ္မကို ဖော်ပြ၍ ၎င်းကို ဝေဒနာဒိဆက္က သွင်းပြခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၁၃၄။ ၂၊ အံ၊ ၁၊ ၂၃၃၊ ၂၄၁။ ၃-၄၊ အံ၊ ၁၊ ၂၈၃။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၄။
၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၆၁။ ၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၅၊ ၈၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၄၇။

http://www.dhammadownload.com



၅။ ကောသမ္ဗီပြည်ရဟန်းများ ကွဲပြားခြင်း၏အကြောင်းကို ဖော်ပြ၍ အဘယ်ဌာန၊ အဘယ်ပုဂ္ဂိုလ်များတိုင်အောင် ကွဲပြားကြပါသနည်း။ [၁]

၆။ ဓမ္မိကဥပါသကာ နာယူလိုသော သုတ်တော်၏အမည်၊ တမလွန်ဘဝရောက်ရာဘုံဌာန၊ သေခါနီးမှာ ကြားခဲ့သော ဩဝါဒစကားတို့ကို ရေးခဲ့ပါ။ [၂]

၇။ အလှူပေးကြတိုင်း အနာထပိဏ် ဝိသာခါတို့ ပါဝင်ရခြင်းအကြောင်းကို ပြ၍ အနာထပိဏ်၏သမီးထွေးက ဖခင်ကို "မောင်လေး"ဟု ခေါ်ရခြင်း၏အကြောင်းကိုလည်း ဖော်ပြပါ။ [၃]

၈။ သာမာဝတီအမှူးရှိသော မောင်းမအပေါင်း တရားထူးရအောင် ဟောကြားသော ပုဂ္ဂိုလ်၊ ၎င်းပုဂ္ဂိုလ်၏ သာသနိကဘွဲ့ထူးကို ပြ၍ သက်နှင်းဟောင်းများ အသုံးပြုပုံ အဆင့်ဆင့်ကိုလည်း ရေးခဲ့ပါ။ [၄]

၉။ အောက်ပါ ဂါထာကို အနက်မှန်မှန် သမ္ဗန်ပါ -

မာ ပမာဒ မနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ။

အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပောတိ ဝိပုလံ သုခံ။ [၅]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာသို့ ကူးပြောင်းပါ -

"ပဌမယံ၌ စင်္ကြံသွား၍ မဇ္ဈိမယံ၌ အပန်းဖြေ၍ ပစ္ဆိမယံ၌ စောစောထ၍ ရဟန်းတရား အားထုတ်၏။ ဤသို့ မမေ့မလျော့နေသော် မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏" [၆]

* * * * *

## ၁၃၂၄-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အထဿ ကာဠဲ ဝပယန္တိ သတ္တာ" ၌ ဝပယန္တိ-ကို ပဒစ္ဆေဒပြု၍ သတ္တာ-ကို နာမပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၅။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၃-၄။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၇-၈။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၃၄၊ ၁၄၀။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၄။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၆။ ၇၊ ဝိ၊ ၃၊ ၂။

http://www.dhammadownload.com



၂။ "ကာ ဥသူယာ ဝိဇာနတံ"[၁] ၌ ဝိဇာနတံ-ဝယ် ဖြစ်သင့်သော ဝိဘတ်ကျေတ္တကို ဆရာနည်း သဒ္ဒါနည်း စုံအောင်ပြ၍ ၎င်းပုဒ်မှ ဓာတ်ကို ယူကာ သတ္တမီဝိဘတ် ပဌမပုရိသ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ"[၂] ၌ တမောခန္ဓေန-အရ ဖြစ်သင့်သော ပရမတ္ထဓမ္မကို ဖော်ပြ၍ ဝေဒနာ၊ ဟေတု၊ ကိစ္စ၊ ဒွါရ၊ အာရုံ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု"[၃] ၌ စိတ္တာနိ-အရ ဖြစ်သင့်သော စိတ်တို့ကို ဖော်ပြ၍ ၎င်းစိတ်တို့၏ အာရမ္မဏိကတရားများကိုလည်း ထုတ်ပြခဲ့ပ။

၅။ ယခုခေတ်ကဲ့သို့ ဗုဒ္ဓလက်ထက်တော်က အပျော်မယားခေါ် ဇိမ်မယ်များ ရှိ/မရှိ ဝတ္ထုသာဓကေ အထောက်ပြ ဆုံးဖြတ်၍ ခရစ်ယန်များ ဗုဒ္ဓသာသနာဝင်လိုသော ပရိဝါသ် ပေးသင့်/မပေးသင့် အကြောင်းပြ ဖြေခဲ့ပါ။[၄]

၆။ ဝါတွင်း၌ မပင့်သော်လည်း သတ္တာဟကိစ္စဖြင့် ခရီးသွားခွင့်ပြုသော ပုဂ္ဂိုလ်များနှင့် ဝါပြတ်သော်လည်း အပြစ်မသင့်နိုင်သော အန္တရာယ်သရုပ်ကို စုံလင်အောင် ထုတ်ပြခဲ့ပါ။[၅]

၇။ မြင်းထီးက၍ အမျိုးသမီးမောင်းသော မြင်းရထားစီးသော သူနာရဟန်းအား အပြစ် ရှိ/မရှိ ဆုံးဖြတ်၍ အမျိုးသမီးလက်တွန်း-ှုည်းကို သူနာရဟန်း စီးခွင့်ရှိ/မရှိ ဆုံးဖြတ်ပါ။[၆]

၈။ ကြံရည်ကို အဘယ်ကာလိက၌ ပါဝင်ကြောင်းပြ၍ သံဃာပိုင်မြေနေရာ၌ ပုဂ္ဂိုလ်ပိုင် မျိုးစေ့စိုက်ပျိုးခဲ့သော် ခွဲဝေသုံးဆောင်ရမည့် စည်းကမ်းကိုလည်း ဖော်ပြခဲ့ပါ။[၇]

၉။ အောက်ပါ ဂါထာကို အနက်ယောဇနာပါ -

ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။[၈]

---

၁၊ ဝိ၊ ၃၊ ၅၅။ ၂၊ ဝိ၊ ၃၊ ၈။ ၃၊ ဝိ၊ ၃၊ ၂၀။ ၄၊ ဝိ၊ ၃၊ ၃၀၊ ၉၈။ ၅၊ ဝိ၊ ၃၊ ၂၀၅-၆။
၆၊ ဝိ၊ ၃၊ ၂၈၀။ ၇၊ ဝိ၊ ၃၊ ၃၄၄။ [ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၂-၃] ၃၀၃။ [ဝိ၊ ၁၊ ၃၆၃။ ဝိ၊ ဋ္ဌ၊ ၂၊ ၂၉၄။
ခု၊ ဘာ၊ ၁၄၁-၂]။ ၃၄၈။ [ ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၄] ၈၊ ဝိ၊ ၃၊ ၄၉၆။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိစီကုံးပါ -

"ငါ့ရှင်၊ ငါသည်ကား ရဟန်းသစ်ဖြစ်၏။ ရဟန်းပြုတာ မကြာသေးပါ။ ဤသာသနာတော်သို့ ယခုမှပင် ဝင်လာခဲ့ပါ၏။ ငါသည် သင့်အား အကျယ်တဝင့် တရားမဟောစွမ်းနိုင်ပါ။ သို့သော် အကျဉ်းချုပ် အဓိပ္ပါယ်ကိုသာ ဟောပေအံ့" [၁]

* * * * *

## ၁၃၂၄-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ရက္ခိတံ သံဝုတံ မဟတော အတ္တာယ သံဝတ္တတိ" [၂] ၌ မဟတောနှင့်အတ္တာယ-ကို နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင် မဟတော-ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "အညတရော ဗြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ" [၃] ၌ ယေန တေန-တို့တွင် အဘယ်အနက်၌ အဘယ်သုတ်ဖြင့် အဘယ်ဝိဘတ်သက်ထားသည်ကို ဖော်ပြပြီးလျှင် "စက္ခုမန္တော ရူပါနိ ဒက္ခန္တိ"၌ ကြိယာပုဒ်ကို ဓာတ်၊ ပစ္စည်း၊ ဝိဘတ် ဝေဖန်ခဲ့ပါ။

၃။ အမှတ် (၉)ပုစ္ဆာတွင် ပါဝင်သော "ကာမသညာနံ" [၃] ကို အရကောက်၍ ထိုစိတ်နှင့်ယှဉ်သော စေတသိက်တို့ကို ဖော်ပြပြီးလျှင် "အညာ"အရ တရားကိုယ်ကို ပကိဏ်း (၆)ပါးဖြင့် ဝေဖန်ခဲ့ပါ။

၄။ "တံ ဝတ ဘိက္ခု ကဠျဝိယကတံ အတ္တာနံ အာမဂန္ဓေန အဝဿုတံ မက္ခိကာ နာနုပတိဿန္တိ နာန္ွဿဝိဿန္တိ" [၁] ၌ ထွေးအံဖတ် သားစိမ်းအညှီနံ့နှင့်ယင်ကောင်ခေါ် ကဠျဝိယ အာမဂန္ဓမက္ခိကာတို့ကို ဘုရားအလိုတော်ကျ ကောက်ပြခဲ့ပါ။

၅။ "ကခြင်း၊ သီဆိုခြင်း" နှင့် ရယ်ရယ်မောမော တသောသော နေခြင်းကို အရိယာသူတော်စင်တို့ အဆုံးအမ၌ မည်သို့အမည်ပေးပါသနည်း၊ ငါ့ရှင်သာမဏေတို့ ရယ်လိုလျှင် အဘယ်မျှသာ ရယ်သင့်ပါသနည်း။ [6]

၆။ "လေးပါးနိမိတ် နတ်ပြဟိတ်ကြောင့် သိဒ္ဓတ္ထမင်းသားသန္တာန်တွင် ထင်လာသည်"ဟု ဆိုရာ၌ သင့်/မသင့်ကို သုခုမာလသုတ်နှင့် ညှိနှိုင်းဖြေဆိုခဲ့ပါ။ [2]

---

၁၊ ဝိ၊ ၃၊ ၅၁။ ၂၊ အံ၊ ၁၊ ၆။ ၃၊ အံ၊ ၁၊ ၅၇၊ ၆၈။ ၄၊ အံ၊ ၁၊ ၁၃၃။
၅၊ အံ၊ ၁၊ ၂၈၃-၄။ ၆၊ အံ၊ ၁၊ ၂၆၃။ ၇၊ အံ၊ ၁၊ ၁၄၃။

http://www.dhammadownload.com



၇။ "ဒေဝဒူတ" [၁] ခေါ် နတ်တမန်သုံးဦးကို ဖော်ပြပြီး အောက်ပါပုဂ္ဂိုလ်တို့၌ မည်သို့ကျင့်ရမည်ကို ဖော်ပြပါ -

(က) ဒုဿီလပုဂ္ဂိုလ်၊ (ခ) ဒေါသကြီးသူ၊ (ဂ) သီလရှိသူ။

၈။ လိမ်မာရေးခြား ကြီးပွားတိုးတက်အောင် ငါ့ရှင်တို့ အဘယ်ပုဂ္ဂိုလ်နှင့် ပေါင်းသင်းမည်နည်း။ လူတန်းစားသုံးမျိုးလုံးကို ပေါင်းသင့်/မပေါင်းသင့် ကျိုးကြောင်းဆင်ခြင် ဆုံးဖြတ်ပါ။ [၂]

၉။ အောက်ပါ ဂါထာကို အနက်မှန်မှန် သမ္ဗန်ပါ -

ပဟာနံ ကာမသညာနံ၊ ဒေါမနဿာန စူဘယံ။

ထိနဿ စ ပနူဒနံ၊ ကုက္ကုစ္စာနံ နိဝါရဏံ။

ဥပေက္ခာသတိသံသုဒ္ဓံ၊ ဓမ္မတက္ကပုရေဇဝံ၊

အညာဝိမောက္ခံ ပဗြူမိ၊ အဝိဇ္ဇာယ ပဘေဒနံ။ [၃]

၁၀။ "ရဟန်း၊ သင်သည် မိမိကိုယ်ကို ထွေးအန်ဖတ် မပြုလင့်။ ရဟန်း၊ မိမိကိုယ်ကို ထွေးအန်ဖတ် ပြုသည်ဖြစ်၍ သားစိမ်းနံ့ဖြင့် စိုစွတ်သော သင့်ကို ယင်ကောင်တို့သည် မကျရောက် မနှိပ်စက်ရာသော အကြောင်းမရှိချေ" ဤစကားရပ်များကို ပါဠိစီကုံးပါ။ [၄]

* * * * *

## ၁၃၂၄-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ အဋ္ဌါန်- [၅] ပုဒ်ကို ပဒစ္ဆေဒပြု၍ ရှေ့နောက်ပုဒ်တို့၏ ဓာတ်များကို ဖော်ပြပြီးလျှင် အဋ္ဌ-ပုဒ်၏ လိင်၊ ဂိုဏ်း၊ ကာရန်ကို ရေးခဲ့ပါ။

၂။ "ဗဟူ ပါဏကေ မာရေသိ" [၆] ၌ ပါဏကေ-ဟူသော ကံပုဒ်ကို ဗဟုဝစ်ဖြင့် ထားနိုင်ခြင်းအကြောင်းကို သာဓကပြ၍ ဖြေဆိုပြီးလျှင် ပါဏကေ-၌ ဓာတ်ယူပြီးလျှင် ဝဏ္ဏမာန်ဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၁၃၇၊ ၁၂၄-၅။ ၂၊ အံ၊ ၁၊ ၁၂၂။ ၃၊ အံ၊ ၁၊ ၁၃၃။ ၄၊ အံ၊ ၁၊ ၂၈၃။

၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၃။

http://www.dhammadownload.com



၃။ "ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော" [၁] ၌ ဗုဒ္ဓစက္ခုနာ-အရ ဖြစ်သင့်သော စိတ်, စေတသိက်တို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၄။ "ပါဏာတိပါတာ ဝိရမာမိ" [၂] ၌ ပါဏာတိပါတာ-အရ ဖြစ်သင့်သော စိတ် စေတသိက်များနှင့် ယင်းပါဏာတိပါတတရားတို့ကို အာရုံပြုနိုင်သော ပရမတ္ထတရားများကို ရေးခဲ့ပါ။

၅။ "ကုသီတံ ဟီနဝီရိယံ" [၃] ၌ ပျင်းရိခြင်း၏အကြောင်းများကို ဖော်ပြပြီးလျှင် အဘယ် ပုဂ္ဂိုလ်မျိုးကို ဟီနဝီရိယ ခေါ်သည်ကိုလည်း ရေးခဲ့ပါ။

၆။ အဂ္ဂသာဝကနှစ်ပါးနှင့်တကွသော ပရိသတ်အား ဘုရားရှင်တရားဟောတော်မူရာ အခြားပုဂ္ဂိုလ်များ အရဟတ္တဖိုလ်ရကြပါလျက် အဂ္ဂသာဝကနှစ်ပါး အရဟတ္တဖိုလ် မရခြင်း အကြောင်းနှင့် အဂ္ဂသာဝကနှစ်ပါးတွင် အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်သာရိပုတ္တရာ၏ အရင် အရဟတ္တဖိုလ်ရခြင်းအကြောင်းကို ဖော်ပြပါ။ [၄]

၇။ ကေသဿ- [၅] ၌ အင်္ဂဒါန (၉)မျိုးကို ပြည့်စုံအောင် ရေတွက်ပြ၍ ဖုဿဘုရားရှင်၏ ခမည်းတော် မဟိန္ဒမင်း၏ ဥဒါန်းစကားများကို ဖော်ပြခဲ့ပါ။

၈။ ဒေဝဒတ်သည် ဗိမ္ဗိသာရမင်းနှင့်အပေါင်းအဖော် မပြုဘဲ အဇာတသတ်နှင့် ပေါင်း သင်းခြင်းအကြောင်းကို ရေး၍ နိဂြောဓရုက္ခစိုးနတ်သည် ငါးရာသော ရသေ့တို့အား အလိုရှိရာ ပေးနိုင်ကြောင်း ကောင်းမှုကံကို ဖော်ပြပါ။ [၆]

၉။ အောက်ပါ ဂါထာကို အနက်ပေးပါ -

ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ-နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။ [၇]

၁၀။ "ရဟန်းတစ်ပါး၏လည်း ခြေလှုပ်ခြင်းသည်ရှင်း၊ လက်လှုပ်ခြင်းသည်ရှင်း၊ ချောင်း ဟန့်သံသည်ရှင်း၊ ချေဆတ်သံသည်ရှင်း မရှိ" [၈] ဟူသော မြန်မာစကားပြေကို ပါဠိစီကုံးခဲ့ပါ။

* * * * *

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၂။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၀-၁။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၂-၄။ [အပ၊ ဋ္ဌ၊ ၁၊ ၃၃၄-၅။ ထေရ၊ ဋ္ဌ၊ ၂၊ ၂၅၀။ အံ၊ ဋ္ဌ၊ ၁၊ ၁၁၁။ ဒီ၊ ဋ္ဌ၊ ၂၊ ၁၇၉၊ ၁၈၀။ မဟာဗု၊ ၆၊ ပ၊ ၁၉၊ ၂၀]
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၉၊ ၁၃၂။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၂။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၉။

http://www.dhammadownload.com



## ၁၃၂၅–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အဟော ဝတ မေ အနတ္တတော"[၁]၌ အနတ္တတော-ကို အဖွင့်အားလျော်စွာ နှစ်နည်းထက်မနည်း ပုဒ်ဖြတ်ပြ၍ "အညာတာရော ဘဝိဿန္တိ"၌ အညာတာရော-ကို နာမပဒမာလာ စဉ်ပါ။

၂။ အောက်ပါ မျဉ်းအမှတ်ပြ ပုဒ်တို့၌ သက်သုတ် ဝိဘတ်အနက်နှင့် လိုအပ်ရာ၌ မည်သည့် အယှဉ်ဖြစ်သည်ကို ရှင်းပြပါ -[၂]

(က) စတုန္နံ အရိယသစ္စာနံ ယထာဘူတံ <u>အဒဿနာ</u>။

(ခ) ဇီဝိတမှ ဝတ ဘော <u>အမ္ဗကာယ</u>၊ ပရာဇိတမှ ဝတ ဘော <u>အမ္ဗကာယ</u>။

၃။ (၉) နံပါတ်ပါ "ကာမာနံ သမတိက္ကမော"နှင့် "အသ္မိမာနဿ ယော ဝိနယော"[၃] တို့၏အရ စိတ် စေတသိက်တို့ကို ဖော်ပြပါ။

၄။ ဒိဗ္ဗပါသနှင့် မာနုသပါသ-[၄] အရ တရားကိုယ်ကို ပကိဏ်း (၆)ပိုင်းဖြင့် ဝေဖန်၍ ဘဒ္ဒဝဂ္ဂိယဝတ္ထုနှင့် ဗိမ္ဗိသာရသမာဂမကထာ လာ ဓမ္မစက္ခုတို့၏ တရားကိုယ် ထူးခြားပုံ ကိုလည်း ဖော်ပြပါ။

၅။ "ရာဇဂြိုဟ်ပြည်သို့ ရဟန်းကြီးဂေါတမ လာပြန်ပြီ၊ သဥ္စယတို့ကို ခေါ်ဆောင်ပြီးလို့ ယခု ဘယ်သူကို ခေါ်ဦးမတဲ့လဲ"ဟု ပြစ်တင်ပြောဆိုက အဘယ်သို့ တုံ့ပြန်ဖြေဆိုရမည်နည်း၊ ချီးမွမ်းကဲ့ရဲ့စကားအသက်ကိုလည်း ကာလအားဖြင့် ပိုင်းခြားပြပါ။[၅]

၆။ "ဝါဆိုမည်"ဟု ကတိပြုပြီးမှ ဝါမဆိုဖြစ်ဘဲ ဝန်ခံကတိပျက်ယွင်းခြင်းသည် လိမ် သည်ပင် မဟုတ်ပါလော၊ လိမ်သော် အဘယ်အပြစ်ရ၍ ကတိပျက်သော် အဘယ်အပြစ် ရောက်မည်နည်း၊ လိမ်ခြင်းနှင့်ကတိပျက်ခြင်းကို ပြတ်သားစွာ ရှင်းပြခဲ့ပါ။[၆]

၇။ ပါဋလိပုတ်ပြည်တည်ထောင်သောမင်း၊ မင်း၏အမတ်နှင့်ရည်ရွယ်ချက်တို့ကို ဖော် ပြပြီးနောက် အချမ်းအေးဆုံး စံချိန်တိုင်းတာနည်းကို အဌကထာရက်ယူနည်းနှင့်တကွ ဖော်ပြပါ။[၇]

---

၁၊ ဝိ၊ ၃၊ ၄၉၁၊ ၆။ ၂၊ ဝိ၊ ၃၊ ၃၂၆-၇။ ၃၊ ဝိ၊ ၃၊ ၄။ ၄၊ ဝိ၊ ၃၊ ၂၇၊ ၃၁၊ ၄၇။ [ဝိ၊ ဋ္ဌ၊ ၃၊ ၂၄၈၊ ၂၅၂-၃]
၅၊ ဝိ၊ ၃၊ ၅၅။ ၆၊ ဝိ၊ ၃၊ ၂၁၄။ ၇၊ ဝိ၊ ၃၊ ၃၂၃၊ ၄၀၁။ [ဝိ၊ ဋ္ဌ၊ ၃၊ ၄၀၉]

http://www.dhammadownload.com



၈။ "မလျှော့မတင်း၊ စောင်းကြိုးညှင်းသကဲ့သို့ ကျင့်ရမည်" ဟု ဟောတော်မူရာ လျှော့တင်းခဲ့သော် လျှော့တင်းခြင်း၏အပြစ်ကို ပြ၍ ပဋ္ဌာတမင်းအထံမှ ဆရာဇီဝကရသော ဆေးကုခဆုကို ဖော်ပြပါ။ [၁]

၉။ အောက်ပါ ဂါထာကို အနက်မှန်မှန် သမ္ဗန်၍ "ကုသိမ္ပိ နာမ ကရိဿတိ . . . မဏ္ဍလမ္ပိ နာမ ကရိဿတိ . . . အနုဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ" [၂] ၌ ကုသိ မဏ္ဍလနှင့် အနုဝိဝဋ္ဋတို့၏ ပညတ်နက်ကိုလည်း ဖော်ပြပါ -

သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။
အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ။

၁၀။ အောက်ပါ မြန်မာစကားကို ပါဠိစီကုံးခဲ့ပါ -

"တစ်ကောင်သော ဆင်ပြောင်ကြီးသည် ဆင်ပေါက်တို့နှင့်ရင်း၊ ဆင်မတို့နှင့်ရင်း၊ ဆင်ရွှေတို့နှင့်ရင်း၊ နို့စို့ဆင်ငယ်တို့နှင့်ရင်း ရောပြွမ်းလျက် နေရ၏။ အဖျားအညွန့်ပြတ်ကုန်သော မြက်ငုတ်တို့ကိုလည်း စားရ၏၊ *နောက်ကုန်သော ရေတို့ကိုလည်း သောက်ရ၏၊ ရေဆိပ်သို့ သက်သော (တက်သော) ယုံဆင်ပြောင်ကြီး၏ကိုယ်ကို ဆင်မတို့သည် တိုးဝှေ့ကြလျက် သွားကြကုန်၏" [၃]

---

## ၁၃၂၅-ခုနှစ်၊ အဂ္ဂိုတ္တိုရ်ပါဠိတော်

၁။ "သုတဝတော အရိယသာဝကဿ စိတ္တဘာဝနာ အတ္ထိ" [၄] ၌ သုတဝတော-ပုဒ်ကို နာမ်ရုပ်ကျဉ်းတွက်၍ သို့ဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ခဲ့ပြီး၊ အတ္ထိ-ပုဒ်ကို ဓာတ်ပစ္စည်းခွဲပြခဲ့ပါ။

၂။ (၁) နံပါတ်ပါ စိတ္တဘာဝနာ- [၅] အရ တရားကိုယ်နှင့် ရင်းတရား၏ ကိစ္စ, ဖွဲ့ရ, အာရုံတို့ကို ဝေဖန်ပြပါ။

၃။ "အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ" [၆] ၌ ကာယဂတာသတိသည် လောကီဖြစ်ပါလျက် အဘယ်သို့လျှင် ရင်းကို သုံးဆောင်သူတို့သည် နိဗ္ဗာန်ကို သုံးဆောင်သည် မည်ပါသနည်း။

---

၁၊ ဝိ၊ ၃၊ ၂၆၉၊ ၃၈၉။ ၂ ဝိ၊ ၃၊ ၄၀၁။ ၃၊ ဝိ၊ ၃၊ ၅၀၀။ ၄၊ အံ၊ ၁၊ ၉။ ၅၊ အံ၊ ၁၊ ၉။
၆၊ အံ၊ ၁၊ ၄၇။ * ဩဘဂ္ဂေါဘဂ္ဂ သာခါဘင်္ဂ ခါဒန္တိ၊ (ဝိ၊ ၃၊ ၅၀၀)၊ ဤပါဠိကျပါသေး၏။

http://www.dhammadownload.com



၄။ မိုးကြိုးပစ်လတ်သော် မကြောက်လန့်တတ်သော ပုဂ္ဂိုလ်များကို ဖော်ပြ၍ မကြောက်လန့်ခြင်း၏အကြောင်းများကိုပါ အသီးသီး ဖော်ပြပါ။ [၁]

၅။ မိစ္ဆာဒိဋ္ဌိဖြစ်စေတတ်သော အကြောင်းများနှင့် သမ္မတလက္ခဏာ (၃)ပါးကိုလည်း ဖော်ပြပါ။ [၂]

၆။ အမာတာပုတ္တိကဘယ (၃)ပါးကို ဖော်ပြ၍ ဘုရားဟောတော်မူတိုင်း ကောင်းစွာ နေသူအား တမလွန်လောကရှိလျှင် (သို့) မရှိလျှင် အဘယ်ထောက်တည်ရာကို ရနိုင်ပါသနည်း။ [၃]

၇။ အောက်ပါတို့၏ အဓိပ္ပါယ်အကျဉ်းကို ရေးပါ -

(က) နွားကျောင်းသားဥပုသ်၊ (ခ) ဗြဟ္မာဥပုသ်၊ (ဂ) နတ်ဥပုသ်။ [၄]

၈။ ဘုရားအသံတော်သည် အဘယ်မျှလောက်သော အရပ်တိုင်အောင် ကြားသိစေနိုင်ပါသနည်း၊ ဘိက္ခုတို့၏ အဆောတလျင် ပြုဘွယ်ကိစ္စ (၃)ရပ်ကိုလည်း ရေတွက်ခဲ့ပါ။ [၅]

၉။ အောက်ပါ ဂါထာကို မြန်မာဘာသာ ပြန်ဆိုပါ -

သဗ္ဗာ အာသတ္တိယော ဆေတွာ၊ ဝိနေယျ ဟဒယေ ဒရံ။
ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသော။ [၆]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိစီကုံးပါ -

"ရဟန်းတို့ ဤမိစ္ဆာဒိဋ္ဌိသည် ကြီးသောအပြစ်ရှိသကဲ့သို့ ဤအတူ ကြီးသောအပြစ်ရှိသော အခြားတစ်ခုသော တရားကိုမျှလည်း ငါမမြင်" [၇]

* * * * *

## ၁၃၂၅-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ (၉) နံပါတ်လာ "ဒမေ" [၈] ၌ ဓာတ်နောင် ပရောက္ခာ ပရဿပုဒ် ပဌမပုရိသ်ဝိဘတ် သက်ပြီးလျှင် "သံယမေန"၌ လိင်နှင့်ဝိဘတ်နက်တို့ကို ဖော်ပြပါ။

၂။ (၉) နံပါတ်လာ ဒီပ-သည် မည်သည့်တရားဖြစ်သင့်သည်ဟု ပါဌ်ထောက်ပြ ဖြေပြီးလျှင် ၎င်း၏အာရမ္မဏိကများကို ထုတ်ပြပါ။ [၉]

---

၁၊ အံ၊ ၁၊ ၇၆။ ၂ အံ၊ ၁၊ ၈၆၊ ၁၅၀။ ၃၊ အံ၊ ၁၊ ၁၈၀၊ ၁၅၄၊ ၄၊ အံ၊ ၁၊ ၂၀၆-၈၊ ၂၁၀။
၅၊ အံ၊ ၁၊ ၂၂၉၊ ၂၄၂။ ၆၊ အံ၊ ၁၊ ၁၃၇။ ၇၊ အံ၊ ၁၊ ၃၅။ ၈-၉။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၂။

http://www.dhammadownload.com



၃။ ကံမယုံသူတို့အား ကံအကြောင်းကို လောကဥပမာဖြင့်ရင်း, စက္ခုပါလထေရ် ဝတ္ထုဖြင့်ရင်း ရှင်းပြပြီးလျှင် အဒိန္နပုဗ္ဗကဏ်သောကကို မည်သူက မည်ကဲ့သို့ ငြိမ်းအေး စေခဲ့ပါသနည်း။ [၁]

၄။ "ဘောဇနမှိ စ မတ္တညုံ" [၂] အရ ဆွမ်း၌ သိရမည့်အတိုင်းအရှည်များကို ဖော်ပြပြီးလျှင် "လူထွက်လိုသည်"ဟူသော ကိုရင်များသန္တာန်ဝယ် မည်သည့်တရားများ ရှိနိုင်ပါသနည်း။

၅။ သဥ္စယဆရာကြီး၏ လောကအား မြင်ပုံကို ရေးပြီးလျှင် သဥ္စယသည် မိမိဝါဒကို မှန်ကန်လှသည်ဟု ယုံကြည်မှု ရှိ/မရှိကိုလည်း သာရိပုတ္တရာဝတ္ထုဖြင့် ဝေဖန်ခဲ့ပါ။ [၃]

၆။ ရှင်နန္ဒကို မိတ်ဆွေများက သရော်ပုံကို ပြ၍ ရှင်နန္ဒ၏အတ္တဘောသည် အဘယ့် ကြောင့် အဘယ်သို့ ကောင်းစွာ မိုးအပ်သောအိမ်နှင့် တူပါသနည်း။ [၄]

၇။ ဒေဝဒတ်၏ သံဃာ့ပရိသတ်လိုချင်ခြင်း၏အကြောင်းကို ဖြေပြီးလျှင် ဒေဝဒတ်အား ရဟန်းပြုပေးရခြင်း၏အကြောင်းကိုလည်း ဖော်ပြပါ။ [၅]

၈။ "ကုမ္ဘဃောသက အဘယ့်ကြောင့် သူဌေးဖြစ်သည်" [၆] ဟု ဘုရားရှင်က ရှင်းခဲ့ပါ သနည်း? ဖြေပြီးလျှင် သိကြား့မင်းကို "ဝါသဝ, သဟဿနေတ္တ" ခေါ် ရကြောင်းကိုလည်း ရှင်းခဲ့ပါ။

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ဆိုခဲ့ပါ -

"ဥဋ္ဌာနေနပ္ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာယ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ။ [၇]

၁၀။ "မာဂဏ္ဍီသည်လည်း ငါလုပ်တာ ငါလုပ်သည့်အတိုင်း မဖြစ်ဘဲ တစ်မျိုးဖြစ်၏၊ ယခု ဘာလုပ်ရမည်နည်း"ဟု ကြံစည်လတ်သော် "ဤအကြောင်းကား ရှိသေး၏"ဟု မင်းသည် ဥယျာဉ်ကစားသွားစဉ် ဘထွေးတော်ထံ သတင်းစကား ပါးလိုက်လေ၏"ဟူသော မြန်မာ စကားကို ပါဠိဘာသာ ပြန်ဆိုခဲ့ပါ။ [၈]

* * * * *

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၊ ၂၀။
၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇။
၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၀။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၇-၈။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၀၊ ၉၅။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၂၊ ၁၆၈။
၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၂။
၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၁။

http://www.dhammadownload.com



## ၁၃၂၆–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေသိ" [၁] ၌ ဝေါလောကေသိ-ပုဒ်ကို သန္ဓိရုပ်၊ အာချာတ်ရုပ် အကျဉ်းမျှ ထုတ်ပြပါ။

၂။ "* ဣတိဟ ပဋိသဉ္စိက္ခတော ဘဂဝတော" [၂] ၌ ပဋိသဉ္စိက္ခတော-ကို နာမပဒမာလာ စဉ်ပြခဲ့ပါ။

၃။ (၁) နံပါတ်ပါ ဗုဒ္ဓစက္ခုနာ -[၃] အရ တရားကို ကောက်ပြ၍ ၎င်း၏အာရုံ၊ အာရမ္မဏိက တို့ကိုလည်း ရေးခဲ့ပါ။

၄။ "သဠာယတနံ ဝိဝေကော တုဋ္ဌဿ" [၄] ၌ ဝိဝေကော-အရ ဖော်ပြ၍ ၎င်း၏ အာရမ္မဏိက တရားများကို အာရမ္မဏသင်္ဂဟဖြင့် ဝေဖန်ပြပါ။

၅။ ဘုရားသခင်သည် ဥရုဝေလကဿပတို့အား အာဒိတ္တပရိယာယ သုတ္တန်ဒေသနာကို အဘယ့်ကြောင့် ဟောတော်မူပါသနည်း။ မီး (၁၁)ပါးကိုလည်း ရေထုတ်ပြပါ။ [၅]

၆။ သာမဏေတို့၏ ဥပဇ္ဈာယ်အပေါ်၌ ဆွမ်းခံမသွားမီ ကျင့်အပ်သော ဝတ္တရားများကို ဖော်ပြပါ။ [၆]

၇။ မြွေကိုက်လျှင် ပေးရမည့်ဆေးနှင့် ဝမ်းမီးပျက်လျှင် ပေးရမည့်ဆေးကို ဗုဒ္ဓအလိုကျ ဖော်ပြပါ။ [၇]

၈။ တောင်တန်းသာသနာပြု အရှင်မဟာကစ္စည်းအတွက် ရဟန်းတို့အား ခွင့်ပြု အပ်သော ဆု (၅)ပါးနှင့် အဝန္တိဒက္ခိဏာပထ၏ ထိုခေတ်အခြေအနေကို ဖော်ပြပါ။ [၈]

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ဆိုပါ -

> ပမုဋ္ဌမှိ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။
> ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။ [၉]

---

၁၊ ဝိ၊ ၃၊ ၉။ ၂၊ ဝိ၊ ၃၊ ၆။ (* ဝိ၊ ၃၊ ၆) ၃၊ ဝိ၊ ၃၊ ၉။ ၄၊ ဝိ၊ ၃၊ ၄။
၅၊ ဝိ၊ ၃၊ [ဝဇီရ၊ ၄၁၄။ သာရတ္ထ၊ ၃၊ ၂၀၈။ သံ၊ ဋ္ဌ၊ ၃၊ ၄၊ ၁၀။ သံ၊ ဋီ၊ ၃၊ ၂၈၈] ၄၄။
၆၊ ဝိ၊ ၃၊ ၅၈။ ၇၊ ဝိ၊ ၃၊ ၂၉၈-၉။ ၈၊ ဝိ၊ ၃၊ ၂၈၇-၅။ ၉၊ ဝိ၊ ၃၊ ၁၃၇။ ၁၀၊ ဝိ၊ ၃၊ ၁၄၄။
* နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခံ - ဤ ဝိ၊ ၃၊ ၃၄၄-ကို မေးခြင်းသာ။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာစကားကို ပါဠိစီကုံးပါ -

"နက္ခတ်တို့၏အကြီးအမှူးကား လတည်း၊ တောက်ပသောအရာတို့၏ အကြီးအမှူးကား နေတည်း၊ ကောင်းမှုကို အလိုရှိကုန်သောသူတို့၏အကြောင်းကား စင်စစ်သံဃာတည်း"[5]

* * * * * *

## ၁၃၂၆–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ပဋိပဒါ အရိယသစ္စံ"[၂] ၌ ပဋိပဒါကို နာမ်ရုပ်ကျဉ်းတွက်ပြပြီးလျှင် ၎င်းကိုပင် သတ္တမီဖြင့်၎င်း၊ အရိယ-ပုဒ်ကို ဒုတိယဖြင့်၎င်း ရုပ်စဉ်ခဲ့ပါ။

၂။ အရိယသစ္စာဖြစ်သော သမ္မာသမာဓိ- [၃] အရ တရားကို ယှဉ်ရာ စိတ်နှင့်တကွ ဖော်ပြပြီးနောက် ယင်းစိတ်ကို ဝေဒနာ၊ ဟိတ်၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ပါ။

၃။ ကာမဂုဏ်စိတ်များ ဝင်စားလာသော် ငါ့ရှင်တို့ အဘယ်သို့ ကုစားမည်နည်း၊ လက်တွေ့လုပ်ထုံးတစ်ခုကို ဖော်ပြပါ။ [၄]

၄။ "ဝင့်ကျွတ်ရေးအတွက် အချိန်ပြည့် ကြိုးစားနေသူသည် အပေါင်းအဖော်၌ မမွေ့လျော်"[၅] ဟု ဆိုသော် ကလျာဏမိတ်ဆွေ မရှာမှီးရတော့ပြီလော၊ မည်သို့ကျင့်သုံးရမည်နည်း။

၅။ "သဒ္ဓါနှင့်ပြည့်စုံသူဖြစ်ပါလျက် သာသနာဖျက် ဖြစ်နိုင်သေးသည်" [၆] ဟု ဆိုလျှင် လက်ခံမည်လော? ငြင်းမည်လော? ပုံသက်သေ ညွှန်ပြဖြေဆိုပါ။

၆။ မြတ်စွာဘုရား၏ရုပ်အဆင်းတော် ပေါ်လွင်အောင် ဥပမာသုံးမျိုးဖြင့် ဖော်ပြပြီးနောက် ယင်းသို့ဖြစ်ခြင်း၌ အများထင်သောအကြောင်းနှင့်ဘုရားဝန်ခံသော အကြောင်းတို့ကို ဖော်ပြခဲ့ပါ။ [၇]

၇။ မျက်မှောက်ဘဝ၌ လက်ငင်းရနိုင်သော သန္ဒိဋ္ဌိက နိဗ္ဗာန်ကို လူတိုင်းလိုချင်လာအောင် စာစီကုံးပြပါ။ [၈]

---

၁၊ ဝိ၊ ၃၊ ၃၄၄။ ၂-၃၊ အံ၊ ၁၊ ၁၇၈။ ၄၊ အံ၊ ၁၊ ၃။

၅၊ အံ၊ ၁၊ ၁၂၃။ [ အံ၊ ဋ္ဌ၊ ၂၊ ၉၃။ အံ၊ ဋီ၊ ၂၊ ၉၃။ အံ၊ ဋ္ဌ၊ ၃၊ ၉၆။ အံ၊ ဋီ၊ ၂၊ ၃၆-တို့နှင့် တွဲရှု။]

၆၊ အံ၊ ၁၊ ၆၁။ ၇၊ အံ၊ ၁၊ ၁၈၂။ ၈၊ အံ၊ ၁၊ ၁၅၈။

http://www.dhammadownload.com



၈။ မရှိသေးသောတရားကို ဘုရားက ဖန်ဆင်းသလော၊ (သို့မဟုတ်) ရှိပြီးသော တရားကို ထုတ်ဖော်သလော၊ ဘာ့ကြောင့် ဘုရားကို ကိုးကွယ်သင့်သနည်း၊ ဘယ်ပုံ ကိုးကွယ်သင့်သနည်း။ ၀

၉။ အောက်ပါ ဂါထာကို မြန်မာစကားသက်သက် ရေးပြပါ -

ယော စ ကာယေန သံယမော၊ ဝါစာယ ဥဒ စေတသာ။

တံ တဿ ပေတဿ သုခါယ ဟောတိ၊ ယံ ဇီဝမာနော ပကရောတိ ပုညံ။ ၂

၁၀။ အောက်ပါ စကားရပ်ကို ပါဠိပြန်ပါ -

"ဝ..၊ ငါမှုကား ဤသို့ ဟောတော်မူ၏ - တန်စီးအိုင်၌ရှင်း၊ တန်စီးမြောင်း၌ရှင်း အကြွင်သတ္တဝါတို့သည် ရှိကုန်၏။ 'ထို (အိုင်၊ မြောင်း) ၌ ထိုသတ္တဝါတို့သည် ထို (အိုး၊ ခွက်) ဆေးရေဖြင့် မျှတကြပါစေ'ဟု ထိုအိုးဆေးရေကို ဖြစ်စေ၊ ခွက်ဆေးရေကို ဖြစ်စေ ထို (အိုင်၊ မြောင်း)၌ စွန့်၏" ၃

* * * * *

## ၁၃၂၆-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ ဥဒပါဒိ- ၄ ကို ပဒစ္ဆေဒပြု၍ ၎င်း၌ မည်သည့်အာချာတ်ဝိဘတ်ဖြစ်သည်ကို ဖော်ပြပါ။

၂။ "အမ္ဗ တုမှာကံ အဟံ ပိယော, အပ္ပိယော" ၅ ၌ တုမှာကံ-ပုဒ်၊ အဟံ-ပုဒ်တို့၌ မည်သည့်အနက်၌ မည်သည့်ဝိဘတ်သက်ထားသည်ကို ဖော်ပြ၍ ၎င်းဝါကျ တုမှာကံ-ပုဒ်၌ ရှိရင်းစွဲ ဝိဘတ်ဖြင့် တုမှသဒ္ဒါကို ပဒမာလာ စဉ်ခဲ့ပါ။

၃။ (၂) နံပါတ် ပုစ္ဆာပါ "ပိယော၊ အပ္ပိယော" ၆ ပုဒ်တို့အရ ဖြစ်သင့်သော စိတ်များကို ယှဉ်ဘက်စေတသိက်နှင့် တွဲဖက်ဖော်ပြပါ။

၄။ (၂) နံပါတ် ပုစ္ဆာပါ "အပ္ပိယော" ၇ အရ ဖြစ်သင့်သောဂိုဟ်၏ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ကို ပြခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၂၈၉၊ ၂၂၃။ ၂၊ အံ၊ ၁၊ ၁၅၄။ ၃၊ အံ၊ ၁၊ ၁၆၁။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၁။
၅-၆-၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၇။

၅။ စိတ်စေတသိက်တို့သည် မကွေမကွာ ဖြစ်ကြပါလျက် စိတ်ကိုသာ "မနောသေဋ္ဌာ"[1] ဟု ဆိုရသည်ကို ရှင်းပြ၍ ပါလိလေယျက သင်သည် ဘုရား၌ ကြည်ညိုခြင်းကြောင့် ရရှိသော တမလွန်ဘဝအကျိုးများကို ပြခဲ့ပါ။

၆။ အနောမဒဿီဘုရားရှင်၏ မြို့တော်၊ ခမည်းတော်၊ မယ်တော်၊ ဗောဓိပင်တို့ကို ညွှန်ပြခဲ့ပါ။ [2]

၇။ "ဓမ္မဿ ဟောတိ အနုဓမ္မစာရီ" [3] ၌ ဓမ္မ၊ အနုဓမ္မ-တို့၏ အထူးကို ပြ၍ အလ္လကပ္ပရသေ့သည် ပူရန္တပ္ပမင်း သေသည်၏အဖြစ်ကို သိရခြင်း၏အကြောင်းကို ဖော်ပြပါ။

၈။ စူဠပန်မထေရ်အား ရဇောဟရဏကမ္မဋ္ဌာန်း ပေးရခြင်း၏အတိတ်အကြောင်းရင်းကို ညွှန်ပြ၍ သိကြားမင်းကို "သဟဿက္ခ"ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။[4]

၉။ ကုဋ္ဌာပါဒံ ဆိန္နဇဝံ ဒုဗ္ဗလဿံ သီယဇဝေါ သိန္ဓဝါဇာနီယော ဝိယ (ဟိတွာ ယာတိ)" ဤဝါကျကို မြန်မာစကားပြေ ပြန်ဆိုပါ။ [5]

၁၀။ "နတ်နှင့်အသုရာ စစ်ပြိုင်ရာဝယ် အသုရာတို့ ရှုံးကုန်သော ယူဇနာတစ်သောင်း ရှိသော တာဝတိံသာနတ်ပြည်မည်သည် ဖြစ်လေ၏" [6]-၎င်းကို ပါဠိစီကုံးပါ။

* * * * *

## ၁၃၂၇-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ဘာဝနေတ္တိ သမူဟတာ" [1] ၌ ဘာဝနေတ္တိ-ကို လိင်၊ ဂိုဏ်းအားဖြင့် ခွဲဝေပြီး ၎င်းပုဒ်သည် မည်သည့်သုတ်၊ မည်သည့်အနက်၊ မည်သည့်ဝိဘတ်တို့ဖြင့် ရုပ်ပြီးသည် ကိုလည်း ဖော်ပြပါ။

၂။ သမူဟတာ- [2] ၌ တာ္တတ်ကို ယူ၍ သတ္တမီဝိဘတ် ပဌမပုရိသ်ဖြစ်သာ ဘော ကံ ကတ္တား စုံလင်စွာဖြင့် ပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၊ ၄၁။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၇။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၀၂-၆။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၇၊ ၁၆၈။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၇။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၃။ ၇-၈၊ ဝိ၊ ၃၊ ၃၂၆။

http://www.dhammadownload.com



၃။ ဘဝနေတ္တိ-[၁] အရ တရားကိုယ်ကို ကောက်ပြ၍ ၎င်းတရားကို ဘူမိဘေဒ၊ ဇာတိဘေဒတို့ဖြင့် ဝေဖန်ပါ။

၄။ အထက်ပါ (၃) နံပါတ်အရ တရား၌ပင် ယှဉ်နိုင်သော စိတ် စေတသိက်နှင့်တကွ ဝေဒနာ၊ ဟေတု၊ ကိစ္စတို့ဖြင့် ဝေဖန်ပြခဲ့ပါ။ [၂]

၅။ မည်သည့်တရားများကို ထိုးထွင်း၍မသိခြင်းကြောင့် သံသရာ၌ ရှည်ကြာစွာ ကျင်လည်ရသည်ကို သရုပ်နှင့်တကွ ဖော်ပြပြီးလျှင် လိစ္ဆဝီမင်းတို့ အဆင်း၊ ပုံသဏ္ဌာန်ကိုလည်း ပြပါ။ [၃]

၆။ မြတ်စွာဘုရားသည် မေဏ္ဍကသူဌေးအား မပန်ကြားမူ၍ အင်္ဂုတ္တရာပကြွတော်မူရာ မေဏ္ဍကသူဌေးက ကျွန်အမှုလုပ်များကိုစေခိုင်းခဲ့ပုံကို သိသာရုံ ဖော်ပြပါ။ [၄]

၇။ ကေဏိယဇဋိလဝတ္ထုလာ ဗြာဟ္မဏတို့၏ ပုဗ္ဗကဣသိတို့ကို စုံလင်စွာ ဖေါ်ပြ၍ အဋ္ဌပါနသရုပ်ကိုလည်း ဖော်ပြပါ။ [၅]

၈။ ဇီဝကဆံရာသည် ရာဇဂြိုဟ်သူဌေးအား ဆေးကုရာ၌ ပေးရမည့် ဒေယျဓမ္မနှင့် မေးအပ်သော အစွမ်းသုံးချက်ကိုလည်း ပြပါ။ [၆]

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ပါ - [၇]

ယေ တရန္တိ အဏ္ဏဝံ သရံ၊ သေတုံ ကတွာန ဝိသဇ္ဇ ပလ္လလာနိ။
ကုလ္လံ ဟိ ဇနော ဗန္ဓတိ၊ တိဏ္ဏာ မေဓာဝိနော ဇနာ။

၁၀။ အောက်ပါ မြန်မာ ကို ပါဠိစီကုံးခဲ့ပါ - [၈]

"ထိုအရပ်၌ နတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့အား အလှူကို ပေးရာ၏၊ ပူဇော်အပ်မြတ်နိုးအပ်ကုန်သော ထိုနတ်တို့သည် ထိုပူဇော်မြတ်နိုးသူကို (တုံ့ပြန်၍) ပူဇော် မြတ်နိုးကြကုန်၏"

* * * * *

---

၁-၂ ဝိ၊ ၃၊ ၃၂၆။ ၃၊ ဝိ၊ ၃၊ ၃၂၅-၆။ ၄၊ ဝိ၊ ၃၊ ၃၄၁။ ၅၊ ဝိ၊ ၃၊ ၃၄၃-၄။
၆၊ ဝိ၊ ၃၊ ၃၈၆၊ ၃၈၄။ ၇၊ ဝိ၊ ၃၊ ၃၂၅။ ၈၊ ဝိ၊ ၃၊ ၃၄၂။

http://www.dhammadownload.com



## ၁၃၂၇–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ ဒိဋ္ဌိပ္ပတ္တော- [၁] ကို ပဒစ္ဆေဒပြု၍၊ သန္ဓိရုပ်ကျဉ်း တွက်ပြပြီးလျှင် ပတိပတ္တိယတိ-ကို ဓာတု၊ ပစ္စယ ခွဲဝေပြပါ။

၂။ "အဂါရံ အဇ္ဈာဝသတိ" [၂] ၌ အဂါရံ-ကို ကာရကရုပ်ကျဉ်းတွက်၍ အနာဂါရိယံ-၌ (န) နိပါတ်ပုဒ်၏အနက်နှင့် အဂါရ-၏အပြင်နက်ကို ပြခဲ့ပါ။

၃။ "ဓမ္မလဒ္ဓေဟိ ဘောဂေဟိ" [၃] ၌ ဓမ္မအရ တရားကိုယ်ကို ကောက်ပြ၍ သမ္ပယုတ် တရားကို ထုတ်ပြပြီးလျှင် ယင်းတရားကို ဝေဒနာ၊ ဟိတ်၊ ကိစ္စတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "သာတ္ထံ သဗျဉ္ဇနံ ဗြဟ္မစရိယံ" [၄] ၌ သာတ္ထ-အရ တရားကိုယ်ကို ကောက်ပြ၍ ယင်းတရားကို ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ "ဝိနယပါရဂူ၊ ဓမ္မကထိကပါရဂူ၊ သုနာပြုပါရဂူ" [၅] တို့၏ အမည်များကို အသီးသီး ဖော်ပြ၍ ဓမ္မကထိက ဧတဒဂ်ရ လူပုဂ္ဂိုလ်သည် မည်သူထံ တရားနာရ၍ တရားထူး ရပြီးနောက် ဧတဒဂ်ဘွဲ့ကို ရပါသနည်း။

၆။ သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ် နိဗ္ဗာန်တို့၏ မှီရာတရားနှစ်ပါးကို ဖော်ပြ၍ ဝီရိယ၏အင်္ဂါလေးပါးကို ထုတ်ပြပြီးလျှင် ဥပညာတ၏အဓိပ္ပါယ်ကိုလည်း ရှင်းပြခဲ့ပါ။ [၆]

၇။ "အဒ္ဓဂတေ ဝယောအနုပ္ပတ္တေ" [၇] ၌ ယခုခေတ်သက်တမ်းဖြင့် ဝယောအနုပ္ပတ္တေ- ပုဒ်ကို တိကျစွာ ဖော်ပြ၍ သဒ္ဓါစိပ်ပြုရဟန်း၊ ရဟန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့၏ အမည် များကို အသီးသီးဖော်ပြပါ။

၈။ အနည်းငယ်သော အကုသိုလ်ကံဖြစ်ပါလျက် ငရဲသို့ ရောက်ခြင်း၊ မရောက်ခြင်း၏ အကြောင်းများကို ဖော်ပြ၍ သမဏဗြာဟ္မဏတို့၏ အယူတ်ညံ့ဆုံး အယူဝါဒကို ပြပါ။ [၈]

၉။ အောက်ပါ ဂါထာကို အနက်ပေး၍ ကမ္ဗုဝိယ သရုပ်ကို ထုတ်ပါ -

ကုဋ္ဌဝိယကတော ဘိက္ခု၊ အာမဂန္ဓေ အဝဿုတော။
အာရကာ ဟောတိ နိဗ္ဗာနာ၊ ဝိဃာတဿေဝ ဘာဂဝါ။ [၉]

---

၁၊ အံ၊ ၁၊ ၁၁၆-၂။ ၂ အံ၊ ၁၊ ၁၄၉-၆။ ၃၊ အံ၊ ၁၊ ၁၂၇။ ၄၊ အံ၊ ၁၊ ၁၂၈။
၅၊ အံ၊ ၁၊ ၂၅-၆-၄-၇-၈။ [အံ၊ ဋ၊ ၁၊ ၂၉၇။] ၆၊ အံ၊ ၁၊ ၅၂။ ၇၊ အံ၊ ၁၊ ၆၈၊ ၂၄-၅-၆-၇-၈။
၈၊ အံ၊ ၁၊ ၂၅၁၊ ၂၉၀။ ၉၊ အံ၊ ၁၊၂၈၄။

http://www.dhammadownload.com



၁၀။ ရဟန်းတို့ အကြင်သူတို့သည် နံနက်ခင်း၌ ကိုယ်ဖြင့် ကောင်းစွာသောအကျင့်ကို ကျင့်ကုန်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ ရဟန်းတို့ ထိုသူတို့အား ကောင်းသော နံနက်ခင်းပေတည်း။ (ပါဠိစီပါ) [၁]

* * * * *

## ၁၃၂၇-ခုနှစ်၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ

၁။ "သစာဟံ ဣမသ္မိံ ဒုတ္တိဿာမိ" [၂] ၌ သစာဟံ-ကို ပဒစ္ဆေဒပြု၍ သန္ဓိရုပ်ကျဉ်းတွက်ပြပြီးလျှင် ပုလ္လိင် ဣမ-သဒ္ဒါကို တတိယာ စတုတ္ထီ ပဉ္စမီဝိဘတ်တို့ဖြင့်နာမပဒမာလာ စဉ်ပါ။

၂။ "ယော ဝတ္တံ ပရိဒဟိဿတိ" [၃] ၌ 'ပရိဒဟိဿာမိ'ဟု ပြင်လျှင် ဖြစ်သင့်သော ကတ္တားပုဒ်ကို ထည့်ပြ၍ ပရိဒဟိဿတိ ကတ္တုရုပ်ကို အတ္တနောပုဒ်ဝိဘတ်တို့ဖြင့် ကမ္မရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "ဣမဲ နန္ဒတိ ပေစ္စ နန္ဒတိ၊ ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂတိံ ဂတော" [၄] ဟူသော ဂါထာဝယ် နန္ဒတိ-၌ ဓာတ်အရဖြစ်သင့်သော စေတသိက်ကို ဖော်ပြ၍ ယင်း၏ယှဉ်နိုင်သောစိတ်ကို ဝေဒနာနှင့်တကွ ဖော်ပြပါ။

၄။ နံပါတ် (၉) ပုစ္ဆာပါ [၁] (မူဋ္ဌ) အရ တရားကိုယ်ကို ကောက်ပြ၍ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဖြစ်သင့်သလို ဝေဖန်ခဲ့ပါ။

၅။ အရှင်သာရိပုတ္တရာလောင်းလျာဖြစ်သော ဥပတိဿလျှောက်ထားချက်အရ အဘယ မထေရ်က အဘယ်တရားကို ဟောသနည်း၊ ထိုတရားကို ကြားနာရခြင်းကြောင့် ဥပတိဿ ရရှိသော အကျိုးကိုလည်း ပြပါ။ [၆]

၆။ အလိုဆိုးဖြင့် ဘုရားရှင်ထံ ဒေဝဒတ်တောင်းသော ဝတ္ထုသရုပ်ကို ထုတ်ပြ၍ အဘယ့် ကြောင့် တောင်းသည်ကိုလည်း ဖြေဆိုပါ။ [၇]

---

၁၊ အံ၊ ၁၊ ၂၉၈။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၁။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၂။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၉။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၉။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၈-၉။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၁။

http://www.dhammadownload.com



၇။ ဒွေ့ သဟာယကဝတ္ထု [၁] ၌ ထိုရဟန်းတို့၏ကျင့်စဉ်ကို ဖော်ပြ၍ အဘယ်ကျင့်စဉ်ကို ဘုရားရှင်က ချီးမွမ်းတော်မူပါသနည်း။

၈။ မပြစ်မှားသင့်သော ပုဂ္ဂိုလ်အား ပြစ်မှားခြင်းကြောင့် သင့်ရောက်နိုင်သော ဒဏ် (၁၀)ပါးကို ငါ့ရှင်စွမ်းနိုင်သမျှ ပါဠိဖြင့် ဖြစ်စေ၊ မြန်မာဖြင့် ဖြစ်စေ ဆိုပါ။ [၂]

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ပါ -

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သမာသာနုပီဠိတံ။
မူဠှဿ ဟောတိ အဝကမိုတံ ပဒံ၊ ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။ [၃]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိစီကုံးပါ -

"ပုဏ္ဏားကြီးသည် သွား၍ 'ရဟန်း၊ ငါသည် သမီးကို သင့်အား လုပ်ကျွေးစေခြင်းငှာ ပေးပါ၏'ဟု လျှောက်ပြီ။ ဘုရားရှင်သည် 'အလိုရှိ၏'ဟူ၍ရင်း၊ 'အလိုမရှိ'ဟူ၍ရင်း မိန့်တော်မမူ။ [၄]

* * * * *

## ၁၃၂၈–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အာယသ္မတော ကောဏ္ဍညဿ . . . . ဓမ္မစက္ခုံ ဥဒပါဒိ" [၅] ၌ ဓမ္မစက္ခုံ-ကို သန္ဓိရုပ်၊ ဥဒပါဒိ-ကို အာချာတ်ရုပ်တွက်ပြပါ။

၂ "အာယသ္မတော" [၆] ကို နာမပဒမာလာ စဉ်ပြပါ။

၃။ ဓမ္မစက္ခုံ- [၇] အရ တရားကိုယ် ကောက်ပြ၍ ၎င်းကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "ယန္နူနာဟံ ဘဂဝတော သန္တိကေ အညံ ဗျာကရေယျံ" [၈] ၌ အညံ-အရ တရားနှင့် ၎င်း၏ အာရုံကို ဖော်ပြပါ။

၅။ အရှင်သောဏထေရ်အား ဟောကြားသောတရား အကျဉ်းချုပ်ကို ဖော်ပြပါ။ [၉]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၉။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၅။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၉။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၈။ ၅-၆-၇၊ ဝိ၊ ၃၊ ၁၆။ ၈-၉၊ ဝိ၊ ၃၊ ၂၆၉။

http://www.dhammadownload.com



၆။ ယာဂုအကျိုး (၁၀)မျိုးကို ဖော်ပြ၍ မည်သည့်အရပ်၌ မည်သည့်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဟောကြားပါသနည်း။ [၁]

၇။ ပါဠိလိဂါမဝတ္ထုကို မှီ၍ ဘုရားလက်ထက်တော်၌ ဘုရားသခင် ရဟန်းပရိသတ်၊ လူပရိသတ်တို့ ဓမ္မသဘင်ဝယ် ထိုင်နေကြပုံကို နည်းမှီရလောက်အောင် ဖော်ပြပါ။ [၂]

၈။ အဆစ်ကိုက်ရောဂါ၊ ကိုယ်ဖျော့တော့သောရောဂါများ ဖြစ်လျှင် ဗုဒ္ဓအလိုကျ မည်သို့ကုလျှင် ပျောက်ကင်းသနည်း။ [၃]

၉။ "အာယသ္မာ မဟာကဿပေါ . . . . နဒိ တရန္တော မနံ ဝူဠှော အဟောသိ" [၄]၌ မနံ-ပုဒ်ကို အနက်ပေါ်လွင်အောင် မြန်မာပြန်ပါ။

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိစီကုံးပါ -

"ဓမ္မစကြာကို ဟောခြင်းငှာ ကာသိတိုင်းတို့၏ နေပြည်တော်သို့ သွားအံ့။ အကန်းသဖွယ်ဖြစ်၍ ဖြစ်သောလောက၌ အမြိုက်စည်တော်ကြီးကို တီးခတ်အံ့" [၅]

* * * * *

## ၁၃၂၈-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရူပံ" [၆] ဟူသော ဝါကျတွင် ဘိက္ခဝေ-ဟူသောပုဒ်ကိုသာ လက်ရှိဝိဘတ်အတိုင်း ဧကဝုစ်၊ ဗဟုဝုစ် ကာရိယစုံလင်စွာ နာမပဒမာလာ စဉ်ပြီးလျှင် "သမနုပဿတိ"ဟု ဟောတော်မူလျှင် ကစ္စည်းကျမ်းက လက်ခံမည်လော? ဆုံးဖြတ်ပါ။

၂။ ဧကရူပမ္ပိ- [၇] ကို "ဧကံ + ရူပံ + အပိ"ဟု ပုဒ်ဖြတ်နိုင်သည်ဖြစ်ရာ ယင်း ဧကံနှင့် ရူပံ-ဟူသော ပုဒ်တို့သည် ကာရက, အကာရက နှစ်မျိုးဝယ် မည်သည့်အမျိုးတွင် ပါဝင်သည်ကို အကြောင်းပြပြီး ဆုံးဖြတ်ပါ။

၃။ "ပုရိသဿ စိတ္တံ" [၈] ၌ စိတ္တံ-အရကို စုံလင်စွာ ကောက်ပြပါ။

---

၁၊ ဝိ၊ ၃၊ ၃၁၅။ ၂၊ ဝိ၊ ၃၊ ၃၂၁။ ၃၊ ဝိ၊ ၃၊ ၂၉၇-၉။ ၄၊ ဝိ၊ ၃၊ ၁၄၇။
၅၊ ဝိ၊ ၃၊ ၁၂။ ၆-၇-၈၊ အံ၊ ၁၊ ၁။

http://www.dhammadownload.com



၄။ ယင်း စိတ္တံ-[၁] ပုဒ်အရ စိတ်တို့တွင် ပဌမဆုံး စိတ်ကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ "ဒုစရိုက်မှုဖြင့် ကြီးပွားနေသည်ကား ဗုဒ္ဓဘာသာများအတွက် ဦးနှောက်ခြောက်စရာပင်"[၂] ဟု ပြောလေ့ရှိတတ်ရာ ဒုစရိုက်မှုသည် ကြီးပွားခြင်း၏အကြောင်း ဟုတ်၊ မဟုတ်ကို ဇော်နိပါတ် အင္ဂုနပါဠိ ဒုတိယဝဂ်လာ ဒေသနာများကို ကိုးကား၍ ဆုံးဖြတ်ပါ။

၆။ "ဗုဒ္ဓသည် သစ္စာလေးပါးကို သိမြင်ဖို့ရန်သာ ဟောတော်မူ၏၊ ဒါနကုသိုလ်တွေ ပြုနေဖို့ရန် ဟောတော်မမူ"[၃] ဟု ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်းဆရာက ဆိုချေရာ ဒုကနိပါတ် သမစိတ္တဝဂ်အနာထပိဏ္ဍိကဝတ္ထုကို ကိုးကား၍ ဗုဒ္ဓဝါဒ ဟုတ်ထိုက် မဟုတ်ထိုက် ဆုံးဖြတ်ခဲ့ပါ။

၇။ "အပါယ်ငရဲ' ဟူသော ဝါဒသည် ဗုဒ္ဓ၏မူရင်းဝါဒမဟုတ်"[၄] ဟု ယင်းဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်းဆရာက ဆိုပြန်ချေရာ ယင်းအဆိုကိုလည်း တိကနိပါတ် ဒေဝဒူတဝဂ် ဒေဝဒူတသုတ်ကို အမြွက်မျှကိုးကား၍ ပယ်ဖျက်ခဲ့ပါ။

၈။ "ခေတ်နှင့်မလျော်တော့သည်ဖြစ်သော နတ်ရှိသည်ဟူသော အစွဲကို ပယ်ဖျက်သင့်ပြီ"[၅] ဟု တိုက်တွန်းလျက်ရှိရာ တိကနိပါတ် ကုသိနာရဝဂ် ဟတ္ထကသုတ်ကို သုံးသပ်ပြလျက် ယင်းတိုက်တွန်းချက်ကို ပယ်ဖျက်ခဲ့ပါ။

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ပါ -

ယေ စ သီလေန သမ္ပန္နာ၊ ပညာယူပသမေ ရတာ။

ဥပသန္တာ သုခံ သေန္တိ၊ နာသယိတ္ဂာန မက္ခိကာ။ [၆]

၁၀။ အောက်ပါ မြန်မာကို ပါဠိစီကုံးခဲ့ပါ -

"ရဟန်းတို့၊ တရားသုံးပါးနှင့်ပြည့်စုံသော မိုက်မဲ မလိမ်မာ သူယုတ်မာသည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏" [၇]

* * * * *

---

၁၊ အံ၊ ၁၊ ၁။ ၂၊ အံ၊ ၁၊ ၃၀။ ၃၊ အံ၊ ၁၊ ၆၄။ ၄၊ အံ၊ ၁၊ ၁၃၇။

၅၊ အံ၊ ၁၊ ၂၈၂။ ၆၊ အံ၊ ၁၊ ၂၈၄။ ၇၊ အံ၊ ၁၊ ၁၀၃။

http://www.dhammadownload.com



## ၁၃၂၈–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "တံ ပဗ္ဗာဇေတွာ" [၁] ၌ ပဗ္ဗာဇေတွာ-ကို ပဒစ္ဆေဒပြုပြီးလျှင် "ဇရာဇဇ္ဇရိတာ ဟောန္တိ"၌ ဟောန္တိ-ပုဒ်၏ အာချာတ်ရုပ်ပြီးပုံကို ဖော်ပြပါ။

၂။ "ယံ ဝေါ ရုစ္စတိ၊ တံ ကရေယျာထ" [၂] ၌ ဝေါ-ကို မည်သည့်အနက်၌ မည်သည့်ဝိဘတ်သက်ထားကြောင်း ဖြစ်နိုင်သမျှ ဖော်ပြ၍ တံ-ကို ဣတ္ထိလိင်ပြင်၍ စတုတ္ထီ ဧကဝုစ်ဝိဘတ်သက်က ဖြစ်နိုင်သမျှ ရုပ်စုကိုလည်း ညွှန်ပြခဲ့ပါ။

၃။ "ယောနိသော မနသိကာရေန ပစ္စဝေက္ခဏေန ဝေရာနိ ဝူပသမ္မန္တိ" [၃] ၌ ယောနိသော မနသိကာရ-အရ၊ ပစ္စဝေက္ခဏာ-အရ ဖြစ်သင့်သောစိတ်များကို ယှဉ်ဘက်စေတသိက်တို့နှင့် တကွ အသေးသီးတွဲစပ်၍ ဖော်ပြပါ။

၄။ (၃) နံပါတ် ပုစ္ဆာပါ ပစ္စဝေက္ခဏာ-[၄]အရ ဖြစ်သင့်သောစိတ်တို့၏ ဖြစ်သင့်သော ကိစ္စနှင့် အာရုံတို့ကို သင်္ဂဟအထောက်ပြ၍ ဖြေဆိုခဲ့ပါ။

၅။ "ကုသီတံ ဟီနဝီရိယံ" [၅] ၌ ကုသီတဖြစ်ခြင်း၏အကြောင်းကို ဖော်ပြ၍"အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ"၌ ဗြဟ္မဒတ္တေ-အရ ရဇ္ဇံ-အရတို့ကိုလည်း ဖော်ပြပါ။

၆။ "အနိက္ခသာဝေါ ကာသာဝံ" [၆] ၌ အနိက္ခသာဝေါ-ပုဒ်၊ ကာသာဝံ-ပုဒ်တို့၏အရ အထူးကို ဖော်ပြ၍ "ပစ္စဇိတကိစ္စသာ မတ္တကံ ပါပေတုံ ဝါယမန္တော"၌ မတ္တကံ-အရကို ညွှန်ပြပါ။

၇။ တိရစ္ဆာန်တို့၏ လူ့ထက်သာလွန်သောအရာကို ညွှန်ပြ၍ ယောသကနတ်သား၏ တိုးတိုးတိုင်ပင်သောအသံနှင့် ပကတိစကားအသံတို့သည် မည်မျှလောက် ပြန့်နှံ့နိုင်ပါသနည်း။ [၇]

၈။ နတ်များစုတေရခြင်း အကြောင်းတို့ကို ရေး၍၊ (က) သတ္တာနံ စုတူပပါတော နာမ ပုဗ္ဗညာဏေနပိ အပရိစ္ဆိန္နော၊ (ခ) သဗ္ဗသော ပန စဝန္တေ စ ဥပပဇ္ဇန္တေ စ ဇာနိတုံ ပဿိတုံ ဗုဒ္ဓါနမေဝ ဝိသယော"ဟူသော စကားနှစ်ရပ်ကို မဆန့်ကျင်အောင် ဖြေရှင်းပါ။ [၈]

၉။ "ဩဟာရိတကေသမဿုနာ ကာသာယနိဝတ္ထေန ကဋ္ဌတ္ထရကေ ဝါ ဗိဒလမဉ္စကေ ဝါ နိပဇ္ဇိတွာ ပိဏ္ဍာယ စရန္တေန ဝိဟရိတဗ္ဗံ"ကို အနက်ပေးခဲ့ပါ။ [၉]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၊ ၅။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၀၄။ ၃၃။ ၃-၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၃။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇၊ ၅၀၊ ၁၃။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၂၊ ၇၈။ ၇-၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၀၊ ၁၆၅။ ၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၇။

http://www.dhammadownload.com



၁၀။ "ငါ့ရှင် အာနန္ဒာ၊ ငါသည် ယခုအခါ၌ ဘုရားရှင်ကို ကြည်ဖယ်၍သာလျှင် ရဟန်းအပေါင်းကို ကြည်ဖယ်၍သာလျှင် ဥပုသ်ပြုအံ့" [၁] ဟူသော စကားရပ်ကို ပါဠိစုဋ္ဌကိုယ စီကုံးပါ။

* * * * *

## ၁၃၂၉-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အဒ္ဒသာ ခေါ ဥပကော အာဇီဝကော ဘဂဝန္တံ အန္တရာ စ ဂယံ အန္တရာ စ ဗောဓိံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နံ" [၂] ၌ အဒ္ဒသာ-ကို အာချာတ်ရုပ်ကျဉ်း စီရင်၍ "ဂယံ၊ ဗောဓိံ"တို့၏ လိင်၊ ဂိုဏ်း၊ ကာရန်နှင့် ဝိဘတျတ္ထကို ရေးခဲ့ပါ။

၂။ "အပ္ပေကစ္စေ ပရလောကဝဇ္ဇဘယဒဿာဝိနေ" [၂] ၌ ရှေ့ပုဒ်ကို သန္ဓိရုပ်ကျဉ်းစီရင်၍ နောက်ပုဒ်၌ ဝိဘတ်ကို ဖော်ပြပါ။

၃။ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ" [၃] ၌ ဟေတု-အရ တရားကို ကောက်ပြ၍ ယင်းနှင့်ယှဉ်သော စေတသိက်၊ ယင်း၏အာရုံမဟုတ်သော တရားတို့ကို ထုတ်ပြပါ။

၄။ (၃) နံပါတ် [၃] ပုစ္ဆာဝယ် အာဟ-အရ ဖြစ်သင့်သော စိတ္တုပ္ပါဒ်ကို ကောက်ပြ၍ ယင်း၏ ဟိတ်၊ ကိစ္စ၊ ဈာန်ဖြစ်သင့်သော ဒွါရနှင့်ဝတ္ထုတို့ကို ရေးခဲ့ပါ။

၅။ မိမိတို့ကျောင်းတိုက်သို့ လာရောက်၍ ရှင်ပြုသော ရှင်လောင်းကို ဆံချပေးရာတွင် လိုက်နာရမည့် ဝိနည်းကံကို ရေး၍ ယင်းကို ပညတ်ရခြင်း၏အကြောင်းဝတ္ထုကိုလည်း သိသာရုံ ရေးခဲ့ပါ။ [၆]

၆။ "ဝါကပ်ပြီးသော ရဟန်းဖြစ်ပါလျက် ဝါတွင်း၌ အရပ်တစ်ပါးမှ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သော်လည်း ဝါမကျိုး" [၇] ဟု ဆိုလျှင် ထိုစကားကို လက်ခံနိုင်မည်လော? မဟာဝါပါဠိတော်အရ ဖြေပါ။

၇။ မဟာဝိကဋ အမည်ရသော ဆေးပစ္စည်းသရုပ်ကို ထုတ်၍ ယင်းတို့ကို သုံးစွဲသော အခါ အကပ်ခံရမည်၊ မခံရမည်ကိုလည်း ပါဠိတော်လာအတိုင်း ဆုံးဖြတ်ခဲ့ပါ။ [၈]

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၉၀။ ၂၊ ဝိ၊ ၃၊ ၁၁။ ၃၊ ဝိ၊ ၃၊ ၉။ ၄-၅၊ ဝိ၊ ၃၊ ၅၃။
၆၊ ဝိ၊ ၃၊ ၁၀၇။ ၇၊ ဝိ၊ ၃၊ ၂၁၁။ ၈၊ ဝိ၊ ၃၊ ၂၉၈။

http://www.dhammadownload.com


၈။ သံယိကသက်နီးကို ဝေဖန်သောအခါ သာမဏေတို့ ရထိုက်သောအဖို့ကို ရေး၍ သာမဏေ၏ မတာသန္တကဖြစ်သောသင်္ကန်း သံယိကဖြစ်၊ မဖြစ်ကိုလည်း ပါဠိတော်နှင့်အညီ ဆုံးဖြတ်ခဲ့ပါ။[၁]

၉။ အောက်ပါ ပါဠိကို မြန်မာပြန်ဆိုပါ -

တေန ခေါ ပန သမယေန အညတရဿ ဘိက္ခုနော ယရဒိန္နကာဗာဓော ဟောတိ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ သီတာလောဠိံ ပါယေတုံ။[၂]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"အရှင်ဘုရား၊ တပည့်တော်တို့၏ ကိုယ်တို့သည်သာလျှင် ထူးပါကုန်၏၊ စိတ်သည် သော်ကား တစ်ခုတည်းကဲ့သို့ ဖြစ်ပါ၏" ။[၃]

* * * * *

## ၁၃၂၉-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ဧဝမေဝံ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု မိစ္ဆာပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘေစ္ဆတိ၊ . . . . . ဧဝမေဝံ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု သမ္မာပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘေစ္ဆတိ" ။[၄]

အထက်ပါ ဝါကျတို့၌ ပဏိဟိတေန- [၁] ကို သန္ဓိရုပ်ကျဉ်းစီရင်၍ ဘိက္ခဝေ-ပုဒ်ကို အကြောင်းနှင့်တကွ ကာရက အကာရက ခွဲပြပါ။

၂။ အဝိဇ္ဇံ- [၆] ၌ ဓာတ်ကိုယူ၍ ဘိက္ခု-ဟူသော ကတ္တားနှင့်အညီ ဂိုဏ်းဂဏ မမှားအောင် သဗ္ဗဓာတ်ဝိဘတ်များဖြင့် အာချာတပဒမာလာ စဉ်လျက် သာဝကၥ၌လည်း ဓာတ်ပစ္စည်းများ ခွဲခြားပြပါ။

၃။ မိစ္ဆာပဏိဟိတ ဖြစ်သင့်သောစိတ်များကို အရကောက်၍ အဆုံးဖြစ်သော မိစ္ဆာ ပဏိဟိတစိတ်၊ ထိုစိတ်နှင့်ယှဉ်သော စေတသိက်၊ ထိုစိတ်၏အာရုံတို့ကို သင်္ဂဟကျမ်းလာ အတိုင်း ဖြေဆိုခဲ့ပါ။[၇]

---

၁၊ ဝိ၊ ၃၊ ၃၉၈၊ ၄၂၀။ ၂၊ ဝိ၊ ၃၊ ၂၉၉။ ၃၊ ဝိ၊ ၃၊ ၄၉၈။ ၄-၅-၆-၇၊ အံ၊ ၁၊ ၇၊ ၂၃။

http://www.dhammadownload.com



၄။ သမ္မာပဏိဟိတစိတ် ဖြစ်သင့်သော စိတ်များကို သချာမျှ ဖော်ပြ၍ ပဋမသမ္မာပဏိဟိတ စိတ်၊ ထိုစိတ်ကို ဟိတ်၊ ကိစ္စ၊ ဒွါရ၊ ဝတ္ထု သင်္ဂဟတို့ဖြင့် ဝေဖန်ပိုင်းခြားခဲ့ပါ။ [၁]

၅။ ငါ့ရှင်တို့၊ ရဟန်းသာမဏေများသည် တိုင်းပြည်မှ လှူဒါန်းကြသော ဆွမ်းများကို သုံးဆောင်ကြရာ ထိုဆွမ်းစရိတ်များ တစ်ခဏချင်း ကျေပွန်အောင် မည်သည့်အလုပ်ကို မည်သို့လုပ်ရမည်ဟု ကေကနိပါတ် အစ္ဆရာသင်္ဃာတဝဂ်လာ ဒေသနာများဖြင့် ညွှန်ပြ၍ အမျိုးသား အမျိုးသမီးအပေါင်းတို့တွင် သရဏဂုံ ပဋမတည်သူကိုလည်း ဖော်ပြပါ။ [၂]

၆။ ငါ့ရှင်တို့၊ မိဘကျေးဇူးဆပ်ရန် နေ့စဉ် အဝတ်အစား နေရာဥစ္စာ များစွာဖြင့် ပြုစုလျှင် မိဘကျေးဇူးကျေလည်မည်လော? ဒုကနိပါတဒေသနာဖြင့် ညွှန်ပြ၍ မိမိအပြစ်ကို မမြင်တတ်သောသူ၊ အပြစ်ရှိကြောင်း တောင်းပန်သော် သည်းမခံသူတို့ကို အတန်းအစား ခွဲခြား ဆုံးဖြတ်ခဲ့ပါ။ [၃]

၇။ ငါ့ရှင်တို့၊ မိမိနှင့် သီလ သမာဓိ ပညာ တူမျှသူ၊ ယုတ်ညံ့သူ၊ လွန်မြတ်သူတို့ကို ဆက်ဆံရေး နည်းစနစ်အရ မည်သို့မှတ်သား၍ ဆက်ဆံသင့်ကြောင်းကို တိကနိပါတ ပုဂ္ဂလဝဂ်လာအတိုင်း အကျဉ်းချုံး၍ ပညာပေးခဲ့ပါ။ [၄]

၈။ ငါ့ရှင်တို့၊ ယဉ်ကျေးမှုဌာန သုခုမဆိုင်ရာ ဂီတနှင့်အကကို တွေ့ကြုံလျှင် သူတော်ကောင်းများ မည်သို့မှတ်သားလျက် မည်သို့ကျင့်သုံးအပ်သည်ကို တိကနိပါတ်ဖြင့် ဝေဖန်၍ ရဟန်းသာမဏေများအား အပ်သောပြုံးရယ်ခြင်း၊ မအပ်သောပြုံးရယ်ခြင်းတို့ကိုလည်း ခွဲခြားပြပါ။ [၅]

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ပါ -

သတံ တောနိ ဌာနာနိ၊ ယာနိ သေဝေထ ပဏ္ဍိတော။
အရိယော ဒဿနသမ္ပန္နော၊ သ လောကံ ဘဇတေ သိဝံ။ [၆]

၁၀။ အောက်ပါ မြန်မာကို ပါဠိစီကုံးပါ -

"ရဟန်းတို့၊ အနည်းငယ်မျှသော မစင်သည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့၊ ဤအတူ အနည်းသောဘဝကိုလည်း ငါဘုရား မချီးမွမ်းပေ၊ အယုတ်ဆုံး လက်ဖျစ်တစ်တွက် ကာလမျှလည်း မချီးမွမ်းပေ" [၇]

၁၊ အံ၊ ၁၊ ၇၊ ၂၃။ ၂၊ အံ၊ ၁၊ ၉၊ ၂၇။ ၃၊ အံ၊ ၁၊ ၆၃၊ ၁၁၁။ ၄၊ အံ၊ ၁၊ ၁၂၂။
၅၊ အံ၊ ၁၊ ၂၆၃။ ၆၊ အံ၊ ၁၊ ၁၅၀။ ၇၊ အံ၊ ၁၊ ၃၆။

http://www.dhammadownload.com



## ၁၃၂၉-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "သမ္ပဇ္ဇိစ္ဆိတွာ သတ္တာရံ ဝန္ဒိတွာ" [၁] ၌ သမ္ပဇ္ဇိစ္ဆိတွာ-ကို ပဒစ္ဆေဒပြုပြီးလျှင် ၎င်းပုဒ်၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် ပဒမာလာစဉ်ပြပါ။

၂။ "တွံ မေ မာတရိ မတာယ မာတာ ဝိယ" [၂] ၌ မာတရိ-ဝယ် မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့် မည်သည့်ဝိဘတ်သက်ရသည်ကို ဖော်ပြ၍ ၎င်းပုဒ်နောင် စတုတ္ထီဝိဘတ်သက်က ဖြစ်နိုင်သော ရုပ်စုကို ဖော်ပြပါ။

၃။ "သော သုက္ခဝိပဿကော အရဟာ ဟုတွာ" [၃] ၌ အရဟာ-အရ ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စိတ်၌ ဈာန်အင်္ဂါမည်မျှရှိသည်ကို ဖော်ပြ၍ ၎င်းအရဟတ္တဖိုလ်စိတ်၌ သမ္ပယုတ်ပွား ယှဉ်/မယှဉ်ကိုလည်း အကြောင်းပြ၍ ဖော်ပြပါ။

၄။ "သစာဟံ ဝေရူပဿ ပါပဂရဟိနော ဓမ္မဂရုကဿ" [၄] ဝါကျ၌ ဂရဟိနော-ဝယ် ဓာတ်အရ ဖြစ်သင့်သောစိတ်ကို ယှဉ်ဘက်စေတသိက်နှင့်တကွ ဖော်ပြ၍ ယင်းဓာတ်အရ စိတ်၏ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ကိုလည်း ရေးသားခဲ့ပါ။

၅။ "အဝေရေန စ သမ္မတိ" [၅] ၌ ရန်ငြိမ်းကြောင်းတရားများကို ဖော်ပြ၍ "အက္ကောသာဒိဝတ္ထုကံ ကောဓံ"၌ ကောဓကို "အမျက်ဒေါသ"ဟု ဆိုကြရာ ကောဓနှင့် တူသလော၊ ထူးသလော။

၆။ "သတ္ထု အာရဒ္ဓဝိရိယံ" [၆] ၌ သတ္ထု-အရ တိကျစွာ ကောက်ပြ၍ ဥပတိဿပရိဗ္ဗိုဇ်က အဿဇိထေရ်အား မေးသော စကားသုံးခွန်းကို မြန်မာလို ရေးပြခဲ့ပါ။

၇။ အနောမဒဿီဘုရားရှင်လက်ထက်တော်၌ - (၁) အာယုကပ်၊ (၂) ရဟန်းအခြံအရံ (၃) ဘုရားရှင်၏အသက်တော်တို့ကို ဖော်ပြ၍ "တေ သာရံ နာဓိဂစ္ဆန္တိ" [၇] ၌ သာရအရ တရားများကိုလည်း ညွှန်ပြခဲ့ပါ။

၈။ ဥတေနမင်းကို "ဥတေန"ဟု ခေါ်ဆိုရခြင်းအကြောင်းကို အဋ္ဌကထာအလိုကျ ထုတ်ပြ၍ နတ်တို့၏ ပုညက္ခယကြောင့် စုတေရပုံ၊ အာဟာရက္ခယကြောင့် စုတေရပုံတို့ကိုလည်း ရေးခဲ့ပါ။ [၈]

---

၁-၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၃၊ ၂၉။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၈၊၅၈။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၇၊ ၇၁။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၀၅၊ ၁၁၀။

http://www.dhammadownload.com



၉။ "စတ္တာလီသကောဋ္ဌိဝိဘဝေါ ဟောန္တောပိ ဥပ္ပိလာဝိတာကာရံ ဝါ အသ္မိမာနမတ္တံ ဝါ န ကရောတိ" [၁] ဝါကျကို အနက်ပေါ်လွင်အောင် ပေးခဲ့ပါ။

၁၀။ "ထဘီမလုံတလုံ ဝတ်ပြခြင်း၊ အင်္ကျီမပျော်တပေါ် ဝတ်ပြခြင်းဖြင့် ဖြားယောင်းကာ သီလပျက်စီးအောင် လုပ်၏" [၂] ဟူသော စကားရပ်များကို ပါဠိစီကုံးခဲ့ပါ။

* * * * *

## ၁၃၃၀–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အာဟညီ အမတဒုန္ဒုဘိံ" [၃] ဟူသော ပါဠိတော်ဝယ် အာဟညီ-၌ ဓာတ်အရ တရားကို မှန်ကန်စွာ ကောက်ပြ၍ ယင်းနှင့်ယှဉ်ရာ စိတ်များကိုလည်း ထုတ်ပြခဲ့ပါ။

၂။ အာဟညီ-[၄] အရ ဖြစ်သင့်သော စိတ္တုပ္ပါဒ်ကို ပကိဏ်းပိုင်းလာ သင်္ဂဟ (၆)ပါးဖြင့် ဝေဖန်ခဲ့ပါ။

၃။ "အညာသိကောဏ္ဍညော'တွေဝ" [၃] ပုဒ်ကို ပဒစ္ဆေဒပြု၍ ဒုန္ဒုဘိ-ပုဒ်ကိုလည်း နာမပဒ မာလာ စဉ်ခဲ့ပါ။

၄။ *အာဟညီ-[၆]၌ ကတ္တားပုဒ်ထည့်၍ စာစပ်ပြီးလျှင် ယင်း၌ ဂိုဏ်းအားလျော်စွာ ဓာတ်ကို ယူ၍ ရှိရင်းစွဲ ဝိဘတ်ဖြင့် ပရဿပုဒ်ဖြင့် သုဒ္ဓကတ္တုရုပ် ပဒမာလာ စဉ်ခဲ့ပါ။

၅။ အလွန်ထင်ရှားသော မဂဓတိုင်းသား လူကုံထံ အမျိုးသားတို့သည် ဗုဒ္ဓအထံ တရားအားထုတ်ကြသောအခါ အခြားသော လူဒါယကာ ဒါယိကာမတို့က ဗုဒ္ဓကို မည်ကဲ့သို့ ကဲ့ရဲ့ရှုတ်ချကြပါသနည်း။ [၅]

၆။ အကယ်၍ အနီးနေတပည့် နာဖျားခဲ့သော် နိဿယည်းဆရာ ရဟန်းသည် အလို ရှိတိုင်း အိပ်ခွင့်ရပါသလော၊ တပည့်အပေါ် နံနက်အခါ စောင့်ရှောက်ရမည့် ကျင့်ဝတ်ကို သိသာရုံမျှ ပြဆိုခဲ့ပါ။ [၈]

၇။ တိတ္ထိဖြစ်ဖူးသော အမျိုးသားတစ်ဦးက ရှင်ရဟန်းပြုပေးပါရန် လျှောက်ထားပြော ဆိုခဲ့သော် ရှေးဦးစွာ ကျင့်သုံးစေရမည့် ကျင့်ဝတ်ကို ပြဆို၍ ပရိဝါသ်ပေးသင့်သော တိတ္ထိတို့ကိုလည်း ပြဆိုခဲ့ပါ။ [၉]

---

၁၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၅၁။ ၂ ဓမ္မပဒ၊ ၄၊ ၁၊ ၁၀၆။ ၃-၄၊ ဝိ၊ ၃၊ ၁၂။ ၅၊ ဝိ၊ ၃၊ ၁၇။

၆၊ ဝိ၊ ၂ ၁၂။ ၇၊ ဝိ၊ ၃၊ ၅၄-၅။ ၈၊ ဝိ၊ ၃၊ ၈၂။ ၉၊ ဝိ၊ ၃၊ ၉၈၊ ၂၀၁။

* အာဟဉ္ဆ (ဝိ၊ ၃၊ ၁၂ မူလပါဌော)၊ အာဟညီ (ဝိ၊ ၃၊ ၁၂၊ ကေသုစိ ပါဌော)

http://www.dhammadownload.com



၈။ မျက်စိရောဂါ ဖြစ်လာခဲ့သော် ဗုဒ္ဓအလိုကျ သုံးစွဲရမည့် မျက်စဉ်းသရုပ်ကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ။ [၁]

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ပါ -

နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခံ။ [၂]

၁၀။ အောက်ပါ မြန်မာကို ပါဠိပြစီကုံးပါ -

"ရဟန်းတို့, လာကြလော့၊ တရားကို ကောင်းစွာဟောအပ်ပြီ။ ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ကုန်လော' [၃] ဟု မြတ်စွာဘုရားသည် မိန့်တော်မူပြီ။

## ၁၃၃၀–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ * "ယောယံ ပုဂ္ဂလော သဒ္ဓါဝိမုတ္တော၊ သောယံ သကဒါဂါမီ ဝါ အနာဂါမီ ဝါ" [၄] ၌ သကဒါဂါမိ-ပုဒ်ကို နာမပဒမာလာ စဉ်ပြ၍ သဒ္ဓါ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ် ပဉ္စမပုရိသ်ဖြင့် အာချာတပဒမာလာ စဉ်ပြခဲ့ပါ။

၂။ "တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ" [၅] ၌ ဘဂဝတော-ဝယ် သမ္ပဒါနတ္ထ စတုတ္ထီဝိဘတ်အပြင် မည်သည့်အနက်၌ မည်သည့်ဝိဘတ်သက်နိုင်သေးသည်ကို သုတ်အထောက်ပြ၍ ညွှန်ပြခဲ့ပါ။

၃။ "ဣတ္ထိယောသု ဂုတ္တာဒ္ဒါရော" [၆] ၌ ဒ္ဒါရ-အရ ပရမတ္ထအားဖြင့် တိကျစွာ ကောက်ပြခဲ့ပါ။

၄။ "စက္ခုနာ ရူပံ ဒိသွာ" [၇] ၌ စက္ခု-အရ ကောက်ပြ၍ ၎င်းစက္ခု-အရ တရားကို အာရုံပြုနိုင်သော စိတ်ကိုလည်း ရေးခဲ့ပါ။

၅။ ခုရှုတ္တရာ ရရှိသော တေဒဂ်ဘွဲ့ထူးကို ရေး၍ ၎င်းခုဇ္ဇုတ္တရာသည် တေဒဂ်ရရှိသူ ဖြစ်ပါလျက် ကျွန်မဖြစ်ရခြင်း၊ ခါးကုန်းသူဖြစ်ရခြင်းအကြောင်းတို့ကို ရေးခဲ့ပါ။ [၈]

၆။ ပထဝီကသိဏ-အရ၊ ဝိညာဏကသိဏ-အရတို့ကို ပြည့်စုံအောင် ဖွင့်ပြပါ။ [၉]

၁၊ ဝိ၊ ၃၊ ၂၉၄။ ၂၊ ဝိ၊ ၃၊ ၃၄၄။ ၃၊ ဝိ၊ ၃၊ ၅၄။ ၄၊ အံ၊ ၁၊ ၁၁၈။ ၅၊ အံ၊ ၁၊ ၁။ ၆-၇၊ ၁၁၁။ ၈၊ အံ၊ ၁၊ ၂၇။ [အံ၊ ဋ၊ ၁၊ ၃၃၈။ ဓမ္မ၊ ဋ၊ ၁၊ ၁၄၄။] ၉၊ အံ၊ ၁၊ ၄၃။

* အံ၊ ၁၊ ၁၁၈။ ၁-ပုစ္ဆာမှု (အံ၊ ၁၊ ၁၁၈-၌ "ယွာယံ"ဟုဆဋ္ဌမူရှိ၏) ၂ အံ၊ ၁၊ ၁၁၈-၌ ဆဋ္ဌမူ "သွာယံ" ဟု ရှိ၏။

http://www.dhammadownload.com



၇။ အဇ္ဈတ္တသံယောဇန၊ ဗဟိဒ္ဓါသံယောဇန- အရတို့ကို ဖော်ပြ၍ ရက္ခာဝရဏဂုတ္တိ-၌ ရက္ခ၊ အာဝရဏ၊ ဂုတ္တိ-တို့၏ အထူးကို ရေးခဲ့ပါ။ [၁]

၈။ မဟာနာမ်သည် သမာဓိနှင့်ပညာ မည်သည့်အရာက ရှေးဦးစွာ ဖြစ်သည်ကို မေးလျှောက်ရာ၌ ဘုရားရှင်၏ ဖြေကြားချက်ကို ထုတ်ဖော်ပြ၍ ပရိသာသုတ်လာ ပရိသတ်သုံးပါး၏ အမည်မျှကို ရေးခဲ့ပါ။ [၂]

၉။ "ဂေါနကော စိတ္တကော ပဋိကာ ပဋလိကာ တူလိကာ" [၃] ပုဒ်တို့ကို အနက် မြန်မာပြန်ဆိုခဲ့ပါ။

၁၀။ "ကျွမ်းကျင်သော ရွှေပန်းထိမ်သည်၏သားသည် ကောင်းစွာ အပြေအပြစ်ပြုလျက် ဖိုဝ၌ အလွန်ကောင်းစွာ ကြည်စေကာ ကမ္ဗလာနီပေါ်၌ တင်ထားအပ်သော တစ်နိက္ခရှိ ဇမ္ဗူရာဇ်ရွှေစင်သည် အရောင်ထွက်လှပေ၏" ဟူသော မြန်မာစကားရပ်များကို ပါဠိစီကုံးပြခဲ့ပါ။ [၄]

* * * * *

## ၁၃၃၀-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "အမဋ္ဌပေါ မာ စ မုသာ ဘဏာဟိ" [၅] ၌ မုသာ၊ "အသာရေ သာရမတိနော"၌ သာရမတိနော-တို့ကို နာမ်ရုပ်ကျဉ်းတွက်ခဲ့ပါ။

၂။ "ကိံ ကာဟသိ ဗျဂ္ဃနံ ဗဟုံ" [၆] ၌ ကာဟသိ၊ "သာမိ မာ သဒ္ဒံ ကရိ"၌ ကရိ-တို့ကို အာချာတ်ရုပ်ကျဉ်း တွက်ခဲ့ပါ။

၃။ "ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ" [၇] ၌ ဒီပံ-အရ ကရဓာတ်အရ၊ ယံ-အရ တရားတို့ကို ဖော်ပြပါ။

၄။ "အရိယာနံ ဂေါစရေ ရတာ" [၈] ၌ ဂေါစရ-အရ၊ "အဘဗ္ဗော ပရိဟာနာယ"၌ ပါဌ်သေသ ကရိုဏ်းပါဌ်အရတို့ကို ဖော်ပြပါ။

---

၁၊ အံ၊ ၁၊ ၆၄၊ ၁၀၈။ ၂ အံ၊ ၁၊ ၂၂၀၊ ၂၄၅။ ၃-၄၊ အံ၊ ၁၊ ၁၈၂။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၁၊ ၇၃။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၈၊ ၁၁၄။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၂။ ၈၊ ဓမ္မပဒဋ္ဌ၊ ၁၊ ၁၄၅။

http://www.dhammadownload.com



၅။ ဖော်ပြလတ္တံ့သော ဂါထာကို နိယတ်အနိယတ် စုံစေလျက် အနက်မှန်မှန် သမ္ဗန်ခဲ့ပါ -

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။

နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။ [၁]

၆။ "စဝန္တေ စ ဥပပဇ္ဇန္တေ စ အက္ခိန္တေန အဝေက္ခတိ" [၂] ၌ စုတေဆဲ ပဋိသန္ဓေနေဆဲကို မြင်နိုင်၊ မမြင်နိုင် ခိုင်လုံသောယုတ္တိဖြင့် ဖြေရှင်းခဲ့ပါ။

၇။ စက္ခုပါလတ္ထေရ်ဝတ္ထု၏ ဆုတောင်းနှင့် "ဆ အဘိညာ သမ္ပာဒေဿာမိ" [၃] ၌ ဆသရုပ်ကို ထုတ်ပြခဲ့ပါ။

၈။ သိကြားကို "သက္ကာ၊ ဝါသဝ၊ သဟဿက္ခ" [၄] ဟု ခေါ်ရခြင်းအကြောင်းနှင့် မဃဆောက်လုပ်သောဇရပ်မှာ ပျဉ်ချပ်မည်မျှ ရှိသနည်း ဖော်ပြခဲ့ပါ။

၉။ ပညာရှိများ အဘယ့်ကြောင့် မမေ့လျော့ခြင်းကို ချီးမွမ်း၍ မေ့လျော့ခြင်းကို ကဲ့ရဲ့ ရှုတ်ချ အပြစ်တင်ကြပါသနည်း။ [၅]

၁၀။ အောက်ပါ မြန်မာကို ပါဠိစီကုံးပါ -

"တိရစ္ဆာန်တို့သည် ဖြောင့်မတ် ရိုးသားသော သဘောရှိကုန်၏၊ မလိမ်လည် မကောက်ကျစ်ကြကုန်။ လူတို့ကား စိတ်ကြံတခြား၊ အပြောတခြား ဖြစ်ကုန်၏" [၆]

* * * * *

## ၁၃၃၁–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ဩဒဟထ ဘိက္ခဝေ သောတံ" [၇] ၌ ဩဒဟထ-ကို ပဒစ္ဆေဒပြု၍ ယင်းပုဒ်၌ ဓာတ်ကို အပိဥပသာရနှင့်တွဲစပ်၍ ဝတ္တမာန် (တေ၊ အန္တေ) ဝိဘတ်တို့ဖြင့် ကမ္မရုပ် ပဒမာလာ ပြည့်စုံစွာ စဉ်ပါ။

၂။ "ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော" [၈] ၌ ထည့်သင့်သော ကံကို ထည့်၍ ယင်းကို စာစပ်ပြီးလျှင် "ပဌမံ ဥပဇ္ဈံ"ပုဒ်တို့၏ ဤ၌ ဖြစ်သင့်သောလိင်ကို ရေးခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၄။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၅။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၇၊ ၁၆၄။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၈၊ ၁၇၁။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၈။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၀။ ၇၊ ဝိ၊ ၃၊ ၁၃။ ၈၊ ဝိ၊ ၃၊ ၁၃၀။

http://www.dhammadownload.com


၃။ "ဝိဂတကထံကထော" [၁] ပုဒ်၌ ကထံကထာ-အရ တရားကိုယ်ကောက်ပြ၍ ထိုတရား၏ ကိစ္စ၊ ဒွါရ၊ ဝတ္ထုတို့ကို ဖော်ပြပါ။

၄။ "ဒိသွာ အာဒီနဝံ လောကေ၊ ဥတွာ ဓမ္မံ နိရူပဓိ" [၂] ၌ နိရူပဓိဓမ္မအရ ကောက်ပြ၍ ထိုကို အနေကန်အာရုံပြုသော စိတ်တို့ကို ရေ၍ ထိုစိတ်တို့တွင် ပဌမစိတ်၌ အမြဲယှဉ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၅။ "ဒိဏ္ဍာ ဇာတိ" [၃] အရ ပဋိသန္ဓေကုန်ပုံကို ဥပမာသွင်း၍ ကျနစွာ ရှင်းလင်းပြီးလျှင် အနုပုဗ္ဗိကထာ သရုပ်ကိုလည်း ပါဠိတော်လာအတိုင်း ထုတ်ပြပါ။

၆။ လက်ဖျား ခြေဖျားတို့၌ ဖြစ်သော လေနာရောဂါအတွက် ဘုရားရှင်ညွှန်ကြားအပ်သော ကုသနည်းတို့ကို စုံလင်အောင် ရေး၍ ခြသေ့်သား စားခြင်းကို ပယ်တော်မူရခြင်း၏အကြောင်းကို ရေးခဲ့ပါ။ [၄]

၇။ ဝိသာသဂ္ဂါဟယူနိုင်ကြောင်း အင်္ဂါ (၅)ပါးကို ဖော်ပြ၍ ချမ်းသာသော မိဘတို့အား သင်္ကန်းပေးလျှင် သဒ္ဓါဒေယျဝိနိပါတ ဖြစ်၊ မဖြစ် ဖြေဆိုပါ။ [၅]

၈။ ကောသမ္ဗကက္ခန္ဓကလာ ဒီဃာဝုဝတ္ထုကို ဖတ်ရှုရသဖြင့် အဘယ်သို့သော လိုက်နာကျင့်ကြံဖွယ်တို့ကို မှတ်သားရကြောင်း မကျဉ်းမကျယ်ရေး၍ ဒီဃီတိကောသလမင်းပေးသော ဩဝါဒတို့၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။ [၆]

၉။ အောက်ပါ ဂါထာကို မြန်မာစကားပြေ ပြန်ဆိုပါ -

ပမုဋ္ဌမှိ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။
ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။ [၇]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"ထိုအခါ အရှင်ရေဝတသည် အရှင်သာရိပုတ္တရာနှင့် တွေ့၍ 'အရှင်ဘုရား၊ တပည့်တော်သည် မထေရ်အား သင်္ကန်းကို ပို့စေအပ်ပါပြီ၊ ရောက်ပါ၏လော" [၈] ဟု မေးပြီ။

* * * * *

---

၁၊ ဝိ၊ ၃၊ ၁၇။ ၂၊ ဝိ၊ ၃၊ ၂၈၆။ ၃၊ ဝိ၊ ၃၊ ၂၀-၂။ ၄၊ ဝိ၊ ၃၊ ၂၉၇၊ ၃၁၄။ ၅၊ ဝိ၊ ၃၊ ၄၁၁-၂။
၆၊ ဝိ၊ ၃၊ ၄၉၅-၄။ ၇၊ ဝိ၊ ၃၊ ၁၇၇၊ ၈၊ ဝိ၊ ၃၊ ၄၂၅။

http://www.dhammadownload.com



## ၁၃၃၁–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ ဂူထဘာဏီ-ပုဒ်နောင် ဖြစ်သင့်သော ဣတ္ထိလိင် ပစ္စည်းသက်၍ နာမပဒမာလာ စဉ်ပြီးလျှင် စာဂ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ် ပဌမပုရိသ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။ [၁]

၂။ "ဒါယကေန မတ္တာ ဇာနိတဗ္ဗာ" [၂] ၌ ကတ္တားဝယ် တတိယာဝိဘတ်သက်ထားရခြင်း အကြောင်းကို ပြ၍ "လာဘိနံ ယဒိဒံ သီဝလိ"၌ ဆဋ္ဌီဝိဘတ်၏အနက်ကို သုတ်ထောက် ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၃။ "ဝိဋ္ဋံ ဥပ္ပါဒေဿတိ" [၃] ၌ ဝိဋ္ဋံ-အရ ပရမတ္ထတရားကို တိကျစွာကောက်ပြ၍ ၎င်းတရားနှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

၄။ "ဝိဋ္ဌာဝိမုတ္တိဖလသစ္ဆိကိရိယာယ" [၄] ၌ ဖလအရကို ကောက်ပြ၍ ၎င်းကို အာရုံပြုနိုင်သောစိတ်ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၅။ သာသနာတော်၌ ဝီရိယအရှိဆုံး ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့ကို ဖော်ပြ၍ ၎င်းတို့၏ မွေးဖွားရာအရပ်ဒေသကိုလည်း ညွှန်ပြခဲ့ပါ။ [၅]

၆။ မိန်းမများ စကြဝတေးမင်း မဖြစ်နိုင်ခြင်း၏အကြောင်းများကို ဖော်ပြ၍ ၎င်းတို့ မရောင့်ရဲနိုင်သော အရာနှစ်ပါးကိုလည်း ထုတ်ပြခဲ့ပါ။ [၆]

၇။ ဇိဏ္ဏာနှင့်မဟာလ္လကာ အထူးကို ဖော်ပြ၍ အပ္ပစ္စယနှင့်အနဘိရတိ-တို့၏အရကိုလည်း ကောက်ပြခဲ့ပါ။ [၇]

၈။ သေမင်းတမန်သုံးယောက်တို့ကို ဖော်ပြ၍၊ ၎င်းတို့ကို သေမင်းတမန် ခေါ်ရခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။ [၈]

၉။ စတုက္ကဏ္ဍော စတုဒွါရော၊ ဝိဘတ္တော ဘာဂသော မိတော။
အယောပါကာရပရိယန္တော၊ အယသာ ပဋိကုဇ္ဇိတော- [၉] ဟူသော ဂါထာကို အနက် မြန်မာပြန်ဆိုခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၁၂၅၊ ၉၀။ ၂၊ အံ၊ ၁၊ ၃၆၊ ၂၄။ ၃၊ အံ၊ ၁၊ ၇။ ၄၊ အံ၊ ၁၊ ၄၄။
၅၊ အံ၊ ၁၊ ၂၄-၆။ [အံ၊ ဋ္ဌ၊ ၁၊ ၁၈၃၊ ၂၈၁။] ၆၊ အံ၊ ၁၊ ၃၀၊ ၇၇။ [အံ၊ ဋ္ဌ၊ ၁၊ ၃၆၃။]
၇၊ အံ၊ ၁၊ ၁၅၄၊ ၇၈။ [အံ၊ ဋ္ဌ၊ ၂၊ ၁၄၀၊ ၆၂။ ဒီ၊ ဋ္ဌ၊ ၁၊ ၅၂။ ဒီ၊ ဋီ၊ ၁၊ ၅၉။ သီ၊ ဋီ၊ သစ်၊ ၁၊ ၂၂၁။]
၈၊ အံ၊ ၁၊ ၁၃၇။ ၉၊ အံ၊ ၁၊ ၁၄၀။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုခဲ့ပါ -

"အကိုင်း အခက် အရွက်ဖြင့် ကြီးပွားကုန်၏။ အခေါက် အပွေးတို့ဖြင့် ကြီးပွားကုန်၏၊ အကာအနှစ်ဖြင့် ကြီးပွားကုန်၏" [၁]

* * * * *

## ၁၃၃၁-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ" [၂]

အထက်ပါ ဂါထာဝယ် မနောပုဗ္ဗင်္ဂမာ-ကို သုတ်ညွှန်းတို့ဖြင့် ပဒစ္ဆေဒပြု၍ (စေ)ကို နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင် မန-နောင် ပဌမာ သတ္တမီဝိဘတ်တို့ဖြင့် ပဒမာလာ စဉ်ခဲ့ပါ။

၂။ ပသန္နေန-၌ မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ မည်သည့်ဝိဘတ်သက်ထားသည်ကို ရေး၍ မနသာ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ဥတ္တမပုရိသ်ဖြင့်သာ ကမ္မရုပ် ပဒမာလာ စဉ်ခဲ့ပါ။ [၃]

၃။ အထက်ပါ ဂါထာဝယ် မနော-အရ စိတ်တို့ကို သာမည+ဝိသေသ ခွဲခြားကောက်ပြ၍ ဝိသေသအရ စိတ်ကိုသာ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။ [၄]

၄။ (၃)နံပါတ် ပုစ္ဆာပါ သာမညအရ စိတ်တို့တွင် နောက်ဆုံးစိတ်နှင့်ယှဉ်သော စေတသိက်တို့ကို တိကျစွာရေး၍ ဝိသေသအရ စိတ်က အာရုံပြုနိုင်သမျှသော တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။ [၅]

၅။ ပဓာနိကယောဂီသည် "ကိုယ်အစိတ်အပိုင်းကို စွန့်ရမည်၊ အကျင့်ကို စွန့်ရမည်"ကို မည်သူနှင့်တိုင်ပင်၍ မည်သို့ ဆုံးဖြတ်ရမည်ကို ရေး၍ "အသည်းကွဲသေသည်၊ နှလုံးကွဲသေသည်" ဤနှစ်လီတွင် မည်သည့်စကားကို အတည်ပြုရမည်နည်း၊ သက်သေသာဓကထုတ်ပြပါ။ [၆]

၆။ သုသာန်ဓုတင် ဆောက်တည်သော ရဟန်းများ လိုက်နာရမည့် ဥပဒေသတို့ကို ရေး၍ "အာဏာသည် သေနတ်ဖျားမှာ တည်သည်" ဟူသော စကားအရ လက်နက်ကိုင် အုပ်ချုပ်နည်းစနစ် မှန်/မမှန်ကို နန္ဒတ္ထေရဝတ္ထုဖြင့် ဖြေဆိုခဲ့ပါ။ [၇]

---

၁၊ အံ၊ ၁၊ ၁၅၀။ ၂-၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၃။ ၄-၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၄။

၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၊ ၄၁၊ ၁၁၀။ ၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၄၊ ၈၀။

http://www.dhammadownload.com



၇။ တိုင်းပြည်အတွက် တစ်သက်လုံး သားသတ်ရုံတွင် အလုပ်လုပ်ကိုင်သွားသော လုပ်သားကြီးသည် မည်သို့သေ၍ မည်သည့်ဘုံသို့ ရောက်နိုင်သည်ကို ဝတ္ထုသာဓကဖြင့် ဖြေခဲ့ပါ။ [၁]

၈။ သမီးက ဖခင်ကို "မောင်ငယ်"ဟု ခေါ်နိုင်ပါသလော၊ အကြောင်းပြချက် ဝတ္ထုအတိုင်း ရေး၍ "ပျော်ပျော်နေ သေခဲ" ဟူသော မေ့လျော့သူတို့၏ စကားပုံသည် မှန်/မမှန် သက်သေပြ ဖြေပြီးလျှင် "အပ္ပမတ္တဿ ယသော ဘိဝဍ္ဍတိ" [၂] ၌ ယဿ-သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၉။ အောက်ပါ ဂါထာကို ဥပမာအပြင်ထုတ်လျက် အနက်ယောဇနာပါ -

အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။

သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။ [၃]

၁၀။ အောက်ပါ မြန်မာဝါကျတို့ကို ပါဠိဘာသာ သီကုံးပါ -

ထိုသူသည် 'ငါသည် ထိုအရပ်သို့ သွားလျှင် ငါ၏ အသက် မရှိ'ဟု ဘေးကို ကြောက်သဖြင့် 'ယနေ့ သွားအံ့၊ နက်ဖန် သွားအံ့'ဟု နေ့တို့ကို ကုန်လွန်စေ၏။ [၄]

* * * * *

## ၁၃၃၂-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ဥဒ္ဒေသကာနံ အာပတ္တိ ထုလ္လစ္စယဿ" [၅] ၌ ထုလ္လစ္စယဿ-ကို ဖြစ်သင့်သမျှ သုတ်ညွှန်းပြ ပဒစ္ဆေဒပြုလျက် အာပတ္တိ-နောင် သတ္တမီဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပြီးနောက် ထုလ္လစ္စယဿ-၏ ဤ၌ ယူရမည့် လိင်ကိုလည်း ညွှန်ပြခဲ့ပါ။

၂။ အထက်နံပါတ် (၁) ဝါကျကို ဖြစ်သင့်သမျှ စာစပ်၍ ဥဒ္ဒေသကာနံ- [၆] ၌ ပုဗ္ဗပဒနှင့် တကွ ဓာတ်ကို ပဌမ ပရဿပုဒ် မဇ္ဈိမပုရိသ်တို့ဖြင့် ကတ္တုရုပ်ဂိုဏ်းစဉ်ခဲ့ပါ။

၃။ "အတ္ထိကေဟိ ဥပညာတံ မဂ္ဂံ- [၇] ၌ ဥပညာတံ-အရကို ကောက်၍ ထိုတရားကို အာရုံပြုနိုင်သော တရားစုတို့ကို တိကျစွာ ရေးပြီးလျှင် ယှဉ်ဘက်ဓမ္မသရုပ်ကိုလည်း ထုတ်ခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၁။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၈၊ ၁၄၅၊ ၁၅၂။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၂။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၃။ ၅-၆၊ ဝိ၊ ၃၊ ၁၈၀။ ၇၊ ဝိ၊ ၃၊ ၅၁။

http://www.dhammadownload.com



၄။ "ယေ တရန္တိ အဏ္ဏဝံ သရံ" [၁] အရ ကောက်၍ ထို၏သမ္ပယုတ္တဓမ္မတို့ကို တိတိကျကျ ရေးပြီးနောက် ဝေဒနာ၊ ဟေတု၊ ဒွါရ၊ ဝတ္ထုတို့ဖြင့်လည်း ဝေဖန်ခဲ့ပါ။

၅။ ရာဇဗြိုဟ်ပြည့်ရှင် "မောင်ရွှေနှစ်"၏ လိုလားချက်တို့ကို အစဉ်မပျက် ရေး၍ အညတိတ္ထိယ ပရိဝါသ်မပေးသင့်သော ရသေ့နှင့်တိတ္ထိတို့ကို အကြောင်းနှင့်တကွ ရေးပြီးလျှင် မှိုရာလေးပါးကိုလည်း ရေးခဲ့ပါ။ [၂]

၆။ ငှက်ပျောတောကြီးကို ဝနနိမိတ် လုပ်နိုင်/မလုပ်နိုင် ပိုင်နိုင်စွာ ရေး၍ ပါတိမောက် အကျဉ်းပြနိုင်ခွင့်ရှိသည့် အခါတို့ကို ရေးပြီးလျှင် အရိုးအိုးဂူအတွင်း ဝါကပ်နိုင်/မကပ်နိုင်တို့ကိုလည်း တိကျစွာ ရှင်းလင်းခဲ့ပါ။ [၃]

၇။ ကတ္တိကပါခြေနင်းကို ရဟန်းများ စီးသင့်သလော? ဖြေ၍ အမျိုးသမီးငယ်တစ်ယောက် မောင်းသောကားကို စီးသောရဟန်း အာပတ်သင့်/မသင့် ရေးပြီးလျှင် ရှင်မဟာကစ္စည်း၏ ဆု (၅)ပါးကိုလည်း ရေးခဲ့ပါ။ [၄]

၈။ ပိယဆေး ခပ်ခံရသူကို ကုစားနည်းကို ရေး၍ နတ်တို့အား အမျှပေးဝေသင့် /မဝေသင့်ကို ရေးပြီးနောက် ယခုခေတ်ထက် အစွမ်းထက်သည့် ဇီဝက၏ ခွဲစိတ်ကုသပုံကိုလည်း သရုပ်ဖော်ခဲ့ပါ။ [၅]

၉။ "သော ဗဟိသိမဂတော သုဏာတိ 'ဥဗ္ဗတံ ကိရ တသ္မိံ အာဝါသေ ကထိနံ'န္တိ" [၆] ကို ထည့်သင့်သည့် ကတ္တားထည့်၍ အာကာရအပြင်ထုတ်နည်းအရ အနက်ယောဇနာခဲ့ပါ။

၁၀။ "အချင်းတို့၊ ဒီဃီတိကောသလမင်း၏သား ဒီဃာဝုသတို့သားကို မြင်ကြလျှင် သူ့ကို သင်တို့ ဘာလုပ်ကြမလဲ" [၇] ရင်းဝါကျကို ပါဠိစီကုံးခဲ့ပါ။

* * * * *

## ၁၃၃၂-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ဟတ္ထေန ဝါ ပါဒေန ဝါ အက္ကန္တံ ဟတ္ထံ ဝါ ပဒံ ဝါ ဘေဇ္ဇတိ" [၈] ၌ အက္ကန္တံ-ကို သန္ဓိရုပ် ကျနစွာ စီရင်ပြီးလျှင် အက္ကန္တံ-မှ ဓာတ်၊ ဘေဇ္ဇတိ-မှ ဝိဘတ်ကို ယူ၍ ထိုဝိဘတ် ဆိုင်ရာ ပရဿပုဒ်အစုံဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၃၂၅။ ၂၊ ဝိ၊ ၃၊ ၄၇၊ ၁၀၁၊ ၇၃။ ၃၊ ဝိ၊ ၃၊ ၁၄၄၊ ၁၅၂ ၂၁၂။ ၄၊ ဝိ၊ ၃၊ ၂၃-ခုနှစ် ပြန်ရှု။ ၂၈၀-၅။ ၅၊ ဝိ၊ ၃၊ ၂၉၉၊ ၃၂၄၊ ၃၈၄။ ၆၊ ဝိ၊ ၃၊ ၃၆၅။ ၇၊ ဝိ၊ ၃၊ ၄၉၄။ ၈၊ အံ၊ ၁၊ ၇။

http://www.dhammadownload.com


၂။ "ပဟာနံ ကာမသညာနံ၊ ဒေါမနဿာန စူဘယံ" [၁] ဝယ် ရှေ့ (၃)ပုဒ်၌ မည်သည့် ဝိဘတ်ကို မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့် သက်ထားကြောင်း ဖြေဆို၍ ဥဘယံ-ပုဒ်ကို နာမပဒမာလာ ပြုခဲ့ပါ။

၃။ "အသုဘနိမိတ္တံ ဘိက္ခဝေ ယောနိသော မနသိ ကရောတော အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော နုပ္ပဇ္ဇတိ" [၂] ၌ အသုဘနိမိတ္တံ-အရ ကျနစွာ ကောက်ပြ၍ ကာမစ္ဆန္ဒကို အာရုံပြုနိုင်သော စိတ်တို့ကို မမှားအောင် ရေတွက်ခဲ့ပါ။

၄။ "ဒွေမေ ဘိက္ခဝေ ဓမ္မာ သုက္ကာ" [၃] ၌ သုက္ကာ-အရ တရားတို့ကို ကောက်ပြ၍ ယင်းတရားတို့၏ သမ္ပယုတ်တရား၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရတို့ကို ဖော်ပြပါ။

၅။ ကေန်ပါတ် အဋ္ဌာနပါဠိ ပဌမဝဂ်လာ ဒေသနာအရ "သောတာပန်ပုဂ္ဂိုလ်သည် အမိ အဖ ရဟန္တာတို့ကိုသာ မသတ်၊ အခြားသော သတ္တဝါတို့ကိုသာ သတ်သည်" [၄] ဟု ယူလျှင် သင့်/မသင့် ဘုရားရှင်အလိုကျ အကြောင်းပြဖြေပါ။

၆။ မိဘကျေးဇူး ပြေလည်အောင် ဆပ်နည်းကို ဗုဒ္ဓအလိုတော်ကျ ရေး၍ ငါ့ရှင်သည် ဗုဒ္ဓဘူမိ၌ တည်လိုလျှင် အဘယ်သို့ ကျင့်ကြံအားထုတ်ရမည်ကို ဒုကနိပါတ် ပါဠိတော် အရ ဖြေဆိုပါ။ [၅]

၇။ "သာဓိကမိဒံ ဘန္တေ ဒိယဍ္ဎသိက္ခာပဒသတံ အန္ဝဍ္ဎမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ" [၆] အရ ယခုအခါ၌ ပါတိမောက်၌ သိက္ခာပုဒ် (၁၅၀)ကျော်သာ ရှိသင့်သည်ဟု ဆိုလျှင် သင့်/မသင့် အကြောင်းပြ ဖြေဆို၍ ယင်းသိက္ခာပုဒ်တို့ကို အကျဉ်းချုံးလိုက်လျှင် မည်သည့်တရားဖြစ် လာနိုင်ကြောင်း ဖြေဆိုပါ။

၈။ အနိစ္စ ဒုက္ခ အနတ္တသဘောတို့သည် ဘုရားရှင် ပွင့်တော်မူမှသာ တည်ရှိသော တရားကို ဟုတ်/မဟုတ်? တိကနိပါတ်မှ သုတ်ထောက်ပြ၍ ဖြေပြီးလျှင် နိဗ္ဗာန်သည် အနတ္တ၌ အကျုံးဝင်/မဝင်? အထောက်ပြ၍ ဖြေဆိုပါ။ [၇]

၉။ အောက်ပါ ဂါထာကို မြန်မာပြန်ပါ -

အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။
တံ တဿ ဟောတိ အတ္ထာယ၊ နော စ ယံ တတ္ထ ဍယှတိ။ [၈]

---

၁၊ အံ၊ ၁၊ ၁၃၃။ ၂၊ အံ၊ ၁၊ ၃။ ၃၊ အံ၊ ၁၊ ၅၃။ ၄၊ အံ၊ ၁၊ ၂၈။ [အံ၊ ဌ၊ ၁၊ ၃၅၃။] ၅၊ အံ၊ ၁၊ ၄၃-၈။ ၆၊ အံ၊ ၁၊ ၂၃၁-၂။ ၇၊ အံ၊ ၁၊၂၈၉။ နိဗ္ဗာန် အနတ္တ၊ "သဗ္ဗေ သင်္ခါရာ"ဟု မဟောဘဲ "သဗ္ဗေ ဓမ္မာ"ဟု ဟောပုံထောက်။ ၈၊ အံ၊ ၁၊ ၁၅၅။

http://www.dhammadownload.com



၁၀။ "ရဟန်းတို့၊ ဥပမာမည်သည်ကား ယောက်ျားတို့သည် ဆားခွက်ကို ရေနည်းသော ခွက်၌ ထည့်ကုန်ငြားအံ့၊ အနည်းငယ်ကုန်သော ထိုရေတို့သည် ဤမည်သော ဆားခွက်ဖြင့် မသောက်နိုင်ကုန်သော ဆားငန်ရေတို့ ဖြစ်ကုန်ရာသလော"* ဟူသော စကားကို စုဏ္ဏိယ ပါဠိ၌ စီကုံးပါ။ [၁]

* * * * * *

## ၁၃၃၂-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။

အပေတော ဒမသစ္စေန၊ န သော ကာသာဝမရဟတိ" [၂] အထက်ပါ ဂါထာ- အနိက္ကသာဝေါ-ပုဒ်၊ "ယော စ ဝန္တကသာဝ'ဿ"၌ ဝန္တကသာဝ'ဿ-ပုဒ်တို့ကို ပဒစ္ဆေဒပြု၍ ကသာဝ-ပုဒ်ကိုလည်း နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ ပရိဒဟိဿတိ- [၃] ကို အာချာတ်ရုပ်ကျဉ်းတွက်၍ ယင်းပုဒ်ကို ရှိရင်းစွဲ ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ အနိက္ကသာဝေါ - [၄]၌ ကသာဝ-အရကို ကုန်စင်အောင် ကောက်ပြ၍ ယင်းတရား တို့တွင် ခြောက်ခုမြောက်တရားနှင့်ယှဉ်သော စိတ်ကိုလည်း ကောက်ပြခဲ့ပါ။

၄။ ကသာဝ- [၅] အရ ခြောက်ခုမြောက်တရားကို ဝေဒနာ၊ ဟိတ်၊ ကိစ္စတို့ဖြင့် ဝေဖန်၍ ယင်းတရား၏ အာရုံ အာရမ္မဏိက ဖြစ်ထိုက်သော တရားတို့ကိုလည်း ခွဲခြား၍ ကောက် ပြခဲ့ပါ။

၅။ ဒါနမပြု သီလမဆောက်တည် တရားတော်ကို မနာဘဲလျက် နတ်ပြည်သို့ ရောက် သောပုဂ္ဂိုလ်ကို ဝတ္ထုနှင့်တကွ ဖော်ပြ၍ နတ်ပြည်သို့ ရောက်နိုင်ခြင်း၏အကြောင်း ကိုလည်း ဖော်ပြခဲ့ပါ။ [၆]

၆။ ငါ့ရှင် အာသနပညာပက ရဟန်းတစ်ပါးဖြစ်ခဲ့သော ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့်သား သာဝကတို့၏နေရာကို မည်ကဲ့သို့ စီစဉ်ခင်းကျင်းမည်နည်း? ခင်းကျင်းပုံကို စနစ်တကျ ပြခဲ့ပါ။ [၇]

၁၊ အံ၊ ၁၊ ၂၅၁။ ၂-၃-၄-၅၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၅၂။ ၆၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၂၂။ ၇၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၄၆။

* အံ၊ ၁၊ ၂၅၁-ကို အနည်းငယ် ပြုပြင်၍ မေးထားသည်။

http://www.dhammadownload.com



၇။ ရှင်သာရိပုတ္တရာသည် ပညာအရာ၌ ဧတဒဂ်ရပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်ပါလျက် ရှင်မောဂ္ဂလ္လာန်နောက် ကြာမြင့်မှ သာဝကပါရမီဉာဏ်သို့ ရောက်တော်မူရခြင်း၏ အကြောင်းကို ဖြေဆိုခဲ့ပါ။ [၁]

၈။ သိကြားမင်း၏ ရောဝဏ်စီးတော်ဆင်သည် တိရစ္ဆာန်ဟုတ်/မဟုတ် ယုတ္တိပြဆုံးဖြတ်၍ ယင်းဆင်ကြီး၏ ပမာဏကိုလည်း ပြဆိုခဲ့ပါ။ [၂]

၉။ အထက်ပါ ဂါထာ၌ "ပရိဒဟိဿတိ" [၃] ကို သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ၊ အကြွင်းကို ပါဌာနုသာရီနည်းဖြင့် အနက်ယောဇနာခဲ့ပါ။

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"ရဟန်းတို့။ အချို့သောသူတို့သည် ကုသိုလ်ကောင်းမှု၌ မေ့လျော့ကုန်၏။ ထိုသူတို့သည် အနှစ်တစ်ရာ အသက်ရှည်ကြကုန်သော်လည်း သေသောသူတို့သည် မည်ကုန်၏။ အကြင်သူတို့သည် ကုသိုလ်ကောင်းမှု၌ မမေ့လျော့ကုန်။ ထိုသူတို့သည် သေကြကုန်သော်လည်း အသက်ရှင်သောသူတို့သာ မည်ကုန်၏။" [၄]

* * * * * *

## ၁၃၃၃-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "- နာဂေါ . . . . ဝိဿဇ္ဇော နိဒ္ဒံ ဩက္ကမိ" [၁] ဟူသော ဝါကျ၏ အရကို တိကျစွာ ကောက်ပြ၍ ယှဉ်ဘက်တရားတို့ကို ရေးပြီးလျှင် ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရတို့ဖြင့် ဝေဖန်ခဲ့ပါ။

၂။ "အညံ ဗျာကရောန္တိ" [၆] ၌ အညံ-အရကို သေချာစွာ ကောက်ပြ၍ သမ္ပယုတ္တဓမ္မတို့ကို ရေးပြီးလျှင် ထိုတရားတို့၏ အာရုံ ဝတ္ထုတို့ကိုလည်း ရေးခဲ့ပါ။

၃။ "တုမ္ဟေ ခေါတ္ထ" [၇] ၌ ခေါတ္ထနှင့်ဗျာကရောန္တိ-တို့ကို သုတ်ညွှန်ပြ ပဒစ္ဆေဒပြု၍ ခေါ-ကိုလည်း နာမ်ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

၄။ အာသတ္တိ- [၈] အရ ဖြစ်သင့်သော စိတ္တုပ္ပါဒ်ကို ပကိဏ်းပိုင်းလား သင်္ဂဟ (၆)ပါးဖြင့် ဝေဖန်၍ ယင်းတရားကို အားရုံပြုနိုင်သော စိတ်တို့ကိုလည်း ကုန်စင်အောင် ကောက်ပြပါ။

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၆၀။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၃။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၅၂။ ၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၄၅။
၅-၆-၇၊ ဝိ၊ ၃၊ ၁၂၁။ ၈၊ ဝိ၊ ၃၊ ၂၇၂။

http://www.dhammadownload.com



၅။ နတ်လူတို့၏ စီးပွားချမ်းသာအလို့ငှာ ကျင့်ကြံအားထုတ်၍ ဤသာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်သော ရဟန်းတော်တို့ဟူသည် မည်သည့်ရဟန်းတော်တွေကို ဆိုလိုပါသနည်း? ဧကနိပါတ် အဓမ္မဝဂ် ဒေသနာဖြင့် ပြည့်စုံစွာ ညွှန်ပြ၍ ဘုရားရှင်နှင့် အကျွမ်းအဝင်ဆုံး အမျိုးသား/သမီးတို့ကိုလည်း ဖော်ပြခဲ့ပါ။ [၁]

၆။ အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး မသင့်အောင် အဘယ်တရားများကို ကြိုးစားအားထုတ်ရမည်နည်း? ဒုကနိပါတ် အဓိကရဏဝဂ် ဒေသနာနှင့်အညီ ဖြေဆို၍ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။ [၂]

၇။ ကုန်သည်တို့သည် အမြန်ဆုံး စည်းစိမ်ဥစ္စာ တိုးတက်ရန် မည်သည့်အင်္ဂါရပ်များနှင့် ပြည့်စုံကြရမည်ကို ဒုတိယပါပဏိကသုတ်ဒေသနာဖြင့် ညွှန်ပြ၍ တပည့်သားမြေးအပေါ် ကျေးဇူးအများဆုံး ဆရာသမားသုံးယောက်တို့ကိုလည်း ဖော်ပြခဲ့ပါ။ [၃]

၈။ "ရဟန်းတော်တို့သည် သတ္တဝါအပေါင်း၏ ပူဇော်အထူးကို ခံဖို့ရန် အဆင်းလှကြရမည်" [၄] ဟု ဘုရားရှင်က ဟောတော်မူရာ အဘယ်သို့လျှင် အဆင်းလှရပါမည်နည်း? ပဉ္စမ အာဇာနီယသုတ်နှင့်အညီ ပြည့်စုံအောင် ဖြေဆို၍ မှီဝဲသုံးဆောင်လို့ အားရရောင့်ရဲမှု မရှိသော တရားသုံးပါးကိုလည်း ဖော်ပြခဲ့ပါ။

၉။ "အထ ခေါ ဝေဒေဝ ဗဟုတရံ၊ ယဒိဒံ ဥက္ကုဋ္ဌိလဝိက္ကုလံ နဒီဝိဒုဂ္ဂံ ခါဏုက-ကဏ္ဋကဌာနံ ပဗ္ဗတဝိသမံ" [၅] - ၎င်းကို မြန်မာစကားပြေသက်သက် ပြန်ဆိုပါ။

၁၀။ "ရဟန်းတို့၊ ရဟန်းသည် လက်ဖျစ်တစ်တွက်ခန့်မျှလည်း မေတ္တာနှင့်ယှဉ်သောစိတ်ကို အကယ်၍ ပွားများအံ့။ ရဟန်းတို့၊ ဤရဟန်းသည် ဈာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍ နေသူ၊ မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍နေသူ၊ အဆုံးအမကို လိုက်နာ၍နေသူ၊ တိုင်းသူပြည်သားတို့ ပေးလှူသောဆွမ်းကို အချည်းနှီးမဖြစ်စေမူ၍ သုံးဆောင်သူ-ဟူ၍ ဆိုထိုက်၏" [၆] ၎င်းကို ပါဠိဘာသာပြန်ဆိုပါ။

* * * * *

---

၁၊ အံ၊ ၁၊ ၁၉၊ ၂၇-၈။ ၂၊ အံ၊ ၁၊ ၅၉၊ ၈၆။ ၃၊ အံ၊ ၁၊ ၁၁၄၊ ၁၂၁။

၄၊ အံ၊ ၁၊ ၂၄၆၊ ၂၆၃။ ၅၊ အံ၊ ၁၊ ၃၉။ ၆၊ အံ၊ ၁၊ ၉။

http://www.dhammadownload.com



## ၁၃၃၃–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "အထ ခေါ မဟာလိ လိစ္ဆဝိ ယေန ဘဂဝါ တေနုပသင်္ကမိ" [၁] ၌ ဘဂဝါ-ကို သတ္တမီဝိဘတ်ဖြင့်နာမပဒမာလာစဉ်၍ ယေန-၌ မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ မည်သည့်ဝိဘတ်သက်ထားသည်ဟု ညွှန်ပြခဲ့ပါ။

၂။ "သက္ကော သက္ကတ္တံ အဇ္ဈဂါ" [၂] ၌ အဇ္ဈဂါ-ကို အာချာတ်ရုပ်ကျဉ်းတွက်၍ အဇ္ဈဂါ-ပုဒ်ကို ရှိရင်း ကာရိယဝိဘတ်အမျိုးအစားအတိုင်း ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတ ပဒမာလာ စဉ်ခဲ့ပါ။

၃။ "ဖုသန္တိ ဓီရာ နိဗ္ဗာနံ" [၃] ၌ ဓီရာ-အရ အလိုရှိအပ်သောပုဂ္ဂိုလ်ကို ဖော်ပြ၍ ဖုသန္တိ-ကြိယာ၌ ဖုသနကြိယာအရ ပရမတ္ထတရားကောက်ပြပြီးလျှင် ယင်း၏ အာရမ္မဏိက တရားကိုလည်း ဖော်ပြခဲ့ပါ။

၄။ "ပမာဒေါ မစ္စုနော ပဒံ" [၄] ၌ ပမာဒ-အရ ကောက်ပြ၍ ယင်းတရားကို ဝေဒနာ၊ ကိစ္စ၊ ဒွါရတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ ဗုဒ္ဓဝါဒ-ဟူသည် ဘယ်လိုဝါဒမျိုးဖြစ်ပါသနည်း? လိုရင်းအကျဉ်းချုပ်မျှ ဖော်ပြ၍ ယင်းအကျဉ်းချုပ် ဗုဒ္ဓဝါဒကို ကြားနာရသောကြောင့် တရားထူးရသော ပုဂ္ဂိုလ်တို့၏ အမည်ကို ညွှန်ပြခဲ့ပါ။ [၅]

၆။ ဘုရားရှင်လက်ထက်တော်က ဓမ္မသဘင်၌ ရဟန်းသံဃာတော်များ မည်သို့ ထိုင်နေကြသည်ကို ပြဆိုခဲ့ပါ။ [၆]

၇။ စဏ္ဍပဇ္ဇောတမင်း၏ ယာဉ် (၅)ပါးကို စွမ်းရည်နှင့်တကွ ဖော်ပြခဲ့ပါ။ [၇]

၈။ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် မည်သည့်ဒါနကြောင့် မည်သည့်နေရာဌာန၌ ပေါ်ပေါက်လာသည်ကို ပြဆို၍ ယင်းပဏ္ဍုကမ္ဗလာ၏ ပမာဏကိုလည်း ဖော်ပြခဲ့ပါ။ [၈]

၉။ ဒုစ္ဆန္နံ-ကို သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထ နှစ်မျိုးကြံ၍ ဖော်ပြပါ ဂါထာကို မှန်ကန်စွာ အနက်ပေးပြပါ -

> ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
> ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။ [၉]

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၆၇။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၆၈။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၄၇။
၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၄၆။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၅၉။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၅၆။
၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၂၆။ ၈၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၃။ ၉၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၈။

၁၀။ ဖော်ပြပါ မြန်မာစကားကို ပါဠိစုဏ္ဏိယဝါကျ သီကုံးခဲ့ပါ -

"ဖခင်၊ ကျွန်ုပ်သည် မင်းသားပါတည်း။ အဘိသိက်ခံကာ စကြဝတေးမင်း ပြုလုပ်ပါအံ့။ ကျွန်ုပ်သည် ဥစ္စာကို အလိုရှိပါ၏။ ဥစ္စာကို ကျွန်ုပ်အား ပေးပါလော။ မှန်ပါသည်၊ ဖခင်၏ဥစ္စာကို သားပိုင်ဆိုင်ပါသည်။" [၁]

* * * * * *

## ၁၃၃၄-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ" [၂] ၌ အဿဝနတာ-ကို နာမ်ရုပ်အကျဉ်းတွက်ပြီးလျှင် ဓမ္မဿ-၌ မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ မည်သည့်ဝိဘတ် သက်ထားသည်ဟု ညွှန်ပြခဲ့ပါ။

၂။ "သန္တုဋ္ဌိ ဝဏ္ဏောမိ" [၃] ၌ သန္တုဋ္ဌိ-အရ ပရမတ္ထသဘာဝ ကောက်ပြ၍ ယင်း၏အရ တရားကို ကိစ္စ၊ ဒွါရ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၃။ "ကိံ ကာဟသိ ဗျဥ္ဇနံ ဗဟုံ" [၄] ၌ ကာဟသိ-ကို အာချာတ်ရုပ်ကျဉ်း တွက်ပြီးလျှင် ၎င်း၌ ဓာတ်ကိုယူ၍ ဟိယျတ္တနီဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ်စဉ်ခဲ့ပါ။

၄။ "ဒိသ္ဝာ ပဒံ သန္တမနုပဓိကံ" [၅] ၌ ပဒံ-အရ ကောက်ပြ၍ ယင်း၏အာရမ္မဏိကတရားကိုလည်း ဧကန်+အနေကန်အားဖြင့် ခွဲခြားညွှန်ပြခဲ့ပါ။

၅။ ကဿပအမည်ရသော ပုဂ္ဂိုလ်သုံးဦးကို တပည့်အရေအတွက်နှင့်တကွ ဖော်ပြ၍ သာကေတမြို့သူ သူဌေးကတော်ကို ဆေးကုသပေးခြင်းကြောင့် ဆေးဖိုးအဖြစ် ဇီဝက ရရှိသော ပစ္စည်းဥစ္စာများကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။ [၆]

၆။ ဥပါလိသူငယ်ကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးကြသော မိဘနှစ်ပါး၏ ရည်ရွယ်ချက်ကို အကျဉ်းချုပ် ပြဆိုခဲ့ပါ။ [၇]

၇။ ရှင်သာမဏေပြုလုပ်နိုင်သော အသက်အရွယ်ပမာဏကို ဖော်ပြ၍ သာမဏေများ စောင့်ထိန်းရသောသိက္ခာပုဒ် (၁၀)ပါးကိုလည်း ပါဠိတော်လာသည့်အတိုင်း ညွှန်ပြခဲ့ပါ။ [၈]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၅။ ၂၊ ဝိ၊ ၃၊ ၁၊ ၆။ ၃၊ ဝိ၊ ၃၊ ၁၃။ ၄၊ ဝိ၊ ၃၊ ၃၉၄။
၅၊ ဝိ၊ ၃၊ ၄၇။ ၆၊ ဝိ၊ ၃၊ ၃၁၊ ၃၈၂။ ၇၊ ဝိ၊ ၃၊ ၁၀၈။ ၈၊ ဝိ၊ ၃၊ ၁၁၀။

http://www.dhammadownload.com



၈။ သိမ်သမုတ်သောအခါ ထားနိုင်သည့် သိမ်နိမိတ်များကို ဖော်ပြ၍ ဆွမ်းခံအိမ်၌ သားရေကြက်ထားသော ကုလားထိုင်ပေါ် ရဟန်းသာမဏေထိုင်လျှင် အပ်/မအပ် ဆုံးဖြတ်ခဲ့ပါ။ [၁]

၉။ ဖော်ပြပါ ဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ -

အဂ္ဂိဟုတ္တမုခါ ယညာ၊ သာဝိတ္တိ ဆန္ဒသော မုခံ။

ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။ [၂]

၁၀။ ဖော်ပြပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုခဲ့ပါ -

"ငါ့ရှင်၊ သင်၏ဣန္ဒြေတို့သည် အဟုတ်ကြည်လင်ကုန်၏။ အရေအဆင်းသည် စင်ကြယ်ပါပေ၏၊ ဖြူစင်ပါပေ၏။ ငါ့ရှင်၊ သင်သည် ဘယ်သူ့ကို ရည်စူး၍ ရဟန်းပြုသနည်း။ သင်၏ဆရာကား ဘယ်သူနည်း။ သင်သည် ဘယ်သူ၏တရားကို နှစ်သက်သနည်း" [၃]

* * * * * *

## ၁၃၃၄-ခုနှစ်၊ အဂ္ဂိတ္တိုရ်ပါဠိတော်

၁။ ပုဏ္ဏာအမှတ် (၉)ပါး ဂါထာ၌ သန္တော- [၄] ကို နာမ်ပဒမာလာ၊ ယင်း၌ ဓာတ်ကိုယူ၍ ပဉ္စမီဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ ယင်းဂါထာ၌ သဒ္ဓိယ- [၅] ကို စာစပ်ပြ၍ ကုဟိ-ကို နာမ်ရုပ်ကျဉ်း စီရင်ပါ။

၃။ ယင်းဂါထာ၌ ဣဋ္ဌိတ- [၆] အရ တရားတို့ကို အစဉ်မမှားအောင် ကောက်ပြ၍ ထိုတရားတို့တွင် စတုတ္ထတရားနှင့် ယှဉ်သောစိတ်၊ ထိုစိတ်တို့တွင် စတုတ္ထစိတ်နှင့်ယှဉ်သော စေတသိက်တို့ကိုလည်း ဖော်ပြပါ။

၄။ ဣဋ္ဌိတ-[၇] အရ တရားတို့တွင် ပဉ္စမတရား၏ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ကို ဖော်ပြပါ။

၅။ ဒုစ္စရိတသမင်္ဂီပုဂ္ဂိုလ်သည် သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်သည်ဆိုလျှင် ဟုတ်နိုင် မဟုတ်နိုင်ကို အဋ္ဌာနပါဠိဖြင့် ညှိနှိုင်းဖြေဆိုပါ။ [၈]

---

၁၊ ဝိ၊ ၃၊ ၁၄၄၊ ၂၈၃။ ၂ ဝိ၊ ၃၊ ၃၄၄။ ၃၊ ဝိ၊ ၃၊ ၅၁။ ၄-၅-၆-၇၊ အံ၊ ၁၊ ၁၃၁။ ၈၊ အံ၊ ၁၊ ၃၁။

http://www.dhammadownload.com


၆။ အဘယ့်ကြောင့် ခတ္တိယချင်းချင်း, ဗြာဟ္မဏချင်းချင်း, သမဏချင်းချင်း ငြင်းခုံကြကြောင်း ဒုကနိပါတ်ဒေသနာနှင့်အညီ ဖြေဆို၍ ထိုတရားကို မည်သည့်ပုဂ္ဂိုလ်က မည်သည့်အရပ်၌ နေစဉ် မည်သည့်ပုဂ္ဂိုလ်အား ဟောအပ်ကြောင်း ဖော်ပြပါ။ [၁]

၇။ တိကနိပါတ် ကေသမုတ္တိသုတ်၌ ဟောအပ်သောတရားသားကို လိုရင်းမလွတ်စေဘဲ အကျဉ်းချုပ် တင်ပြပါ။ [၂]

၈။ နိဂဏ္ဌနာဋပုတ္တသည် မည်သည့်ဉာဏ်အမြင်ကို ဝန်ခံ၍ မည်သို့သော အယူဝါဒကို ဟောပြပါသနည်း။ တိကနိပါတ် နိဂဏ္ဌသုတ်နှင့်အညီ ဖြေဆို၍ ယင်းသုတ်၌ ဇာနတာ၊ ပဿတာ-တို့ဝယ် ကရိုဏ်းဖြစ်သော တရားတို့ကို မမှားအောင် ဖော်ပြပါ။ [၃]

၉။ အောက်ပါ ဂါထာကို မြန်မာစကားပြေသက်သက် ပြန်ဆိုပါ (နိဿယပြန်မလို) -

သင်္ခါယ လောကသ္မိံ ပရောပရာနိ၊ ယဿိဉ္ဇိတံ နတ္ထိ ကုဟိဉ္စိ လောကေ။
သန္တော ဝိဓူမော အနီဃော နိရာသော၊ အတာရိ သော ဇာတိဇရန္တိ ဗြူမိ။ [၄]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"ရဟန်းတို့၊ ဤလောက၌ အိမ်ရှင်ဖြစ်ကုန်သော လယ်သမားတို့သည် လျင်စွာ လျင်စွာ လယ်ကို ကောင်းစွာ ထွန်ယက်အပ်သည်ကို ကောင်းစွာမြေကို ညီညွတ်စွာ ပြုအပ်သည်ကို ပြုကုန်၏။" [၅]

* * * * *

## ၁၃၃၄–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ ဥဋ္ဌာနေနပ္ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ [၆] -

အထက်ပါ ဂါထာ၌ ပဌမပါဒကို ပုဒ်ဖြတ်၍ ကယိရာထ-ကို ဓာတ်, ပစ္စည်း, ဝိဘတ်, ဂိုဏ်း ခွဲပြပါ။

၂။ မေဓာဝီ- [၇] ကို နာမပဒမာလာ စဉ်၍ ကယိရာထ-၌ ဓာတ်ကို ယူပြီး သတ္တမီ ပရဿပုဒ်ဖြင့် ပဒမာလာ စဉ်ပြပါ။

---

၁၊ အံ၊ ၁၊ ၆၆-၇။ ၂၊ အံ၊ ၁၊ ၁၈၉။ ၃၊ အံ၊ ၁၊ ၂၂၁၊ ၂၂၂။ ၄၊ အံ၊ ၁၊ ၁၃၂။
၅၊ အံ၊ ၁၊ ၂၄၁။ ၆-၇-၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁ ၁၆၂။

http://www.dhammadownload.com



၃။ ဒိပံ- [၁] အရ တရားကို ကောက်ပြ၍ ၎င်းတရားကို ဟိတ်၊ ကိစ္စ၊ ဒွါရ အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၄။ ဥဋ္ဌာနေန-[၂] အရ ပရမတ်တရားကို ကောက်၍ ၎င်းနှင့်ယှဉ်သော စိတ် စေတသိက်များကို ဖော်ပြပါ။

၅။ ခုဇ္ဇုတ္တရာသည် အဘယ်ကံကြောင့် ပိဋကတ်သုံးပုံဆောင်ဖြစ်ပြီး အဘယ်ကံကြောင့် အစေခံဖြစ်ရပါသနည်း။ [၃]

၆။ ဒေါသကြီးသူ၊ မောဟကြီးသူတို့၏ ခြေရာနေပုံကို ဖော်ပြ၍ မာဂဏ္ဍီ၏ မိဘများအား အနာဂါ် ာည်စေသည့် တရားကို ရေးခဲ့ပါ။ [၄]

၇။ မသေသော သတ္တဝါမရှိပါဘဲလျက် အဘယ့်ကြောင့် "အပ္ပမတ္တာ န မီယန္တိ" [၅] ဟု ဟောပါသနည်း။

၈။ သိကြားမင်းဖြစ်စေနိုင်သည့် ကုသိုလ်ကံများကို ဖော်ပြ၍ သိကြားမင်းသည် အဘယ် ကုသိုလ်ကံကြောင့် အဘယ်မျှခမ်းနားသော ဝေဇယန္တာပြာသာဒ်ကို ရရှိပါသနည်း။ [၆]

၉။ နံပါတ် (၁)၌ ရှိသော ဂါထာကို ကျကျနန မြန်မာပြန်ပါ။ [၇]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ဆိုပါ -

"သတိဖြင့် မွေ့လျော်သော, မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် မီးသည် အငယ်အကြီးဖြစ်သည့် လောင်စာကို လောင်လျက်သွားသကဲ့သို့ အငယ်အကြီးဖြစ်သည့် သံယောဇဉ်ကို လောင်မြိုက်သွား၏" [၈]

* * * * *

## ၁၃၃၅–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ဓမ္မေန နယမာနာနံ၊ ကာ ဥသူယာ ဝိဇာနတံ" ၌ ဝိဇာနတံ-ကို နာမ်ကိုဏ်းစဉ်ပြီးလျှင် နယမာနာနံ-၌ မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ မည်သည့်ဝိဘတ်သက်ထားသည်ဟု ညွှန်ပြခဲ့ပါ။

---

၁-၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၂။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၄။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၉၊ ၁၃၀။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၆။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၂-၃။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇။
၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၉၊ ၉၊ ဝိ၊ ၃၊ ၅၅။

၂။ "ရာဇဂဟံ ပါဝိသိ" [၁] ၌ ပါဝိသိ-ကို အာချာတ်ရုပ်ကျဉ်းတွက်ပြီးလျှင် ၎င်း၌ ဓာတ်ကို ယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ်စဉ်ပါ။

၃။ "အန္တလိက္ခစရော ပါသော" [၂] ၌ အန္တလိက္ခ-အရ ကောက်ပြ၍ ယှဉ်ဘက်တရားတို့ကို ဖော်ပြပြီး ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "အဗျာပဇ္ဈာဓိမုတ္တော ဟောတိ" [၃] ၌ အဗျာပဇ္ဈ-အရ ကောက်ပြ၍ ၎င်းကို အာရုံပြုနိုင်သော တရားတို့ကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။

၅။ အရှင်ယသ၏ ဂိဟိသဟာယကဖြစ်ကြသော သူဌေးသားလေးယောက်ကို ပြဆိုပြီးလျှင် အရှင်ယသကို အမှီပြု၍ ရဟန်းပြုကြသော ပုဂ္ဂိုလ်အရေအတွက်ကိုလည်း ဖော်ထုတ်ခဲ့ပါ။ [၄]

၆။ မဇ္ဈိမဒေသခေါ် အရပ်ဒေသကို သတ်မှတ်ပိုင်းခြားပြပြီးလျှင် ပစ္စန္တရစ် ဇနပုဒ်အရပ်၌ ဘုရားရှင်ခွင့်ပြုချက်များကို ဖော်ပြခဲ့ပါ။ [၅]

၇။ ဝါမဆိုကောင်းသော အရပ်ဌာနများကို ပြဆိုပြီးလျှင် လှေအတွင်း၌ ဝါဆိုလျှင် အပ်မအပ် ဆုံးဖြတ်ခဲ့ပါ။ [၆]

၈။ ဝါကပ်ပြီးသော ရဟန်းသည် အရပ်တစ်ပါးရှိ ရဟန်းတော်ထံသို့ မပင့်ဖိတ်ပဲ သွားကောင်းသော အကြောင်း (၁၀)ချက်ကို ရေးခဲ့ပါ။ [၇]

၉။ အောက်ပါ ပါဠိကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ -

"တထာဂတဿ ခေါ သီဟ အာယတိံ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒဓမ္မာ" [၈]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ -

"ထိုအခါ ရသေ့တို့သည် ချမ်းအေးကုန်, ဆောင်းဥတုဖြစ်ကုန်, အန္တရဋ္ဌကရက်ဖြစ်ကုန်သော ညဉ့်တို့၌ ဆီးနှင်းကျတုန်းအခါ နေရဥ္စရာမြစ်၌ ငုတ်လည်း ငုတ်ကုန်၏၊ ပေါ်လည်း ပေါ်ကုန်၏၊ ငုတ်ခြင်း, ပေါ်ခြင်းကိုလည်း ပြုကုန်၏" [၉]

---

၁၊ ဝိ၊ ၃၊ ၄၉။ ၂၊ ဝိ၊ ၃၊ ၂၈။ ၃၊ ဝိ၊ ၃၊ ၂၇၀။ ၄၊ ဝိ၊ ၃၊ ၂၅-၇။ ၅၊ ဝိ၊ ၃၊ ၂၈၇-၅-၈။
၆၊ ဝိ၊ ၃၊ ၂၁၂-၁။ ၇၊ ဝိ၊ ၃၊ ၁၉၉။ ၈၊ ဝိ၊ ၃၊ ၃၃၂။ ၉၊ ဝိ၊ ရ၊ ၄၁။

http://www.dhammadownload.com



## ၁၃၃၅–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "အဿာဒဉ္စ အဿာဒတော, အာဒီနဝဉ္စ အာဒီနဝတော" [၁] ၌ အဿာဒံ-ကို ပဒစ္ဆေဒပြု၍ အာဒီနဝံ-ပုဒ်၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ "တထူပမာဟံ ဘိက္ခဝေ ဣမံ ပုဂ္ဂလံ ဝဒါမိ" [၂] ၌ ဣမသဒ္ဒါ၏ ပဓာနတ္ထ အပ္ပဓာနတ္ထ တို့ကို ဖော်ပြ၍ ၎င်း ဣမံ-ပုဒ်၌ ဝိဘတ်သက်သုတ်ကို ညွှန်ပြပါ။

၃။ "ယဿ မေ ဘဂဝတိ သိက္ခာပဒပဋိသံယုတ္တာယ ဓမ္မိယာ ကထာယ ဘိက္ခူ သန္ဒဿေန္တေ (ပ) အဟုဒေဝ အက္ခန္တိ, အဟုဒေဝ အပ္ပစ္စယော" [၃] ၌ အက္ခန္တိ-အရ ဖြစ်သင့်သောစိတ်ကို ယှဉ်ဘက်စေတသိက်တို့နှင့်တကွ ဖော်ပြခဲ့ပါ။

၄။ (၃) နံပါတ် ဝါကျလာ သန္ဒဿေန္တေ- [၄] ၌ ဓာတ်အရဖြစ်သင့်သော စိတ်၏ အာရုံများကို အာရမ္မဏိကစိတ်အလိုက် ထိုက်သင့်သလို ဖော်ပြခဲ့ပါ။

၅။ ခိပ္ပါဘိညာအရာတွင် တွေ့ရသော ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ကို ဖော်ပြပါ။ [၅]

၆။ သမထ ဝိပဿနာ ပွားများမှုကြောင့် ရအပ်သော အကျိုးတရားတို့ကို ဖော်ပြ၍ ရဟန်းအချင်းချင်း ခိုက်ရန်ဖြစ်ခြင်းအကြောင်းတို့ကို ရေးခဲ့ပါ။ [၆]

၇။ သပ္ပိတိကသုခ, နိပ္ပိတိကသုခ-အရတို့ကို ကောက်ပြ၍ အပ္ပသာဒနီယ အကြောင်း တရားတို့ကိုလည်း ရေးခဲ့ပါ။ [၇]

၈။ ဝေပါလကဥပုသ်၏ အဓိပ္ပါယ်ကို သိသာအောင် ရှင်းပြ၍ နိဂဏ္ဌတို့၏ မုသာဝါဒ အဒိန္နာဒါန ပညတ်ပုံတို့ကို ရေးခဲ့ပါ။ [၈]

၉။ "နာဟံ ကွစနိ ကဿစိ ကိဉ္စနတသ္မိံ၊ န စ မမ ကွစနိ ကတ္ထစိ ကိဉ္စနတတ္ထိ" [၉] ဝါကျကို မြန်မာပြန်ဆိုခဲ့ပါ။

၁၀။ "စုလစ်မွန်းချွန် အထွတ်ထပ်အပ်သော ကျောင်း အမိုးမကောင်းလျှင် အထွတ် အခြင်ရနယ် နံရံ ပျက်စီးကုန်၏" [၁၀] ဟူသော မြန်မာစကားတို့ကို ပါဠိစုဏ္ဏိယ သီကုံးခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၂၆၁။ ၂ အံ၊ ၁၊ ၂၄၉။ ၃-၄၊ အံ၊ ၁၊ ၂၃၈။ ၅၊ အံ၊ ၁၊ ၂၅၆။ ၆၊ အံ၊ ၁၊ ၆၂-၇။
၇၊ အံ၊ ၁၊ ၇၉၊ ၈၉။ ၈၊ အံ၊ ၁၊ ၂၀၆။ ၉၊ အံ၊ ၁၊ ၂၀၇။ ၁၀၊ အံ၊ ၂၆၄။

http://www.dhammadownload.com



## ၁၃၃၅–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။

ဘောဇနမှိ စာမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ - [၁] အထက်ပါ ဂါထာ၌ သုဘာနုပဿိံ-ကို ပုဒ်ဖြတ်ပြီး ဝိဟရန္တံ-ကို နာမ်ပဒမာလာ စဉ်ခဲ့ပါ။

၂။ အမတ္တညုံ- [၂] ကို ပုဒ်ခွဲပြပြီး နောက်ဆုံးပုဒ်မှ ဓာတ်ကိုယူကာ ပဉ္စမီဝိဘတ် ပရဿ ပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

၃။ သုဘာနုပဿိံ- [၃] မှ အန္တတ္ထကို အရကောက်ပြီး ၎င်းတရားကို ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၄။ မာရော-[၄] အရ ပရမတ်တရားကို ကောက်ပြ၍ ၎င်း၏ယှဉ်ရာစိတ်ကိုလည်း ဖော်ပြခဲ့ပါ။

၅။ အရှင်သာရိပုတ္တရာအား သောတာပန်ဖြစ်စေသည့်တရားကို မြန်မာလို ရေးပြ၍ အထက်မဂ်ရရန် အဂ္ဂသာဝကနှစ်ဦး အဘယ့်ကြောင့် ဘယ်နှစ်ရက်ကြာ အားထုတ်ယူရပါသနည်း။ [၅]

၆။ မည်သည့်ပုဂ္ဂိုလ်မျိုးသို့ ဒဏ် (၁၀)ပါးအနက် တစ်ခုခုရောက်တတ်ပါသနည်း၊ ဒဏ် (၁၀)ပါးကိုလည်း ရေတွက်ပြပါ။ [၆]

၇။ မြတ်စွာဘုရားသည် ဆိုးညစ်သည့် ဒေဝဒတ်ကို အဘယ့်ကြောင့် ရဟန်းပြုပေးပါသနည်း၊ ဒေဝဒတ် ငရဲခံရပုံကိုလည်း ရေးပြပါ။ [၇]

၈။ စူဠပန္ထကထေရ်၏ ဉာဏ်လေးခြင်းအကြောင်းကို ဖော်ပြပါ။ [၈]

၉။ အထက်ပါ ဂါထာကို မြန်မာပြန်ပါ။ [၉]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"မမေ့မလျော့ခြင်းကြောင့် သိကြားမင်းသည် နတ်တို့ထက် မြတ်သည်၏အဖြစ်သို့ ရောက်၏။ မမေ့မလျော့ခြင်းကို ချီးမွမ်းကုန်၏။ မေ့လျော့ခြင်းကို အမြဲကဲ့ရဲ့အပ်၏" [၁၀]

---

၁-၂-၃-၄၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၇။ ၅၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၅၉၊ ၆၀-၁။ ၆၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၁၅။ ၇၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၅။ ၈၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၅၅။ ၉၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၇။ ၁၀၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၇၈။

http://www.dhammadownload.com


## ၁၃၃၆–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အထဿ ကဇ္ဇါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ" [၁] ၌ ဝပယန္တိ-ကို သုဘ်ညွန့်းပြီ ပဒစ္ဆေဒပြု၍ သဗ္ဗာ-၌ မည်သည့်အနက်၊ မည်သည့်သုတ်ဖြင့် မည်သည့် ဝိဘတ်သက်ထားသည်ကို ရေးပြီးနောက် အဝေဒိ-ကိုလည်း အာချာတ်ရုပ်ကျေဉ်း တွက်ခဲ့ပါ။

၂။ (၉) နံပါတ် ဂါထာလာ သေတုံ-ကို နာမပဒမာလာ စဉ်၍ ယင်း၌ ဓာတ်ကိုယူပြီး ပဉ္စမီဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတ်ပဒမာလာပြုပြီးလျှင် မေဓာဝိနော-ကိုလည်း နာမ်ရုပ် ကျဉ်းတွက်ပြခဲ့ပါ။

၃။ (၁) နံပါတ် ပုဏ္ဏာပါ ကဇ္ဇါ-၏အရကို ကောက်ပြ၍ ကဇ္ဇါ-အရ တရား၏သမ္ပယုတ္တ ဓမ္မတို့ကို ရေးပြီးနောက် ဝေဒနာဒိဆက္ကဖြင့်လည်း ဝေဖန်ခဲ့ပါ။ [၃]

၄။ (၉) နံပါတ် ဂါထာပါ တိဏှာ- [၄] ၌ ဓာတ်အရကို တိကျစွာ ကောက်ပြ၍ ယင်း၏ သမ္ပယုတ္တဓမ္မတို့ကို ရေးပြီးလျှင် ဝေဒနာ၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ကိုလည်း ရေးခဲ့ပါ။

၅။ ဘုရားရှင်တော် မိဂဒါယသို့ သွားခြင်း၏ ရည်ရွယ်ချက်၊ လမ်းပေါ်၌ တွေ့သူ၏ နာမည်၊ ဘုရားရှင်၏ ကိုယ်တိုင်ပေးနာမည်တို့ကို ရေးပြီးနောက် မဟာခန္ဓကလာ ဘုရား ရှင်၏ ရောင်ခြည်တော်တို့ကို တိကျစွာ ရေး၍ နဂါးတို့ပင်ကိုယ်သဘာဝ မဖျောက်နိုင် သည့်အခါတို့ကိုလည်း ရေးခဲ့ပါ။ [၅]

၆။ အရှေးသမ္မုတိ ရနိုင်သည့် အရှေးမျိုးတို ပညတ်ခံရသော ပုဂ္ဂိုလ်၏ နာမည်နှင့် တကွ ရေး၍ ပင်လယ်ကူးသင်္ဘောကြီးပေါ်၌ ဝါကပ်သင့်၊ မကပ်သင့် ရေးပြီးလျှင် ဝဇ္ဇနီယပုဂ္ဂိုလ်သရုပ်ကိုလည်း တိကျစွာ ရေးခဲ့ပါ။ [၆]

၇။ ရဟန်းတော်များ ခုံဘိနပ် စီးသင့်၊ မစီးသင့် အကြောင်းပြ၍ သောဏကုဋိကဏ္ဏ ထေရ် သာမဏေဘဝဖြင့် နေခဲ့ရသော နှစ်အရေအတွက်ကို ရေးပြီးလျှင် ဖျော့တော့ သွေး ဆုတ်ရောဂါ ပျောက်ဆေးကို ရေးပြီးနောက် ယာဂုလှူခြင်း၏ တမလွန်ကျိုးတို့ကိုလည်း ရေးခဲ့ပါ။ [၇]

---

၁၊ ဝိ၊ ၃၊ ၂။ ၂၊ ဝိ၊ ၃၊ ၃၂၅။ ၃၊ ဝိ၊ ၃၊ ၂။ ၄၊ ဝိ၊ ၃၊ ၃၂၅။ ၅၊ ဝိ၊ ၃၊ ၁၁-၂ ၃၄၊ ၁၂၁။
၆၊ ဝိ၊ ၃၊ ၁၆၅၊ ၂၁၁၊ ၁၈၉။ ၇၊ ဝိ၊ ၃၊ ၂၇၇၊ ၂၈၄၊ ၂၉၉၊ ၃၁၅။

http://www.dhammadownload.com



၈။ ပဏ္ဍုရောဂါ။ ဘေးတမင်း၌ ဖြစ်သောရောဂါ၊ သူ့ကို ကုပေးသော ဆေးဆရာ၊ ပေးသောဆေး၊ ထိုဆရာစီးသွားခဲ့သောယာဉ်နှင့် အသွားနှုန်း၊ ထိုဆရာကို လိုက်ဖမ်းသောသူနှင့် အသွားနှုန်းတို့ကို ရေး၍ "ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်" စကားပုံ ဖြစ်ပါလာပုံကိုလည်း အကျဉ်းဆုံးရေးခဲ့ပါ။ [၁]

၉။ ယေ တရန္တိ အဏ္ဏဝံ သရံ၊ သေတုံ ကတွာန ဝိသဇ္ဇ ပလ္လလာနိ။

ကုလ္လ ဟိ ဇနော ဗန္ဓတိ၊ တိဏ္ဏာ မေဓာဝိနော ဇနာ- [၂] ကို နိဿယကျကျ အနက်ယောဇနာခဲ့ပါ။

၁၀။ "ယနေ့ ဗိုလ်ချုပ်ကြီးသီဟသည် ဝသော ကျွဲနွားစသော သတ္တဝါကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းကျွေးခြင်းကို ပြုအပ်၏၊ ရဟန်းဂေါတမသည် ရည်ညွှန်း၍ သတ်အပ်သောအသားကို သိလျက် ဘုဉ်းပေး၏" [၃] ကို ပါဠိဝါကျ သီကုံးခဲ့ပါ။

* * * * *

## ၁၃၃၆–ခုနှစ်၊ အဂ္ဂိတ္တိုရ်ပါဠိတော်

၁။ "အယံ ဝုစ္စတိ ဘိက္ခဝေ ဝဇိရူပမစိတ္တော ပုဂ္ဂလော" [၄] ၌ ဝုစ္စတိ-ကို ပဒစ္ဆေဒ ပြု၍ အယံ-ကို နာမပဒမာလာ စဉ်ပြခဲ့ပါ။

၂။ (၁)နံပါတ်ပါ ဝဇိရူပမစိတ္တော-[၅] ပုဒ်နှင့် ပုဂ္ဂလော-ပုဒ်တို့ဝယ် မည်သည့်အနက်၌ မည်သည့်ဝိဘတ်သတ်ကြောင်း ဖော်ပြ၍ ပုဂ္ဂလော-၌ ဓာတ်ကို ယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် သုဒ္ဓကတ္တုရုပ် ပဒမာလာ စဉ်ပြခဲ့ပါ။

၃။ (၁) နံပါတ်ပါ ပုဂ္ဂလော- [၆] အရ ဖြစ်သင့်သော စိတ်တို့ကို ကာမ ရူပ အရူပဘုံ (၃)ပါးအလိုက် ထိုက်သင့်သလို ခွဲခြား၍ ကောက်ပြခဲ့ပါ။

၄။ (၁)နံပါတ်ပါ ပုဂ္ဂလော- [၇]အရတွင် ပါဝင်သော စိတ်များအနက် ပုဂ္ဂိုလ်တိုင်း၌ ဖြစ်နိုင်သောစိတ်၏ ယှဉ်ဘက်စေတသိက်တို့ကို ဖော်ပြ၍ ယင်းစိတ်၏ အာရုံတရားများကိုလည်း ရေးခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၃၈၇-၈-၉၊ ၄၉၅။ ၂ ဝိ၊ ၃၊ ၃၂၅။ ၃၊ ဝိ၊ ၃၊ ၃၃၄။ ၄-၅-၆-၇၊ အံ၊ ၁၊ ၁၂၂။

http://www.dhammadownload.com



၅။ ဝိရိယာရမ္ဘာဒိဝဂ်လာ ကုသိုလ်ဖြစ်ကြောင်းတရားများကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။ [၁]

၆။ မည်သည့် ပရိတ်သတ်မျိုးကို ဂမ္ဘီရပရိသတ်ဟု ခေါ်ဆိုရသည်ကို စာကိုယ်ပါဠိ လာရှိသည့်အတိုင်း ဖော်ပြခဲ့ပါ။ [၂]

၇။ ငရဲကျရောက်ကြောင်း အင်္ဂါရပ်များကို ဖော်ပြ၍ ဈေးသည်များ ကြီးပွားတိုးတက်ကြောင်းအင်္ဂါများကိုလည်း ရေးခဲ့ပါ။ [၃]

၈။ တိကနိပါတ် ဟတ္ထက-သုတ်လာ အန္တရဋ္ဌက-အရ ယူရမည့်ရက်ကို ဖော်ပြ၍ ချမ်းချမ်းသာသာ အိပ်စက်နိုင်သောပုဂ္ဂိုလ်ကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။ [၄]

၉။ "သာကဘက္ခောပိ ဟောတိ၊ သာမာကဘက္ခောပိ ဟောတိ၊ နီဝါရဘက္ခောပိ ဟောတိ၊ ဒဒ္ဒုလဘက္ခောပိ ဟောတိ၊ ဟဋဘက္ခောပိ ဟောတိ" [၅]ဟူသော ဝါကျကို မြန်မာပြန်ဆိုခဲ့ပါ။

၁၀။ "ဆူးညှောင့်လျှင် မှီရာရှိ၏၊ ဆူးညှောင့်တည်းဟူသော မှီရာ၌ အိပ်မှုကို ပြု၏၊ ညလျှင် ၃-ကြိမ်မြောက်ဖြစ်သော ရေသို့ သက်ခြင်း၌ အားထုတ်မှုကို လုံ့လပြု၍ နေ၏" [၆] ဟူသော မြန်မာစကားရပ်တို့ကို ပါဠိစုဏ္ဏိယ သီကုံးခဲ့ပါ။

* * * * *

## ၁၃၃၆–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

သေ ဘိယျော ပမုယှာမိ၊ သတွာ မုယှန္တိ မေ ဒိသာ။
သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။

၁။ အထက်ပါဂါထာ၌ [၇] သန္ဓိပုဒ်များကို ပုဒ်ဖြတ်ကာ ရုပ်ကျဉ်းစီရင်ပြီး သာမာဝတိ-ကို လိင်၊ ဂိုဏ်း၊ ကာရန် ညွှန်း၍ နာမပဒမာလာ စဉ်ပြပါ။

၂။ တာယဿု- [၈]ဝယ် ဓာတ်, ပစ္စည်း ဝိဘတ်ကို ဖော်ပြ၍ သတ္တမီ ပရဿပုဒ် ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

---

၁၊ အံ၊ ၁၊ ၁၁။ ၂ အံ၊ ၁၊ ၇၀။ ၃၊ အံ၊ ၁၊ ၁၀၃၊ ၁၁၃-၄။ ၄၊ အံ၊ ၁၊ ၁၃၆။
၅၊ အံ၊ ၁၊ ၄၃။ ၆၊ အံ၊ ၁၊ ၃၀၁။ ၇-၈၊ ဓမ္မ၊ ဋ၊ ၁၊ ၁၃၉။

http://www.dhammadownload.com



၃။ ပမုယှာမိ- [၁] ၌ ဓာတ်နှင့် ဓာတ်အရတို့ကို ဖော်ပြ၍ ၎င်းကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၄။ "သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ" [၂] ကို ကတ္တားထည့် အနက်ပေးပြီး ကြိယာပုဒ်အရကိုလည်း စိတ်, စေတသိက် အတိအကျ ဖော်ပြပါ။

၅။ ယသသူဌေးသား သောတာပန်တည်သောရက်ကို ဖော်ပြ၍ ကြည့်ခြင်းကြီး (၅)ပါးကိုလည်း ဖော်ပြပါ။ [၃]

၆။ အဝိစိငရဲမီး ပူပုံကို အရှင်နာဂသိန် ဖြေသကဲ့သို့ ဖြေကြား၍ ငရဲသားများအား မသေဘဲ အဘယ်ကြောင့် ခံနေရပါသနည်း။ [၄]

၇။ ဘဒ္ဒိယစသော သာကီဝင်မင်းသား (၆၃)ပါးတို့ တရားထူးရကြပုံ အသီးသီးကို ဖော်ပြ၍ ဒေဝဒတ်၏ ရဟန်းပြုခြင်းအကျိုးကိုလည်း ဖော်ပြပါ။ [၅]

၈။ ပိဋကတ် (၃)ပုံ သာသနာ တရားအားလုံးပါဝင်နိုင်သည့် က[illegible]ကစ်ပုဒ်ကို ဖော်ပြ၍ [illegible]၏ အသံနှင့် [illegible]ကြောင်းကံကို ဖော်ပြပါ။ [၆]

၉။ အထက်ပါ ဂါထာကို ကတ္တားပုဒ်ထည့်၍ မြန်မာပြန်ပါ။ [၇]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"တဏှာ, အရတိ, ရဂါ နတ်သမီး ၃၃ ဦးကို မြင်၍ မေထုန်၌ နှစ်သက်မှုသော်မှ မဖြစ်ခဲ့၊ ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်စုံ[illegible] (ကောင်းပုပ်)ကို အဘယ်မှာ နှစ်သက်အံ့နည်း၊ ခြေဖြင့်သော်လည်း ထိပါးရန် အလိုမရှိ"။ [၈]

* * * * *

## ၁၃၃၇-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "မယမ္ပိ ဝေမေဝ ဟာဩယျာမ"၌ ဟာဩယျာမ-ကို အာချာတ်ရုပ်ကျဉ်းတွက်၍ "ကိံ ပန တုမှေ အာဝုသော အကတ္ထ" [၉] ဝယ် ကိံ-ကို နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင် အကတ္ထ-၌ ဓာတ်ကိုယူ၍ ရှိရင်းစွဲဝိဘတ်များဖြင့် ဘာဝရုပ် အာချာတ်ဂိုဏ်းစဉ်ခဲ့ပါ။

---

၁-၂။ ဓမ္မ၊ ၌၊ ၃၊ ၁၃၉။ ၃၊ ဓမ္မ၊ ၌၊ ၁၊ ၅၅၊ ၅၃။ ၄၊ ဓမ္မ၊ ၌၊ ၁၊ ၈၁။ ၅၊ ဓမ္မ၊ ၌၊ ၁၊ ၈၉၊ ၉၅။
၆၊ ဓမ္မ၊ ၌၊ ၁၊ ၁၄၅၊ ၁၁၀။ ၇၊ ဓမ္မ၊ ၌၊ ၁၊ ၁၃၉။ ၈၊ ဓမ္မ၊ ၌၊ ၁၊ ၁၃၀။ ၉၊ ဝိ၊ ၃၊ ၁၂၃။

http://www.dhammadownload.com



၂။ "အပ္ပေကစ္စေ လိစ္ဆဝီ နီလာ ဟောန္တိ"[၁] ၌ အပ္ပေကစ္စေ-ကို သုတ်ညွှန်းပြ ပဒစ္ဆေဒပြု၍ ယင်းပုဒ်၌ သက်ထားသောဝိဘတ်၊ ဝိဘတျတ္ထတို့ကို ရေးပြီးလျှင် လိစ္ဆဝီ-နောင် ဒုတိယာ, ပဥ္စမီ, သတ္တမီဘတ်တို့ဖြင့် နာမပဒမာလာပြုပြီးနောက် နီလာ-ကိုလည်း (သာမည)အားဖြင့် ဖြစ်သင့်သော နာမ်လိင်၊ ဂိုဏ်းတို့ကို တိကျစွာ ရေးခဲ့ပါ။

၃။ "ဧသေဝ ဓမ္မော ယဒိ တာဝဒေဝ၊ ပစ္စဗျတ္ထ ပဒမသောကံ"[၂] ၌ သေ-အရတရားကို ကောက်ပြ၍ ယှဉ်ဘက်သမ္ပယုတ္တဓမ္မ-တို့ကို ရေးပြီး ထို၏ အာရမ္မဏဓမ္မကို ဖော်ပြပြီးနောက် အသောက-အရတရားကို ကောက်လျက် ယင်းကို ဧကန်, အနေကန်အားဖြင့် အာရုံပြုနိုင ည့် တရားတို့ကိုလည်း ခွဲခြားကောက်ပြခဲ့သည်။

၄။ "ဒဒါတိ ဒါနံ အဘိဘုယျ *မစ္ဆရံ"[၃] ၌ မစ္ဆရ-အရကို ကောက်ပြ၍ ယှဉ်ဘက်သမ္ပယုတ္တဓမ္မ-တို့ကို ရေးပြီးလျှင် ဟေတု၊ ကိစ္စ၊ ဒွါရ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပြီးနောက် အဘိဘုယျ-အရ တရားကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၅။ ခန္ဒာ ၅-ပါးတို့ကို အနိစ္စစသည်ရှုခြင်းကြောင့် အကျိုးရပုံကို တရားထူးရကြသော ပုဂ္ဂိုလ် (၅)ဦးတို့၏နာမည်၊ တရားထူးရကြသောနေ့နှင့်တကွ ရေး၍ ဥပမိရုပ်ကို ကြည့်၍ အရိယာသူတော်ကောင်းမှန်း သိနိုင်၊ မသိနိုင် တိကျစွာ ပုဂ္ဂိုလ် (၂)ယောက် သာဓကပြ ရေးခဲ့ပါ။ [၄]

၆။ "အရှင်ဘုရားအား လယ်ယာ၊ ရွှေ၊ ငွေတွေ လှူပါမည်"ဆိုသည့်အရပ်မှ ဝါတွင်း အချိန် ဖဲခွါရန် သင့်/မသင့် အကြောင်းပြရေး၍ အဓိမုတ္တဋ္ဌာနသရုပ်ကို ရေးပြီးလျှင် အရိယာပုဂ္ဂိုလ်သည် မကောင်းမှု၌ မွေ့လျော်၊ မမွေ့လျော် အကြောင်းပြ၍ ရေးခဲ့ပါ။ [၅]

၇။ ဗုဒ္ဓအလိုကျ နတ်ပသပုံကို ရသည့်အကျိုးနှင့်တကွ တိတိကျကျရေး၍ ဗုဒ္ဓအလိုကျပင် လယ်ယာမြေခွန် ပေးဆောင်ရမည့် ပမာဏကို ရေးပြီးနောက် ယာမကာလိကနှင့် ရောထားသော ယနေ့အကပ်ခံထားသည့် ယာဝဇီဝိကကို အမြဲသုံးဆောင်သင့်၊ မသင့် ကိုလည်း တိကျစွာ ရေးခဲ့ပါ။ [၆]

---

၁၊ ဝိ၊ ၃၊ ၃၂၆။ ၂ ဝိ၊ ၃၊ ၅။ ၃၊ ဝိ၊ ၃၊ ၄၀၈။ ၄၊ ဝိ၊ ၃၊ ၂၀၊ ၅၂။

၅၊ ဝိ၊ ၃၊ ၂၀၈၊ ၂၇၀။ ၆၊ ဝိ၊ ၃၊ ၃၂၄၊ ၃၄၈။ [အံ၊ ၄၊ ၃၊ ၁၉၄။] ၃၄၉။ * မစ္ဆရံ (ဝိ၊ ၃၊ ၄၀၈)

http://www.dhammadownload.com



၈။ "ပဋိဂ္ဂဏှာတု မေ ဘန္တေ ဘဂဝါ ကမ္ဗလံ"[1] ဟု လျှောက်ထားသူ၏ နာမည်၊ ထိုကမ္ဗလာ၏တန်ဖိုး၊ ထိုကမ္ဗလာကို ပို့သသူ၏ နာမည်တို့ကို ရေး၍ အရှေ့ဝါးတော ဥယျာဉ်အတွင်း၌ သူတော်ကောင်း (၃)ဦး မမေ့မလျော့နေကြပုံကို ထိုပုဂ္ဂိုလ် (၃)ဦး၏ နာမည်နှင့်တကွ အကျဉ်းချုပ်ရေးခဲ့ပါ။

၉။ "ဧတံ နာဂဿ နာဂေန၊ ဤသာဒန္တဿ ဟတ္ထိနော။

သမေတိ စိတ္တံ စိတ္တေန၊ ယဒေကော ရမတီ ဝနေ"[2] ကို ကျကျနန အနက်ပေးခဲ့ပါ။

၁၀။ "ချစ်သားဒီဃာဝု၊ ရန်တုံ့မူခြင်းဖြင့် ရန်မငြိမ်းကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာ ရန်ငြိမ်းကုန်၏။ အချင်းတို့၊ ငါရှုးလို့ မည်တမ်းသည် မဟုတ်ပါ"[3] ဤမြန်မာဝါကျတို့ကို ပါဠိဝါကျသီကုံးပါ။

* * * * *

## ၁၃၃၇–ခုနှစ်၊ အဂ္ဂိုတ္တိုရ်ပါဠိတော်

၁။ "ကာလေန ကာလံ ဥဒကေန ပရိပ္ဖေါသေတိ"[4] ၌ ပရိပ္ဖေါသေတိ-ကို ပဒစ္ဆေဒပြု၍ ဥဒကေန-ကို နာမပဒမာလာ စဉ်ပြခဲ့ပါ။

၂။ (၁) နံပါတ်ပါ ကာလေန ကာလံ-[5] ၌ မည်သည့်အနက်၌ မည်သည့်ဝိဘတ် သတ်ထားသည်ကို အကြောင်းနှင့်တကွ ဖော်ပြ၍ ကာလံ-၌ ဓာတ်ကို ယူ၍ ဘဝိဿန္တိဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပြခဲ့ပါ။

၃။ "ယထယိဒံ ဘိက္ခဝေ ကောသဇ္ဇံ"[6] ၌ ကောသဇ္ဇံ-အရ ဖြစ်သင့်သော စိတ်တို့ကို ယှဉ်ဘက် စေတသိက်နှင့်တကွ တွဲစပ် ဖော်ပြခဲ့ပါ။

၄။ (၃) နံပါတ်ပါ ကောသဇ္ဇ-[7] အရ တရားကို အာရုံပြုနိုင်သော စိတ်တို့ကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၃၉၃၊ ၄၉၉။ ၂၊ ဝိ၊ ၃၊ ၅၀၀။ ၃၊ ဝိ၊ ၃၊ ၄၉၀။ ၄-၅၊ အံ၊ ၁၊ ၂၄၉။
၆-၇၊ အံ၊ ၁၊ ၁၀။

http://www.dhammadownload.com



၅။ ဂူထဘာဏီသုတ်လာ ပုပ္ဖဘာဏီ ပုဂ္ဂိုလ်နှင့် မစုဘာဏီ ပုဂ္ဂိုလ်တို့၏ ဝါစာသည် ဝါစာ ၃-မျိုးတွင် မည်သည့် ဝါစာမျိုး၌ ပါဝင်သည်ကို ဖော်ပြခဲ့ပါ။ [၁]

၆။ မည်သည့် ပုဂ္ဂိုလ်မျိုးကို "ဥစ္ဆင်္ဂပညပုဂ္ဂိုလ်"ဟု ခေါ်ဆိုသည်ကို ပြဆို၍ မိဘတို့ကို "ပြဟ္မ, ပုဗ္ဗာစရိယ, အာဟုနေယျ"ဟု ခေါ်ရခြင်းအကြောင်းတို့ကိုလည်း ရှင်းပြခဲ့ပါ။ [၂]

၇။ "စာတုဒ္ဒသိံ ပဥ္စဒသိံ၊ ယာ စ ပက္ခဿ အဋ္ဌမီ" [၃] စသော ဂါထာကို သိကြားမင်း ဆိုရာ၌ ဒုဋ္ဌာသိတအားဖြင့် ဆိုခြင်းဖြစ်ကြောင်းကို ရှင်းပြ၍ ကမ္ဘာ၌ လူဦးရေ နည်းပါးခြင်း အကြောင်းတို့ကိုလည်း ညွှန်းပြခဲ့ပါ။

၈။ ရာဂ်ါဘိဘူတ ဖြစ်သော် မည်သို့ ပြုလုပ်တတ်ကြောင်းနှင့် ရာဂကင်းသော် မည်သို့ ဖြစ်တတ်ကြောင်းတို့ကို ပါဠိတော်လာသည့်အတိုင်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။ [၄]

၉။ "အဂါရံ အဇ္ဈာဝသတိ မုတ္တစာဂေါ ပယတပါဏိ ဝေါဿဂ္ဂရတော ယာစယောဂေါ ဒါနသံဝိဘာဂရတော" [၅] ဟူသော ဝါကျကို ဝက်တ္ထ ဥဇုကတ္ထ ၂-မျိုး ခွဲ၍ မြန်မာပြန်ဆို ခဲ့ပါ။

၁၀။ "အောက်ကာမဘုံအဖို့၏ အစီးအပွားဖြစ်ကုန်သော သံယောဇဉ်တို့၏ ကုန်မှုကြောင့် အထက်ဘုံသို့ ဆောင်တတ်သော တဏှာသောတရှိသော အကနိဋ္ဌဘုံရောက် အနာဂါမ် ပုဂ္ဂိုလ် ဖြစ်၏" [၆] ဟူသော မြန်မာစကားရပ်တို့ကို ပါဠိစုဏ္ဏိယ သီကုံးခဲ့ပါ။

* * * * *

## ၁၃၃၇-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။ [၇]

၁။ အထက်ပါ ဂါထာ၌ သန္ဓိပုဒ်များကို ပုဒ်ဖြတ်ကာ ရုပ်ကျဉ်းစီရင်ပြီး ဈာယိနော-ကို လိင်, ဂိုဏ်း, ကာရန် ညွှန်းပြ၍ နာမပဒမာလာ စဉ်ပြပါ။

---

၁၊ အံ၊ ၁၊ ၁၂၆။ ၂၊ အံ၊ ၁၊ ၁၂၈၊ ၁၃၀။ ၃၊ အံ၊ ၁၊ ၁၄၂၊ ၁၆၀။ ၄၊ အံ၊ ၁၊ ၁၅၆။
၅၊ အံ၊ ၁၊ ၁၄၉။ ၆၊ အံ၊ ၁၊ ၂၃၅။ ၇၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၄၅။

http://www.dhammadownload.com



၂။ ဈာယိနော-[၁]မှ ဓာတ်ကို ယူ၍ ပဉ္စမီဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

၃။ ဖုသန္တိ- [၂]မှ ဓာတ်အရကို ကောက်ပြ၍ ၎င်းကို ကိစ္စ, ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၄။ အထက်ပါ ဂါထာဝယ် ဖုသနအပြားနှင့် ယောဂခေမအရတို့ကို အတိအကျ ကောက်ပြခဲ့ပါ။ [၃]

၅။ မြူသုတ် ပုဆိုးပိုင်းသည် စူဠပန်ထေရ်အား မဂ်ဖိုလ်ရခြင်း၏အကြောင်း အဘယ့်ကြောင့် ဖြစ်ပါသနည်း။ [၄]

၆။ စူဠပန်ဝတ္ထုဝယ် နောက်ဆုံးဂါထာကို ပရမတ်တရား ပေါ်လွင်အောင် မြန်မာပြန်ဆိုပြပါ။ [၅]

၇။ အဘယ့်ကြောင့် သိကြားမင်းသည် အောက်ပါအမည်များကို ရပါသနည်း၊ မဃဝါ, ပုရိန္ဒဒေါ, သက္ကော, သဟဿက္ခော, သုဇမ္ပတိ။ [၆]

၈။ အသုရာရန်မှ ကင်းစေရန် သိကြားမင်း၏ မမေ့မလျော့ ဆောင်ရွက်ပုံနှင့် မဟာလိအား ဟောအပ်သော အပ္ပမာဒတရားကို မြန်မာသက်သက် ရေးပြပါ။ [၇]

၉။ တောမီးလောင်နေသည်ကို မြင်ရလျှင် အဘယ်သို့ နှလုံးသွင်းသင့်ပါသနည်း၊ ဓမ္မပဒပါဠိတော်နှင့်အညီ ဖော်ပြပါ။ [၈]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ -

"မမေ့မလျော့ခြင်း၌ မွေ့လျော်ပိုက်သော ရဟန်းသည်၎င်း၊ မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည်၎င်း ဆုတ်ယုတ်ခြင်းငှာ မထိုက်၊ နိဗ္ဗာန်၏သာ အနီး၌ ဖြစ်၏"[၉]

* * * * *

## ၁၃၃၈–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "မနသာကာသိ၊ အဝိဇ္ဇာယတွေဝ" [၁၀] တို့၌ သန္ဓိရုပ်ကျဉ်း ထုတ်ပြ၍ "ဈာယတော ဗြာဟ္မဏဿ"၌ ရှေ့ပုဒ်ကို နာမပဒမာလာ စဉ်ပြပါ။

---

၁-၂-၃၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၄၅။ ၄၊ ဓမ္မ၊ ဋ၊ ၁၊ ၁၅၇။ ၅၊ ဓမ္မ၊ ဋ၊ ၁၊ ၁၆၂။ ၆၊ ဓမ္မ၊ ဋ၊ ၁၊ ၁၆၈။ ၇၊ ဓမ္မ၊ ဋ၊ ၁၊ ၁၇၇-၈။ ၈၊ ဓမ္မ၊ ဋ၊ ၁၊ ၁၇၈။ ၉၊ ဓမ္မ၊ ဋ၊ ၁၊ ၁၇၁။ ၁၀၊ ဝိ၊ ၃၊ ၁၊ ၂။

http://www.dhammadownload.com



၂။ "ပဋိဝေဒေမိ" [၁] ၌ ဓာတ်ကိုယူပြီး ဘဝိဿန္တိဝိဘတ်ဖြင့် သုဒ္ဓကတ္တုရုပ် အာချာတပဒ မာလာ စဉ်ပြ၍ သရဝတီ-ကို ပုဒ်၊ ပစ္စည်း၊ ဝိဘတ် ဖြစ်သင့်သမျှ ခွဲပြပါ။

၃။ "အသေသဝိရာဂနိရောဓာ" [၂] ၌ ဝိရာဂ-အရကောက်ပြ၍ ၎င်းကို ဟိတ်၊ ကိစ္စ၊ အာရုံ တို့ဖြင့် ဝေဖန်ပြပါ။

၄။ "ဩဂါဟေတွာ မာရေန္တိ" [၃] ၌ ဓာတ်အရ စိတ် စေတသိက် အစုံကောက်ပြ၍ ၎င်းကို ဝေဒနာ၊ ဒွါရ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ ရှင်မပြုကောင်းသည့်ပုဂ္ဂိုလ် အဘယ်မျှ ရှိသနည်း? ရှေ့ပိုင်း (၁၀)ယောက်ကို ရေတွက်ပြ၍ ရဟန်းခံမကောင်းသောပုဂ္ဂိုလ် အရေအတွက်ကိုလည်း ဖော်ပြပါ။ [၄]

၆။ အမဲသား၊ လူသား၊ ဆင်သား ဟင်း (၃)မျိုးကို မမေးမြန်းဘဲ စားသောရဟန်းအား အဘယ်အာပတ်များ သင့်ပါသနည်း? အာပတ်မသင့်အောင် အဘယ်အသားကို အဘယ် သို့ စားရမည်နည်း?။ [၅]

၇။ ကထိန်အာနိသင် (၅)ပါးကို ဖော်ပြ၍ ဒီဃာဝုအား ၎င်း၏ဖခင်က သေခါနီး၌ မှာထားခဲ့သည် စကားကိုလည်း ဖော်ပြပါ။ [၆]

၈။ ကေသီသက်န်း၌ ပါဝင်သော သင်္ကန်း၏ အစိတ်အပိုင်းများကို ဘုရားဟောတိုင်း ဖော်ပြ၍ သင်္ကန်း (၆)မျိုးကိုလည်း ရေတွက်ပြပါ။ [၇]

၉။ အောက်ပါ ပါဠိကို မြန်မာပြန်ဆိုပါ -

ဒိသွာန ဘိက္ခူ အာမန္တေသိ 'ကဿ န္ခွာယံ ဘိက္ခဝေ စက်မော လောဟိတေန ဖုဋ္ဌော သေယျထာပိ ဂဝိယာတန'န္တိ [၈]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာဖြင့် ပြန်ဆိုပါ။

"ပစ္ဆိမယာမ် ထွက်လတ်သော နှစ်လိုဖွယ် မျက်နှာနှင့်တူသည့်ညဥ့်၏ အရုဏ်တက် လတ်သော် ဘုရားရှင်အား ချမ်းအေးမှု ဖြစ်လေပြီ" [၉]

* * * * *

---

၁၊ ဝိ၊ ၃၊ ၂၆၆-၉။ ၂၊ ဝိ၊ ၃၊ ၁။ ၃၊ ဝိ၊ ၃၊ ၂၇၉။ ၄၊ ဝိ၊ ၃၊ ၁၂၆-၄။
၅၊ ဝိ၊ ၃၊ ၃၁၂ ၃၃၅။ [ဝိ၊ ဋ၊ ၃၊ ၃၇၆။ ဝိ၊ ဋ၊ ၂၊ ၁၈၉။ သာရတ္ထ၊ ၂၊ ၃၅၉။ ခု၊ ဘာ၊ ၁၆၆၊ ၁၇၀။]
၆၊ ဝိ၊ ၃၊ ၃၅၂ ၄၉၀။ ၇၊ ဝိ၊ ၃၊ ၄၁၀-၃-၄။ ၈၊ ဝိ၊ ၃၊ ၂၆၈။ ၉၊ ဝိ၊ ၃၊ ၄၀၂။

http://www.dhammadownload.com



## ၁၃၃၈–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "စေတသာ အဂါရံ အဇ္ဈာဝသတိ" [၁] ၌ စေတသာ-ကို နာမ်ရုပ်တွက်၍ အဂါရံ-ကို နာမပဒမာလာ စဉ်ပြီးလျှင် အဂါရံ-၌ မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ မည်သည့် ဝိဘတ်သက်ထားသည်ဟု အကြောင်းပြ၍ ညွှန်ပြခဲ့ပါ။

၂။ အဇ္ဈာဝသတိ- [၂] ကို အာချာတ်ရုပ်ကျဉ်းတွက်၍ ဓာတ်သက်သက်ကိုသာ ယူပြီး အဇ္ဇတနီဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ နံပါတ် (၉) ပုစ္ဆာပါ "ခယသ္မိံ ပဌမံ ဉာဏံ" [၃] ၌ ဉာဏံ-အရ ကောက်ပြ၍ ၎င်း၏သမ္ပယုတ္တဓမ္မကို ဖော်ပြပြီး ဟေတု၊ ကိစ္စ၊ ဒွါရတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "တတော အညာ" [၄] ၌ အညာ-အရ ကောက်ပြ၍ ၎င်း၏ အာရမ္မဏတရား၊ အာရမ္မဏိကတရားတို့ကို ဖော်ပြခဲ့ပါ။

၅။ အဘယ်သို့ သိတင်းသုံးနေထိုင်လျှင် တိုင်းသူပြည်သားတို့၏ဆွမ်းကို အချည်းနှီး မဖြစ်စေဘဲ သုံးဆောင်သည် မည်ပါသနည်း? တိကျစွာ ညွှန်ပြ၍ ထိုကဲ့သို့ နေထိုင်သော ပုဂ္ဂိုလ်တို့တွင် ဧတဒဂ်ရပုဂ္ဂိုလ်၏အမည်ကိုလည်း ဖော်ပြခဲ့ပါ။ [၅]

၆။ အာသဝေါတရား တိုးပွားသောပုဂ္ဂိုလ်၊ မတိုးပွားသောပုဂ္ဂိုလ်တို့ကို တိကျစွာ ဖော်ပြ ခဲ့ပါ။ [၆]

၇။ ဆယ့်ငါးရက်တစ်ကြိမ် ရွတ်ဆိုအပ်သော ပါတိမောက်သိက္ခာပုဒ်များကို လုံခြုံအောင် မကျင့်သုံးနိုင်ပါလျှင် မည်သည့်တရားကို ကျင့်သုံးရမည်နည်း? ဝဇ္ဇီမင်းသား ရဟန်း တစ်ပါးအား ဘုရားရှင်မိန့်ကြားသည့်တိုင်း ဖော်ပြ၍ ထိုတရားကို ကျင့်သုံးသောကြောင့် ရရှိသောအကျိုးကိုလည်း ညွှန်ပြခဲ့ပါ။ [၇]

၈။ "သဒ္ဓါတရားနှင့် ပြည့်စုံသူ" [၈] ဟု သိနိုင်ခြင်းအကြောင်းတို့ကို ဖော်ပြ၍ မည်သည့် တရားတို့ မျက်မှောက်ထင်ရှားရှိလျှင် သဒ္ဓါတရားနှင့်ပြည့်စုံသူသည် ကုသိုလ်တရား တိုးပွားနိုင်ပါသနည်း? ဖော်ပြခဲ့ပါ။

---

၁-၂၊ အံ၊ ၁၊ ၁၄၉။ ၃-၄၊ အံ၊ ၁၊ ၂၃၂။ ၅၊ အံ၊ ၁၊ ၉၊ ၂၄။ [ဒက္ခိဏေယျတေဒင်ထေရ် အံ၊ ၄၊ ၁၊ ၁၇၃] ၆၊ အံ၊ ၁၊ ၈၄။ ၇၊ အံ၊ ၁၊ ၂၃၁-၂။ ၈၊ အံ၊ ၁၊ ၁၄၈-၉။

http://www.dhammadownload.com



၉။ အောက်ပါ ဂါထာကို တတော-၏ အစွဲမှန်ကန်စေလျက် အနက်ပေးခဲ့ပါ -

သေခဿ သိက္ခမာနဿ၊ ဥဇုမဂ္ဂါနုသာရိနော။

ခယသ္မိံ ပဌမံ ဉာဏံ၊ တတော အညာ အနန္တရာ။ ၀

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ -

အရှင်ကစ္စာန၊ ဥပမာသော်ကား မှောက်ထားသောဝတ္ထုကို လှန်ဘိသကဲ့သို့ရင်း၊ ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း, မျက်စိလည် လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း, 'မျက်စိအမြင်ရှိသူတို့သည် ရူပါရုံတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း" ၂

* * * * * *

## ၁၃၃၈-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

အဟံ နာဂေါဝ သင်္ဂါမေ၊

စာပတော ပတိတံ သရံ၊

အတိဝါကျံ တိတိက္ခိဿံ၊

ဒုဿီလော ဟိ ဗဟုဇ္ဇနော။

၁။ တိတိက္ခိဿံ- ၌ ဓာတ်အရကောက်၍ ယင်း၏ သမ္ဗယုတ္တဓမ္မတို့ကို ရေးပြီး ဝေဒနာ ဟိတ် ကိစ္စ အာရုံတို့ဖြင့် တိကျစွာဝေဖန်ခဲ့ပါ။

၂။ ဒုဿီလော- ၌ သီလအရကောက်၍ ယင်းသည် မည်သည့်စိတ်တို့၌ မည်သို့မည်ပုံ ယှဉ်ကြသည်ကို အရှင်အနုရုဒ္ဓါဆရာ အလိုကျရေးခဲ့ပါ။

၃။ တိတိက္ခဿံ- ကို အာချာတ် ရုပ်ကျဉ်းတွက်၍ အတိဝါကျံ-၌ ဓာတ်ကို ယူပြီး ပဥ္စမီ ဝိဘတ်ဖြင့် ဘာဝရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၄။ အထက်ပါ ဂါထာ၌ သန္ဓိပုဒ်တို့ကို သုတ်ညွှန်းပြ ပဒစ္ဆေဒပြု၍ ပတိတံ-၌ မည်သည့် အနက်၌ မည်သည့်သုတ်ဖြင့် မည်သည့်ဝိဘတ်သက်ထားသည်ကို ရေးပြီး အဟံ-ကိုလည်း ဒုတိယ ဆဋ္ဌီဝိဘတ်တို့ဖြင့် ဂိုဏ်းစဉ်ခဲ့ပါ။ ၁

---

၁၊ အံ၊ ၁၊ ၂၃၂။ ၂ အံ၊ ၁၊ ၉၈၊ ၆၁။ ၃-၄-၅-၆၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၃၆။

http://www.dhammadownload.com



၅။ ပါလိတထေရ်သည် မည်သည့်အရပ်မှ မည်မျှဝေးသောအရပ်သို့ မည်သူတို့နှင့် သွားကာ မည်သည့်ရောဂါရပြီး မည်သူက ပယ်စွန့်သည့်အခါ မည်သူကို မည်သို့ ဆုံးမလျက် မည်သည့်တရားရပြီးနောက် ဘုရားထံ မည်သူတို့က ခေါ်ဆောင်သွားသည်တို့ကို တိကျစွာ ရေးပြီး သူပြခဲ့သည့် အကုသိုလ်ကံနှင့်ဘုရားဟောတရားကိုလည်း သိသာရုံ ရေးခဲ့ပါ။ [၁]

၆။ အရှင်သာရိပုတ္တရာ ဗျာဒိတ်ခံခဲ့သည့် ဘုရား၏ဘွဲ့တော်စသည်တို့ကို စုံလင်အောင် ရေး၍ ခံယူစဉ်က နာမည်နှင့်ခံယူပုံ ရှုခင်းတို့ကိုလည်း အကျဉ်းချုပ် ရေးခဲ့ပါ။ [၂]

၇။ ကောသမ္ဗီပြည်သား မောင်အာကျယ်၏ ဘဝဇာတ်လမ်း အကျဉ်းချုပ်ကို အတိတ်ရော ပစ္စုပ္ပန်ပါ တိကျစွာ ရေး၍ ပညာရှိနှင့်ပေါင်းမိသဖြင့် အကျိုးရပုံကို စူဠပန္ထကအတိတ်ဇာတ်လမ်း အကျဉ်းချုပ်ဖြင့် ရေးခဲ့ပါ။ [၃]

၈။ သိကြားမင်း ကျင့်ဝတ်တို့ကို တိကျစွာရေး၍ သိကြားမင်း၏ ဇနီးချော သုဇာဖြစ်ခဲ့ရာဌာနတို့ကိုလည်း ရေးခဲ့ပါ။ [၄]

၉။ လသီ စ တေ နိပ္ပလိတာ၊ မတ္ထကော စ ပဒါလိတော။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ အဋ္ဋ ခေါ တွံ ဝိရောစသိ- [၅] ကို နိဿယကျကျ အနက်ယောဇနာခဲ့ပါ။

၁၀။ "ငါ့ကို (သင်တို့) ခွင့်ပြုကြလျှင် ငါ ရဟန်းပြုအံ့'ဟု ထိုမဟာပန္ထကသည် အဖိုးကို ပြော၏၊ 'ဘယ်လိုဆိုတာလဲ ငါ့မြေး၊ (သင်) စွမ်းနိုင်လျှင် ရဟန်းပြုပါ' (* ဟု ပြော၏)" [၆] ဤမြန်မာဝါကျကို ပါဠိစီကုံးခဲ့ပါ။

## ၁၃၃၉–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ဟာလံ၊ ပါတုရဟောသိ" [၇] တို့၌ သန္ဓိရှုပ်ကျဉ်းတွက်ပြ၍ အညာတာရော-ကို ပုဒ်၊ ဝိဘတ် ခွဲပြပြီး နာမပဒမာလာ စဉ်ပြပါ။

၂။ အာဟဉ္ဆ-[၈] ၌ ဓာတ်ကိုယူပြီး ပဉ္စမီဝိဘတ် သုဒ္ဓကမ္မရုပ် အာချာတပဒမာလာ စဉ်ပြ၍ ဘယဒဿာဝိနော-ကို ပုဒ် ဝိဘတ် ခွဲပြပါ။

---

၁၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၅၊ ၆၊ ၈၊ ၁၀-၂-၃-၄။ ၂၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၅၃။ ၃၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၁၀-၁၊ ၁၅၉။
၄၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၇၂-၄-၆။ ၅၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၃။ ၆၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၆၄။ ၇၊ ဝိ၊ ၃၊ ၅-၆။
၈၊ ဝိ၊ ၃၊ ၁၂ ၉။ * (ဟု ပြော၏)၊ ဤစကား ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၄-၌ ပါ၏။ ပုစ္ဆာ မပါ။

http://www.dhammadownload.com



၃။　ပဋိသောတဂါမီ-[၁] ၌ ရှေ့ပုဒ်အရ ကောက်ပြ၍ ၎င်းကို ကေန်အာရုံပြုနိုင်သော တရားများကို ဖော်ပြပြီး ဟိတ်၊ ကိစ္စ၊ ဒွါရတို့ဖြင့် ဝေဖန်ပြပါ။

၄။　"သမ္မာ စိတ္တံ ဝိမုစ္စတိ" [၂]၌ စိတ္တံ-အရ ဖော်ပြ၍ ၎င်းကို ဝေဒနာ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

၅။　အရှင်အဿဇိထေရ်က သာရိပုတ္တရာပရိဗိုဇ်အား ဟောကြားသောတရားကို ဖော်ပြ၍ နှင်ထုတ်သင့်သောတပည့်၏ ပဌမအင်္ဂါ (၅)ချက်ကိုလည်း ဖော်ပြခဲ့ပါ။ [၃]

၆။　ရှင်ပြုပုံအစီအစဉ်ကို ဖော်ပြ၍ မဇ္ဈိမဒေသအပိုင်းအခြားကိုလည်း ရေးသားခဲ့ပါ။[၄]

၇။　မ...းကောင်းသော အသား (၁၀)မျိုးကိုလည်း ဖော်ပြ၍ အစွန်းသုံးခု လွတ်သော အသားဟူသည် အဘယ်အသာမျိုးပါနည်း။ [၅]

၈။　ဝိသာခါတောင်းသော ဆု (၈)ပါးကို ဖော်ပြ၍ မုဒ္ဒိကပါန-အရ ယခုခေတ် အခေါ် အားဖြင့် အဘယ်အသီးဖျော်ရည်ဖြစ်သနည်း။ [၆]

၉။　အောက်ပါ ပါဠိဘာသာကို မြန်မာပြန်ဆိုပါ -

အဂ္ဂိဟုတ္တမုခါ ယညာ၊ သာဝိတ္တီ ဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။ [၇]

၁၀။　အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ဆိုပါ -

"ဘုရားရှင်ကို ဖူးမြင်ရသည်နှင့်တစ်ပြိုင်နက် ထိုသူပ္ပိယာ၏ ထိုမျှအလွန်ကြီးသော အမာသည် အသားနုတက်လျက် ကောင်းစွာ အရေ အမွေး ပေါက်လာပြီး ဖြစ်လေပြီ" [၈]

* * * * *

## ၁၃၃၉-ခုနှစ်၊ အဂ္ဂိုတ္တိုရ်ပါဠိတော်

၁။　"သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ (ပ) ပုဗ္ဗေနိဝါသာနုဿတိ-ဉာဏာယ စိတ္တံ အဘိနိန္နာမေတိ" [၉] ဝါကျ၌ ပရိယောဒါတေ-ကို ပဒစ္ဆေဒပြု၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-၌ အနုဿတိ-ပုဒ်ကို နာမပဒမာလာ စီစဉ်ခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၆။　၂၊ ဝိ၊ ၃၊ ၂၁။　၃၊ ဝိ၊ ၃၊ ၅၃၊ ၆၉။　၄၊ ဝိ၊ ၃၊ ၂၉၊ ၂၈၇။　၅၊ ဝိ၊ ၃၊ ၃၁၂၊ ၃၃၅။
၆၊ ဝိ၊ ၃၊ ၄၁၅၊ ၃၄၄။ [ပါတိမောက်၊ ဘာ၊ ၂၆၃။] ၇၊ ဝိ၊ ၃၊ ၃၄၄။　၈၊ ဝိ၊ ၃၊ ၃၁၂။ ၉၊ အံ၊ ၁၊ ၁၆၄။

http://www.dhammadownload.com



၂။ (၁) နံပါတ် ဝါကျရှိ သမာဟိတေ - [၁] ၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် အာချာတ ပဒမာလာ ကတ္တုရုပ်မျှ စီစဉ်ပြ၍ ၎င်းဝါကျလာ စိတ္တေ-၌ ဝိဘတ္တိ၊ ဝိဘတျတ္ထ၊ ဝိဘတ္တိဝိဓိ သုတ်တို့ကို ဖော်ပြခဲ့ပါ။

၃။ (၁) နံပါတ်ဝါကျ စိတ္တေ- [၂] ၌ ရသင့်သောစိတ်ကို ကောက်ပြ၍ ယင်းစိတ်နှင့် ယှဉ်သော စေတသိက်များကိုလည်း ရေးခဲ့ပါ။

၄။ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-[၃] အရကို ကောက်ပြ၍ ယင်းပုဗ္ဗေနိဝါသာနုဿတိ-ဉာဏာယ-ကို အာရုံပြုနိုင်သောစိတ်တို့ကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

၅။ မဟာကစ္စာနသည် မဓုရာပြည် ကန္ဒရာတော၌ နေခိုက် ကန္ဒရာယနပုဏ္ဏားက ပြောကြားသော စကားရပ်တို့ကို လိုရင်းမျှ ဖော်ပြ၍ မဟာကစ္စည်းထေရ်က ၎င်းပုဏ္ဏားအား ဟောကြားသော လူကြီးလူငယ် ခွဲချယ်ပုံကိုလည်း ဖော်ပြခဲ့ပါ။ [၄]

၆။ အဓိပတေယျ (၃)မျိုးတွင် အတ္တာဓိပတေယျဖြစ်ပုံကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။[၅]

၇။ တိကနိပါတ် တတိယသိက္ခာသုတ်လာ အနာဂါမ်အမျိုးအစားတို့ကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် ဖော်ပြ၍ ပဝိဝေက (၃)မျိုးကိုလည်း ရေးခဲ့ပါ။ [၆]

၈။ သမ္ပဒါ (၃)မျိုးတွင် စိတ္တသမ္ပဒါ-အရကို ဖော်ပြ၍ ဘဏ္ဍနသုတ်လာ ခိုက်ရန်ဖြစ်ခြင်း အကြောင်းနှင့်ညီညွတ်ကြောင်းများကိုလည်း ညွှန်ပြခဲ့ပါ။ [၇]

၉။ "သော သာကဘာက္ခောပိ ဟောတိ၊ သာမာကဘာက္ခောပိ ဟောတိ၊ နီဝါရဘာက္ခောပိ ဟောတိ၊ ဒဒ္ဒုလဘာက္ခောပိ ဟောတိ၊ ဟာဋဘက္ခောပိ ဟောတိ" [၈]တို့ကို အနက်မှန် ကန်အောင် ပေးခဲ့ပါ။

၁၀။ "ထိုပရိဗိုဇ်တို့သည် မြတ်စွာဘုရားကြွတော်မူ၍ မကြာမြင့်မီပင် သရဘပရိဗိုဇ်ကို နှုတ်နှင်တံဖြင့် ဝိုင်းအုံ၍ ထိုးကုန်၏" [၉] ဟူသော စကားရပ်တို့ကို ပါဠိစုဏ္ဏိယသီကုံးခဲ့ပါ။

* * * * *

၁-၂-၃၊ အံ၊ ၁၊ ၁၆၄။ ၄၊ အံ၊ ၁၊ ၆၈။ ၅၊ အံ၊ ၁၊ ၁၆၈။ ၆၊ အံ၊ ၁၊ ၁၄၆။
၇၊ အံ၊ ၁၊ ၂၃၆၊ ၂၄၂။ ၈၊ အံ၊ ၁၊ ၇၂၊ ၂၇၉။ ၉၊ အံ၊ ၁၊ ၃၀၀။ [၅၂၇]

http://www.dhammadownload.com



## ၁၃၃၉–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ပဒွံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။

အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ" [၁] ဂါထာ၌ ပဒုံ-ကို သန္ဓိရုပ်၊ ပါတော-ကို နာမ်ရုပ်ကျဉ်းတွက်ပြပြီးလျှင် သုဂန္ဓံ-ကို လိင်၊ ဂိုဏ်း၊ ကာရန်၊ ဝိဘတ် ညွှန်းပြခဲ့ပါ။

၂။ ပဿ-ကို အာချာတ်ရုပ်ကျဉ်းတွက်ပြပြီးလျှင် အဝီတဂန္ဓံ-ဝယ် ပုဗ္ဗပဒ၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာစဉ်ခဲ့ပါ။ [၂]

၃။ "အပ္ပမာဒေါ အမတပဒံ" [၃] ဝယ် အမတ-အရ ပဒအရတို့ကို ကောက်ပြပြီးလျှင် ပဒအရ တရားနှင့်ယှဉ်နိုင်သော စိတ် စေတသိက်များကို ကောက်ပြခဲ့ပါ။

၄။ (၁) နံပါတ်ရှိ ဂါထာ၌ ပဿ-အရ ဖြစ်သင့်သော ပရမတ္ထတရားတို့ကို အပိုအလို မရှိ တိကျစွာ ကောက်ပြခဲ့ပါ။ [၄]

၅။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများကို "အလုပ်မရှိ၊ လူပိုတွေ"ဟု ပြောဆိုကြသော ပုဂ္ဂိုလ်များကို ငါ့ရှင်တို့က မည်သို့ချေပပြောဆိုမည်ကို ဖြေဆိုပြီးလျှင် သာဝတ္ထိပြည်၌ လူဦးရေစာရင်းကို ပုထုဇဉ်အရိယာ ခွဲခြားဖော်ပြ၍ အရိယာတို့၏ အလုပ်များကိုလည်း ဖော်ပြခဲ့ပါ။ [၅]

၆။ (၁) နံပါတ်ရှိ ဂါထာကို ပို့ချသူနှင့်သင်ယူတို့၏အမည်များကို ဖော်ပြ၍ မည်မျှ ကြာအောင် ပို့ချသင်ယူသည်ကို ဖြေဆိုပြီးလျှင် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့သည် အဘယ်နေ့၌ အဘယ်တရားကို နာရ၍ သာဝကပါရမီဉာဏ်၏အဆုံးသို့ ရောက်ရသည် ကိုလည်း ဖြေဆိုခဲ့ပါ။ [၆]

၇။ သတ်သတ်လွတ် စားသောဝါဒသည် ဘုရားရှင်ဝါဒ ဟုတ် မဟုတ် ဖြေရှင်းပြ၍ ထမင်းသည်ဘယ်မှ ဖြစ်လာပါသနည်း၊ ယင်းထမင်း၏ ဖြစ်ရာကို မသိသော မင်းသားသုံး ယောက်တို့၏အမည်နှင့် ၎င်းတို့က ထမင်းဖြစ်ရာအရပ်ကို မည်သို့ ပြောဆိုကြသည်ကို အကြောင်းနှင့်တကွ ဖြေဆိုပါ။ [၇]

---

၁-၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၅၅။ ၃၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၄၅။ ၄၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၅၅။
၅၊ ဓမ္မပဒ၊ ၄၊ ၁၊ ၅၊ ၄။ ၆၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၅၅၊ ၆၁။ ၇၊ ဓမ္မပဒ၊ ၄၊ ၁၊ ၉၁၊ ၈၇-၈။

http://www.dhammadownload.com


၈။ အခြံအရံသာ များ၏ ပစ္စည်းဥစ္စာ နည်းရခြင်းနှင့် ပစ္စည်းဥစ္စာသာပေါများ၏ အခြံအရံနည်းရခြင်းအကြောင်းတို့ကို ဖြေဆို၍ "လင်ယောကျ်ားပြုလုပ်လျှင် ငါရလိမ့်မည်" ဟူသောမျှော်လင့်ချက်ဖြင့်သာ မလျှုဒါန်းဘဲ ဒါယိကာမများ မနေသင့်ပုံ တရားတစ်ပုဒ် အတိုချုပ် ရေးပြပြီးလျှင် ဝေဇယန္တာပြာသာဒ်၏အမြင့်ပမာဏကိုလည်း ဖော်ပြခဲ့ပါ။ [၁]

၉။ (၁) နံပါတ်ရှိ ဂါထာကို အနက်ပေးပြခဲ့ပါ။ [၂]

၁၀။ "ဤပုဏ္ဏားသည် ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး ငါ့သမီးအား လျောက်ပတ်သော ယောကျ်ားသည် မရှိဟု နှလုံးသွင်း၍ တစ်စုံတစ်ယောက်သော ယောကျ်ားအား မပေးမူ၍ 'ယနေ့ ငါ့သမီးအား လျောက်ပတ်သော ယောကျ်ားကို မြင်အပ်ပြီ'ဟု ပြောဆိုသတတ်။ ထိုယောကျ်ားသည် အဘယ်သို့သဘောရှိသနည်း၊ ထိုယောကျ်ားကို ကြည့်ကုန်အံ့'ဟု များစွာသော လူအပေါင်းသည် ထိုပုဏ္ဏားနှင့်တကွသာလျှင် ထွက်သွားလေ၏" ၎င်းကို ပါဠိစီကုံးပါ။ [၃]

* * * * *

## ၁၃၄၀-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အဋ္ဌတဂ္ဂေ၊ ထေ" [၄] ပုဒ်တို့၌ သန္ဓိရုပ်ကျဉ်းတွက်ပြ၍ ကာဟသိ-ကို ဓာတ်ပစ္စည်းခွဲပြီး ဓာတ်ကို ဝတ္တမာန် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

၂။ "နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ" [၅] ဝယ် ရှေ့ပုဒ်ကို ပုဒ် ဝိဘတ် ခွဲ၍ နာမပဒမာလာ စဉ်ပြပြီး "(ယေ) သောတဝန္တော"ကို ပုဒ် ဝိဘတ်ခွဲပြပါ။

၃။ "တေသဥ္စ ယော နိရောဓော" [၆] အရကို ကောက်ပြ၍ ၎င်းကို ကေန်အာရုံပြုနိုင်သော စိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ ဝေဒန္တဂူ-[၇] ၌ ဝေဒအရကို ကောက်ပြီး ၎င်းနှင့်ယှဉ်သော စိတ်ကို ဟေတု၊ ကိစ္စ၊ ဒွါရတို့ဖြင့် ဝေဖန်ပြပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၉၊ ၁၇၂-၃။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၅။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၈။
၄၊ ဝိ၊ ၃၊ ၅၊ ၁၈၊ ၅၁။ ၅၊ ဝိ၊ ၃၊ ၂၀၊ ၁၀။ ၆၊ ဝိ၊ ၃၊ ၅၁။ ၇၊ ဝိ၊ ၃၊ ၃။

http://www.dhammadownload.com



၅။ မုစလိန္ဒကထာဝယ် ဘုရားရှင် ကျူးရင့်သော ဥဒါန်းကို မြန်မာဘာသာဖြင့် ဖော်ပြ၍ ခုနစ်ယောက်မြောက် ရဟန္တာကား အဘယ်ပုဂ္ဂိုလ်ပါနည်း?။ [၁]

၆။ သောဏကောဠိဝိသအား စောင်းဥပမာဖြင့် ဆုံးမပုံကို မြန်မာလိုရေး၍ ပဉ္စဓာသဋ္ဌ သရုပ်ကိုလည်း ဖော်ပြပါ။ [၂]

၇။ ကထိန်အာနိသင် (၅)ပါးကို အကျဉ်းဖော်ပြ၍ စီဝရမာတိကာ ရှစ်ပါးကိုလည်း ရေတွက်ပြပါ။ [၃]

၈။ ဒီဃာဝု၏ မိဘများက ၎င်းအား နောက်ဆုံးမှာကြားသည့် ဆုံးမစကားကို ဖော်ပြ၍ ပါလိလေယျကဆင်နှင့် တွေ့သည့်အခါ ကျူးရင့်သော ဥဒါန်းတရားကိုလည်း ဖော်ပြပါ။ [၄]

၉။ အောက်ပါ ပါဠိကို မြန်မာပြန်ပါ -

ဧသေဝ ဓမ္မော ယဒိ တာဝဒေဝ၊ ပစ္စဗျတ္ထ ပဒမသောကံ။
အဒိဋ္ဌံ အဗ္ဘတီတံ၊ ဗဟုကေဟိ ကပ္ပနဟုတေဟိ။ [၅]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ဆိုပါ -

"အကြင်သူတို့သည် မဂ်တံတားကို ခင်း၍ ကိလေသာညွန်တို့ကို စွန့်ကာ နက်ကျယ်သည့်တဏှာမြစ်ကို ကူးကုန်၏။ ပညာရှိသည့် ထိုသူတို့သည် ကူးပြီးသူတို့ မည်ကုန်၏၊ ဤလူအပေါင်းသည်ကား ဖောင်ကို ဖွဲ့၏" [၆]

* * * * *

## ၁၃၄၀–ခုနှစ်၊ အဂ္ဂတ္ထိရ်ပါဠိတော်

၁။ "ကာမမဏ္ဍာဝသတိ" [၇] ကို ပဒစ္ဆေဒပြု၍ "မစ္ဆရိ စာဂသမ္ပဒါယ . . . နိဝေသေတိ"၌ မစ္ဆရီ-ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ နိဝေသေတိ- [၈] ၌ ဓာတ်ကိုယူ၍ အဇ္ဇတနီဝိဘတ် ပရဿပုဒ်ဖြင့် သုဒ္ဓကတ္တာရုပ် ပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၄၊ ၂၄။ ၂၊ ဝိ၊ ၃၊ ၂၆၉၊ ၂၉၀။ ၃၊ ဝိ၊ ၃၊ ၃၅၂ ၄၂၇။ ၄၊ ဝိ၊ ၃၊ ၄၉၀၊ ၅၀၀။
၅၊ ဝိ၊ ၃၊ ၅၃။ ၆၊ ဝိ၊ ၃၊ ၃၂၅။ ၇-၈၊ အံ၊ ၁၊ ၆၈-၃။

http://www.dhammadownload.com



၃။ "တေ တံ လာဘံ လဘိတွာ ဂထိတာ . . . . . ပရိဘုဥ္ဇန္တိ" [၁] ၌ ဂထိတာ-အရ တရားကို ယှဉ်ရာစိတ်နှင့်တကွ ကောက်ပြပါ။

၄။ "ပါပဏိကော ဝိဓုရော ဟောတိ" [၂] ၌ ဝိဓုရ-အရ ပရမတ္ထစစ်စစ်ကို တိကျစွာ ကောက်ပြ၍ ယင်းတရားကို ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ "သာသနာပြုပုဂ္ဂိုလ်" [၃] ဟူသည် မည်သည့်ရဟန်းတော်မျိုးကို ဆိုပါသနည်း? ဧကနိပါတ် အဓမ္မဝဂ်လာ စကားကို လိုရင်းချုပ်၍ ဖြေဆိုပါ။

၆။ ရဟန်းယုတ်တို့ အင်အားကြီးမားသောအခါ သီလကို ချစ်မြတ်နိုးသော ရဟန်းတော်များ မည်သို့နေထိုင်ကြသည်ကို ဒုကနိပါတ် သမစိတ္တဝဂ်လာ အရ ဖြေဆိုပါ။ [၄]

၇။ ရဟန်းတော်တို့ အသက်ထက်ဆုံး အောက်မေ့အပ်သော အရပ်ဌာန (၃)မျိုးကို အကျဉ်းချုပ် ဖြေဆို၍ မမှိုဝဲမဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်သုံးယောက်ကိုလည်း ဖော်ပြပါ။ [၅]

၈။ အမိနှင့်သား အချင်းချင်း အကာအကွယ် မပေးနိုင်သော ဘေးကြီးများကို ဖော်ပြ၍ ယင်းဘေးကြီးများကို ငြိမ်းသတ်နိုင်ရန် ဟောတော်မူအပ်သော လမ်းစဉ်အကျင့်တို့ကိုလည်း စုံလင်အောင် ဖော်ပြပါ။ [၆]

၉။ အောက်ပါ ပါဠိဘာသာကို မြန်မာစကားပြေ ပြန်ဆိုပါ -

ကာယသုစိံ ဝစီသုစိံ၊ စေတောသုစိံ အနာသဝံ။
သုစိံ သောစေယျ သမ္ပန္နံ၊ အာဟု နိန္ဟာတပါပကံ။ [၇]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"ရဟန်းတို့၊ မာတုဂါမသည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်၏။ ပွင့်ပွင့်လင်းလင်း မရွက်ဆောင်။ ရဟန်းတို့၊ ပုဏ္ဏားတို့သည် ဗေဒင်တို့ကို လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်ကုန်၏။ ပွင့်ပွင့်လင်းလင်း မရွက်ဆောင်ကုန်၏" [၈]

---

၁၊ အံ၊ ၁၊ ၇၄။ ၂၊ အံ၊ ၁၊ ၁၁၄။ ၃၊ အံ၊ ၁၊ ၁၉။ ၄၊ အံ၊ ၁၊ ၆၆။ ၅၊ အံ၊ ၁၊ ၁၀၅၊ ၁၂၂။
၆၊ အံ၊ ၁၊ ၁၈၀-၁။ ၇၊ အံ၊ ၁၊ ၂၇၆။ ၈၊ အံ၊ ၁၊ ၂၈၆။

http://www.dhammadownload.com



## ၁၃၄၀–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။

ဝါတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ" ၌ စက္ကံဝ-ကို သန္ဓိရုပ်ကျဉ်းတွက်ပြ၍ အန္ဝေတိ-ကို ပုဒ်ဖြတ်ပြီးလျှင် ဝဟတော-၌ လိင်၊ ဂိုဏ်း၊ ကာရန် ညွှန်းပြခဲ့ပါ။

၂။ တကော-ကို ဝိဘတျန္တပုဒ်ဟု ဆိုက သင့် မသင့် အကြောင်းပြဖြေဆို၍ နံ-ကို နာမ်ရုပ်အကျဉ်းတွက်ပြပြီးလျှင် ဝဟတော-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပြခဲ့ပါ။ ၂

၃။ မနသာ-အရ ဖြစ်သင့်သောစိတ်ကို ဖော်ပြ၍ ယင်းစိတ်၌ အမြဲယှဉ်သော စေတသိက်များကို ကောက်ပြပြီးလျှင် ယင်းစိတ်ကို ပကိဏ်းပိုင်းလာ ဆက္က (၆)ပါးဖြင့် ဝေဖန်ပြခဲ့ပါ။ ၃

၄။ ဒုက္ခံ-၌ ဒုက္ခအပြားကို အစဉ်မပျက် ဖော်ပြ၍ ယင်းဒုက္ခတို့၏ တရားကိုယ်များကို အသီးသီးကောက်ပြပြီးလျှင် ပဌမဒုက္ခ၏ အာရုံတရားကိုလည်း ဖော်ပြခဲ့ပါ။ ၄

၅။ ဒုက္ခ၏ ဒုစရိုက်ဖြည့်ကျင့်သောပုဂ္ဂိုလ်သို့ အစဉ်လိုက်ပုံကို ထင်ရှားအောင် ဖြေဆိုပြီးလျှင် (၁)နံပါတ်ရှိ ဂါထာကို ကြားနာရသဖြင့် အဘယ်မျှလောက်သော ရဟန်းတို့သည် အဘယ်သို့သော ရဟန္တာများ ဖြစ်ကြသည်ကိုလည်း ဖြေဆိုခဲ့ပါ။ ၅

၆။ မဋ္ဌကုဏ္ဍလီနတ်သားသည် သူ့ဖခင်ဆောက်တည်ရန် ဟောကြားအပ်သော တရားများကို ရေတွက်ပြ၍ မဋ္ဌကုဏ္ဍလီအမည်ရခြင်းအကြောင်းကို ဖြေဆိုပြီးလျှင် ကျောင်း၏ အလယ်၌နေသော ရဟန်း၏ ပြုကျင့်ရမည့် ကျင့်ဝတ်တရားများကိုလည်း ဖော်ပြခဲ့ပါ။ ၆

၇။ ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလ္လာန်တို့၏ ငယ်မည်ကို အကြောင်းနှင့်တကွ ဖြေဆို၍ သရဒရသေ့၏ တပည့်ရသေ့အရေအတွက် သချာမျှဖော်ပြပြီးလျှင် တပည့်များ ရဟန္တာဖြစ်လျက် ဆရာသရဒရသေ့ ရဟန္တာမဖြစ်ရခြင်းအကြောင်းကိုလည်း ထင်ရှားအောင် ဖြေဆိုခဲ့ပါ။ ၇

---

၁-၂-၃-၄-၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂ ၁၄၊ ၆။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၁၊ ၁၆၊ ၂၆။

၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၅၃၊ ၆၇၊ ၇၀။

http://www.dhammadownload.com



၈။ "အလျှုလှူရာ၌ ဆုတောင်းစရာ မလို"ဟု ပြောဆိုသော၀ါဒ သင့်/မသင့် အနုရုဒ္ဓါ ဝတ္ထုထောက်လျက် ဖြေရှင်းပြပြီးလျှင် စူဠပန်မထေရ်ဉာဏ်လေးခြင်းသည် ပဋိသန္ဓေ ဉာဏ်လေးခြင်း ဟုတ်/မဟုတ်ကိုလည်း ဖြေရှင်းပြခဲ့ပါ။ [၁]

၉။ (၁) နံပါတ်ရှိ ဂါထာကို အနက်ပေးခဲ့ပါ။ [၂]

၁၀။ "ထိုအခါမှစ၍ မန္တန်ကိုသင်ယူခြင်းသည်လည်းကောင်း၊ အတတ်ကို သင်ယူခြင်းသည် လည်းကောင်း မရှိ၊ မင်းသည်လည်း သမီးကို အမြဲ 'ချစ်သမီး၊ အတတ်ကို သင်ယူရပါ၏ လော'ဟု မေး၏၊ 'ခမည်းတော်၊ သင်ယူရပါ၏'ဟု ပြောဆိုလေပြီ" [၃] ၎င်းကို ပါဠိဘာသာ စီကုံးခဲ့ပါ။

* * * * *

## ၁၃၄၁–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ကွဒပ္ပစ္စယတာ၊ ကံသိ တွံ" [၄] တို့၌ သန္ဓိရုပ်ကျဉ်းတွက်ပြ၍ ပဋိသင်္ခါတော့ကို နာမပဒမာလာ စဉ်ပြပါ။

၂။ "ကုက္ကုစ္စာယန္တော" [၅] ကို ပုဒ် ဝိဘတ် ခွဲ၍ နာမဓာတ်ကို ယူပြီး ဝတ္တမာန် အတ္တနော ပုဒ်ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

၃။ "အသ္မိမာနသ ယော ဝိနယော" [၆] ၌ ဝိနယ-အရကို ကောက်ပြ၍ ၎င်းကို အာရုံပြု နိုင်သော စိတ်များကိုလည်း ကောက်ပြပါ။

၄။ "ဒါနံ - သောကနုဒံ" [၇] ၌ ဒါန, သောက-အရတို့ကို ကောက်ပြ၍ ဝေဒနာ၊ ဟိတ်၊ ကိစ္စတို့ဖြင့် ဝေဖန်ပြပါ။

၅။ ဒုတိယ မာရကထာ၌ ဘုရားရှင်က ပြန်ပြောသောစကားကို မြန်မာဘာသာဖြင့် ရေး၍ အဖွဲ့ပါဠိပုဟာရိယသဟဿ-အရကိုလည်း ရေတွက်ပြပါ။ [၈]

၆။ "ယဿ သိယာ အာပတ္တိ" အရနှင့် "အသန္တိယာ အာပတ္တိယာ" အရတို့ကို ပါဠိတော် လာတိုင်း ကောက်ပြခဲ့ပါ။ [၉]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၆၊ ၁၅၅။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂ ၁၄-၆။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၅။
၄၊ ဝိ၊ ၃၊ ၅၊ ၆၊ ၅၁။ ၅၊ ဝိ၊ ၃၊ ၃၀၃။ ၆၊ ဝိ၊ ၃၊ ၄။
၇၊ ဝိ၊ ၃၊ ၄၀၈။ ၈၊ ဝိ၊ ၃၊ ၂၉၊ ၄၃။ ၉၊ ဝိ၊ ၃၊ ၁၄၁။

http://www.dhammadownload.com


၇။ သံယပဝါရဏာပြုရာ၌ ဉာတ်ထားပုံ ပါဠိနှင့် မထေရ်ကြီးက ပဝါရဏာပြုပုံ ပါဠိကို ရေးပြပါ။ [၁]

၈။ ခက်မာစေရန် မုံ့မှုံထည့်ထားသော တင်လဲကို စားအပ်၊ မစားအပ် ဆုံးဖြတ်၍ လူသားစာလျှင် အဘယ်အာပတ် သင့်ပါသနည်း။ [၂]

၉။ အောက်ပါ ပါဠိကို မြန်မာဘာသာ ပြန်ဆိုပါ -

ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။

ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။ [၃]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ -

"ရဟန်းဂေါတမသည် သားမရှိစိမ့်သောငှာ ကျင့်၏။ ရဟန်းဂေါတမသည် မုဆိုးမဖြစ်စိမ့်သောငှာ ကျင့်၏။ ယခု ဤရဟန်းဂေါတမသည် ရသေ့တစ်ထောင်ကို ရဟန်းပြုအပ်ပြီ" [၄]

* * * * *

## ၁၃၄၁–ခုနှစ်၊ အဂ္ဂတ္တိုရ်ပါဠိတော်

၁။ "တံ ကထံ ကထယေ မီရော၊ အဝိရူဠှော္ဓ အနုဿိတော။

အနုန္နတေန မနသာ၊ အပဠာသော အသာယာသော" [၅] ၌ အနုန္နတေန-ကို မှန်ကန်စွာ ပဒစ္ဆေဒပြု၍ မနသာ-၌ ဝိဘတ္တိ၊ ဝိဘတျတ္ထ၊ ဝိဘတ္တိဝိဓိသုတ်တို့ကို ဖော်ပြပြီးလျှင် ယင်းကို ဂိုဏ်းအားလျော်စွာ နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ မီရော- [၆] ၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပြပြီးလျှင် ကထယေ-ကို အာချာတ်ရုပ်ကျဉ်း တွက်ပြခဲ့ပါ။

၃။ မီရော- [၇] ၌ မီ-အရ ပရမတ္ထတရားကို ကောက်ပြ၍ ၎င်းနှင့်ယှဉ်ရာ စိတ်တို့ကိုလည်း စုံလင်တိကျစွာ ကောက်ပြခဲ့ပါ။

၄။ အနုန္နတေန- [၈] ၌ ဥန္နတေန-အရ ပရမတ္ထတရားကို မှန်ကန်စွာ ကောက်ပြ၍ ၎င်းကို ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

---

၁။ ဝိ၊ ၃၊ ၂၂၃။ ၂။ ဝိ၊ ၃၊ ၃၀၃၊ ၃၁၂။ ၃။ ဝိ၊ ၃၊ ၄၉၆။ ၄။ ဝိ၊ ၃၊ ၅၄။ ၅-၆-၇-၈။ အံ ၁၊ ၁၉၉။

http://www.dhammadownload.com



၅။ မိုးကြိုးပစ်သော် မထိတ်လန့်သောပုဂ္ဂိုလ်များကို အကြောင်းနှင့်တကွ ဖော်ပြ၍ လောကပါလ တရားနှစ်ပါးကို ဖော်ပြပြီးလျှင်၊ ယင်းတရားနှစ်ပါးကို မစောင့်သုံးက အဘယ်သို့ အပြစ်ဖြစ်နိုင်သည်ကိုလည်း ဖြေဆိုခဲ့ပါ။ [၁]

၆။ "ဒါနဖြင့် နိဗ္ဗာန်ကို မရနိုင်"ဟု ပြောသော ဝါဒ မှန်/မမှန် ဖြေရှင်းပြပြီးလျှင် တေဒဂ်ရ ရဟန်းယောကျ်ားများကို သချာမှု ဖော်ပြ၍ လောကဓာတ်တစ်ခုတည်း၌ ဘုရားရှင်နှစ်ဆူ ပွင့်တော်မမူခြင်း၏အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။ [၂]

၇။ ဒေါသဖြစ်ကြောင်း တရားနှစ်ပါးကို ဖော်ပြ၍ ယင်းဒေါသကို ပယ်ရန် အဘယ် တရားသုံးပါးကို ပွားများအားထုတ်ရမည်ကို ဖြေဆိုပြီးလျှင် ဘုရားရှင်အလိုတော်ကျ ဝီရိယကို အားထုတ်ပုံကိုလည်း အပဏ္ဏကသုတ်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။ [၃]

၈။ "မိဘကြောင့်သာ ပဋိသန္ဓေနေရ၏"ဟု ပြောဆိုသောဝါဒ သင့်/မသင့် တိတ္ထာယတန သုတ်ထောက်၍ ဖြေရှင်းပြပြီးလျှင် ရွာ၌ ရဟန်းကောင်းရှိရခြင်း အကျိုးများကို ရေး၍ ပေါင်းသင်းထိုက်သော မိတ်ဆွေ၏ အင်္ဂါသုံးပါးကိုလည်း ဖော်ပြခဲ့ပါ။ [၄]

၉။ (၁) နံပါတ်ရှိ ဂါထာကို "အဝိရုဠှ္ဓေါ၊ အနုဿိတော၊ အပဋ္ဌာသော၊ အသာဟသော" ပုဒ်တို့၏ စပ်ရာကြိယာပုဒ် ထည့်လျက် အနက်ပေးပြခဲ့ပါ။ [၅]

၁၀။ "ဥပုသ်စောင့်သူသည် 'ငါသည် ယနေ့ ဤမည်ဤမည်သော ခဲဖွယ်ကိုလည်း ခဲရခဲ့ပြီ။ ဤမည်ဤမည်သော ဘောဇဉ်ကိုလည်း စားရခဲ့ပြီ။ နက်ဖြန် ငါသည် ဤမည်ဤမည်သော ခဲဖွယ်ကိုလည်း ခဲရလိမ့်မည်။ ဤမည်ဤမည်သော ဘောဇဉ်ကိုလည်း စားရလိမ့်မည်' ဟု ဆင်ခြင်၏" [၆] - ၎င်းကို ပါဠိဘာသာ စီကုံးခဲ့ပါ။

* * * * *

## ၁၃၄၁–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "သုဝဏ္ဏပါတိ ပဝါဟေတွာ နေရဉ္ဇရာယ နဒိယာ တီရေ" [၇] ၌ နေရဉ္ဇရာ-ကို ဖြစ်သင့်သမျှ ပုဒ်ဖြတ်၍ နဒိယာ-ကို နာမ်ရုပ်ကျဉ်း စီရင်ပြီးလျှင် သုဝဏ္ဏပါတိ-ကို လိင်၊ ဂိုဏ်း၊ ကာရန် ညွှန်ပြပါ။

---

၁၊ အံ ၁၊ ၇၆၊ ၅၃။ ၂၊ အံ ၁၊ ၇။ [အံ၊ ၄၊ ၁၊ ၄၃]၊ ၂၃-၆-၉။ ၃၊ အံ ၁၊ ၈၆၊ ၃၀၅၊ ၁၁၂။
၄၊ အံ ၁၊ ၁၇၇၊ ၁၅၀၊ ၂၈၉။ ၅၊ အံ ၁၊ ၁၉၉။ ၆၊ အံ ၁၊ ၂၀၆။ ၇၊ ဓမ္မပဒ၊ ၄၊ ၁၊ ၅၄-၇။

http://www.dhammadownload.com



၂။ ပဝါဟေတွာ-၌ ဓာတ်ကိုသာ ယူ၍ အဋ္ဌတာနီ အတ္တနောပုဒ် နာမယောဂ ကမ္မရုပ် အာချာတပဒမာလာ စဉ်၍ တေန သမယေန-၌ ဝိဘတ်သက်သောသုတ်ကို သက်ရခြင်း၏ အကြောင်းနှင့်တကွ ဖေါ်ပြခဲ့ပါ။ [၁]

၃။ "ဣမေ ပဉ္စ ဝိလောကေတွာ၊ ဥပ္ပဇ္ဇတိ မဟာယသော"[၂] ၌ ဥပ္ပဇ္ဇတိ-၏ ဓာတွတ္ထ အရ စိတ်ကို တိကျအောင် ကောက်ပြ၍ ယင်းကို ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မတို့ဖြင့် ဝေဖန်ပြပါ။

၄။ "အပ္ပမ္ပိ စေ သံဟိတဘာသမာနော၊ ဓမ္မဿ ဟောတိ အနုဓမ္မစာရီ"[၃] ၌ ဓမ္မနှင့် အနုဓမ္မ...ကို ခွဲခြားကောက်ပြ၍ ဘာသမာနော-၌ ဓာတ်အရ တရားကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဉာဏ်၌ ဖြစ်သင့်သော ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၅။ ဒေဝဒတ်၏ ဘုရားရှင်အား နောက်ဆုံးဖူးမြင်ရာအခါနှင့် နောက်ဆုံးကျွတ်တမ်းဝင်ရာ ကမ္ဘာတို့ကို ညွှန်ပြ၍ ယင်း၏အဝီစိငရဲ၌ ခံစားရပုံအခြင်းအရာကို ဖော်ပြပါ။ [၄]

၆။ မဟာကာဠုတ္တေရဝတ္ထုလာ သုသာန်နေ ရဟန်းများ လိုက်နာကျင့်သုံးရသည့် ကျင့်ဝတ်များအနက် နောက်ဆုံးငါးပါးကို ဖော်ပြ၍ "ဘောဇနမှိ စ မတ္တညုံ" ၌ မတ္တာ-သရုပ် (၅)ပါးကိုလည်း ထုတ်ပြခဲ့ပါ။ [၅]

၇။ သတ္တဝါတို့ ချစ်မြတ်နိုးခြင်းအကြောင်းများကို ဖော်ပြ၍ ပကတိလက်နက်ကို တားမြစ်နိုင်သော တရားလက်နက်ကို ဝတ္ထုအကျဉ်းဖြင့် ဖော်ပြပါ။ [၆]

၈။ ဥစ္စာပျက်စီးသောအခါ တရားသဖြင့် အသက်မွေးမှုတို့ကို ဖော်ပြ၍ တာဝတိံသာ၌ အသာယာဆုံးအရပ်ကို ဖော်ပြပြီးလျှင် ၎င်းအရပ်၌ နတ်တို့အသုံးပြုပုံကိုလည်း ရေးပြပါ။[၇]

၉။ အောက်ပါ ဂါထာကို ဥပမာန ဥပမေယျ သိသာအောင် အနက်သမ္ဗန်ပါ -

အာဒိတ္တံ ဝတ မံ သန္တံ၊ ယထာသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။ [၈]

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၅၄-၇။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၅၃။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၀၁။
၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၉၄-၅။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၄-၇။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၁၆၊ ၁၃၉။
၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၈၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၀။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ - [၁]

"ဤကိုယ်ကိုမှီ၍ ဤသို့သဘောရှိသော ဖြူစင်စွာသော မျက်နှာသုတ်ပုဝါသည် ရှေ့သဘောကို စွန့်၍ ညစ်နွမ်းခြင်းသည် ဖြစ်ရ၏။ သင်္ခါရတရားတို့သည် မမြဲကုန်စွတကား"

* * * * *

## ၁၃၄၂-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "မနသာကာသိ၊ ကိန္တာယံ"[၂] ပုဒ်တို့၌ သန္ဓိရုပ်ကျဉ်းတွက်ပြ၍ "ဥပဋ္ဌံ ဂါဟာပေ- တဗ္ဗော" ဝယ် ရှေ့ပုဒ်ကို နာမပဒမာလာ စဉ်ပြပါ။

၂။ "ယတတ္တော" [၃] ကို ပုဒ်ဖြတ်လျက် အနက်ပေးပြီး "ကမုဒ္ဒိသေယျံ"၌ နောက်ပုဒ်ဝယ် ပုဒ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ် ခွဲပြ၍၊ ၎င်းကို ဝတ္တမာန် ပရဿပုဒ်ဝိဘတ်ဖြင့် အာချာပဒ မာလာ စဉ်ပြပါ။

၃။ ဗိမ္ဗိသာရ သမာဂမကထာ- [၄] ၌ ဓမ္မစက္ခု-အရ ကောက်ပြ၍ ၎င်းနှင့်ယှဉ်သော စိတ် စေတသိက်တို့ကိုငင်း၊ ဟေတု၊ ကိစ္စ၊ အာရမ္မဏ၊ သင်္ဂဟတို့ဖြင့်၎င်း ဝေဖန်ပြပါ။

၄။ မာတုယာတကော- [၅] ၌ နောက်ပုဒ်၏ ဓာတ်အရ ကောက်ပြ၍ ၎င်းကို ဝေဒနာ၊ ဒွါရ၊ ဝတ္ထုသင်္ဂဟတို့ဖြင့် ဝေဖန်ပြပါ။

၅။ ဒဏ္ဍကမ္မဝတ္ထုလာ အင်္ဂါ (၅)ပါးတို့ကို ဖော်ပြ၍ မယ်တော်ကြီး ပွဲထိုးခိုင်းသော ရဟန်းကို တားမြစ်သော သာမဏေအား ဒဏ်ပေးသင့်/မပေးသင့် ဖော်ပြပါ။ [၆]

၆။ အဘယ့်ကြောင့် အလဇ္ဇီပုဂ္ဂိုလ်ကို မှီ၍ မနေအပ်သည်သနည်း? ဝဇ္ဇာဝီသူပသမ္ပဒါ နုဇာနနာ-၌ (၇)လဖွား သာမဏေသည် အသက်မည်မျှရှိလျှင် ရဟန်းခံနိုင်ပါသနည်း? [၇]

၇။ ဝဿူပနာယိကာ (၂)မျိုးနှင့် ဝါဆိုရမည့်နေ့၊ ဝါကျွတ်မည့်နေ့တို့ကို ဖော်ပြ၍ မပင့်သော်လည်း ဝါပန်သွားကောင်းသော ပုဂ္ဂိုလ် (၅)ဦးတို့ကို ဖော်ပြပါ။ [၈]

၈။ ပဝါရဏာပေးပုံ ပါဠိဘာသာကို ရေး၍ ပဝါရဏာပေးလျှင် အခြားဘယ်အရာ ကိုလည်း ပေးရမည်နည်း? [၉]

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၅၇။ ၂၊ ဝိ၊ ၃၊ ၁- ၇၄၊ ၁၃၀။ ၃၊ ဝိ၊ ၃၊ ၁၂။ ၄၊ ဝိ၊ ၃၊ ၄၇။ ၅၊ ဝိ၊ ၃၊ ၁၂၂။ ၆၊ ဝိ၊ ၃၊ ၁၁၇။ [မယ်တော်ကြီးသည် "ဘိက္ခုနီ အလာဘာယ" ၌ ဘိက္ခုမဟုတ်၍ ဒဏ်မပေးသင့်။ ၇၊ ဝိ၊ ၃၊ ၁၂၇-၉။ [ဝိ၊ ဌ၊ ၃၊ ၁၃၆]။ ၈၊ ဝိ၊ ၃၊ ၁၉၂-၉။ ၉၊ ဝိ၊ ၃၊ ၂၂၅-၇။

http://www.dhammadownload.com


၉။ အောက်ပါ ပါဠိဘာသာကို မြန်မာဘာသာ ပြန်ဆိုပါ -

ယော ဓီရော သဗ္ဗဓိ ဒန္တော၊ သုဒ္ဓေါ အပ္ပဋိပုဂ္ဂလော။

အရဟံ သုဂတော လောကေ၊ တဿာဟံ ပရိစာရကော။ [၁]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ဆိုပါ -

"ထို သစ္စာလေးပါးတရားတို့ကို မြင်အပ်ကုန်ပြီ။ ဘဝတဏှာကြိုးကို ကောင်းစွာ ဖြတ်အပ်ပြီ။ ဆင်းရဲ၏အကြောင်းရင်းကို ဖြတ်အပ်ပြီ။ ယခုအခါ တစ်ဖန် ပဋိသန္ဓေ နေခြင်း မရှိပြီ" [၂]

* * * * *

## ၁၃၄၂-ခုနှစ်၊ အဂ္ဂုတ္တိုရ်ပါဠိတော်

၁။ "ဝိတိသာရေတွာ" [၁] ကို ပဒစ္ဆေဒပြု၍ "သွာဿ အရဟတ္တာယ ပဋိပန္နော" ၌ အရဟတ္တကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "ဥပေက္ခကော သတိမာ သုခဝိဟာရီ" [၂] ဝယ် သတိမာ-၌ ဓာတ်ကိုယူ၍ သတ္တမိ ဝိဘတ် ပရဿပုဒ်ဖြင့် သုဒ္ဓကတ္တုရုပ် ပဒမာလာ စဉ်ခဲ့ပါ။

၃။ "ဣဓ ဘိက္ခဝေ ဘိက္ခု သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ" [၃] ၌ ဝိဝေက၏ အရ ပရမတ္ထတရားကို ကောက်ပြ၍ ၎င်းကိုအာရုံပြုသော စိတ်တို့ကိုလည်း ဧကန် / အနေကန် ခွဲခြား၍ ပြခဲ့ပါ။

၄။ "ယထယိဒံ ဘိက္ခဝေ အသန္တုဋ္ဌိတာ" [၄] ၌ အသန္တုဋ္ဌိတာ-အရ ပရမတ္ထတရားများကို ကောက်ပြ၍ ၎င်းကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ သိက္ခာပုဒ်ကို အသစ်ထပ်၍ ပညတ်ခြင်းသည် သာသနာတော်အစွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ပြန့်ပွားကြောင်း ဖြစ်/မဖြစ် ဧကနိပါတ် ဒုတိယပမာဒါဒိဝဂ်ကို အထောက် ပြု၍ ဖြေဆိုခဲ့ပါ။ [၇]

---

၁၊ ဓီ၊ ၃၊ ၄၉။ ၂၊ ဓီ၊ ၃၊ ၃၂၆။ ၃၊ အံ၊ ၁၊ ၁၁၆-၈။ ၄၊ အံ၊ ၁၊ ၅၅။ ၅၊ အံ၊ ၁၊ ၅၄။
၆၊ အံ၊ ၁၊ ၁၁။ ၇၊ အံ၊ ၁၊ ၁၉။

http://www.dhammadownload.com



၆။ ကိသာဂေါတမီ၊ ကာတိယာနီတို့၏ တေဒဂ်ရာထူးအမည်ကို ဖော်ပြ၍ အာနန္ဒရိကက်ံ (၅)ပါးကို လွန်ကျူးသောနိုင်သောပုဂ္ဂိုလ်၊ မလွန်ကျူးနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း ခွဲခြားပြပါ။ [၁]

၇။ ပစ္စည်းကို အလေးပြုသော ပရိသတ်၊ သူတော်ကောင်းတရားကို အလေးပြုသော ပရိသတ်တို့၏အဓိပ္ပာယ်ကို ဒုကနိပါတ် ပရိသဝဂ်နှင့်အညီ ရေးခဲ့ပါ။ [၂]

၈။ မရသေးသော စည်းစိမ်ကို ရရန်မထိုက်သော ဈေးသည်၊ ထိုက်သောဈေးသည်တို့၏ အဓိပ္ပာယ်ကို ပဌမပါပဏိကသုတ်လာအတိုင်း ပေါ်လွင်အောင် ရေးသားပါ။ [၃]

၉။ အောက်ပါ ပါဠိဝါကျကို မြန်မာဝါကျ ပြောင်းပါ -

"ကော ပန သော ဘော ကစ္စာန လောကသ္မိံ ယော ဣမဿ ကာမရာဂါဘိနိဝေသ ဝိနိဗန္ဓပလိဂေဓပရိယုဋ္ဌာနဇ္ဈောသာနံ သမတိက္ကန္တော၊ ဣမဿ ဒိဋ္ဌိရာဂါဘိနိဝေသ ဝိနိဗန္ဓ-ပလိဂေဓပရိယုဋ္ဌာနဇ္ဈောသာနံ သမတိက္ကန္တောတိ" [၄]

၁၀။ အောက်ပါ မြန်မာကို ပါဠိသိကုံးခဲ့ပါ -

ထိုအိမ်၌ အမွေးရှိသော ကော်ဇောကြီးဖြင့် ခင်းထားအပ်သော, သားမွေးဖြူ အခင်းဖြင့် ခင်းထားအပ်သော, ရတနာစီခြယ်သော အခင်းဖြင့် ခင်းထားအပ်သော, မြတ်သော ဝံပိုင်ရေအခင်းဖြင့် ခင်းထားအပ်သော, မျက်နှာကျက်နှင့်တကွဖြစ်သော ဘုံလျှို အုံးနီနှစ်ဖက်ထားအပ်သော ပလ္လင်သည် ရှိရာ၏"။ [၅]

* * * **

## ၁၃၄၂-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "တပန္တမာဒိစ္စမိဝန္တလိက္ခေ" [၆] ၌ နောက်ဆုံးပုဒ်ကို ပဒစ္ဆေဒပြု၍ သန္ဓိရုပ်ကျဉ်းစိရင်ပြီးလျှင် "အည္ဒံ သေပဏ္ဏိ ဂစ္ဆာမိ" ၌ သေပဏ္ဏိ-ကို နာမပဒမာလာ စဉ်ပြပါ။

---

၁၊ အံ၊ ၁၊ ၂၆-၈။ ၂၊ အံ၊ ၁၊ ၇၃။ ၃၊ အံ၊ ၁၊ ၁၁၃။ ၄၊ အံ၊ ၁၊ ၆၇။ ၅၊ အံ၊ ၁၊ ၁၃၆။
၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၅၅၊ ၉၃။

http://www.dhammadownload.com



၂။ "န မေ တေ ရုစ္စတေ ဖလံ" [၁] ၌ မေ၊ တေ၊ ဖလံ - တို့၏ ကာရက အကာရက အမည်များကို ဝါကျတ္ထသဘာဝအကြောင်း ထောက်ကာ ဖြေဆိုပြီးလျှင် "ယော ဝတ္တံ ပရိဒဟိဿတိ"၌ ပရိဒဟိဿတိ-ကို အာချာတ်ရုပ်ကျဉ်း စီရင်ပြပါ။

၃။ "မမ စိတ္တံ ပသာဒေတွာ ဟာသယိတွာ သဒေဝကေ" [၂] ၌ ပသာဒေတွာ သုဒ္ဓကတ္တုတ္ထ၊ ဟေတုကတ္တုတ္ထ-အရ တရားကို ပုဂ္ဂိုလ်နှင့်တကွ ကောက်ပြီးလျှင် ယင်းကို ဘူမိဇာတိ၊ သမ္ပယုတ္တဓမ္မ သင်္ခါရတို့ဖြင့် ဝေဖန်ပြပါ။

၄။ "သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဉ္စ မေ သရဏံ ဘဝ" [၃] ၌ ဂစ္ဆ-၏ အနတ္တတ္ထတရားကို ဖြစ်ရာပုဂ္ဂိုလ်နှင့်တကွ တိကျအောင် ကောက်ပြပြီးလျှင် ယင်းကို ဌာနအားလျော်စွာ ဒွါရ၊ အာရုံ တို့ဖြင့် ဝေဖန်ပြပါ။

၅။ နာရဒရသေ့သည် အတိတ်၊ အနာဂတ် မည်မျှ အောက်မေ့နိုင်သည်ကို ရေး၍ မဟာကာဠုထေရ် စီးဖြန်းသော အသုဘကမ္မဋ္ဌာန်းအာရုံ၏ ဖြစ်ပုံအခြင်းအရာနှင့် အရဟတ္တ ဖိုလ်ပေါက် ဆိုက်ရောက်ကြောင်း ဂါထာကိုလည်း ဖော်ပြပါ။ [၄]

၆။ ဓမ္မိကဥပါသကာ ကြားနာရသောသုတ်၊ ရောက်ရာဘုံနှင့် ထိုဘဝ ခန္ဓာကိုယ်၊ နတ်သမီး၊ ဗိမာန်တို့၏ ပမာဏတို့ကို ဖြေဆိုပါ။ [၅]

၇။ ဘုရားရှင်သည် အဘယ်အကျိုးကို ရှုယ်ကိုး၍ ဒေဝဒတ်အား ရဟန်းပြုပေးသည်ကို ရေး၍ သတ္တဝါတို့၏ စုတေမှု ပဋိသန္ဓေနေမှုကို သိခြင်းသည် မည်သည့်ပုဂ္ဂိုလ်၏အရာ ဖြစ်၍ မည်သည့်ပုဂ္ဂိုလ်၏ အရာမဟုတ်သည်ကို ဝတ္ထုသာဓကဖြင့် ဖြေဆိုပါ။ [၆]

၈။ တောမီးသည် အငယ် အကြီး ထင်းမီးစာတို့ကို လောင်မြိုက်နိုင်သကဲ့သို့ အရိယ မဂ်ဉာဏ်မီးသည်လည်း သံယောဇဉ်ကြီးငယ်တို့ကို လောင်မြိုက်နိုင်လိမ့်မည်"ဟု ဆင်ခြင် ပွားများသောပုဂ္ဂိုလ်၊ ဝတ္ထု၊ ဝင်နှင့်ရသောတရားတို့ကို ဖော်ပြပါ။ [၇]

---

၁၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၉၃၊ ၅၂။ ၂၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၆၉။ ၃၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၃၉။
၄၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၂၇၊ ၄၅။ ၅၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၈၃-၄-၅။ ၆၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၉၅၊ ၁၆၅။
၇၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၇၈-၉။

http://www.dhammadownload.com



၉။ အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ဆိုပါ -

"တိရစ္ဆာန်တို့မည်သည် ဖြောင့်မတ်သော သဘောရှိကုန်၏။ မကောက်ကျစ်ကုန်။ လူတို့သည်ကား စိတ်ဖြင့် တစ်ပါးကိုကြံ၍ နှုတ်ဖြင့် တခြားကို ပြောဆိုကြကုန်၏။ လူတို့သည် တောခြုံပုပ်ကဲ့သို့ ရှုပ်ထွေးငုပ်နက်၏။ တိရစ္ဆာန်သားကောင်တို့သည်ကား ပေါ်လွင်ထင်ရှားလှပေ၏။ [၁]

၁၀။ အောက်ပါ ဂါထာကို အဘိရာဓယေ-၏ ကတ္တားထည့်၍ အနက်ယောဇနာခဲ့ပါ။

အကာတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော။

သဗ္ဗံ စေ ပထဝိံ ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ။ [၂]

* * * * *

## ၁၃၄၃-ခုနှစ်၊ မဟာဝါပါဠိစာသော်

၁။ "အဂ္ဂေါဟတ္ထိ မံ အဝဓိ မံ" [၃] ကို သန္ဓိရုပ်ကျဉ်းတွက်၍ နိဗ္ဗာဟိ-ကို အာချာတ်ရုပ်ကျဉ်း တွက်ပြီးလျှင် အဂ္ဂေါဟတ္ထိ-၌ ဓာတ်ကိုယူ၍ ရှိရင်းစွဲ ဝိဘတ်ဖြင့် ဘာဝရုပ် အာချာတ ပဒမာလာ စဉ်ခဲ့ပါ။

၂။ "တံ သပ္ပိ နတ္ထုတော ဒိန္နံ" [၄] ၌ သပ္ပိ-ကို နာမပဒမာလာ၊ နတ္ထုတော-ကို နာမ်ရုပ် ကျဉ်းတွက်ပြီးလျှင်၊ ဒိန္နံ-၌ ဝိဘတ်နှင့်ဝိဘတျတ္ထတို့ကို သက်သေသုတ်နှင့်တကွ ညွှန်ပြခဲ့ပါ။

၃။ "သီလဝန္တေဟိ ဘောဇေတွာ" [၅] ၌ သီလ-အရ တရားကိုယ်ကောက်၍ ယှဉ်ဘက် တရားတို့ကို ရေးပြီးလျှင် ဟိတ်၊ ကိစ္စ၊ အာရုံတို့ဖြင့် တိကျစွာ ဝေဖန်ခဲ့ပါ။

၄။ ဝေဒန္တဂူ- [၆] ၌ ဝေဒ-အရ၊ အန္တ-အရတို့ကို ဖြစ်သင့်သမျှ ကောက်ပြ၍ ဝေဒ-အရ၏ သမ္ပယုတ္တဓမ္မ၊ အန္တ-အရ၏ အာရမ္မဏိကဓမ္မတို့ကို ရေးပြီးလျှင် ထိုတရားတို့ကို ဝေဒနာ၊ ဒွါရ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ မြတ်စွာဘုရား၏ တရားတော်အပေါ်၌ ကြံစည်ချက်နှင့် သတ္တဝါတို့အပေါ် ကြံစည် ချက်တို့ကို ရေး၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ခွဲခြားမြင်ပုံကို ဥပမာနှင့်တကွ ရေးခဲ့ပါ။ [၇]

---

၁၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၁၀။ ၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၉၆။ ၃၊ ဝိ၊ ၃၊ ၄၉၆။ ၄၊ ဝိ၊ ၃၊ ၃၈၁။
၅၊ ဝိ၊ ၃၊ ၃၂၄။ ၆၊ ဝိ၊ ၃၊ ၃။ ၇၊ ဝိ၊ ၃၊ ၅၊ ၉။

http://www.dhammadownload.com



၆။ အညတိတ္ထိယပရိဝါသ်နေသော ပုဂ္ဂိုလ်၏ ဆွမ်းမခံနိုင်သော ဌာနသရုပ်ကို ထုတ်၍ မီးကို လုပ်ကျွေးသော ရသေ့တို့အား ပရိဝါသ်ပေးသင့် မပေးသင့်အကြောင်းပြ ဖြေဆို ပြီးလျှင် ဗုဒ္ဓ၏ဆွေမျိုးတို့အပေါ် သီးသန့် အစောင့်အရှောက်ကိုလည်း ရေးခဲ့ပါ။ [၁]

၇။ ရဟန္တာပုဂ္ဂိုလ်တို့၏ အဓိမုတ္တသရုပ်ကို ထုတ်၍ အရှင်သောဏမထေရ် စွန့်ခဲ့သော ရွှေ၏ အတိုင်းအရှည်ကို ရေးပြီးလျှင် အရှင်သောဏအား ဘုရားပေးသောတရားကို ဥပမာနှင်တကွ အကျဉ်းချုပ်ရေးခဲ့ပါ။ [၂]

၈။ ဗုဒ္ဓ၏ မြေခွန်ပေးပုံကို ရေး၍ မေဏ္ဍကသူဌေး၏အစွမ်းကို ရေးပြီးလျှင် သလိပ်ရောဂါဖြစ်နေသော မြတ်စွာဘုရားအား ဇီဝက၏ ကုထုံးကို အကျဉ်းချုပ်ရေးခဲ့ပါ။ [၃]

၉။ "ဆိန္နဂ္ဂါနိ စေဝ တိဏာနိ ခါဒိ၊ ဩဘဂ္ဂေါဘဂ္ဂဉ္စ မေ သာခါဘင်္ဂံ ခါဒိသု၊ အာဝိလာနိ စ ပါနီယာနိ အပါယိ" [၄] - ဟူသော ဝါကျတို့ကို ထည့်သင့်သောပုဒ်တို့ကို ထည့်၍ သဒ္ဒါနည်းကျကျ အနက်ယောဇနာခဲ့ပါ။

၁၀။ "ဆိုးရေချသော ရဟန်းတို့သည် အိုးကို စောင်းကုန်၏။ အိုးကွဲ၏။ . . . . မြက်အခင်းကို ခြစား၏။ . . . . ဆိုးရေပေါက် မစဲမီ အရပ်တစ်ပါးသို့ ဖဲသွားခြင်းငှာ မသင့်" ဟူသော မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုခဲ့ပါ။ [၅]

* * * * *

## ၁၃၄၃–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ဣမသ္မိံ ဇမ္ဗုဒီပေ" [၆] ၌ ဇမ္ဗုဒီပေ-ကို ပဒစ္ဆေဒပြု၍ ဒီပ-ကို သန္ဓိရုပ်ကျဉ်း တွက်ပြ၍ ရှေ့ပုဒ်ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ" [၇] ၌ ဘိက္ခုနီနံ-ဝယ် အဘယ်ကြောင့် အဘယ်အနက်၌ အဘယ်သုတ်ဖြင့် ဝိဘတ်သက်သည်ကို ဖြစ်သင့်တိုင်း ဖော်ပြ၍ ရတ္တညူနံ-ဝယ် နောက်ပုဒ်၌ ဓာတ်ကိုသာ ဝတ္တမာန်ဝိဘတ် ပဌမပုရိသ်ဖြင့် ကတ္တုရုပ်စဉ်ခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၉၉၊ ၁၀၁။ ၂၊ ဝိ၊ ၃၊ ၂၇၀-၂၊ ၂၆၉။ ၃၊ ဝိ၊ ၃၊ ၃၄၈၊ ၃၃၇၊ ၃၉၀။ ၄၊ ဝိ၊ ၃၊ ၅၀၀။
၅၊ ဝိ၊ ၃၊ ၃၉၉၊ ၄၀၀။ (ကွက်ကြား ကွက်ကြား မေးထားသည်။ ၆၊ အံ၊ ၁၊ ၃၇။ ၇၊ အံ၊ ၁၊ ၂၆။

http://www.dhammadownload.com



၃။ "ရတ္တညူနံ - [၁] ၀ယ် နောက်ပုဒ်၌ ဓာတ်အရ စိတ်ကို ရသင့်သည့်အားလျော်စွာ ကောက်ပြ၍ ၎င်းနှင့်ယှဉ်နိုင်သော စေတသိက်များကိုလည်း ရေတွက်ပြခဲ့ပါ။

၄။ "သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ"[၂] ၌ လောကသို့ ရောက်ကြောင်း ပရမတ္ထကို ကောက်ပြ၍ ပကိဏ္ဏကသင်္ဂဟဖြင့် ဝေဖန်ပြီးလျှင် လောက၏ အာရမ္မဏိကစိတ်ကိုလည်း ကောက်ပြခဲ့ပါ။

၅။ ခိပ္ပါဘိညာ၊ ဒိဗ္ဗစက္ခု၊ လူခစီဝရ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဓမ္မကထိက အရာဌာန၌ သာသနာဝင်တွင် နေလအသွင်ထင်ရှားသော တေဒဂ်ရ ဘိက္ခုဘိက္ခုနီများကို ဖြေဆိုခဲ့ပါ။ [၃]

၆။ ဥတ္တာနပရိသတ်နှင့်ဝဂ္ဂပရိသတ် နှစ်မျိုးနှစ်စားကို ခွဲခြားပြပြီးလျှင် ကိန္နရာတို့သည် လူ့စကားကို မပြောဆိုကြခြင်းအကြောင်းနှစ်ရပ်ကိုလည်း ဖြေဆိုခဲ့ပါ။ [၄]

၇။ အမိကရုဏ်းမှု ဖြစ်ပေါ်ခြင်းကြောင့် ရထိုက်သော မကောင်းကျိုး အပြစ်များကို ဖော်ပြပြီးလျှင် ငရဲသို့ ကျရောက်စေတတ်သော တရားအစုံ ယုဂဠဓမ္မများကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။ [၅]

၈။ တရားသုံးပါးနှင့် ပြည့်စုံသောသူကို "လူမိုက်"ဟု သိစေသော တရားသုံးပါးကို အယောနိသောသုတ်အရ ဖော်ပြပြီးလျှင် အမိအဖတို့ကို "ဗြဟ္မာ၊ ပုဗ္ဗာစရိယ၊ အာဟုနေယျ" ဟူ၍ ခေါ်ရကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။ [၆]

၉။ အောက်ပါ ပါဠိဘာသာကို မြန်မာစကားပြေ ပြန်ဆိုခဲ့ပါ -

စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။

တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။ [၇]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ စုဏ္ဏိယ ပြန်ဆိုခဲ့ပါ -

"ဒါယကာ၊ ဥပမာသော်ကား အထွတ်တပ်အပ်သောအိမ်ကို ကောင်းစွာ မိုးထားလျှင် အထွတ်သည်လည်း မပျက်စီး။ အခြင်တို့သည်လည်း မပျက်စီးကုန်။ နံရံသည်လည်း မပျက်စီး" [၈]

---

၁၊ အံ၊ ၁၊ ၂၆။ ၂၊ အံ၊ ၁၊ ၅၉။ ၃၊ အံ၊ ၁၊ ၂၈-၆-၃-၄။ ၄၊ အံ၊ ၁၊ ၇၀-၇။
၅၊ အံ၊ ၁၊ ၅၅-၇။ ၆၊ အံ၊ ၁၊ ၁၀၁၊ ၁၃၁။ ၇၊ အံ၊ ၁၊ ၁၄၁။ ၈၊ အံ၊ ၁၊ ၂၆၅။

http://www.dhammadownload.com



## ၁၃၄၃–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "န မေ ပိယော အာသိ အကက္ကနေတ္တော၊ ဘာယာမိ ပစ္စာဂမနာယ တဿ"[၁] ၌ ပစ္စာဂမနာယ-ကို ကာရကရုပ်ကျဉ်းတွက်ပြ၍ အကက္ကနေတ္တော-၌ နောက်ဆုံးပုဒ်ကို နာမပဒမာလာ စဉ်ပြပါ။

၂။ အကက္ကနေတ္တော -[၂] ၌ ဖြစ်သင့်သော ကာရကအနက်ကို အထောက်ပြဖြေဆို၍ ယင်းပုဒ်၌ ပဉ္စမာဝိဘတ်သက်ရခြင်း၏အကြောင်းကို ရှင်းပြပြီးလျှင် အာသိ-ကို ရှိရင်းဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပြခဲ့ပါ။

၃။ "သဗ္ဗော ဇနော ဟိံသိတော ပိင်္ဂလေန၊ တသ္မိံ မတေ ပစ္စယာ ဝေဒယန္တိ-"[၃] ၌ ပစ္စယာ-အရ ပဓာနတ္ထတရားကို ကောက်၍ ဤ၌ ယင်းနှင့်ယှဉ်သော စိတ် စေတသိက်တို့ကို ကုန်စင်အောင် ထုတ်ပြပါ။

၄။ "ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ"[၄] ၌ ဒုတိယ တပ္ပတိ-ပုဒ်အရ တရားကို ဘုရားရှင်အလို ကျကောက်ပြ၍ ယင်းကို ပကိဏ္ဏကဆက္ကဖြင့် ဝေဖန်ပြပါ။

၅။ ဂေါတမဘုရားအလောင်းတော်အား ဗျာဒိတ်ကြားတော်မူသည့် ဘုရားရှင်တို့တွင် (၇)ဆူမြောက် ဘုရားရှင်၏ ဘွဲ့တော်၊ ပွင့်ရာကမ္ဘာ၊ မြို့၊ ဗောဓိပင်နှင့်ခမည်းတော်၊ မယ်တော်၊ အဂ္ဂသာဝက၊ အဂ္ဂသာဝိကာ၊ ဥပဋ္ဌာက၊ သက်တမ်းတို့ကို ဖော်ပြပါ။[၅]

၆။ သာရိပုတ္တရာထေရ်သည် ပညာလွန်ကဲသူဖြစ်ပါလျက် မောဂ္ဂလ္လာန်ထေရ်နောက်မှ သာဝကပါရမီဉာဏ်ရခြင်း၏အကြောင်းကို ဥပမာဖြင့် ရေးပြ၍ အရှင်လတ်လတ် အဝီစိငရဲမီး အလောင်ခံရသောပုဂ္ဂိုလ်နှင့် မွေ့လျော်ဖွယ်အကောင်းဆုံး နတ်ပြည်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။[၆]

၇။ မိစ္ဆာဒိဋ္ဌိတစ်ဦးက ဘုရားရှင်အား ပင့်ဖိတ်ရာ၌ လှုထုပရိသတ်စည်းဝေးခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြ၍ မဋ္ဌကုဏ္ဍလီနတ်သား၊ ဓမ္မိကနတ်သားတို့၏ အတ္တဘော၊ ဘုံဗိမာန်တို့၏ ပမာဏကို ပြပြီးလျှင် မောဟကြီးသူ၏ ခြေရာပုံသဏ္ဌာန်ကိုလည်း ဖော်ပြပါ။[၇]

---

၁-၂-၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၉၆။ ၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၉၇။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၆၇။
၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၆၁၊ ၉၅၊ ၈၄။ ၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၂၊ ၁၇၊ ၈၅၊ ၁၂၉။

http://www.dhammadownload.com


၈။ ကောသမ္ဗီပြည်ရှိ ထင်ရှားသော ကျောင်းတော်ကြီး (၃)ခုနှင့်ကျောင်းဒကာများ ယင်းတို့အား ဘုရားရှင် ချီးမြှောက်ပုံကို ရေး၍ "အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ"၌ ယဿသရုပ်ကို ထုတ်ဆိုပါ။ [၁]

၉။ အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ဆိုပါ -

ငါသည် လူအများ၏ ဆရာဖြစ်ကာ လှည့်လည်ခဲ့ပြီ။ ငါ၏တပည့်အဖြစ်ဖြင့် နေခြင်းသည် အိုးစရည်း၏ စလောင်းဖုံးအဖြစ်သို့ ရောက်ခြင်းကဲ့သို့ ဖြစ်၏။ ငါသည် တပည့်အဖြစ်နေခြင်းငှာ မစွမ်းနိုင်"။ [၂]

၁၀။ အောက်ပါ ဂါထာကို အနက်ယောဇနာပြပါ -

သန္တိ ရုက္ခာ ဟရိပတ္တာ၊ ဒုမာ နေကဖလာ ဗဟူ။

ကသ္မာ နု သုက္ခေ ကောဠာပေ၊ သုဝဿ နိရတော မနော။ [၃]

* * * * *

## ၁၃၄၄-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ဥဗ္ဗတံ ကိရ တသ္မိံ အံသဝါသေ ကထိနံ" [၄] ဝယ် ဥဗ္ဗတံ-၌ ဓာတ်ကို ယူ၍ အဋ္ဌတန္တိ ပရဿပုဒ်ဖြင့်သာ အာချာတပဒမာလာ၊ အတ္တတကထိနော-၌ အတ္ထတ-ကို နာမပဒမာလာ ပြည့်စုံအောင် စဉ်ခဲ့ပါ။

၂။ "ယေန မုစလိန္ဒော တေနုပသင်္ကမိ" [၅] ဝယ် ယေန-၌ ဖြစ်ထိုက်သမျှ ဝိဘတျတ္ထ ဝိဓိသုတ်ကို ညွှန်ပြပြီးလျှင် အနုလောမပဋိလောမံ-ကို ကာရကရုပ်ကျဉ်းတွက်ပြခဲ့ပါ။

၃။ "တိပ္ပဿန္ဒော ဟောတိ ဥဒ္ဒေသေ ပရိပုစ္ဆာယ" [၆] ဝယ် ပရိပုစ္ဆာယ-၌ ဓာတ်အရ တရားကို ကောက်ပြ၍ ထိုတရား၏ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ "မနုဿာ ပဿိတွာ ... အညေနပိ မုခံ ထကေန္တိ ဒွါရမ္ပိ ထကေန္တိ" [၇] ဝယ် ထကေန္တိ-၌ ဓာတ်အရ တရားကို ကောက်ပြ၍ ထိုတရား၏ သမ္ပယုတ္တဓမ္မတို့ကိုလည်း မှန်ကန်စွာ ညွှန်ပြခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၃၃၊ ၁၅၂။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၆၀။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၀။
၄၊ ဝိ၊ ၃၊ ၃၅၄။ ၅၊ ဝိ၊ ၃၊ ၃၊ ၁။ ၆၊ ဝိ၊ ၃၊ ၁၀၀။ ၇၊ ဝိ၊ ၃၊ ၁၀၄။

http://www.dhammadownload.com



၅။ ရှင်ယသ၏ လူ့ဘ၀ အဆွေခင်ပွန်း (၄)ယောက်တို့၏ အမည်များကို ဖော်ပြ၍ ကဿပရသေ့ညီနောင် (၃)ယောက်တို့၏ ပရိသတ်အရေအတွက် အသီးအသီးကိုလည်း ရေးခဲ့ပါ။ [၁]

၆။ မဒ္ဒကုစ္ဆိမည်သော သမင်တော၌ မဟာကပ္ပိနထေရ်၏ ဖြစ်သော အကြံအစည်ကို ဖော်ပြ၍ မဟာကပ္ပိနထေရ်၏အထံသို့ မြတ်စွာဘုရားကြွလာပုံ အခြင်းအရာ ဥပမာကို ဖြေဆိုခဲ့ပါ။ [၂]

၇။ ဘိနပ်၌ မြတ်စွာဘုရားပယ်တော်မူအပ်သော သားရေတို့ကို ဖော်ပြ၍ မည်ကဲ့သို့သော အထပ်ထပ်သော ဖိနပ်ကို ရဟန်းတော်များ စီးခွင့်ရှိသည်ကိုလည်း ညွှန်ပြခဲ့ပါ။[၃]

၈။ မြတ်စွာဘုရားသခင် သမားတော် ဇီဝကအား ပေးအပ်သောဆုကို ဖော်ပြ၍ ဓမ္မိကသာမဂ္ဂီ၊ အဓမ္မိကသာမဂ္ဂီတို့၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။ [၄]

၉။ ဒိသွာ အာဒီနဝံ လောကေ၊ ဉတွာ ဓမ္မံ နိရူပဓိံ။

အရိယော န ရမတီ ပါပေ၊ ပါပေ န ရမတီ သုစိ [၅] ဟူသော ဂါထာကို မြန်မာဘာသာပြန်ဆိုခဲ့ပါ။

၁၀။ "ထိုအခါ၌ မဂဓတိုင်းကို အစိုးရသော များသောစစ်သည်ရှိသော ဗိမ္ဗိသာရမင်းကြီး၏ မြင်းသရိုက်အနာသည် ဖြစ်၏။ ပုဆိုးတို့သည် သွေးဖြင့် အလိမ်းလိမ်း သင့်ကုန်၏။ မိဖုရားတို့သည် မြင်ကုန်၍ 'မင်းကြီးသည် ယခု ဥတုလာ၏။ အရှင်မင်းကြီးအား ဥတုဟူသော ပန်းသည် ဖြစ်၏။ မင်းကြီးသည် မကြာမြင့်မီ သားဖွားလတ္တံ့.'ဟူ၍ ပြက်ရယ်မှုကို ဆိုကုန်၏" ဟူသော မြန်မာဘာသာကို ပါဠိဘာသာ စီကုံးခဲ့ပါ။ [၆]

* * * * *

## ၁၃၄၄-ခုနှစ်၊ အဂ္ဂဏ္ဍချိန်ရ်ပါဠိတော်

၁။ "စေတသော ဝူပသမော" [၇] ၌ ဝူပသမော-ကို သန္ဓိရှပ်ကျဉ်းဖြင့် တွက်ပြီးလျှင် စေတသော-၌ မည်သည့်ဝိဘတ်ဖြစ်ကြောင်း ညွှန်ပြ၍ ယင်းပုဒ်ကို ဒုတိယာ၊ သတ္တမီဝိဘတ်တို့ဖြင့် ဂိုဏ်းစဉ်ပါ။

---

၁၊ ဝိ၊ ၃၊ ၂၅၊ ၃၂။ ၂၊ ဝိ၊ ၃၊ ၁၄၃။ ၃၊ ဝိ၊ ၃၊ ၂၇၄-၅။ ၄၊ ဝိ၊ ၃၊ ၃၉၂၊ ၅၀၈။
၅၊ ဝိ၊ ၃၊ ၂၈၆။ ၆၊ ဝိ၊ ၃၊ ၃၈၂။ ၇၊ အံ၊ ၁၊ ၄။

http://www.dhammadownload.com



၂။ "ရာဇာနော ဂဟေတွာ ဝိဝိဓာ ကမ္မကာရဏာ "ကာရေန္တိ" [၁] ၌ သဒ္ဒါစည်းကမ်း မလွဲအောင် ဝိဘတ်စုံ ကာရိတ်ကံ ထည့်ပြီးလျှင် ကာရဏာ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပါ။

၃။ (၂) ပုစ္ဆာပါ ကာရေန္တိ- [၂] ၌ ဓာတ်အရဖြစ်သင့်သော စိတ္တုပ္ပါဒ်ကို ကောက်ပြ၍ ယင်းနှင့်ယှဉ်ဖက်စေတသိက်ကို ထုတ်ပြီးလျှင် ယင်းစိတ္တုပ္ပါဒ်အာရုံပြုနိုင်သော တရားစု ကိုလည်း သင်္ဂဟသာဓကပြ ဖြေပါ။

၄။ ဓာတုကုသလတာ [၃] အရ တရားကို ကောက်ပြ၍ ယင်းတို့အနက် သင်တို့သန္တာန်၌ ဖြစ်နိုင်သော တရားကို ဝေဒနာ၊ ဟိတ်၊ ကိစ္စသင်္ဂဟတို့ဖြင့် ဝေဖန်ပါ။

၅။ ဘုရားရှင်က အရှင်အာနန္ဒာအား ဟောကြားအပ်သော တရားသရုပ်ကို ဒုက အဓိကရဏဝဂ်လာအတိုင်း ဖော်ထုတ်၍ အပါယ်တစ်လမ်းသွား မာတုဂါမများ၏ အယုတ် တရားသုံးပါးကို ရေးပြပါ။ [၄]

၆။ (၃၂)ပါးသော ကံကြမ္မာတို့တွင် ရှေ့ဆုံး (၁၀)ပါးကို သေချာစွာ ရေတွက်ဖြေဆိုပါ။ [၅]

၇။ "သမာဓိနောင် ပညာ၊ ပညာနောင် သမာဓိ" ဖြစ်ပုံကို မဟာနာမသုတ္တသုတ်ကို ကောက်ချက်ထုတ်ကာ ဖြေဆိုပြီးလျှင် လောက၌ ပေါ်လွင်မှု တင့်တယ်သော အရာများကို ဖော်ပြပါ။ [၆]

၈။ နတ်လူတို့ထက် မြတ်သည့် အစ္စန္တဒိဋ္ဌ အစ္စန္တပြဟ္မစာရီရဟန်း ပြည့်စုံရမည့် တရား များကို သုတ်ထောက်၍ စုံလင်အောင် ကောက်ပြပါ။ [၇]

၉။ အောက်ပါ ပါဠိတော်ကို အနက်ယောဇနာပြပါ-

ယေ ဟိ တေ စန္ဒနိကာယ ဝါ ဩလိဂလ္လေ ဝါ ပါဏာ၊ တတြပိ ယော ထာလိဓာဝန် ဝါ သရာဝဓောဝနံ ဝါ ဆဍ္ဍေတိ 'ယေ တတ္ထ ပါဏာ တေ တေန ယာပေန္တူ'တိ။ [၈]

---

၁-၂ အံ၊ ၁၊ ၄၆။ ၃၊ အံ၊ ၁၊ ၈၂။ ၄၊ အံ၊ ၁၊ ၅၉၊ ၂၈၅။ ၅၊ အံ၊ ၁၊ ၄၉။
၆၊ အံ၊ ၁၊ ၂၂၀၊ ၂၈၆။ ၇၊ အံ၊ ၁၊ ၂၉၅။ ၈၊ အံ၊ ၁၊ ၁၆၁။ * ကာရန္တေ (အံ၊ ၁၊ ၄၉)

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"ထိုနတ်ဗြဟ္မာတို့သည် အကြင်သို့သော အခြင်းအရာအားဖြင့် ဖန်ဆင်းနိုင်သော စိတ်ဖြင့် ပွတ်ဆောက်ဖျားရာမျှလောက်သော နေရာ၌လည်း တစ်ကျိပ်လည်းဖြစ်၍ . . . . ခြောက်ကျိပ်လည်းဖြစ်၍ တည်နေကုန်၏။ အချင်းချင်းထိပါးခြင်းလည်း မရှိကုန်။ ထိုနတ်ဗြဟ္မာတို့သည် ထိုသို့သော အခြင်းအရာအားဖြင့် ဖန်ဆင်းနိုင်သော စိတ်ကို နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ပွားများအပ်လေသလော" [၁]

* * * * *

## ၁၃၄၄–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ။

၁။ "တေဒဂ္ဂ ဘိက္ခဝေ မမ (ပ) ဥပါသိကာနံ (ပ) ဓမ္မကထိကာနံ၊ ယဒိဒံ ခုဇ္ဇုတ္တရာ"[၂] ၌ ခုဇ္ဇုတ္တရာ-ဝယ် ရှေ့ပုဒ်ကို ပဒစ္ဆေဒပြု သန္ဓိရုပ်ကျဉ်း စီရင်ပြီး ဣဒံ-ကိုလည်း နာမပဒ မာလာ စဉ်ခဲ့ပါ။

၂။ "ဓမ္မကထိကာနံ၊ ဥပါသိကာနံ" [၃] တို့ကို ကာရကာကာရက ရုပ်ကျဉ်းတွက်ပြ၍ နောက်ပုဒ်၌ ဓာတ်ကိုသာ ဝတ္တမာန် ပရဿပုဒ် ကတ္တုရုပ် ဥတ္တမပုရိသ်ဖြင့် ကာရိယ စုံလင်စွာ အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော"[၄] ၌ ပဥ္စမဝိမုတ္တိ၏ အနေကန် အာရမ္မဏိကတရားတို့ကို ကောက်ပြ၍ ဘူမိ ဇာတိတို့ဖြင့် ဝေဖန်ပြီး သမ္မယုတ္တဓမ္မတို့ကိုလည်း သင်္ချာမျှ ပြခဲ့ပါ။

၄။ "ဓီရော ဗာလေ အဝေက္ခတိ" [၅] ၌ အဝေက္ခတိ-၏ ကရိုဏ်းပုဒ်အရ ပရမတ္ထတရားကို တိကျစွာ ကောက်ပြ၍ ပကိဏ္ဏကဆက္ကဖြင့် ဝေဖန်ခဲ့ပါ။

၅။ ကောသမ္ဗီပြည်နေ ရဟန်းတို့၏ အဓိကရုဏ်းငြိမ်းခြင်း၏ အကြောင်းတို့ကို ဖော်ပြ၍ "တမေကော ပဏ္ဍိတပုရိသော ဓမ္မံ သုတွာ" ၌ ဓမ္မအရ အကျိုးတရားမဖက် ဓမ္မသက်သက်ကိုသာ ပြပြီး ဓမ္မကထိကအမည်ကိုလည်း ညွှန်ပြခဲ့ပါ။ [၆]

---

၁၊ အံ၊ ၁၊ ၆၆။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃-၁၃၄။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၁။

၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၅။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၇၊ ၄၉။

http://www.dhammadownload.com


၆။ "သာရေ စ သာရဒဿိနော၊ တေ သာရံ" [၁] ၌ သာရ-နှစ်ခုတို့၏ ခြားနားပုံကို ပြ၍ မရှိမနုံ့ထည့်ပေးသော နတ်အမည်နှင့် ယင်းတို့၏ထိတ်လန့်ပုံကို ရေးခဲ့ပါ။

၇။ *ယဉ်နာရောဂါ စွဲကပ်နိုင်သော တိရစ္ဆာန်များကို ထုတ်ပြ၍ အသက်ရှင်လျက် သေသူနှင့် တူသော ရဟန်းများကိုလည်း ထုတ်ခဲ့ပါ။ [၂]

၈။ "သက်ကြားအို" ဟူသော စကားကို မည်သည့်အခါ မည်သူတို့က စ၍သုံးစွဲသည်ကို သိသာရုံဖေါ်ပြ၍ အပ္ပမာဒတရားကို ချီးမြှောက်ခြင်းအကြောင်းနှင့် ပမာဒကို ကဲ့ရဲ့ခြင်း အကြောင်းတို့ကိုလည်း ပြခဲ့ပါ။ [၃]

၉။ ဉာတမေတံ ကုရင်္ဂဿ၊ ယံ တွံ သေပဏ္ဏိ သိယျသိ။

အည် သေပဏ္ဏိ ဂစ္ဆာမိ၊ န မေ တေ ရုစ္စတေ ဖလံ- [၄] ဟူသော ဂါထာကို နိဿယကျကျ အနက်သမွန်ခဲ့ပါ။

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိပြန်ဆိုပါ -

"တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့အား ခြေလက်ဆုပ်နယ်ခြင်းအမှုစသည်ကို ပြုကုန်သော သူတို့မည်သည် အကယ်၍ မရှိ။ ထိုသို့မရှိသော်လည်း ကာမသံယောဇဉ်နှင့် စပ်ခြင်း အကျိုးငှာ ဤသို့သဘောရှိသော စကားကို ဆို၏"။ [၅]

* * * * *

## ၁၃၄၅–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "သယံ အဘိညာယ သစ္ဆိကတွာ-" [၆] ၌ သစ္ဆိ-ကို ပဒစ္ဆေဒပြု၍ "ဝိရူပယံ တိဌတိ မာရသေနံ" ၌ မာရသေန-ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ ကေမန္တ-ကို နာမ်ရုပ်အကျဉ်းတွက်၍ ဥဗ္ဗိဂ္ဂေါ- [၇] ၌ ဓာတ်ကိုယူပြီး ဝတ္တမာန် ပရဿပုဒ်ဝိဘတ်ဖြင့် သုဒ္ဓကတ္တုရုပ် ပဒမာလာ စဉ်ခဲ့ပါ။

---

* အပဟိဝါတရောဂါ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၀) မြွေဆိပ်နှင့်တူသော လေရောဂါ၊ ယဉ်းအနာ၊ (ပလိပ်ရောဂါစသော ကူးစက်တတ်သောရောဂါ?)၊ စိန်၊ တိပိ၊ ဓာန်၊ ယဉ်းနား (မြန်၊ ဓာန်) မှာ တစ်မျိုးဖြစ်ဟန်တူ၏။ ဘာ၊ ဋီ၊ ၁၈၄-လည်း ရှု။ ယဉ်းအနာ၊ (ဓမ္မပဒ၊ ဋ္ဌ၊ သျှ၊ ၁၊ ၂၉၁-၂)

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၃၊ ၈၆။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၀၊ ၁၃၆။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၇-၈။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၃။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၉။ ၆၊ ဝိ၊ ၃၊ ၁၃၊ ၂။ ၇၊ ဝိ၊ ၃၊ ၃၊ ၄၉၃။

http://www.dhammadownload.com



၃။ "ဂမ္ဘီရေ ဉာဏစရိယသယေ၊ အနုတ္တရေ ဥပမိသန်ယေ" [၁] ၌ ဥပမိနှင့်သန်ယတို့၏ အရကို တိကျစွာ ကောက်ပြပြီးလျှင် သန်ယ၏ အာရမ္မဏိကမေမ္မတို့ကိုလည်း ကေန္တ အနေကန္တ အားဖြင့် ခွဲခြားပြခဲ့ပါ။

၄။ "ဇာတိပစ္စယာ ဇရာမရဏံ" [၂] ဝယ် မရဏအရ တရားကို ကောက်ပြ၍ အာရုံတို့ဖြင့် ဝေဖန်ပြီးလျှင် "တဏှာပစ္စယာ ဥပါဒါနံ" ဝယ် ဥပါဒါနအရ တရားကို ကောက်ပြ၍ သမ္မယုတ္တဓမ္မတို့ဖြင့် ဝေဖန်ခဲ့ပါ။

၅။ "အနဇာနာမိ ဘိက္ခဝေ တွောဝတာ သာမဂ္ဂိ၊ ယာဝတာ ကောဝိသော" [၃] ၌ အဘယ်သို့သော ရဟန်းတို့ကို "သာမဂ္ဂိ" ဟူ၍ ခေါ် ဆိုကြောင်းနှင့် မြတ်စွာဘုရားသည် အဘယ် အကျိုး မျှော်ကိုး၍ အဝိပ္ပဝါသသိမ်ကို ခွင့်ပြုသည်ကို ဖြေဆိုခဲ့ပါ။

၆။ မိုးရေခံသက်နိုး၏ အဓိဋ္ဌာန်တင်ရာကာလ၊ ဝိကပ္ပနာပြုရာကာလကို ဖော်ပြ၍ ဝိကပ္ပနာပြုလောက်သော အယုတ်ဆုံးသက်နိုး၏ အလျား အနံ ပမာဏကိုလည်း ညွှန်ပြခဲ့ပါ။ [၄]

၇။ ကျောင်း၌ ဝါကပ်ခြင်းနှင့် လှည်းလှေတို့၏ ဝါကပ်ပုံ ထူးခြားချက်ကို ဖော်ပြ၍ လူတို့စီးပြီးသည့် အထပ်များသော ဖိနပ်သည် ရဟန်းတို့အား စီးအပ် မစီးအပ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။ [၅]

၈။ သမ္မတ္တိသိမ်၏ အကြီးဆုံးသမုတ်ကောင်းသော ပမာဏကိုလည်း ဖော်ပြ၍ ဘုန်းကံကြီးမားသော ဆရာတော်ကြီး၏ ကျန်ရစ်သော မတသန္တကပစ္စည်းများကို ပါဠိတော်နှင့် အညီ ဝေဖန်ပြခဲ့ပါ။ [၆]

၉။ "အန္တလိက္ခစရော ပါသော၊ ယွာယံ စရတိ မာနသော။
တေန တံ ဗာဓယိဿာမိ၊ န မေ သမဏ မောက္ခသိ" [၇] ဟူသော ဂါထာကို အနက်ယောဇနာခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၅၄။ ၂၊ ဝိ၊ ၃၊ ၁။ ၃၊ ဝိ၊ ၃၊ ၁၄၃-၇။ ၄ ၊ ဝိ၊ ၃၊ ၄၁၁-၂။
၅၊ ဝိ၊ ၃၊ ၂၁၁၊ [သတ္တဿာ ဝိဟာရတ္တာ "ဣမသ္မိံ ဝိဟာရေ"တိ အဝတွာ "ဣမံ ဝဿံ ဥပေမိ"တိ တွေကမေဝ ဝတ္တဗ္ဗံ။ (ဝဇိရ ၄၆၉။ သာရတ္ထ၊ ၃၊ ၂၈၃)။] ၂၇၅။ ၆၊ ဝိ၊ ၃၊ ၁၄၅၊ ၄၂၀-၁။ ၇၊ ဝိ၊ ၃၊ ၂၁။

http://www.dhammadownload.com



၁၀။ "'ထိုတပည့်မသည် ကိလေသာမြူကင်းသော အပါယ်သို့ လားစေတတ်သော ကိလေသာလည်း မရှိသော အရိယာမဂ်သို့ ရောက်၍ နတ်၌ဖြစ်သော အသက်ရှည်ခြင်းကို ရ၏။ ကောင်းမှုကို အလိုရှိသော ချာန်ချမ်းသာခြင်းနှင့် ပြည့်စုံသော ဖျားနာခြင်းမရှိသော ထိုတပည့်မသည် နတ်ပြည်၌ ကြာမြင့်စွာ မွေ့လျော်ရ၏" ဟူသော မြန်မာဘာသာကို ပါဠိဘာသာစီကုံးခဲ့ပါ။ [၁]

* * * * * *

## ၁၃၄၅–ခုနှစ် အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ယေန ဘဂဝါ တေနုပသင်္ကမိ (ပ) ကေမန္တံ နိသိန္နော ခေါ ဇာဏုသောဏိ ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ"[၂] ဝယ် (ယေန ကေမန္တံ) ပုဒ်တို့၌ အဘယ်သုတ်ဖြင့် အဘယ်အနက်၌ အဘယ်ဝိဘတ်များ စီရင်ထားသည်ကို (၂)နည်းစီ ဖြေဆိုပါ။

၂။ ဇာဏုသောဏိ-၌ ဇာဏု-ကို နာမပဒမာလာ၊ သောဏိ- [၃] ၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "ဝဝဿဂ္ဂါရမ္မဏံ ကရိတွာ လဘန္တိ" [၃] ၌ ဝဝဿဂ္ဂ-အရ ကောက်ပြ၍ ၎င်းကို အာရုံပြုနိုင်သောစိတ် စေတသိက်တို့ကိုလည်း ကေန် အနေကန်ခွဲပြပါ။

၄။ "ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော (ပ) နိစ္စတော ဥပဂစ္ဆေယျ" [၁] ၌ ဒိဋ္ဌိအရ ကောက်ပြပြီး ၎င်းနှင့်ယှဉ်သော တရားတို့ကို ဝေဒနာ၊ ကိစ္စ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

၅။ ချာန်မှုဆိတ်သုဉ်းခြင်း မရှိမူ၍နေသော ရဟန်းများကို စုံလင်စွာ ဖော်ပြ၍ အမျိုးသမီးများသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားဖြစ်ရာသော အကြောင်းအခွင့် ရှိ/မရှိကိုလည်း ထင်ရှားအောင် ဖြေဆိုပါ။ [၆]

၆။ မင်္ဂ ဖိုလ် နိဗ္ဗာန် တည်းဟူသော အရသာကို ရရှိသုံးဆောင်နိုင်ရန် မည်သို့ကျင့်ကြံ အားထုတ်ရမည်ကို ကေနိပါတ် ပါဠိတော်ဖြင့် ဖြေဆိုပြီး ဘုရားရှင်သည် မည်သည့် အကြောင်းထူးများကို ရှုဆင်ခြင်လျက် (အာရုဏ်ကင်း ခုတင်ကို ပြီးစေနိုင်သော) တောကျောင်း၌ သီတင်းသုံးတော်မူသည်ကိုလည်း ဖြေဆိုပါ။ [၇]

---

၁၊ ဝိ၊ ၃၊ ၄၀၈။ ၂-၃၊ အံ၊ ၁၊ ၁၆၆။ ၄၊ အံ၊ ၁၊ ၃၈။ ၅၊ အံ၊ ၁၊ ၂၈။
၆၊ အံ၊ ၁၊ ၉၊ ၃၀။ ၇၊ အံ၊ ၁၊ ၄၇၊ ၆၂။

http://www.dhammadownload.com



၇။ ပျားကဲ့သို့ ချိုသော စကားကို ပြောဆိုတတ်သော ပုဂ္ဂိုလ်ကို ထင်ရှားအောင် ဖော်ပြ၍ အဝိစိငရဲကြီး၏ တည်နေဟန် ပမာဏကိုလည်း ပေါ်လွင်အောင် ဖြေဆိုပါ။ [၁]

၈။ အခြားဘာသာဝင်များက ငါ့အရှင်တို့အား ရာဂ ဒေါသ မောဟ တရား (၃) ပါးတို့၏ ကွဲပြားခြားနားပုံကို မေးလျှောက်သည့်အခါ ပေးရမည့်အဖြေကို ဘုရားအလိုတော်ကျ ဖော်ပြပြီး စစ်ဗိုလ်ချုပ်ကြီးခန့်ထိုက်သော ပုဂ္ဂိုလ်၏ ရှိရမည့် ဂုဏ်အင်္ဂါအရည်အချင်း တို့ကိုလည်း ပါဠိတော်လာတိုင်းဖြေဆိုပါ။ [၂]

၉။ အောက်ပါ ပါဠိတော်ကို အနက်မြန်မာပြန်ဆိုပါ -

တံ ဝတ ဘိက္ခု ကလျာဝိယကတံ အတ္တာနံ အာမဂန္ဓေန အဝဿုတံ မက္ခိကာ နာနုပတိဿန္တိ နာန္ဝာဿဝိဿန္တီ။ [၃]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ-

ရဟန်းတို့ မစောင့်ရှောက်အပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့။ ဤအတူ များစွာအကျိုးမဲ့ခြင်းငှာဖြစ်သော အခြားတစ်ခုသော တရားကို မျှလည်း ငါမမြင်။ ရဟန်းတို့ မစောင့်ရှောက်အပ်သော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်၏။ [၄]

* * * * *

## ၁၃၄၅–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "အဝိုနိ မံ အဟာသိ မေ" [၁] ၌ သန္ဓိမဖြစ်ခြင်း၏ အကြောင်းကို ပေါ်လွင်အောင် ရေး၍ အဟာသိ-ကို အာချာတရုပ်ကျဉ်း တွက်ပြပါ။

၂။ "တံ မေ အက္ခာဟိ ပုစ္ဆိတော" [၆] ၌ စပ်သင့်သော ပုဒ်အားလျော်စွာ မေ-ကို ဖြစ်သင့်သမျှ ကာရကရုပ်ကျဉ်း တွက်ပြ၍ ကုဒါစနံ-၌ ပကတိလိင်ပုဒ်နောင် တွာဒိ ပစ္စည်းများ သက်၍ ဖြစ်နိုင်သမျှ ရုပ်စုကို ဖော်ပြပါ။

၃။ "သဗ္ဗေ ပူရေန္တု သက်ပ္ပါ" [၇] ၌ သက်ပ္ပါအရ အထွတ်အထိပ်ဖြစ်သော တရားများကို ကောက်ပြ၍ ယင်းတို့ကို ဇာတ်အားဖြင့် ဝေဖန်ပြပါ။

---

၁၊ အံ၊ ၁၊ ၁၂၆၊ ၁၄၀။ ၂၊ အံ၊ ၁၊ ၂၀၀၊ ၂၈၈။ ၃၊ အံ၊ ၁၊ ၂၈၃။ ၄၊ အံ၊ ၁၊ ၆။
၅၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၉။ ၆၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၈။ ၇၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၂၇။

http://www.dhammadownload.com



၄။ "နာဟောသိ ဆန္ဒော အပိ"[၁] ၌ အဟောသိ-အရ တရားကို ကောက်၍ ယှဉ်ဘက် စေတသိက်တို့ကို ဖော်ပြပြီးလျှင် ယင်းကို ဝေဒနာ၊ ကိစ္စ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

၅။ ရာဇဂြိုဟ်ပြည်သားတို့အား အရှင်သာရိပုတ္တရာ ဟောကြားအပ်သော ဒါနတရား အကျဉ်းချုပ်ကို ရေးပြ၍ ရာဟုလာသတို့သား ဖွားမြင်ကြောင်းသတင်းကို ဘုရားလောင်းအား ရှေးဦးစွာ ပြောကြားသူကို ဖော်ပြပါ။[၂]

၆။ ယသသတို့သား ရရှိသော တရားထူးကို နေ့ရက်နှင့်တကွ ဖော်ပြ၍ အရှင်ကောဏ္ဍညထေရ်သည် အစဦးဆုံး ရဟန္တာဖြစ်ပါလျက် အဂ္ဂသာဝကရားထူး မရခြင်းအကြောင်းကိုလည်း ညွှန်ပြပါ။[၃]

၇။ ကောတုဟလိက၏သားအမည် ယောသကနတ်သား၏ အခြံအရံနတ်သမီး အရေအတွက်နှင့် ဘုံတို့ကို ဖော်ပြ၍ ယင်းယောသကနတ်သား စုတေခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။[၄]

၈။ စူဠပန္ထကထေရ်သည် တစ်ဂါထာကို လေးလသင်၍ မတတ်နိုင်အောင် ဉာဏ် လေးပါလျက် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်ရခြင်း၏အကြောင်းကို ရေး၍ "ဓီရော ဗာလေ အဝေက္ခတိ "[၅] ၌ ဝတ္ထုကြောင်းအားလျော်စွာ ဓီရောနှင့်ဗာလေ အရတို့ကို ကောက်ပြပါ။

၉။ အောက်ပါဂါထာကို သရုပ်ပေါ်လွင်စေလျက် အာစာရထည့်စွက် ဘာ အနက် ယောဇနာပြပါ-

ဥဋ္ဌာနေနပ္ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ။[၆]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ-

"မုန့်ဖြင့် ပြည့်သော ရွှေခွက်ကို ဂုံညင်းကစားကွင်းဝယ် ထား၍ ဖွင့်လှစ်ကာမျှ၌ မုန့်နံ့သည် တစ်မြို့လုံး၌ ပြန့်နှံ့၍ တည်၏။ မုန့်ပိုင်းကို ခံတွင်း၌ ထားကာမျှသာလျှင် မုန့်အရသာသည် အရသာကို ဆောင်သည့်အကြောခုနစ်ထောင်တို့ကို ပြန့်နှံ့လေ၏" [၇]

---

၁၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၃၀။ ၂၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၄၉၊ ၅၄။ ၃၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၅၅-၆။
၄၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၀၈၊ ၁၁၀-၁။ ၅၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၅၈၊ ၁၆၅။ ၆၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၁၆၂။
၇၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၈၇။

http://www.dhammadownload.com



## ၁၃၄၆–ခုနှစ်၊ မဟာဝါပါဠိတော်

ဗုဒ္ဓဿ ဝါ ဓမ္မဿ ဝါ သံဃဿ ဝါ ဝဏ္ဏေ ဘာသမာနေ အတ္တမနော ဟောတိ ဥဒဂ္ဂေါ အဘိရဒ္ဓေါ။

၁။ ဥဒဂ္ဂေါ-ကို သန္ဓိရုပ်ကျဉ်း တွက်၍ ဘာသမာနေ-ကို နာမပဒမာလာ စဉ်ပြပါ။ [၁]

၂။ "ဗုဒ္ဓဿ၊ ဝဏ္ဏေ" ပုဒ်တို့၌ ဝိဘတျတ္ထတို့ကို သက်ရာသုတ်နှင့်တကွ အသီးသီး ဖော်ပြ၍ အဘိရဒ္ဓေါ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ဟေတုကတ္တုရုပ် ပဒမာလာ စဉ်ပြပါ။ [၂]

၃။ အဘိရဒ္ဓေါ-အရ ပရမတ္ထတရားကို ယှဉ်ရာ စိတ်နှင့်တကွကောက်ပြပါ။ [၃]

၄။ "တဿ ခန္တိယာ တဿ ရုစိယာ" [၄]၌ ခန္တိ-အရ တရားကို ကောက်ပြ၍ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

၅။ သရဏဂုမ်ဖြင့် ရှင်ရဟန်းပြုပေးရာ၌ ပြုရမည့် အစီအရင်ကို ပြည့်စုံစွာ ဖော်ပြ၍ ဝါမကပ်သင့်သော နေရာဌာနများကိုလည်း ဖော်ပြပါ။ [၅]

၆။ အနာရောဂါကြီး (၅)မျိုးကို ဖော်ပြ၍ ယင်းရောဂါကြီးများစွဲကပ်သော သာမဏေကို ပဉ္စင်းခံပေးသော ရဟန်းအား သင့်ရောက်သော အပြစ်ကို ဖော်ပြပြီး မလ္လာမင်းတို့၏ ကတိကဝတ်ထားပုံကိုလည်း ဖော်ပြပါ။ [၆]

၇။ ပရိသုဒ္ဓ အပြုခံရသော အချို့ပုဂ္ဂိုလ်များ မိမိကိုယ်တိုင် သက်န်းပြန်လည်ဝတ်နေကြရာ မည်သည့်ထေနက ဖြစ်သည်ကို အကြောင်းနှင့်တကွ ဖြေဆို၍ ဘိက္ခုနီကို ညှင်းဆဲနှိပ်စက် ဖျက်ဆီးသော သာမဏေသည် ဘိက္ခုနီဒူသက ဖြစ်/မဖြစ်ကိုလည်း ရှင်းလင်း ဖြေဆိုပါ။ [၇]

၈။ သီလပျက်ခြင်းအပြစ်တို့ကို ပြည့်စုံစွာ ဖြေဆိုပြီး၊ ဝိသာခါတောင်းသော ဆုတို့ကိုလည်း ပြည့်စုံအောင် ဖြေဆိုပါ။ [၈]

၉။ "ယေ တရန္တိ အဏ္ဏဝံ သရံ၊ သေတုံ ကတွာန ဝိသဇ္ဇ ပလ္လလာနိ၊
ကုလ္လံ ဟိ ဇနော ဗန္ဓတိ၊ တိဏ္ဏာ မေဓာဝိနော ဇနာ" [၉]- ဟူသော ဂါထာကို နိဿယ ကျကျ အနက်ပေးပါ။

---

၁-၂-၃-၄၊ ဝိ၊ ၃၊ ၁၀၀။ ၅၊ ဝိ၊ ၃၊ ၂၉၊ ၂၁၂။ ၆၊ ဝိ၊ ၃၊ ၁၀၁-၃၊ ၁၄၅။
၇၊ ဝိ၊ ၃၊ ၁၂၀၊ ၁၁၉။ ၈၊ ဝိ၊ ၃၊ ၃၂၂၊ ၄၀၅-၆။ ၉၊ ဝိ၊ ၃၊ ၃၂၅။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"သံဃာ၏ ကိစ္စတို့၌၎င်း၊ (ဝိနည်းကို) တိုင်ပင်ရာ၌၎င်း၊ ဖြစ်ပေါ်လာသော အကြောင်းကိစ္စအရ ဆုံးဖြတ်ရာတို့၌၎င်း အဘယ်သို့ သဘောရှိသောသူသည် ဤသာသနာတော်၌ များသော ကျေးဇူးရှိပါသနည်း။ အဘယ်သို့ သဘောရှိသောရဟန်းသည် ဤသာသနာတော်၌ ချီးမြှောက်ခြင်းငှာ ထိုက်ပါသနည်း။ [၁]

* * * * *

## ၁၃၄၆–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "မောဟဇန္တာပဝိဒ္ဒသု" [၂] ကို ပဒစ္ဆေဒ ပြု၍ မောဟဇန္တ-ဝယ် နောက်ပုဒ်၌ ဓာတ်ကိုယူပြီး ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ "ယဉ္စ ဂိဟီနံ အဂါရံ အဇ္ဈာဝသတံ" [၃] ဝယ် အဂါရံ-၌ ဝိဘတျတ္ထ ဝိဘတ္တိဝိဓိ သုတ်တို့ကို အကြောင်းပြ၍ ဖော်ပြပြီးလျှင် အဇ္ဈာဝသတံ-ကို သတ္တမီ ဧကဝုစ်ဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ခဲ့ပါ။

၃။ "အသ္မိမာနော ပဟီယတိ" ဝယ် ပဟီယတိ- [၄] ၌ အန္တတ္ထ-အရ တရားကို ယှဉ်ဘက်သမ္ပယုတ္တဓမ္မနှင့်တကွ ကောက်ပြ၍ ယင်းတွင် ပဓာနတရားကိုသာ ဝေဒနာ၊ ဟိတ်၊ ကိစ္စတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "ယဿိဥ္စိတံ နတ္ထိ ကုဟိဉ္စိ လောကေ" [၅] ၌ ဣဥ္စိတ-အရ ပရမတ္ထတရားများကို ကောက်ပြ၍ ယင်းတရားတို့ ပြုနိုင်သော အာရုံ၊ မပြုနိုင်သော အာရုံတို့ကိုလည်း ခွဲခြားပြခဲ့ပါ။

၅။ အဘယ်ပုဂ္ဂိုလ်မျိုးကို အမောယရဋ္ဌပိဏ္ဍပရိဘောဂ ဖြစ်ကြောင်းနှင့် အနုပ္ပန္နကုသိုလ်တရားဖြစ်ပွား၍ ဥပ္ပန္န အကုသိုလ်တရား လျော့သွားစေနိုင်သောပုဂ္ဂိုလ်သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။ [၆]

၆။ အဓိကရုဏ်းဖြစ်ခြင်းကြောင့် ရရှိနိုင်သောအကျိုးများကို ထုတ်ပြပြီးလျှင် ကျေးဇူးတုံ့ပြန်မှုဖြစ်နိုင်အောင် မိဘတို့အား ပြုစုနည်းကိုလည်း ဖော်ပြခဲ့ပါ။ [၇]

၁၊ ဝိ၊ ၃၊ ၅၀၉။ ၂၊ အံ၊ ၁၊ ၁၃၅။ ၃၊ အံ၊ ၁၊ ၅၁။ ၄၊ အံ၊ ၁၊ ၄၅။
၅၊ အံ၊ ၁၊ ၁၃၂။ ၆၊ အံ၊ ၁၊ ၉၊ ၁၁။ ၇၊ အံ၊ ၁၊ ၅၅၊ ၆၃။

http://www.dhammadownload.com



၇။ မချွတ်မယွင်းသောအကျင့်ကို ကျင့်သူဖြစ်အောင် အားထုတ်ရမည့် တရားများကို ဖော်ပြ၍ လောကဒ္ဓ ရှိသေလေးမြတ် မှီဝဲဆည်းကပ်ထိုက်သောပုဂ္ဂိုလ်ကိုလည်း ထုတ်ပြခဲ့ပါ။ [၁]

၈။ သေခြင်းကောင်းရန် ပဓာနထား၍ မပျက်စီးအောင် ကျင့်သုံးရမည့်တရားကို ဖော်ပြ၍ အဆွေခင်ပွန်းကောင်း၏ အမှုအကျင့်များကိုလည်း ထုတ်ပြခဲ့ပါ။ [၂]

၉။ စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။

တေ ဒီဃရတ္တံ သောစန္တိ ဟီနကာယူပဂါ နရာ- [၃] ဟူသော ဂါထာကို ဒေဝဒူတသရုပ်ပေါ်လွင်အောင် အနက်ယောဇနာခဲ့ပါ။

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ -

"ရဟန်းတို့၊ ထင်းချောင်းဖြင့်သော်ရင်း၊ အိုးခြမ်းကွဲဖြင့်သော်ရင်း ထိခိုက်ပုတ်ခတ်သော ဖောက်ပြန်ပျက်စီးသော အနာသည် (ဝါ) အနာဆွေးသည် အတိုင်းအရှည်ထက်အလွန် သန်ရည် ပြည် သွေးကို ယိုစီးစေသကဲ့သို့" [၄]

* * * * *

## ၁၃၄၆-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "သက္ကော ကတိပါဟစ္စယေန တဿာ ဝိမံသနတ္ထာယ" [၅] ဝယ် ကတိပါဟစ္စယေန-ပုဒ်ကို ပုဒ်ဖြတ်၍ တဿာ-၌ ဝိဘတ်သက်သောသုတ်ကို ဖော်ပြပြီးလျှင် "ဥဘောသမဝိပါကိနော" ၌ ဥဘော-ကို နာမ်ရုပ်ကျဉ်း တွက်ခဲ့ပါ။

၂။ "အသာရေ သာရမတိနော" [၆] ၌ သာရမတိနော-ကို နာမ်ရုပ်ကျဉ်းတွက်၍ မတိ-ပုဒ်၌ ဓာတ်ကိုယူပြီးလျှင် ဝတ္တမာန် ပရဿပုဒ်ဖြင့် ကတ္တုရုပ်ဂိုဏ်းစဉ်ခဲ့ပါ။

၃။ "သတ္ထာ 'သမိဒ္ဓိဿတိ နု ခေါ ဣမဿ ပုရိသဿ ပတ္ထနာ'တိ အနာဂတံသဉာဏံ ပေသေတွာ ဩလောကေန္တော" [၇] ၌ အနာဂတံသဉာဏ်နှင့်ယှဉ်သောစိတ်ကို တိကျစွာကောက်ပြ၍ ၎င်းစိတ်ကို ပကိဏ္ဏကဆက္ကဖြင့် ဝေဖန်ဖြေဆိုပါ။

---

၁၊ အံ၊ ၁၊ ၁၁၁၊ ၁၂၃။ ၂၊ အံ၊ ၁၊ ၂၆၆၊ ၂၈၉။ ၃၊ အံ၊ ၁၊ ၁၄၁။ ၄၊ အံ၊ ၁၊ ၁၂၂။
၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၇၅၊ ၁၄။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၃။ ၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၀။

http://www.dhammadownload.com



၄။ "ရတ္တာသ ဟိ ဉက္ကုရိုက် ပဒံ ဘဝေ" [၁] ၌ ရတ္တ၏ ပဓာနအရကို ဖော်ပြ၍ ၎င်းနှင့် ယှဉ်သောစိတ် စေတသိက်တို့ကို မှန်ကန်စွာ ဖော်ပြပြီးလျှင် ဇာတိ၊ သင်္ခါရအားဖြင့် ဝေဖန်ပြပါ။

၅။ အနောမဒဿီဘုရားရှင် ပွင့်တော်မူရာ တိုင်းပြည်၊ ခမည်းတော်၊ မယ်တော်၊ ဗောဓိပင်၊ အဂ္ဂသာဝက၊ အဂ္ဂသာဝိကာတို့၏ အမည်တို့ကို ဖော်ပြခဲ့ပါ။ [၂]

၆။ ဒေဝဒတ္တဝတ္ထုလာ အနုရုဒ္ဓါမင်းသား၏ ဆုတောင်းပုံကို ပြဆိုပြီးလျှင် သာကီဝင်မင်းသားခြောက်ဦးတို့၏ တရားထူးရပုံ ထူးခြားဟန်ကိုလည်း ပြဆိုခဲ့ပါ။ [၃]

၇။ နတ်တို့၏သေခြင်းသရုပ်ကို ဖော်ထုတ်ပြီးလျှင် ဒုတိယသေခြင်းကို ဥပမာနှင့်တကွ ဖော်ပြ၍ ယောသကနတ်သား၏သေခြင်းကိုလည်း ထုတ်ပြခဲ့ပါ။ [၄]

၈။ သိကြားမင်းကို သတ္တ၊ ဝါသဝ၊ သဟဿက္ခ-အမည်ရခြင်းအကြောင်းတို့ကို ပြဆိုပြီးလျှင် မဃလုလင်၏ ဇနီးများကိုလည်း အစဉ်အတိုင်း ပြဆိုခဲ့ပါ။ [၅]

၉။ အောက်ပါ ဂါထာကို ကျနစွာ အနက်ပေးခဲ့ပါ -

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။ [၆]

၁၀။ အောက်ပါ မြန်မာဝါကျကို ပါဠိဘာသာ သီကုံးခဲ့ပါ -

"တစ်ဆင့် ကြားဖူးသည်ကား - ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည်ရှိသော် အရှင်အာနန္ဒာမထေရ်သည် အလုံးစုံသော ဇမ္ဗူဒီပကျွန်းကို လှည့်လည်၍ ခပ်သိမ်းသော ကျောင်းတို့၌ ရဟန်းတို့အား မိမိဉစ္စာသာလျှင် ဖြစ်ကုန်သော သပိတ် သင်္ကန်းတို့ကို ပေးလှူပြီ" [၇]

* * * * *

## ၁၃၄၇-ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ကိဿ တုမှေ နာဂမိတ္ထ" ၌ ကိဿ၊ "ဥဒ္ဒဿ္ထေ အရုဏေ နန္ဒိမုခိယာ ရတ္တိယာ သီတံ ဘဂဝန္တံ အဟောသိ" ဝယ် ဥဒ္ဒဿ္ထေ, အရုဏေ-တို့၌ အဘာယ်သုတ်ဖြင့် အဘာယ် အနက်၌ အဘာယ်ဝိဘတ်သက်သည်ကို ဖော်ပြခဲ့ပါ။ [၈]

---

၁၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၂၉၊ ၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၆၇။ ၃၊ ဓမ္မပဒ၊ ၄၊ ၁၊ ၈၆၊ ၉၁။
၄၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၁၀-၁။ ၅၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၉၈၊ ၁၇၁။ ၆၊ ဓမ္မပဒ၊ ၄၊ ၁၊ ၅၄။
၇၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၄၁။ ၈၊ ဝိ၊ ၃၊ ၃၉၄၊ ၄၀၁။

http://www.dhammadownload.com



၂။ "တေန ဟိ ဘဏေ ဒီဃီတိ ကောသလရာဇာနံ သပဇာပတိကံ အာနေထ"[၁]၌ သပဇာပတိကံ-ကို နာမပဒမာလာ၊ "အာကိဏ္ဏော န ဖာသု ဝိဟာသိ ဟတ္ထိပိ" ဝယ် ဟတ္ထိပိ-၌ ဖြစ်သင့်သမျှ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် သုဒ္ဓကတ္တုရုပ် အာချာတ ပဒမာလာ စဉ်ခဲ့ပါ။

၃။ "အပ္ပာပဋ္ဌာဓိမုတ္တော"[၂]၌ အပ္ပာပဋ္ဌတရားကို ကောက်ပြ၍ ၎င်း၏သမ္ဗန္ဓယုတ္တဓမ္မ၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ အာရမ္မဏိက၊ ဝတ္ထုတို့ကို တိကျစွာ ကောက်ပြခဲ့ပါ။

၄။ "န ဘယာဂတိ ဂစ္ဆေယျ"[၃] ဝယ် ဘယအရ တရားကို ကောက်ပြ၍ ၎င်းကိုသမ္ဗန္ဓယုတ္တဓမ္မ၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ အာရမ္မဏိက၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပါ။

၅။ ဘုရားရှင်က မာရ်နတ်အကြောင်းကို ရဟန်းတို့အား ပဌမဆုံး ဟောကြားပုံ သုံးချက်မျှ ဖြေ၍ ဘုရားရှင်သည် အဘယ်ဒေသမှ အဘယ်ဒေသသို့ အဘယ်အကျိုးငှာ ကြွသည်ကို မာရကထာလာသည့်အတိုင်း ဖြေပြီးလျှင် ဒဏ္ဍကမ္မဝတ္ထုလာ အင်္ဂါ (၅)ပါး ကိုလည်း ဖြေဆိုပါ။[၄]

၆။ ပဏ္ဏကဝတ္ထုလာ ပဏ္ဏုက်မျိုးတို့တွင် ရဟန်းခံကောင်းသော ပဏ္ဏုက်၊ မခံကောင်း သော ပဏ္ဏုက်တို့ကို ခွဲခြားဖြေ၍ ယခုခေတ် "အခြောက်"ခေါ် မိန်းမလျာများ ရဟန်း ခံကောင်း၊ မခံကောင်းကိုလည်း အကြောင်းပြ ဖြေဆိုပါ။[၅]

၇။ ပစ္စောတမင်း၌ ဖြစ်သောရောဂါ၊ ဆေးကုသော ဆရာ၊ တိုက်ကျွေးသောဆေး၊ ဆေးဆရာ စီးနင်းသွားသောယာဉ်၊ ဆေးဆရာကို လိုက်ဖမ်းသူတို့၏အမည်ကိုလည်း ကောင်း၊ ယာဉ်နှင့်လိုက်ဖမ်းသောသူတို့၏အသွားနှုန်းကိုလည်းကောင်း ဖြေဆိုပါ။[၆]

၈။ သက်န်းဖြစ်ပေါ်လာကြောင်း မာတိကာတို့ကို ဖြေ၍ ဒုတိယမာတိကာနှင့်ပဌမ မာတိကာတို့၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင် ဒီဃာဝုဝတ္ထု၌ ဒီဃီတိမည်သော ကောသလ မင်း၏ မိဖုရားကြီး "ချင်ခြင်း-တောင့်တမှု" ဖြစ်ပုံကိုလည်း ဖြေဆိုပါ။[၇]

---

၁၊ ဝိ၊ ၃၊ ၄၈၉၊ ၅၀၀။ ၂ ဝိ၊ ၃၊ ၂၇၀။ ၃၊ ဝိ၊ ၃၊ ၃၉၅။ ၄၊ ဝိ၊ ၃၊ ၂၇-၈၊ ၁၁၇။ ၅၊ ဝိ၊ ၃၊ ၁၁၉။ [ဝိ၊ ၄၊ ၃၊ ၂၉၇နှင့်တွဲရှု၊ မိမိတို့ နိုင်ငံ၌ သုက်မထွက်သော မိန်းမလျာကို "အခြောက်"ဟု ခေါ်၍ မိန်းမစိတ်ဝင်သူသာမန်ကို "မိန်းမလျာ"ဟု ခေါ်ကြသတဲ့။ အခြောက်သည် ဥသူယပဏ္ဏုက်မျိုး ဖြစ်ရာ၏]။ ၆၊ ဝိ၊ ၃၊ ၃၈၇-၈။ ၇၊ ဝိ၊ ၃၊ ၄၂၇၊ ၄၈၇။

http://www.dhammadownload.com



၉။ "တေ် နာဂဿ နာဂေန၊ ဤသာဒန္တဿ ဟတ္ထိနော။

သမေတိ စိတ္တံ စိတ္တေန၊ ယဒေကော ရမတီ ဝနေ" [၁] ကို နိဿယနက် ကျနစွာ ပေးပါ။

၁၀။ "အရှင်ဘုရား၊ အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထက်သို့ စုန့်စုန့်တက်၍ မည်းနက်သည့် နွားခွာရာ ခရောင်းမြေသည် ကြမ်းတမ်းပါ၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထပ်အလွှာများသော ဘိနပ်ကို ခွင့်ပြုတော်မူမည်လည်း မသိ" ဟူသော မြန်မာဘာသာကို ပါဠိဘာသာ စုဏ္ဏိယဝါကျ သီကုံးပါ။ [၂]

* * * * *

## ၁၃၄၇-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "အဋ္ဌတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ" [၃] ဝယ် အဋ္ဌတဂ္ဂေ-ကို ပဒစ္ဆေဒပြု၍ နောက်ပုဒ်ကို ကာရကရုပ်ကျဉ်း တွက်ပြပါ။

၂။ "သာခု မေ ဘဝံ ဂေါတမော တထာ ဓမ္မံ ဒေသေတု" [၄] ဝယ် ဘဝံ-၌ မူလပုဒ်ရင်း နောက် ဂသိ-ဝိဘတ်ဖြင့် ပြီးနိုင်သမျှ ရုပ်စုကို စုံလင်စွာ ဖော်ပြ၍ ဒေသေတု-၌ ဓာတ်ကို ယူ၍ အဋ္ဌတနီ ဏ္ဏံ, မှာ- နှစ်ဝိဘတ်တို့ဖြင့် ကတ္တုရုပ် ပဒမာလာ စဉ်ပါ။

၃။ (၂) နံပါတ် ပုစ္ဆာလာ ဒေသေတု-၌ အန္တတ္ထအရ စိတ်၊ စေတသိက်များကို တိကျစွာ ကောက်ပြ၍ ယင်း၌ဖြစ်နိုင်သော ဝေဒနာနှင့်ကိစ္စကိုလည်း ဖော်ပြပါ။ [၅]

၄။ "ဣတိ ခေါ ဘိက္ခဝေ ပဒေသံ ပဒေသကာရီ အာရာဓေတိ" [၆] ဝယ် ပဒေသ-အရ ပရမတ္ထတရားကို တိကျစွာ ကောက်ပြ၍ ယင်းကို အာရုံပြုနိုင်သော တရားများကိုလည်း မှန်ကန်စွာ ဖော်ပြပါ။

၅။ အယူဖောက်ပြန် မိစ္ဆာဒိဋ္ဌိဖြစ်ပေါ်ရန် အကြောင်းနှစ်ပါးကို ရေး၍ ပညာတန်ခိုး အရာတွင် တောင်းတအားကျလိုလျှင် မည်သည့် ဥပါသကာများကို ချိန်ခွင်ချင့်တောင်း ပမာ ထားရမည်ကိုလည်း ဖော်ပြပါ။ [၇]

---

၁၊ ဝိ၊ ၃၊ ၅၀၀။ ၂၊ ဝိ၊ ၃၊ ၂၈၇။ ၃၊ အံ၊ ၁၊ ၆၈၊ ၄-၅၊ အံ၊ ၁၊ ၅၈။
၆၊ အံ၊ ၁၊ ၂၃၄။ ၇၊ အံ၊ ၁၊ ၈၆-၇။

http://www.dhammadownload.com



၆။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ အသက်ဆုံးတိုင်အောင် မမေ့ရမည့် အရပ်များကို ရေး၍ ကုန်သည်တစ်ယောက် ပစ္စည်းဥစ္စာ တိုးပွားတည်တံ့စေရန် အရည်အချင်းအင်္ဂါများကို ပြည့်စုံစွာ ရေးပြပါ။ [၁]

၇။ "အန္တရဋ္ဌကော ဟိမပါတသမယော .... ဝေရမ္ဘော ဝါတော ဝါယတိ"[၂] ဝယ် အန္တရဋ္ဌကော-အရ နက္ခတ္တိကမာသအားဖြင့် ပိုင်းခြားပြ၍ ဝေရမ္ဘလေ၊ ဝေရမ္ဘလေနှင့် တူသောလေများကို ဖော်ပြပါ။

၈။ မောင်နှင့်နှမ အချင်းချင်း ကာကွယ်နိုင်သောဘေး၊ မကာကွယ်နိုင်သော ဘေးများကို ဖော်ပြ၍ ယင်းဘေးများမှ လွတ်မြောက်ရန် အကျင့်တရားမှန်ကိုလည်း ဆက်လက်ဖော်ပြပါ။ [၃]

၉။ "နော စ ယံ" ဟူသော အနိယမ၏ နိယမကို ပေါ်လွင်စေလျက် အောက်ပါ ဂါထာကို အနက်ယောဇနာခဲ့ပါ -

အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။

တံ တဿ ဟောတိ အတ္ထာယ၊ နော စ ယံ တတ္ထ ဍယှတိ။ [၄]

၁၀။ အောက်ပါမြန်မာကို ပါဠိပြန်စီကုံးပါ -

"သူခိုးကြီးသည် သွားလာကူးခတ်သော မြစ်ကိုသော်ငင်း၊ မညီညွတ်သော တောင်ကိုသော်ငင်း၊ မြက်တောကိုသော်ငင်း၊ သစ်တောကိုသော်ငင်း၊ ထူထဲသော တောအုပ်ကိုသော်ငင်း၊ တောအုပ်ကြီးကိုသော်ငင်း အမှီရ၏" [၅]

---

၁၊ အံ၊ ၁၊ ၁၀၅၊ ၁၁၃-၄။ ၇၊ အံ၊ ၁၊ ၁၃၆။ [အံ၊ ဌ၊ ၂ ၁၁၆ နှင့် တွဲရှု၊ မြန်မာလို "တန်ခူး၊ ကဆုန်" စသော အများသိလ၊ ပါဠိလို "စိတ္တော, ဝေသာခေါ" စသော လကိုပင် "နက္ခတ္တိကမာသာ (စန်းယှဉ်နက္ခတ်ရှိရာလ)"ဟု သုံးသည်။ ... ဝေရမ္ဘဝါတာတိ ယောဇနတော ဥပရိ ဝါယနဝါတာ (အဘိ၊ ဌ၊ ၂၊ ၆၇။ မ၊ ဋီ၊ ၁၊ ၇၉)၊ ဤကား ဝေရမ္ဘလေ၊ ... ဝေရမ္ဘော ဝါတော ဝိယ တိဟိ ဒိသာဟိ ဝါယန္တော ဝါတော ဝါယတိ။ (အံ၊ ဌ၊ ၂ ၁၁၆)၊ ဤကား "စတူဟိ ဒိသာဟိ ဝါယန္တော ဝါတော ဝေရမ္ဘောတိ ဝုစ္စတိ ဝေရမ္ဘဝါတသဒိသတ္တာ (အံ၊ ဋီ၊ ၂ ၁၁၀)"အရ ဝေရမ္ဘလေနှင့်တူသောလေ။] ၈၊ အံ၊ ၁၊ ၁၇၈၊ ၁၈၀-၁။ ၉၊ အံ၊ ၁၊ ၁၅၅။ ၁၀၊ အံ၊ ၁၊ ၁၅၂။

အမှာ။ "၅၆-၇" စသည်ကို "၅၆-၅၇"စသည်ဖြင့် ဖတ်ပါ။ "၁၊ ၂"စသည်တို့ "တစ်၊နှစ်" စသည်ဖြင့် ဖတ်ပါ။

http://www.dhammadownload.com



## ၁၃၄၇–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ဧဟိ တာတ" ၌ ဧဟိ-ကို ပဒစ္ဆေဒပြု၍ "မဟာရာဇ သမာဝတိမိဿိကာနံ ဗဟိဒ္ဓါ ပတ္ထနာ အတ္ထိ" ဝယ် ကြိယာပုဒ်၌ စာတ်ကျိုယူ၍ သတ္တမီ ပရဿပုဒ်ဖြင့် သုဒ္ဓကတ္တု အာချာတပဒမာလာ စဉ်ခဲ့ပါ။ [၁]

၂။ "ကတိပါဟေနေဝ တေ ဇီဝိတံ မာရေဿန္တိ" ဝယ် ကတိပါဟေနေဝ- ၂တွင် ရှေ့ပုဒ်၌ အဘယ်သုတ်ဖြင့် အဘယ်အနက်၌ အဘယ်ဝိဘတ်သက်ထားသည်ကို ဖော်ပြ၍ အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ နံပါတ် (၉) လာ သမန္တစက္ခု အရကို ကောက်ပြ၍ ယှဉ်ဖက်တရားတို့ကို ရေးပြီးလျှင် ဝေဒနာစသည်ဖြင့် ဝေဖန်ပြပါ။ [၃]

၄။ "မာ ကာမရတိသန္ထဝံ" [၄] ၌ သန္ထဝံ-အရ ကောက်ပြ၍ ယှဉ်ဖက်တရားတို့ကို ရေးပြီးလျှင် ဝေဒနာဒိဆက္ကဖြင့် ဝေဖန်ပြပါ။

၅။ သုသာန်စုတင်ဆောင် မထေရ်တို့ ပြောကြားရမည့် ပုဂ္ဂိုလ်၊ ရှောင်ကြဉ်ရမည့် အစာအစားများနှင့် အခြားနေထိုင်သွားလာနည်းတို့ကို ပြည့်စုံစွာ ရေးသားခဲ့ပါ။ [၅]

၆။ အရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလ္လာန်တို့၏ ငယ်နာမည်၊ သူတို့၏သာသနာပ ဆရာ၊ သာသနာမှ ပဌမဆုံးဆရာတို့ကို ရေး၍ "ဗဟုမ္ပိ စေ" စသော ဂါထာ၊ "အပ္ပမ္ပိ စေ" စသော ဂါထာကို အဘယ်ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ဟောကြားတော်မူအပ်သည် ကိုလည်း ရေးခဲ့ပါ။ [၆]

၇။ ဥတေနမင်း၏ တိုင်းပြည်နှင့်မိဖုရားသုံးဦးတို့၏နာမည်တို့ကို ဖော်ပြ၍ ဆရာ့စကား နားထောင်သဖြင့် အကျိုးရပုံကို ဝတ္ထုကြောင်း အကျဉ်းဖြင့် ရေးခဲ့ပါ။ [၇]

၈။ သိကြားမင်းဖြစ်ကြောင်း အင်္ဂါ (၇)ပါးတို့ကို ရေး၍ သိကြားမင်း၏နောက်ဆုံး အိမ်ရှင်သည် မည်သူ့သမီးဖြစ်သည်၊ မည်သည့်မြို့သူဖြစ်သည်၊ မည်သို့ ရလာသည်တို့ကို လည်း ရေးခဲ့ပါ။ [၈]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၉၊ ၁၃၅။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၃၅၊ ၁၂၈။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၅။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၄။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၄။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၆-၇၊ ၁၀၁-၂။
၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၃၊ ၁၅၉။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၉၊ ၁၇၆။

http://www.dhammadownload.com



၉။ အောက်ဖော်ပြပါ ဂါထာကို နိဿယျကျကျ အနက်ပေးခဲ့ပါ -

"ဣမေဟိ အဋ္ဌဟိ တမဂ္ဂပုဂ္ဂလံ၊ ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။

သမန္တစက္ခုံ သတပုညလက္ခဏံ၊ ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ" [၁]

၁၀။ အောက်ဖော်ပြပါ မြန်မာစကားပြေကို ပါဠိဝါကျစီကုံးခဲ့ပါ -

"အမောင်၊ ငါတို့၏အမျိုးမှ ရဟန်းပြုသူသည် မရှိသေး။ သင်သည်လည်း ရဟန်းပြုလော။ ငါသည်လည်း ရဟန်းပြုအံ့" [၂]

* * * ***

## ၁၃၄၈–ခုနှစ် မဟာဝါပါဠိတော်

၁။ ၉- နံပါတ်၌ပါသော ကိမ္ပိမာယံ-ကို ပဒစ္ဆေဒပြု၍၊ ယတြ-၌ အန္တ၏လိင်၊ ဗာဟျ၏ သက်ရာအနက်ကို တိကျစွာ ညွှန်ပြပါ။

၂။ အစ္ဆရိယံ-၌ ဓာတ်ကိုယူပြီး အဇ္ဇတနီ ပရဿပုဒ် မဖ္လိမပုရိသ်ဖြင့် အာချာတ ပဒမာလာစဉ်၍၊ မယှံ ခေါ ဘိက္ခဝေ ယောနိသော မနသိကာရာ ။ပ။ သစ္ဆိကတာ-[၃]ဝယ် မယှံ-၌ မည့်သည့်သုတ်ဖြင့် မည့်သည့်အနက်၌ မည့်သည့်ဝိဘတ် သက်ထားသည်ကို ဖြစ်နိုင်သမျှ ညွှန်ပြပါ။

၃။ "အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ" [၄]၌ ပရမတ္ထအရ တိကျစွာကောက်ပြ၍၊ ၎င်း၏ သမ္ဗယုတ္တဓမ္မတို့ကို မှန်ကန်စွာဖြေပါ။

၄။ ဝေဒန္တဂူ ဝုသိတဗြဟ္မစရိယော- [၅]ဝယ် ဝေဒန္တ အရ ဖြစ်နိုင်သမျှကောက်ပြ၍၊ ၎င်းတို့၏ အနေကန် အာရမ္မဏိကတရားများကို အသီးသီးရေတွက်ပြပါ။

၅။ ဝိဟာရ ဝဍ္ဎ သတ္တ နာဝါ-[၆]တို့၌ ဝါဆိုပုံတို့ကို တိကျစွာ ရေး၍ ဥစ္စာသယန- မဟာသယနာနိ ဓာရေန္တိ-၌ ဥစ္စာသယန မဟာသယနများကို သချာမျှဖော်ပြပါ။ [၇]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၅။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၆။ ၃၊ ဝိ၊ ၃၊ ၂၉။ ၄။ ဝိ၊ ၃၊ ၁၇။
၅၊ ဝိ၊ ၃၊ ၃။ ၆။ ဝိဟာရ၌ ဝါဆိုသောအခါ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"ဟု ဆိုရသည်။ ဝဍ္ဎ, သတ္တ၊ နာဝါ-တို့၌ ဣဓ ဝဿံ ဥပေမိ"ဟုသာ ဆိုရသည်။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၄၉၊ ၃၅၃)။
၇၊ ဥစ္စာသယန မဟာသယနပေါင်း (၂၀) ရှိသည်။ ထိုတွင် အာသန္ဒိ၊ ပလ္လင်္က (၂)မျိုးသည် ဥစ္စာသယန၊ ကြွင်း (၁၈) မျိုးသည် မဟာသယနဟု ခုဒ္ဒသိက္ခာဋီကာသစ် (၃၄၂) ဆိုသည်။

http://www.dhammadownload.com



၆။ ကထိန်ကို အဘယ်ဒေသ၌ အဘယ်မထေရ်တို့ကို အကြောင်းပြု၍ အဘယ်ဝတ္ထုကြောင့် ခွင့်ပြုတော်မူအပ်သည်ကို ပြဆို၍[1]၊ အာဒါယဆက္ကလာ သဝနန္တိက ကထိနုဒ္ဓါရ ဖြစ်ပုံကို ရေးပြပါ။ [2]

၇။ ကံပြုဆဲအခါ တားမြစ်ပိုင်ခွင့် မရှိ ဟု ပါဠိတော်၌ ပြထားသောပုဂ္ဂိုလ်များတွင် နောက်ဆုံး ၁၀-ယောက်ကို မမှားအောင် ဖော်ပြပါ။ [3]

၈။ ခိုက်ရန်ဖြစ်၍ နှစ်ပက္ခ ကွဲပြားနေသော ရဟန်းတို့အပေါ် ဒကာဒကာမတို့က ကျင့်သုံးရမည့် ဗုဒ္ဓ၏ဩဝါဒတော်ကို ညွှန်ပြ၍[4] ယင်းရဟန်းတို့အပေါ် သေနာသန အာမိသတို့၌ အခြားရဟန်းတို့က အဘယ်သို့ ကျင့်သုံးရမည်ကိုလည်း ရေးပြပါ။

၉။ ကိမ္ဗိ-ကို ဝိဘတျတ္ထ ပြည့်စုံစေလျက် အောက်ပါပါဠိတော်ကို အနက်ယောဇနာပါ။

အစ္ဆရိယံ ယာဝ လူခါယံ ယရဏီ၊ ယတြ ဟိ နာမ ဣမံ ဆဋ္ဌနီယမမ္ဗံ သပ္ပိ ပိစုနာ ဂါဟာပေဿတိ။ ဗဟုကာနိ စ မေ မဟဂ္ဃါနိ ဘေသဇ္ဇာနိ ဥပဂတာနိ၊ ကိမ္ဗိမာယံ ကိဉ္စိ ဒေယျမမ္ဗံ ဒဿတိ။ [5]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာစီကုံးပါ။

ယခုအခါ၌မူ အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက်ကို ပေး၏။ အကျွန်ုပ်ကလည်း အရှင်မင်းကြီးအား အသက်ကို ပေး၏။ ဤသို့ ပေးအပ်သဖြင့် ထိုရန်သည် ရန်တုံ့မမူသဖြင့် ငြိမ်း၏။ [6]

* * * * * *

## ၁၃၄၈-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ အောက်ပါတို့ကို ပဒစ္ဆေဒပြုခဲ့ပါ -

| | | |
|---|---|---|
| (က) သမန္နာဂတာ၊ | (ခ) ယေန မိဓေကစ္စော၊ | (ဂ) ပရန္တပေါ၊ |
| (ဃ) အာနေဥ္စပ္ပတ္တော၊ | (င) ပစ္စက္ခောသတိ၊ | (စ) သမ္ဗဇ္ဈာယတိ၊ |
| (ဆ) အက္ခတ၊ | (ဇ) နိရယ၊ | (ဈ) ပရိက္ခယ၊ |
| (ည) ထလဋ္ဌ။ | | |

၁၊ ဝိ၊ ၃၊ ၃၅၁။ ၂၊ ဝိ၊ ၃၊ ၃၅၆။ ၃၅၆။ ၃၊ ဝိ၊ ၃၊ ၄၄၃။ ၄၊ ဝိ၊ ၃၊ ၅၀၅။
၅၊ ဝိ၊ ၃၊ ၃၈၁။ ၆၊ ဝိ၊ ၃၊ ၄၉၅။

http://www.dhammadownload.com



၂။ "ယံ ကာယဒုစ္စရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျ" [၁]၌ တန္နိဒါနာ တပ္ပစ္စယာ-ပုဒ်တို့ကို ဝိဘတ် ခုနစ်သွယ်တို့ဖြင့် နာမပဒမာလာစဉ်၍၊ အတ္တနာ စ မိစ္ဆာဒိဋ္ဌိကော ဟောတိ-[၂]ဝယ် အတ္တနာ၌ ဝိဘတျတ္ထကို ဖော်ပြပြီးလျှင် သုဒ္ဓ-ပုဒ်၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ် ပဒမာလာစဉ်ခဲ့ပါ။

၃။ "နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ" ဝယ် သမနုပဿာမိ-[၃]၌ ဓာတ်အရ တရားကို ကောက်၍၊ ၎င်း၏ အာရုံဖြစ်ထိုက်သော တရားများကိုလည်း ဖော်ပြခဲ့ပါ။

၄။ စေတသော အဇ္ဈုပသမော-[၄]အရ တရားကို ကောက်၍၊ ၎င်းတို့၏ သမ္ပယုတ္တဓမ္မ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ကို ဖော်ပြခဲ့ပါ။

၅။ သေသည်၏ အခြားမဲ့၌ သုဂတိဘဝ ဒုဂ္ဂတိဘဝတို့သို့ ရောက်စေတတ်သော အကြောင်းများကို အဓိကရဏဝဂ်၌ တစ်ဦးသော ပုဏ္ဏားအားဟောသည့်အတိုင်း ခွဲခြား ဖော်ပြ၍[၅] မဇ္ဈိမိကာ လောကဓာတ်၌ရှိသော နေလတို့၏ အရေအတွက်ကိုလည်း ဖြေခဲ့ပါ။[၆]

၆။ သမထ ဝိပဿနာတို့ကို ပွားခြင်းကြောင့် ရာဂနှင့်ပတ်သက်၍ ရရှိအပ်သောအကျိုးတို့ကို ဒုကနိပါတ် ရာဂပေယျာလဝဂ်၌ ဟောတော်မူသည့်အတိုင်း ကုန်စင်အောင် ဖြေခဲ့ပါ။[၇]

၇။ တိကနိပါတ်၊ သာရဏီယသုတ်လာ အသက်ထက်ဆုံးအောက်မေ့အပ်သော အရပ်များကို ဥပမာနပက္ခ ဥပမေယျပက္ခ တို့အားလျော်စွာ ခွဲခြား၍ ဖြေခဲ့ပါ။[၈]

၈။ တိက နိပါတ် ကမ္မပထပေယျာလ ကဏှပက္ခ၌ ဟောကြားတော်မူအပ်သော တရား (၁၀) မျိုးကို မြန်မာဘာသာဖြင့် ဖြေခဲ့ပါ။[၉]

၉။ အာသန္ဒိ ပလ္လင်္ကော ဂေါနကော စိတ္တကော ပဋိကာ ပဋလိကာ တူလိကာ ဝိကတိကာ ဥဒ္ဒလောမိ ဧကန္တလောမီ-ဟူသော ဝါကျကို အနက်မြန်မာပြန်ဆိုခဲ့ပါ။[၉]

---

၁၊ အံ၊ ၁၊ ၃၁။ ၂၊ အံ၊ ၁၊ ၃၀၄။ ၃၊ အံ၊ ၁၊ ၁။ ၄၊ အံ၊ ၁၊ ၃။ ၅၊ အံ၊ ၁၊ ၅၇။
၆၊ အံ၊ ၁၊ ၂၂၈။ ၇၊ အံ၊ ၁၊ ၁၀၅။ ၈၊ အံ၊ ၁၊ ၃၀၁။ ၉၊ အံ၊ ၁၊ ၁၈၂။

http://www.dhammadownload.com


၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာဖြင့် ရေးသားစီကုံးခဲ့ပါ။

ဖြစ်ပေါ်လာကုန်သော ပြင်းထန် ကြမ်းတမ်းကုန်သော ကျင်နာ စပ်ရှကုန် မသာယာ ဖွယ်ဖြစ်ကုန်သော မနှစ်သက်ဖွယ်ဖြစ်ကုန် အသက်ကို ဆောင်တတ်ကုန် ကိုယ်၌ ဖြစ်ကုန်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်းငှာ အားထုတ်ခြင်းတို့ကို ပြုအပ်၏။ [၀]

* * * * *

## ၁၃၄၈–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "န တာဝိမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ" [၂] ၌ ပလ္လင်္ကံ-ကို ပဒစ္ဆေဒပြု၍၊ ယင်း၌ ဓာတ်ကို ယူပြီးလျှင် ဝတ္တမာန်ဝိဘတ် အတ္တနောပုဒ်ဖြင့် ကမ္မရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ "အမ္ဗ တုမှာကံ အဟံ ပိယော" ဝယ် တုမှာကံ- [၃] ၌ ဝိဘတျတ္တ ဝိဘတ္တိဝိမိသုတ် တို့ကို ညွှန်ပြ၍၊ "အဋ္ဌတင္ဂေ ဒါနာဟံ အာဝုသော အာနန္ဒ အညတြေဝ ဘဂဝတာ" ၌ ဘဂဝတာ-ကို ကာရကရုပ်တွက်ခဲ့ပါ။

၃။ "ယော စ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော" [၄] ဝယ် ဝန္တ-၌ ဓာတ်အရ တရားကို ယှဉ်ဘက်သမ္ပယုတ္တဓမ္မများနှင့်တကွ ကောက်ပြပြီးလျှင်၊ ယင်းတရားတို့ကို ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ" [၅] ဝယ် ဖုသန္တိ-၌ ဖုသနအပြားကို တရားကိုယ်နှင့်တကွ ထုတ်ပြပြီးလျှင်၊ ဤ၌ လိုအပ်သော ဖုသန-အရတရားတို့ကိုလည်း ဝေဒနာ၊ ဟိတ်၊ ကိစ္စတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

၅။ ဂေါတမဘုရားအလောင်း ဗုဒ္ဓကိုရဗျာဒိတ်တော်ရခဲ့သည့် ဘုရားရှင်တို့၏ ဘွဲ့တော် များကို ဖော်ပြပြီးလျှင် ဆုပန်တော်မူခဲ့သည့်ဘဝ၌ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့၏ အမျိုးအမည်တို့ကိုလည်း ဖော်ပြခဲ့ပါ။ [၇]

၆။ အဝီစိငရဲမီး၏ အစွမ်းသတ္တိကို ဖော်ပြပြီးလျှင် ထိုငရဲ၌ ဖြစ်ကြသူတို့ကို ကြေ ညက်အောင် မလောင်ကျွမ်းနိုင်ခြင်းအကြောင်းကိုလည်း ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။ [၈]

---

၁၊ အံ၊ ၁၊ ၁၅၁။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၇။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၂။

၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၅။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၃။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅၆။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၀။

http://www.dhammadownload.com


၇။ နတ်ပြည်မှ နတ်သားနတ်သမီးတို့၏ စုတေရခြင်းအကြောင်းများကို ဖော်ပြပြီးလျှင်[၁] အပြေးမြန်သည့် ကျွန်အမည်နှင့် ပြေးနိုင်သည့်ယူဇနာတို့ကိုလည်း ဖော်ပြခဲ့ပါ။ [၂]

၈။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၏ အလျားယူဇနာ၊ အနံယူဇနာ၊ အထုယူဇနာ၊ အရောင်အဆင်း အသုံးပြုရာ၌ ဖြစ်ပေါ်ပုံအခြင်းအရာတို့ကို ဖော်ပြခဲ့ပါ။ [၃]

၉။ အောက်ပါ ဂါထာကို မြန်မာဘာသာ ပြန်ဆိုခဲ့ပါ -

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဓံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။

မူဠဿ ဟောတိ အဝကဍ္ဎိတံ ပဒံ၊ ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။ [၄]

၁၀။ အောက်ပါ မြန်မာကို ပါဠိဘာသာ စီကုံးခဲ့ပါ -

"သူဌေးသမီးအား "သူဌေးသားယောသက"ဟူသော အမည်စကားကို ကြား၍ သာလျှင် ချစ်ခြင်းသည် အရေစသည်တို့ကို ဖြတ်ပြီး ရိုးတွင်းခြင်ဆီကို ထိခိုက်၍ တည်၏" [၅]

---

## ၁၃၄၉–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ (က) သွာက္ခာတော၊ (ခ) ပဋ္ဌာဇေမိ၊ (ဂ) ပတ္တကလ္လ၊ (ဃ) နိက္ခမိတဗ္ဗံ၊ (င) ဝေါဒကံ-တို့ကို ပဒစ္ဆေဒပြု၍ "ကေမေကေန ဘိက္ခုနာ ကေမေကံ သိတ္ထံ ပဋိဂ္ဂဟိတံ" ၌ သိတ္ထံ၊ "ခိပ္ပဉ္စ မနုဿတ္တံ ပဋိလဘေယျံ" ၌ ခိပ္ပံ-တို့ကို နာမ်ရုပ်အကျဉ်းချုပ်တွက်ပြခဲ့ပါ။ [၆]

၂။ နိဿံသယံ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဝိဘတ်ဖြင့် ကတ္တုရုပ် ပဒမာလာ၊ ဝေမတိကော-၌ ဓာတ်ကိုယူ၍ ဝတ္တမာန် အတ္တနောပုဒ်ဝိဘတ်ဖြင့် ကမ္မရုပ် ပဒမာလာ စဉ်ခဲ့ပါ။

၃။ ပဌမာဘိသမ္ဗုဒ္ဓေါ-"၌ ဓာတ်အရ တရားကို ကောက်ပြ၍ ၎င်းနှင့်ယှဉ်ဘက် သမ္ဗယုတ် တရားများကိုလည်း ဖော်ပြခဲ့ပါ။

၄။ သော တေဟိ ဥပဋ္ဌဟီယမာနော ကာလမကာသိ" ၌ အကာသိ-၌ ဓာတ်အရ တရားကို ကောက်ပြ၍ ၎င်းကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၁၁။ ၂၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၂၆။ ၃၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၇၃။ ၄၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၂၉။ ၅၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၁၆။ ၆၊ ဝိ၊ ၃၊ ၃၁၈။ ၇၊ ဝိ၊ ၃၊ ၁၂၁။ ၈၊ ဝိ၊ ၃၊ ၁။ ၉၊ ဝိ၊ ၃၊ ၄၁၉။

http://www.dhammadownload.com



၅။ ဗိမ္ဗိသာရမင်းကြီး ဘုရားရှင်ထံသွားရာ ပုဏ္ဏား၊ သူကြွယ် မည်မျှပါသွားသည်ကို ဖြေဆို၍[၁] ဆရာဥပဇ္ဈာယ်မရှိသော ရဟန်းတို့၏ အမူအကျင့်များကို ဖော်ပြပြီးလျှင်[၂] ရဟန်းခံမပေးကောင်းသော ပုဂ္ဂိုလ်များအနက် ရှေ့ငါးဦးကို အစဉ်အတိုင်း ရေးခဲ့ပါ။ [၃]

၆။ ပါတိမောက်ပြနေစဉ် အာပတ်၌ တွေဝေသော ရဟန်း၏ပြုကျင့်ရမည့်ကိစ္စကို ဖြေ၍[၄] ပဝါရဏာကံသရုပ်ကို ရေတွက်ပြီးလျှင်[၅] ပဝါရဏာပေးပုံ အခြင်းအရာကိုလည်း ရေးခဲ့ပါ။ [၆]

၇။ ကောဋိဝိသသောဏမထေရ် ယင်းတိုက်တော်၌နေစဉ် အကြံဖြစ်ပုံကို ရေး၍[၇]အသီးဆေး၊ အစေးဆေးများကို ရေးပြီးလျှင်[၈] စီဝရအပလိဗောဓဖြစ်ပုံကိုလည်း ရေးခဲ့ပါ။ [၉]

၈။ ဂရင်ဂျီ (မြင်းသရိုက်) နာဖြစ်ရာအရပ်၊ ဖြစ်သောပုဂ္ဂိုလ်၊ ဆေးကုသောဆရာ၊ ဆေးကုနည်း၊ ဆေးကုခ တို့ကို တိကျစွာ ဖြေဆို၍[၁၀] မဝတ်ကောင်းသော သင်္ကန်းတို့တွင် ရှေ့ငါးမျိုးကို ရေးပြီးလျှင်[၁၁]အနက်အဓိပ္ပါယ်ကင်း၍ သဒ္ဒါနှင့်သာ ပြည့်စုံသော သံယာညီညွတ်ပုံကိုလည်း ရေးခဲ့ပါ။ [၁၂]

၉။ အောက်ပါ ဂါထာကို အဿ-အစွဲမှန်စေလျက် အနက်ပေးပါ-

ပဋိဘာနဿ ဥပဇာယတေ တတော၊ ခုဒ္ဒံ ပိပါသဥ္စ ဗျပနေတိ ဝါတံ။

သောဓေတိ ဝတ္ထိံ ပရိဏာမေတိ ဘတ္တံ၊ ဘေသဇ္ဇမေတံ သုဂတေန ဝဏ္ဏိတံ။ [၁၃]

၁၀။ အရှင်ဘုရား၊ တရားအရှင်ဖြစ်သော မြတ်စွာဘုရားသည် ဆိုင်းငံ့တော်မူပါလော့။ အရှင်ဘုရား မြတ်စွာဘုရားသည် မျက်မှောက်ချမ်းသာရေးကို အားထုတ်လျက် ကြောင့်ကြမဲ့ နေတော်မူပါလော့။ အကျွန်ုပ်တို့သည် ထိုငြင်းခုံခြင်း၊ ခိုက်ရန်ပြုခြင်း၊ ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက်ပြုခြင်းဖြင့် ထင်ရှားပါကုန်အံ့ - ဟူသော မြန်မာဘာသာကို ပါဠိဘာသာ စီကုံးခဲ့ပါ။ [၁၄]

## ၁၃၄၉-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ ကာမမဇ္ဈာဝသတိ-ကို ပဒစ္ဆေဒပြု၍ ရှေ့ပုဒ်၌ အဘယ်ကြောင့် အဘယ်သုတ်ဖြင့် အဘယ်အနက်ဝယ် အဘယ်ဝိဘတ်သက်ထားသည်ကို ဖြေဆိုပြီးလျှင်၊ သုတံ မေတံ-ဝယ် သုတံ-၏ ဓာတ်နှောင် တိ, အန္တိ ဝိဘတ်သက်က ပြီးနိုင်သော ရုပ်စုကို ပြည့်စုံရေးခဲ့ပါ။

---

၁၊ ဝိ၊ ၃၊ ၄၆။ ၂၊ ဝိ၊ ၃၊ ၅၆။ ၃၊ ဝိ၊ ၃၊ ၁၀၁။ ၄၊ ဝ၊ ၃၊ ၁၆၉။ ၅၊ ဝိ၊ ၃၊ ၂၂၄။ ၆၊ ဝိ၊ ၃၊ ၂၂၅။ ၇၊ ဝိ၊ ၃၊ ၂၆၈။ ၈၊ ဝိ၊ ၃၊ ၂၉၃။ ၉၊ ဝိ၊ ၃၊ ၃၇၃။ ၁၀၊ ဝိ၊ ၃၊ ၃၈၂-၃။ ၁၁၊ ဝိ၊ ၃၊ ၄၂၁။ ၁၂၊ ဝိ၊ ၃၊ ၅၀၈။ ၁၃၊ ဝိ၊ ၃၊ ၃၁၆။ ၁၄၊ ဝိ၊ ၃၊ ၄၈၆။

http://www.dhammadownload.com



၂။ "ယာ သာ ဝါစာ နေလာ"[၁] ဝယ် နေလာ-၌ နောက်ပုဒ်၏လိုင်ကို ညွှန်ပြ၍၊ တဒဟုပေါသထေ-[၂] ၌ တဒဟု-ကို နာမ်ရုပ်အကျဉ်းတွက်ပြပါ။

၃။ "ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ"[၃] ၌ ဒိဋ္ဌိအရကောက်၍ ယှဉ်ဘက်တရားတို့ကို ရေးပြီးလျှင် ဝေဒနာစသည်ဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ "သဗ္ဗာ အာသတ္တိယော ဆေတွာ"[၄] ၌ အာသတ္တိ-အရ ကောက်၍ ယှဉ်ဘက်တရားတို့ကို ဖော်ပြပြီးလျှင် ဝေဒနာဒိဆတ္တကဖြင့် ဝေဖန်ပြပါ။

၅။ ကာယာဂတာသတိကမ္မဋ္ဌာန်းကို ပွားလျှင် ကုသိုလ်တရားအားလုံး ပွားများပြီးသားဖြစ်သည်ဟု ဆိုရာ သိထိုက်သော ဥပမာကို ရေး၍[၅] ကာယသက္ခိ၊ ဒိဋ္ဌိပ္ပတ္တ၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့၏ အဓိပ္ပါယ်ကို ဖြေဆိုပြီးလျှင်[၆] ယင်းသုံးယောက်တွင် အဘယ်ပုဂ္ဂိုလ်က သာလွန်မြင့်မြတ်ကြောင်း အရှင်သာရိပုတ္တရာအလိုကျ ညွှန်ပြပါ။[၇]

၆။ တိဏ်ဏံမာနိ ဘိက္ခဝေ ဒေဝဒူတာနိ-[၈] ၌ တိဏ်ဏံသရုပ် ထုတ်ပြပြီးလျှင်၊ "သူတစ်ပါးတို့မမြင်" ဟု အထင်ရှိ၍ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုများပြုတတ်ကြရာ သိမြင်သောပုဂ္ဂိုလ်တို့ကို ဖော်ပြ၍[၉] ခိုင်လုံသော သက်သေစုံထောက်ကို မွေနောက်တင်ပြခဲ့ပါ။[၁၀]

၇။ ရှင်ရဟန်းပြုခြင်းသည် တစ်ကိုယ်ကောင်းဆန်သော အကျင့်ဖြစ်သည်။ အများကောင်းစားရေးအကျင့် ဖြစ်သည်ကို ဗုဒ္ဓအလိုကျ သုတ်ထောက်ပြု၍ ဖြေဆိုပြီးလျှင်[၁၁] ဒိဗ္ဗဥစ္စာသယန မဟာသယန သရုပ်ကို ထုတ်ပြပါ။[၁၂]

၈။ ဖြစ်ဖြစ်သမျှ ဆင်းရဲချမ်းသာသည် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ဘဲ သူ့အလိုလို ဖြစ်ပေါ်လာသည်ဟု ယုံကြည်စွဲလမ်းသော ပုဂ္ဂိုလ်တို့၌ ရထိုက်သော အပြစ်တို့ကို စိစစ်တင်ပြ၍[၁၃] ရွှေ၏အလတ်စား အညစ်အကြေးနှင့် စိတ်၏အလတ်စား အညစ်အကြေးတို့ကိုလည်း ဖော်ပြပါ။[၁၄]

၉။ ဣမေကေစ္စော ဇဝံ အနုသာသတိ "ဇဝံ ဝိတက္ကေထ၊ .မာ ဇဝံ မနသာကတ္ထ၊ ဣဒံ ပဇဟထ၊ ဣဒံ ဥပသမ္ပဇ္ဇ ဝိဟရထာ"တိ-[၁၅] ကို ထည့်သင့်သည့်ကတ္တား ထည့်၍ အနက်ယောဇနာခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၁၂၆။ ၂၊ အံ၊ ၁၊ ၂၀၆။ ၃၊ အံ၊ ၁၊ ၂၈။ ၄၊ အံ၊ ၁၊ ၁၃၇။ ၅၊ အံ၊ ၁၊ ၄၄။
၆၊ အံ၊ ၅၊ ၂၊ ၄၈။ ၇၊ အံ၊ ၁၊ ၁၁၇။ ၈၊ အံ၊ ၁၊ ၁၃၇။ ၉၊ အံ၊ ၁၊ ၁၄၆-၇။ ၁၀၊ အံ၊ ၁၊ ၁၄၇-၈။
၁၁၊ အံ၊ ၁၊ ၁၆၈-၉။ ၁၂၊ အံ၊ ၁၊ ၁၈၆။ ၁၃၊ အံ၊ ၁၊ ၁၇၆။ ၁၄၊ အံ၊ ၁၊ ၂၅၅။ ၁၅၊ အံ၊ ၁၊ ၁၇၂။

http://www.dhammadownload.com



၁၀။ အရှင်ဂေါတမ ယခုအခါ၌ ထိုရဟန်းတို့သည် အဘယ်အရပ်၌ နေကြကုန်သနည်း၊ ပုဏ္ဏား၊ ဤရဟန်းသံဃာ၌သာလျှင် နေကြကုန်၏ - ကို ပါဠိဝါကျ သီကုံးခဲ့ပါ။ [၁]

* * * * *

## ၁၃၄၉–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ (က) ဝဝတ္ထပေတွာ၊ (ခ) နိပ္ဖတ္တိ-တို့ကို ပဒစ္ဆေဒပြု၍ (ဂ) မင္ဂကုဏ္ဍလီတွေဝ-ပုဒ်ကို သန္ဓိရုပ်ကျဉ်းတွက်ပြပြီးလျှင်၊ ဝေရူပံ ကမ္မံ-ဝယ် ဝိသေသျပုဒ်၌ စိတ္တာဒိဂိုဏ်းထက် ထူးသည့် ဝိဘတ်နှင့်ပြယုဂ်တို့ကို သုတ်ထောက်ပြဖြေဆိုခဲ့ပါ။

၂။ သမ္ပဋိစ္ဆိတွာ-၌ ဓာတ်ကိုယူ၍ ပဉ္စမီ အတ္တနောပုဒ်ဖြင့် ကတ္တုရုပ်ဂိုဏ်း ဖြေပြီးလျှင် အဓမ္မော နိရယံ နေတိ-[၂] ဝယ် ကြိယာပုဒ်၌ ဓာတ်ကိုယူ၍ ဝတ္တမာန် မဇ္ဈိမပုရိသ် ဧကဝုစ်ဖြင့် ကာရိုက်ကံဟော ဝါကျတစ်ခု စီကုံးခဲ့ပါ။

၃။ "ဣတော စုတာ ယက္ခိနီ ဟုတွာ နိဗ္ဗတ္တိ" [၃] ဝယ် နိဗ္ဗတ္တိအရ ဖြစ်သင့်သောစိတ်ကို ဖော်ပြပြီးလျှင် ယင်း၏သမ္ပယုတ္တဓမ္မနှင့် တပ်နိုင်သည့်ကိစ္စတို့ကိုလည်း ရေးခဲ့ပါ။

၄။ (၃) နံပါတ် ပုဏ္ဏာ စုတာ-ဝယ် ဓာတ်အရကို ကောက်ပြပြီးလျှင် ယင်းကို ပကိဏ္ဏက ဆက္ကဖြင့် ဝေဖန်ခဲ့ပါ။

၅။ ဘီလူးမတို့ မနေထိုင်နိုင်သည့် အရပ်များကို အကြောင်းနှင့်တကွ ဖော်ပြ၍၊[၄] စုန္ဒ သူကရိက ခံစားရသော ပစ္စုပ္ပန် တမလွန် အကျိုးများကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။ [၅]

၆။ ဂန္ထဓုရကိုသာ အလေးပြုသောပုဂ္ဂိုလ်နှင့် ဂန္ထဓုရကို အခြေခံ၍ ဝိပဿနာဓုရကို အလေးဂရုပြုသောပုဂ္ဂိုလ်တို့ကို ဘုရားရှင်က မည်သို့ပမာနှိုင်း၍ မိန့်ဆိုပါသနည်း ဖော်ပြ၍[၆] ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားကိုလည်း ဥပမာ+ဥပမေယျဖြင့် ထင်ရှားအောင် ဖော်ပြပါ။ [၇]

၇။ စည်းစိမ်ဥစ္စာ တိုးပွားခြင်း၏ အကြောင်းအင်္ဂါများကို ဖော်ပြ၍ အပ္ပမတ္တသ ယသောဘိဝဍ္ဍတိ-၌ ယသ-သရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။ [၈]

၈။ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်အောင် ကျေးဇူးဆောင်သော ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ်လာ ဒေသနာတော်တို့ကို မြန်မာဘာသာဖြင့် ဖော်ပြခဲ့ပါ။ [၉]

---

၁၊ အံ၊ ၁၊ ၁၇၃။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၁။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၃-၄။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၂။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၀၁။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၅။

http://www.dhammadownload.com


၉။ အောက်ပါ ဂါထာကို နိဿယည်းကျကျ အနက်ယောဇနာခဲ့ပါ။
အစာရိ ၀တာယံ ဝိတုဒံ ၀နာနိ၊ ကဋ္ဌင်္ဂရုက္ခေသု အသာရကေသု။
အထာသဒါ ခဒိရံ ဇာတသာရံ၊ ယတ္ထဗ္ဘိဒါ ဂရုဠော ဉတ္တမင်္ဂံ။ [၁]
၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိစုဏ္ဏိယဝါကျ စီကုံးခဲ့ပါ -
ငှါရှင် . . . ဤသို့ မပြုလင့်။ မှန်၏၊ မေ့လျော့သောသူအား အပါယ်လေးဘုံတို့သည် မိမိနေရာအိမ်နှင့် တူကုန်၏။ ဘုရားရှင်တို့မည်သည်ကား စဉ်းလဲခြင်းဖြင့် နှစ်သက်စေခြင်းငှာ မတတ်ကောင်းကုန်။ [၂]

* * * * *

## ၁၃၅၀–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "ရာဇာ ပသေနဒိ ကောသလော"[၃]၌ ပသေနဒိ-ကို ရသင့်သမျှ ပဒစ္ဆေဒပြု၍ သတ္တာ ဗျာကာသိ-[၄]၌ အကာသိ-ကို အာချာတ်ရုပ်ကျဉ်း နှစ်မျိုးတွက်ပြခဲ့ပါ။
၂။ ဉပဓိသင်္ခယေ-[၅]၌ ဉပဓိ-ကို တတိယာ၊ စတုတ္ထီ၊ ပဉ္စမီဝိဘတ်တို့ဖြင့် နာမပဒမာလာ၊ ပသေနဒိ-ဝယ် နောက်ပုဒ်၌ ရသင့်သော ဓာတ်အားလျော်စွာ ကာရိယ အစုံအလင်ဖြင့် ဝတ္တမာန်ဝိဘတ် ပရဿပုဒ် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။
၃။ "တထာ နန္ဒေ" [၃]၌ တထာ-အရကို တိကျစွာ ကောက်ပြ၍ ၎င်းနှင့်ယှဉ်ဘက် သမ္ဗယုတ္တဓမ္မတို့ကိုလည်း ထုတ်ပြခဲ့ပါ။
၄။ "ဘဂဝတာ ပါဏာတိပါတာ ဂရဟိတော"[၆]ဝယ် ဂရဟိတော-၌ ဓာတ်အရ တရားကို ကောက်ပြ၍ ၎င်းတို့ကို ဝေဒနာဒိဆက္ကဖြင့် တိကျစွာ ဝေဖန်ခဲ့ပါ။
၅။ ဉပသမ္ပဒကံ ဆောင်ရာ၌ ကာရကသံဃာ ရေတွက်ပုံစနစ်ကို ပါဠိတော်နည်းဖြင့် ဝေဖန်၍[၇] ဝါမဆိုကောင်းသောဌာနတို့တွင် နောက်ဆုံးသုံးမျိုးကိုသာ အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။ [၈]

---

၁၊ ဓမ္မဓမ္မပဒ၊ ၄၊ ၁၊ ၉၃။ ၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၆၆။ ၃၊ ဝိ၊ ၃၊ ၂၁၃။ ၁,၄၊ ဝိ၊ ၃၊ ၅၄။ ၅၊ ဝိ၊ ၃၊ ၁၁၆။ ၆၊ ဝိ၊ ၃၊ ၂၈၂။ ၇၊ ဉပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာကို ချန်၍ ကြွင်းသံဃာတို့ကို ရေတွက်ရသည်။ (၀ဇိရ၊ ၄၃၃) ဝိနယဝရပဥ္စမေန အဖွင့်၌ ကမ္မဝါစာဆရာကိုပါ ရေတွက်သည်။ (ဝိ၊ ၄၊ ၃၊ ၃၁၇)။ ဤ၌ ၀ဇိရဗုဒ္ဓိအတိုင်း ဖြစ်ဖွယ်ရှိသည်။ ၈၊ ဝိ၊ ၃၊ ၂၁၂။

http://www.dhammadownload.com



၆။ မြင်း၊ မြွေ၊ ကျား အသားသုံးမျိုးတို့ မစားရခြင်းအကြောင်းတို့ကို ဖော်ပြ၍ ယာဂု လှူဒါန်းသော ပုဂ္ဂိုလ်၏ မျှော်လင့်ချက်များကို ထုတ်ပြခဲ့ပါ။ [၂]

၇။ ဦးနှောက်ခွဲစိတ်ဆရာ၊ ခွဲစိတ်ခံရသူ၊ ထိုခွဲခံရသူနေရပ်၊ ဦးနှောက်ထဲ၌ တွေ့ရသည့် အရာဝတ္ထု၊ ထိုအရာဝတ္ထုတို့၏ စွမ်းဆောင်ချက်၊ ရောဂါပျောက်သောရက်တို့ကို တိကျစွာ ရေးခဲ့ပါ။ [၃]

၈။ ဘုရားရှင်ကိုယ်တော်မြတ်သည် မည်သည့်အချိန်၌ မည်ကဲ့သို့ စမ်းသပ်လျက် တိစီဝရိက်သက်နံးကို ခွင့်ပြုပါသနည်း တိကျစွာ ရေးပါ။ [၄]

၉။ တာယ စ ဝေသာလီ ဘိယျောသော မတ္တာယ ဥပသောဘေန္တိ။ [၅]

န ဟိဿ တံ ဟောတိ ဝဒေယျံ ယေန နံ - [၆] တို့ကို သဗ္ဗနာမ်အစွဲ မလွဲစေမူ၍ ထည့်သင့်သည့်ပါဌ်ထည့်ပြီး အနက်ပေးခဲ့ပါ။

၁၀။ "ဆရာ၊ ငါသည် အတတ်သင်လို၏။ အချင်းဇီဝက . . ဒီလိုဆိုလျှင် သင်လော့" [၇] ဟူသော မြန်မာဘာသာကို ပါဠိဘာသာစီကုံးခဲ့ပါ။

* * * * *

## ၁၃၅၀–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ အောက်ပါ ပုဒ်တို့ကို ပဒစ္ဆေဒပြုခဲ့ပါ -

| | | | |
|---|---|---|---|
| (က) | အစ္ဆရိယ၊ | (ခ) | လုဒ္ဒေါ၊ |
| (ဂ) | ပရိယာဒိန္နစိတ္တာ၊ | (ဃ) | ပရိနိဗ္ဗာယိ၊ |
| (င) | ဝိညာဏဋ္ဌာယတန-၌ ဝိညာဏဋ္ဌ။ | | |

၂။ "ပရမ္ပိ တထတ္တာယ သမာဒပေတိ" [၈] ၌ တထတ္တာယ-ကို နာမပဒမာလာ၊ တေဟိ စ ဝိဝိတ္တော ဟောတိ" [၉] ဝယ် ဝိဝိတ္တ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ပါ။

---

၁၊ ဝိ၊ ၃၊ ၃၁၃-၄။ ၂၊ ဝိ၊ ၃၊ ၃၁၆။ ၃၊ ဝိ၊ ၃၊ ၃၈၄-၅။ ၄၊ ဝိ၊ ၃၊ ၄၀၁-၂။ ၅၊ ဝိ၊ ၃၊ ၃၃၇။
၆၊ ဝိ၊ ၃၊ ၅၀၉။ ၇၊ ဝိ၊ ၃၊ ၃၇၉။ ၈၊ အံ၊ ၁၊ ၁၉၀။ ၉၊ အံ၊ ၁၊ ၂၄၃။

http://www.dhammadownload.com



၃။ ဧကကနိပါတ၊ အဋ္ဌာနပါဠိ၊ ပဌမဝဂ်ဝယ် ဒိဋ္ဌိသမ္ပန္နော-[၃]၌ ဒိဋ္ဌိ၏အရ တရားကို ကောက်၍ ၎င်းတရားကို သမ္ပယုတ္တဓမ္မ၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ တိကနိပါတ်၊ ဗြာဟ္မဏဝဂ္ဂ၊ တိကဏ္ဏသုတ်၊ ဇာတိက္ခယံ ပတ္တော-[၁]၌ ဇာတိက္ခယ-အရ တရားကို ကောက်၍ ၎င်းတရား၏ သမ္ပယုတ္တဓမ္မကို ကောက်ပြီးလျှင် အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော-[၂]၌ သင်္ခါရနိရောဓ-အရ တရားကို ကောက်၍ ၎င်းတရားကို အာရုံ အာရမ္မဏိကတို့ဖြင့် ထိုက်သည့်အားလျော်စွာ ဝေဖန်ခဲ့ပါ။

၅။ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓတို့ မဖြစ်ပေါ်ကြောင်း၊ ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓတို့ ပျောက်ကင်းကြောင်း ဓာတ်တို့ကို ဖြေ၍[၃] ထိနမိဒ္ဓကင်းပျောက်သော ပုဂ္ဂိုလ်ကို ဖြေပြီးလျှင်[၄] ကောဋိဝိသသောဏ၊ ကုဏ္ဍဓာန၊ ရာဓ၊ ကိသာဂေါတမီ၊ သာမာဝတီ-တို့ ရရှိသော ဧတဒဂ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။ [၅]

၆။ လောကပါလတရားတို့ကို မစောင့်ရှောက်လျှင် ဖြစ်နိုင်သော အပြစ်တို့ကို ဥပမာနှင့်တကွ ဒုကနိပါတ် စရိယသုတ်နှင့်အညီ ဖြေပြီးလျှင် [၆] သဒ္ဓါတရားနှင့်ပြည့်စုံသော ဥပါသိကာမသည် စံနမူနာထား၍ တောင့်တသင့်သူတို့၏ အမည်တို့ကိုလည်း ဖြေဆိုပါ။ [၇]

၇။ လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်နေ့၊ လပြည့်နေ့၊ လကွယ်နေ့တို့၌ လောကကို စုံစမ်းလေ့လာသူတို့၏ အမည်ကို ဖြေ၍ [၈] ဟိမဝန္တာတောင်မင်းကို အမှီပြု၍ သစ်ပင်တို့၏ ကြီးပွားခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံသူတို့ကို အမှီပြု၍ အိမ်သူအိမ်သားတို့၏ ကြီးပွားခြင်းတို့ကိုလည်း ပဗ္ဗတရာဇသုတ်နှင့်အညီ ဖြေဆိုပါ။ [၉]

၈။ အမာတာပုတ္တိကဘေး အတု အစစ်တို့ကို ဖြေဆို၍[၁၀] အညတိတ္ထိယပရိဗ္ဗာဇကတို့၏ သေနာသနပဝိဝေကများကို ဖြေဆိုပြီးလျှင်[၁၁] ကောင်းသော နံနက်ခင်းဖြစ်အောင် ကျင့်ရမည့်တရားတို့ကိုလည်း ဖြေဆိုပါ။ [၁၂]

---

၁၊ အံ၊ ၁၊ ၁၆၆။ ၂၊ အံ၊ ၁၊ ၁၇၈။ ၃၊ အံ၊ ၁၊ ၄။ ၄၊ အံ၊ ၁၊ ၄။ ၅၊ အံ၊ ၁၊ ၂၄-၅-၆-၇၊
၆၊ အံ၊ ၁၊ ၅၃။ ၇၊ အံ၊ ၁၊ ၈၈။ ၈၊ အံ၊ ၁၊ ၁၄၁။ ၉၊ အံ၊ ၁၊ ၁၅၀-၁။ ၁၀၊ အံ၊ ၁၊ ၁၇၉-၁၈၀။
၁၁၊ အံ၊ ၁၊ ၂၄၃။ ၁၂၊ အံ၊ ၁၊ ၂၉၈။

http://www.dhammadownload.com



၉။ အောက်ပါ ဂါထာကို တီဟိ-သရုပ်ပေါ်လွင်စေပြီး ကတ္တားထည့်၍ အနက်ယောဇနာ ခဲ့ပါ -

တီဟိ ဝိဇ္ဇာဟိ သမ္ပန္နံ၊ အသမ္ဘုဠ္ဌဝိဟာရိနံ။

ဗုဒ္ဓံ အန္တိမဒေဟိနံ၊ တံ နမဿန္တိ ဂေါတမံ။ [၁]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ စီကုံးခဲ့ပါ -

ကြိတ်စပါးကိုလည်း စားကုန်၏။ သားရေအစအနကိုလည်း စားကုန်၏။ မှော်ကိုလည်း စားကုန်၏၊ ဆန်ကွဲကိုလည်း စားကုန်၏။ ထမင်းချိုးကိုလည်း စားကုန်၏။ [၂]

* * * * *

## ၁၃၅၀–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "အကာရမှသတောကိစ္စံ" [၃] ၌ အကာရမှသ တော-ကို ပဒစ္ဆေဒပြု၍ သဒ္ဒံ အာရဒ္ဓဝီရိယံ [၄] ပုဒ်၌ သဒ္ဒံ၊ "သစ္စယော အတ္တနော မိစ္ဆာဒိဋ္ဌိတာယ အသာရံ သာရောတိ ဂဏှို" [၅] ၌ မိစ္ဆာဒိဋ္ဌိတို့၏ လိင်နှင့် ပဌမာ ဗဟုဝစနန္တရုပ်များကို ဖော်ပြခဲ့ပါ။

၂။ ဥဟာံ အင်္ဂိဝ ဂစ္ဆတိ-[၆] ၌ ဥဟာံ-ကို ကာရကရုပ်ကျဉ်းစီရင်၍ သက္ကသ ဘဝနံ ကမ္မိ [၇] ပါဌ်၌ ကြိယာပုဒ်၏ ဓာတု၊ ဓာတွတ္ထ၊ ဝိဘတျတ္ထများကို ခွဲခြားပြပါ။

၃။ "ဘန္တေ မမ စီတာ နန္ဒနဒြာနေယေဝ နိဗ္ဗတ္တာ" [၈] ဝယ် နိဗ္ဗတ္တ-၌ ဓာတွတ္ထအရ ကောက်ပြ၍ ယင်း၏ အာရုံကိုလည်းကောင်း၊ ယင်းနှင့်ယှဉ်သော စေတသိက်တို့ကိုလည်းကောင်း ကျနစွာ ရေးခဲ့ပါ။

၄။ "ပပ္ပေါတိ ဝိပုလံ သုခံ" [၉] ၌ ကံပုဒ်အရ တရား၏ ကေန် အနေကန် အာရမ္မဏိကဓမ္မ တို့ကို ဖော်ပြ၍ ကေန်တရားစုကို ဝေဒနာဒိဆက္က ခွဲခြားပြပါ။

၅။ ကပ္ပင္ဂီတိက ရန်သူကြီးများကို ဖော်ပြ၍ [၁၀] "ရန်တုန့်မူသဖြင့် ရန်တို့ မငြိမ်းနိုင်ကုန်" ဟူသော စကားရပ်၏အဓိပ္ပါယ်ကို ဥပမာဆောင်လျက် ထင်ရှားအောင် ရေးသားခဲ့ပါ။ [၁၁]

---

၁၊ အံ၊ ၁၊ ၁၆၅။ ၂၊ အံ၊ ၁၊ ၉၃။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၇။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၂။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၉။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၀။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၈။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၄။
၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂။ ၁၀၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၃။ ၁၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၈။

http://www.dhammadownload.com


၆။ "နန္ဒ၊ သင် ရဟန္တာဖြစ်ချိန်၌ ထိုအာမခံချက်မှ ငါဘုရားလွတ်မြောက်ပြီ" ဟု မိန့်တော်မူပြီးနောက် ဘုရားရှင်ကျူးရင့်တော်မူသော ဥဒါန်းကို မြန်မာဘာသာဖြင့် ဖော်ပြ၍[၁] အင်္ဂသာဝကနှစ်ပါးတို့နှင့် အရှင်အနုရုဒ္ဓါတို့ ရဟန္တာဖြစ်အောင် ကျေးဇူးဆောင်သော ကမ္မဋ္ဌာန်းသုတ္တန်တို့ကို ခွဲခြားဖော်ပြပါ။ [၂]

၇။ တိရစ္ဆာန်နှင့်လူ မည်သူက ဖြောင့်မတ်ကြောင်းကို အာဂမယုတ္တိပြ ဖြေဆို၍[၃]၊ "ဇောတိရသ" အမိပ္ပါယ်ကို ဖော်ပြပြီးလျှင်[၄] သံသရာ၌ ကျင်လည်သူတို့သည် အဘယ်ကြောင့် သုခဒုက္ခနှစ်မျိုးလုံးကို တွေ့ကြုံခံစားရပါသနည်း။ [၅]

၈။ ဇေ ာကုတ္တရာ တရားပိုင်ရှင်ဖြစ်နိုင်သော ရဟန်းမျိုးကို ဖော်ပြ၍[၆] အဘယ်ကို အမှီသဟဲပြုမှ လောကီလောကုတ္တရာ ထူးခြားမှုများ ရရှိနိုင်ကြောင်း ဖော်ပြပြီးလျှင်[၇] ခန္ဓာကိုယ်အတွင်း၌ ဖြစ်ကုန်သော သံယောဇဉ်တို့ကို အဘယ်မိးမျိုးဖြင့် ရှုပစ်ရပါမည်နည်း။ [၈]

၉။ အောက်ပါ ဂါထာကို နိဿရည်းကျကျ အနက်ယောဇနာခဲ့ပါ -

ဗဟုမ္ပိ စေ သံဟိတဘာသမာနော၊ န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါ၀ ဂါဝေါ ဂဏယံ ပရေသံ၊ န ဘာဂဝါ သာမညဿ ဟောတိ။ [၉]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိစုဏ္ဏိယ ဝါကျစီကုံးခဲ့ပါ။

ထိုစကားမှန်၏၊ ယောက်ျား၏ ဥစ္စာပြုန်းတီးသောအခါ၌ လယ်ထွန်ခြင်းကိုလည်းကောင်း၊ အခယူ၍ အလုပ်လုပ်ခြင်းကိုလည်းကောင်း ပြု၍ အသက်မွေးခြင်းသည်သာလျှင် တရားနှင့်လျော်သော အသက်မွေးခြင်းမည်၏။ [၁၀]

* * * * *

## ၁၃၅၁–ခုနှစ်၊ မဟာဝါပါဠိတော်

၁။ "အာဟဋ္ဌ အမတဒုန္ဒုဘိ"[၁၁] ၌ အာဟဋ္ဌ-၏ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်၊ "အန္တရာ စ ဂယံ"[၁၂]၌ ဂယံ-၏ ဝိဘတ်အနက်၊ ဝိဘတ်သက်သုတ်တို့ကို ညွှန်ပြပြီးလျှင်၊ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ-[၁၃]ဝယ် သတ္တာဟံ-နောက် နောက်ပုဒ်ကို သို့ဝိဘတ်ဖြင့် ရုပ်စုံစဉ်ပြပါ။

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၇၈။ ။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၆၁၊ ၈၉။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၁၀။ ၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၂၇။
၅၊ ဓမ္မပဒ၊ ဌ၊ ၁၊၂၄၂။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၆၂။ ၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၆၄။ ၈၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၇၈။
၉၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၀၁။ ၁၀၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၅၂။ ၁၁၊ ဝိ၊ ၃၊ ၁၂။ ၁၂၊ ဝိ၊ ၃၊ ၁၁။ ၁၃၊ ဝိ၊ ၃၊ ၁။

http://www.dhammadownload.com



၂။ "ဝိညတ္တိ စ မနုဿာနံ အမနာပါ"[၁] ၌ ပုဒ်အားလုံးကို လိင်၊ ဝိဘတ်၊ ဝုစ်တို့ဖြင့် ဝေဖန်၍ ဝိညတ္တိမှ ဓာတ်ကိုယူပြီးလျှင် သတ္တမီ ပရဿပုဒ် ပထမပုရိသ်ဖြင့်သာ အာချာတပဒမာလာ စဉ်ပြပါ။

၃။ အာဟဋ္ဌ-၌ ဓာတ်အရ ဖြစ်သင့်သော စိတ် စေတသိက်တို့ကို ထုတ်ပြပြီးလျှင် ဒုန္နဘိ-ကို အာရုံပြုသောစိတ်တို့ကိုလည်း စုံလင်အောင် ရေးခဲ့ပါ။

၄။ "လဒ္ဓံ လဒ္ဓံ ပရိဿာယ ဝိဿဇ္ဇေတိ"[၂] တွင် ဝိဿဇ္ဇေတိ-၌ အန္တတ္ထအရကို ကောက်ပြ၍ ယင်းနှင့်ယှဉ်သော စိတ် စေတသိက်တို့ကို တိကျစွာ ဖော်ပြပြီးလျှင် ၎င်းတို့အားလုံးကို ပေဘဒ္ဒသင်္ဂဟဖြင့် ဝေဖန်ခဲ့ပါ။

၅။ ယခုလို ပြာသိုလ၌ ပြူတင်းပေါက်တံခါးများ ဖွင့်ပိတ်ရာဝယ် လိုက်နာရမည့် ကျင့်ဝတ်တို့ကို ဖော်ပြ၍[၃] အနာကြီးရောဂါရှိသူကို ရဟန်းခံပေးလျှင် ရဟန်းဖြစ်/မဖြစ် စိစစ်ဆုံးဖြတ်ပြီးလျှင်[၄] ပထမသိမ်၏ နိမိတ်ကို အတွင်းပြု၍ ဒုတိယသိမ်သမုတ်ပါက မည်သည့်သိမ်ပျက်ကြောင်း ရေးပါ။[၅]

၆။ (က) အာဝါသိကတို့က လပြည့်ကျော် (၁)ရက် အာဂန္တုကတို့က လပြည့်နေ့ဟု အငြင်းပွားကြရာ အာဂန္တုကရဟန်းများက များနေလျှင် ပဝါရဏာကိစ္စ မည်သို့ဆောင်ရွက်ရမည်ကို ညွှန်ပြ၍[၆]

(ခ) ဥက္ခိတ္တကရဟန်းနှင့်အတူ ပဝါရဏာပြုပါက သင့်ရောက်သောအပြစ်နှင့်၊[၇]

(ဂ) မဇ္ဈိမဒေသ၏ တောင်ဘက် အနောက်ဘက် မြောက်ဘက် နယ်နိမိတ်တို့ကိုလည်း ဖော်ထုတ်ပါ။[၈]

၇။ ရဟန်းအတွက် ရွှေငွေကို ကပ္ပိယကာရလက်၌ အပ်နှံရာဝယ် မည်သို့ပြောဆို၍ အပ်နှံရမည်နည်း၊ မေဏ္ဍကဝတ္ထုနှင့်အညီ ဖော်ပြ၍[၉] အကပ္ပိယသမာဒပန ဒုက္ကဋ်ပညတ်ရခြင်း အကြောင်းဝတ္ထုကို ရေးခဲ့ပါ။[၁၀]

---

၁၊ ဝိ၊ ၃၊ ၄၃၀။ ၂၊ ဝိ၊ ၃၊ ၃၈၂။ ၃၊ ဝိ၊ ၃၊ ၆၀။ ၄၊ ဝိ၊ ၃၊ ၃၁၃။ ၅၊ ဝိ၊ ၃၊ ၁၅၀။
၆၊ ဝိ၊ ၃၊ ၂၂၄။ ၇၊ ဝိ၊ ၃၊ ၂၅၀။ ၈၊ ဝိ၊ ၃၊ ၂၈၇-၈။ ၉၊ ဝိ၊ ၃၊ ၃၄၂။ ၁၀၊ ဝိ၊ ၃၊ ၃၄၇။

http://www.dhammadownload.com



၈။ ဝဿံဝုဋ္ဌရဟန်းတို့အား သက်န်းမဖြစ်ပေါ်မီ သံဃာကွဲပြားပြီးနောက်မှ လူတို့က သင်္ကန်းကို ရေစက်ချ လှူရာ၌ ဝေဖန်နည်းကို ပါဠိတော်နှင့်အညီ အကျယ်တဝင့် ဖော်ပြပြီး [၁] အနက်မှ ကင်း၍ သဒ္ဒါနှင့်ပြည့်စုံသော သံဃာတော်ညီညွတ်ခြင်းကို ရေးခဲ့ပါ။ [၂]

၉။ စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။

သံသိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတိသု-[၃] ဟူသော ဂါထာကို ထည့်သင့်သော ပါဌ်ထည့်ပြီး အနက်ပေးခဲ့ပါ။

၁၀။ အကြွင်နွားကျောင်းသားသည် နွားကို မသိ။ ထိုနွားကျောင်းသားသည် နွားအပေါင်းကို မစောင့်နိုင်သကဲ့သို့ ထို့အတူ သီလကို မသိသော ရဟန်းသည် အဘယ်မှာလျှင် သံဝရသီလကို စောင့်နိုင်ရာအံ့နည်း -[၄] ဟူသော မြန်မာဘာသာကို ပါဠိ ဘာသာ စီကုံးခဲ့ပါ။

* * * * *

## ၁၃၅၁-ခုနှစ်၊ အဂ္ဂိုတ္တရိုပ်ပါဠိတော်

၁။ တဒဟု ပေါသထေ- ကို ပဒစ္ဆေဒပြု၍ ယင်း၌ အလယ်ပုဒ်ကို နာမပဒမာလာ စဉ်ပြခဲ့ပါ။

၂။ "ယေသံ ကာယဂတာသတိ အပရိဘူတ္တာ" [၅] ၌ ယေသံ-ဝယ် အဘယ်ကြောင့် အဘယ်အနက်၌ အဘယ်သုတ်ဖြင့် အဘယ်ဝိဘတ်သက်ထားသည်ကို ဖော်ပြ၍ အပရိဘုတ္တာ-၌ ဝတ္တမာန် ပရဿပုဒ်ဝိဘတ်ဖြင့် ကတ္တုရုပ် စဉ်ခဲ့ပါ။

၃။ "သဗ္ဗေသု ဓမ္မေသု အတမ္မယော မုနိ" [၆] ၌ အတမ္မယော-ဝယ် တမ္မယ-အရကို တိကျစွာ ကောက်ပြ၍ ယင်းတရား၏ သမ္ဘယုတ္တဓမ္မကိုလည်း ဖော်ပြပါ။

၄။ "ယသ္မိံ ဘိက္ခဝေ အဓိကရဏေ ဥဘတော ဝစီသံသာရော ဒိဋ္ဌိပဠာသော စေတသော အာဃာတော အပစ္စယော" [၇] ၌ အပစ္စယ-အရ ကောက်ပြ၍ ယင်းတရားကို ပကိဏ္ဏက သင်္ဂဟဖြင့် ဝေဖန်ပါ။

---

၁၊ ဝိ၊ ၃၊ ၄၂၅။ ၂၊ ဝိ၊ ၃၊ ၅၀၈။ ၃၊ ဝိ၊ ၃၊ ၃၂၆။ ၄၊ ဝိ၊ ၃၊ ၁၃၇။
၅၊ ဝိ၊ ၃၊ ၄၇။ ၆၊ ဝိ၊ ၃၊ ၁၄၈။ ၇၊ ဝိ၊ ၃၊ ၇၈။

http://www.dhammadownload.com



၅။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများကို တောင်းဆိုနေကြရာ ယင်းတို့မရနိုင်သော အခွင့်အရေးများကို ကေနိပါတ် အဋ္ဌာနပါဠိ ဒုတိယဝဂ်နှင့်အညီ ဖော်ပြ၍ လောက၌ မင်္ဂလိဂေါ်သာလကဲ့သို့ ပုဂ္ဂိုလ်မျိုး ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးတရားများကိုလည်း ဥပမာနှင့်တကွ ဖြေဆိုပါ။ [၂]

၆၊ လောက၌ ဒုရဘိသမ္ဘဝ ပဓာန နှစ်မျိုးကို ဖော်ပြ၍ ကိန္နရာတို့သည် မည်သည့်အကျိုးများကို မြော်မြင်၍ လူစကားကို မပြောဆိုကြပါသနည်း ဖြေဆိုခဲ့ပါ။ [၃]

၇။ ဟတ္ထကသုတ်လာ အန္တရဋ္ဌက-အရ ယူရမည့် ရက်အပိုင်းအခြားကို ဖော်ပြ၍၊ ကုသိုလ်များစွာ တိုးပွားနိုင်ခြင်း၏ သမ္ဘာဝသုံးမျိုးကိုလည်း ဖော်ပြပါ။ [၆]

၈။ သူတစ်ပါးအလှူဒါနကို တားမြစ်သောပုဂ္ဂိုလ်သည် မည်သည့်အန္တရာယ်များကို ပြုရာရောက်ပါသနည်း ဖော်ပြ၍ ဘုရားရှင် အလိုရှိတိုင်း မငြိုငြင်မပင်ပန်းဘဲရသော ဥစ္စာသယန မဟာသယန သုံးမျိုးကိုလည်း ဖော်ပြပါ။ [၇]

၉။ အောက်ပါ ဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ -

စတုက္ကဏ္ဏော စတုဒွါရော၊ ဝိဘတ္တော ဘာဂသော မိတော။
အယောပါကာရပရိယန္တော၊ အယသာ ပဋိကုဇ္ဇိတော။ [၉]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာဖြင့် ပြန်ဆိုပါ -

အရှင်ဂေါတမ၊ သရဒအခါ တန်ဆောင်မုန်းလ၌ မှည့်သစ်စ ဆီးသီးသည် စင်ကြယ်တောက်ပသကဲ့သို့၊ ဤအတူပင် အရှင်ဂေါတမ၏ စက္ခုစသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရေအဆင်းသည် စင်ကြယ်လှပါ၏။ [၁၀]

* * * * *

## ၁၃၅၁–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ ကောယနော၊ ဩလမ္ဗိ၊ ပါယာသိ၊ နိက္ခန္တမှာဝုသော၊ အနိစ္စိတွာ-တို့ကို ပဒစ္ဆေဒပြု၍ "မာတုဂါမေသု ပန ဝိဂတစ္ဆန္ဒတာယ တဿာ သာလာယ မာတုဂါမာနံ ပတ္တိံ နာဒံသု" [၁၁] ဝယ် ဝိဂတစ္ဆန္ဒ-ကို နာမပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၃၀။ ၂၊ အံ၊ ၁၊ ၃၅။ ၃၊ အံ၊ ၁၊ ၅၁။ ၄၊ အံ၊ ၁၊ ၇၇။ ၅၊ အံ၊ ၁၊ ၁၁၆။ ၆၊ အံ၊ ၁၊ ၁၄၈။ ၇၊ အံ၊ ၁၊ ၁၆၁။ ၈၊ အံ၊ ၁၊ ၁၈၂။ ၉၊ အံ၊ ၁၊ ၁၄၀။ ၁၀။ အံ၊ ၁၊ ၁၈၂။ ၁၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၁။

http://www.dhammadownload.com


၂။ ဣတ္ထိ-၌ ဓာတ်ကိုယူ၍ ဝုတ္တမာန်ဝိဘတ်ဖြင့် ကမ္ဗဝါစက အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "မိရော တလေ အဝေက္ခတိ" [၁] ဝယ် ဓာတ်ရ တရားကို ကောက်ပြ၍၊ ၎င်းကို ဝေဒနာဒိဆက္ကတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ သမန္တစက္ခုမည်သော တရားကို ကောက်ပြ၍ [၂] ၎င်းနှင့်ယှဉ်ဘက်တရားများကိုလည်း ဖော်ပြခဲ့ပါ။

၅။ ကိသာဂေါတမီသည် ဘုရားလောင်းသိဒ္ဓတ္ထကို ကြားသိစေအပ်သော ပါဠိဂါထာ၏ အဓိပ္ပါယ်ကို မြန်မာဘာသာဖြင့် ရေးသားဖော်ပြခဲ့ပါ။ [၄]

၆။ ကိသာဂေါတမီသည် ဘုရားလောင်းသိဒ္ဓတ္ထကို ကြားသိစေအပ်သော ပါဠိဂါထာ၏ အဓိပ္ပါယ်ကို မြန်မာဘာသာဖြင့် ရေးသားဖော်ပြခဲ့ပါ။ [၅]

